# ဒုတိယအရှယ် အိမ်ထောင်သည်

မဟာသဒ္ဓမ္မဇောတိကဓဇ

## တက္ကသိုလ်သျှင်သီရိ (ဓမ္မာစရိယ ဘီ-အေ)



'ဆွေသဟာ' စာပေ

အမှတ် ( ၅၅ ) ၊ (စ) ရပ်ကွက်
သုနန္ဒာ(၃)လမ်း
မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့
☎ - ၀၁-၉၆၉၀၃၂၄
📱 - ၀၉၇၃-၀၈၆၉၃၂

## ဒို့တာဝန်အရေးသုံးပါး

- ☆ ပြည်ထောင်စု မပြိုကွဲရေး — ဒို့အရေး
- ☆ တိုင်းရင်းသားစည်းလုံးမှု မပြိုကွဲရေး — ဒို့အရေး
- ☆ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး — ဒို့အရေး

## ပြည်သူ့သဘောထား

- ☆ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ☆ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ☆ နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ☆ ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက်(၄)ရပ်

- ☆ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
- ☆ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး။
- ☆ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး။
- ☆ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တည်ဆောက်ရေး။

## စီးပွားရေးဦးတည်ချက်(၄)ရပ်

- ☆ စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံ ထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ☆ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး။
- ☆ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ☆ နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့်တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

## လူမှုရေးဦးတည်ချက်(၄)ရပ်

- ☆ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။
- ☆ အမျိုးဂုဏ်ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- ☆ စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး။
- ☆ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

စာမူခွင့်ပြုချက် - ၄၀၀၄၅၃၀၄၁၁

အဖုံးခွင့်ပြုချက် - ၄၀၀၇၅၂၆၁၁

ထုတ်ဝေသည့်ခုနှစ် - ၂၀၁၁ ခုနှစ်၊ ဩဂုတ်လ

ပုံနှိပ်သူ - ဒေါ်လှမူသိန်း
ဂုဏ်လင်းကျော်ပုံနှိပ်တိုက်
၂၄၊ ဗဟိုလမ်း ၊ အလုံမြို့နယ်

ထုတ်ဝေသူ - ဦးချစ်ညွန့် (ဇင်ရတနာစာပေ)
အမှတ်(၂၀၅)၊ က/ ၄လမ်း
မြို့သစ် က+ခ ရပ်ကွက်၊ အင်းစိန်

တန်ဖိုး ကျပ်

၁၇၃

သျှင်သီရိ၊ တက္ကသိုလ်
ဒုတိယအရွယ် အိမ်ထောင်သည်/
တက္ကသိုလ်သျှင်သီရိ။-ရန်ကုန်၊
ဇင်ရတနာစာပေ၊ ၂၀၁၁။
၃၀၄ - စာ၊ ၁၂.၅×၁၈.၂ စင်တီ။
(၁) ဒုတိယအရွယ် အိမ်ထောင်သည်။

အရွယ်သုံးပါးဘဝနေနည်း

# ဒုတိယအရွယ်အိမ်ထောင်သည်



မဟာသဒ္ဓမ္မဇောတိကဓဇ

တက္ကသိုလ်

သျှင်သီရိ (ဓမ္မာစရိယဘီ-အေ)

# ဖြန့်ချိရေး

**ဆွေသဟာ** စာပေ

အမှတ် (၅၅)၊ သုနန္ဒာ(၃)လမ်း

(စ)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း -၆၉၀၃၂၄ , ၇၃၀၁၆၉၃၂

◆

**မြတ်ပန်းရဂုံ** စာပေ

အမှတ်(၁၉၄)၊ မြေညီထပ်၊ ၂၉-လမ်း(အထက်)

ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း - ၀၉၅၁ ၃၉၄၅၀ , ၀၉၅၁ ၅၅၇၄၃

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | ဒုမှာစာ -------------- | |
| ၂။ | ဒုတိယအရွယ်အိမ်ထောင်သည် | |
| | - ထားရှိရမည့်အိမ်ထောင်ရေးခံယူချက်များ | ၁ |
| | - ယောကျ်ားတစ်ယောက် (သို့မဟုတ်) လင်ကောင်းတစ်ယောက် | ၇ |
| | - သမီးအတွက်ခင်ပွန်းကောင်း | ၁၀ |
| | - လင့်ကျင့်ဝတ်ငါးပါး | ၁၄ |
| | - မယားကောင်းမယားမြတ်ဖြစ်ရန်လို | ၃၀ |
| | - မယားကျင့်ဝတ်နှင့်ညီပါစေ | ၃၆ |
| | - မိဘကိုလုပ်ကျွေးပါ | ၅၄ |
| | - ကျေးဇူးအနန္တ မိနှင့်ဘ | ၅၇ |
| | - မိဘတို့အချစ်၊ မိဘတို့မေတ္တာ | ၆၀ |
| | - သားသမီးတို့ မိဘကျေးဇူးဆပ်ခွင့်ရမှု | ၆၄ |
| | - သားသမီးတို့က မိဘလုပ်ကျွေးနည်း | ၆၆ |

- မွေးကျေးဖူးကျေအောင်လုပ်ကျွေးနည်း ၆၇
- မိဘလုပ်ကျွေးခြင်းအကျိုး ၇၀
- မိဘမလုပ်ကျွေးသူတို့၏ဆိုးကျိုးများ ၇၄
- မိဘပြစ်မှားသူတို့၏ဆိုးကျိုးများ ၇၅
- ကြွေးဟောင်းကြွေးသစ် ၇၈
- သားသမီးကိုပြုပြင်ပါ၊ ထောက်ပံ့ပါ ၈၈
- သားသမီးလိုချင်မှု ၈၉
- သားသမီး(၃)မျိုး ၉၂
- သားလား-ကျားလား၊ ထီးလား-မီးလား ၉၆
- ထီးနှင့်တူသောသမီး ၉၉
- သားသမီးကျင့်ဝတ်ပါးပါး ၁၀၂
- သားသမီးတို့၏အထူးတာဝန်ဝတ္တရာများ ၁၀၂
- သားသမီးကောင်းအင်္ဂါ ၁၀၃
- မိဘတို့၏ဝတ္တရား ၁၁၁
- မကောင်းမှုဟူသမျှ
ကိုယ်နှုတ်ဖြင့်ရှောင်ကြဉ်ပါ ၁၁၈
- အလှူရေစက်လက်နှင့်မကွာပါစေချင် ၁၃၂
- အရေးကြီးသွေးစည်းဖို့ရာ ဉာတကာကို
ချီးမြှင့်ထားပါ ၁၆၁

| | |
|---|---|
| - အပြစ်ကင်းတဲ့စီးပွားရေး၊ကြီးပွားရေးလုပ်ပါ | ၁၇၅ |
| - ဥစ္စာပျက်ကြောင်းများရှောင်ပါ | ၂၀၀ |
| - အပြစ်ကင်းသောလူမှုဝန်ထမ်းအလုပ်များ လုပ်ပါ | ၂၀၄ |
| - ရှောင်လေဝေးဝေးမူးယစ်ဆေး | ၂၁၃ |
| - သတိတရားလက်ကိုင်ထားလုပ်ပါ | ၂၂၆ |
| - ရှိသေထိုက်သူကိုရှိသေပါ | ၂၄၃ |
| - မိမိကိုယ်ကိုနှိမ့်ချပါ | ၂၅၁ |
| - ရသမျှနှင့်ရောင့်ရဲပါ | ၂၆၀ |
| - ကျေးဇူးတရားကိုနားလည်ပါ | ၂၇၆ |
| - ရတဲ့အချိန်မှာ တရားနာ၊ တရားရှာပါ | ၂၈၃ |
| - လောကဓံကိုရင်ဆိုင်ရဲပါစေ | ၂၈၈ |

## ဒုတိယအကြွယ်အိမ်ထောင်သည် ကျင့်ရန်ဩဝါဒ

- ကံဆိုတာအလုပ်၊ အလုပ်ကောင်းမှကံကောင်းသည်
- စိတ်ကောင်းထားပါ
- လောဘမကြီး၊ ဒေါသမကြီး၊ မာနမကြီးမှ အလုပ်ကောင်းမည်
- စိတ်ဆိုးတုန်းစကားမပြောနှင့်
- မဆင်မခြင် အလျင်စလိုမလုပ်နှင့်
- မနိုင်သောအလုပ်၊ အကျိုးမရှိသောအလုပ်ကို မလုပ်နှင့်
- နိုင်သောအလုပ်၊ အကျိုးရှိသောအလုပ်ကိုလုပ်ပါ
- အနည်းစွန့်၍အများရဖို့ဖြစ်လျှင် အနည်းကိုအမြန်စွန့်
- ပိုက်ဆံတစ်ပြားကိုနှမြောသည့်အတွက် တစ်ထောင်တန်ကိုမပျက်စီးစေနှင့်
- ပေးကမ်းမှ အနာခံပေါင်းမှ မိတ်ကောင်းရသည်
- မှန်သောစကားဆိုမှကျော်စောသည်

**(ဓကင်းဆရာတော်ကြီး၏ဆုံးမစာ)**

| |
|---|
| **စိတ်ထားမြင့်မှကံပင့်သည်၊ ကံပင့်မှလည်း စိတ်ထားမြင့်သည်** |

## အမှာစာ

စာရေးသူသည် အရွယ်သုံးပါးဘဝနေနည်းနှင့် ပထမ အရွယ်ပညာသည် စာအုပ်ကို ထုတ်ဝေခဲ့ပါသည်။

ပထမအရွယ်ပညာသည်တွင် မိမိကိုယ်ကိုမိမိချစ်ရမည်၊ မိဘနှင့်ဆရာသမားကိုချစ်ပြီး ပညာရှာရမည့်ပထမအရွယ်၌ ဘယ်လိုနေထိုင်ကျင့်သုံးဆောင်ရွက်ပြီး ပညာကိုရအောင် ဆောင်ရွက်ရမည် စသည်များကို လောကဝတ်၊ ဓမ္မဝတ် များနှင့်အညီ ဆိုဆုံးမလမ်းညွှန်မှုပြုထားခဲ့ပါသည်။

ယခု ဒုတိယအရွယ်အိမ်ထောင်သည်တွင်လည်း လက်တွေ့ဘဝတကယ်ကြုံတွေ့ရမည့်အိမ်ထောင်သည်ဘဝတွင် မိမိတို့၏အိမ်ထောင်သည်ဘဝတိုးတက်ရေး၊ သာယာချမ်းမြေ့ရေးအတွက် လောကဝတ်၊ ဓမ္မဝတ်အရကျင့်သုံးဆောက်တည်ရမည့်

တာဝန်ဝတ္တရားများ၊ မိမိကိုလည်းချစ်၊ မိသားစုကိုလည်းချစ်မြတ်နိုးပြီး ကျင့်သုံးရမည့်နည်းလမ်းများကို အတတ်နိုင်ဆုံးလမ်းညွှန်မှု ပြုထားပါသည်။

ဤ ဒုတိယအရွယ်အိမ်ထောင်သည်ဘဝသည် ဘဝတစ်ဆစ်ချိုးအတွက် အလွန်အရေးကြီးသောအခြေအနေနှင့်အချိန်ကာလဖြစ်ပါသည်။

ဒုတိယအရွယ်အိမ်ထောင်သည်ဘဝက တစ်ယောက်တည်းဘဝမဟုတ်ပါ။ နှစ်လွှာပေါင်းမှတစ်ရွက်ဆိုသကဲ့သို့ စွယ်တော်ရွက်ကဲ့သို့နှစ်ယောက်ပေါင်းတစ်ဘဝတည်ဆောက်ရသောဘဝဖြစ်ပါသည်။ ထိုနှစ်ယောက်ပေါင်းတစ်ဘဝမှ ပွင့်ဖူးဝေဆာလာမည့်သားသမီးအရေးကလည်းပါလာ၍ ဤအရွယ်သည် ဘဝအတွက် အလွန်အရေးကြီးလှပါသည်။

ဤ ဒုတိယအရွယ်အိမ်ထောင်သည်ဘဝတွင် စီးပွားရေး၊ လူမှုရေးစသည်တို့ကြောင့် ဘဝတိုးတက်ပြီး အထွတ်အထိပ်သို့ရောက်သူများရှိသလို အထက်တန်းကျသူ၊ ဘဝပျက်သူ၊ မိသားစုအတွက်ဘဝပျက်စီးသူ၊ မိဘမဲ့သားသမီးဖြစ်ရသူ စသည်များစွာရှိခဲ့ပါသည်။

ဤဒုတိယအရွယ်သည် “အိမ်ထောင်မှု၊ ဘုရားတည်၊ ဆေးမှင်ရည်စုပ်ထိုး၊ ဤသုံးချက်မပိုင်လျှင် နောင်ပြင်နိုင်ရန်ခက်သည့်အမျိုး” ဟုဆိုသောဦးပုညက ရေးဖွဲ့ဆိုဆုံးမထားသကဲ့သို့ ဆုပ်ရူး၊ စားရူးဘဝမျိုးဖြစ်၍ ဤဘဝတွင် လင်ရော၊ မယားပါ အသိအလိမ္မာဉာဏ်ပညာပြည့်ဝကြွယ်ဝကြဖို့လိုသလို လုပ်ကိုင်ဆောင်ရွက်ရာတွင်လည်း ကံ၊ ဉာဏ်၊ ဝီရိယ၊ ပယောဂဆိုသော အချက်လေးချက် တက်ညီလက်ညီလုပ်ကိုင်နိုင်ရန်လိုအပ်ပါသည်။

မောင်တစ်ထမ်း၊ မယ်တစ်ရွက်၊ စီးတဲ့ရေ ဆည်တဲ့ကန်သင်း ဆိုသည်ကို လင်မယားဆောင်ရွက်တတ်ဖို့လိုပါသည်၊ သို့မှသာ ချမ်းမြေ့သာယာသောအိမ်ထောင်ရေး၊ ကျက်သရေမင်္ဂလာရှိသောအိမ်ထောင်ရေးနှင့်မိသားစုဘဝဖြစ်ပါမည်။

သို့ဖြစ်၍ စာရေးသူသည် ဤဒုတိယအရွယ်အိမ်ထောင်သည် ဟူသောစာအုပ်တွင် လောကဝတ်၊ ဓမ္မဝတ်များနှင့်အညီ အိမ်ထောင်တစ်ခုတည်ဆောက်ရမည့်နည်းလမ်းများကို ဘုရားရှင်ဟောကြားခဲ့သောတရားတော်များအပေါ် မူတည်၍ လမ်းညွှန်ရေးပြထားပါသည်။

ဤစာမူပြတ်ပြီး သာယာချမ်းမြေ့သောအိမ်ထောင်သည် ဘဝ၊ မိသားစုဘဝကိုတည်ဆောက်နိုင်ကြပြီဆိုလျှင် စာရေးသူ ကြိုးစားရကျိုးနပ်ပြီ ဟုယူဆပါသည်။

ဤစာအုပ်ကိုအားလုံးသော သားသမီးအိမ်ထောင်သည် များကို ရည်ညွှန်းအပ်ပါသည်။

ဤစာအုပ်ဖြစ်မြောက်ရေးအတွက် စာမူများကိုကူညီ ရေးပေးကြသော သမီးကြီး မစန္ဒာလင်း (ဘီ-အေ သမိုင်း) သမီးလတ်-မခင်သူဇာ (ဘီ-အေ၊ စီးပွားစီမံ)၊ သမီးငယ် မစန္ဒာမြင့် **(B.Com)ACCA Part I, II(U.K)**၊ စာကိုအေးအေးဆေးဆေး ရေးသားနိုင်ရန် ပါရမီဖြည့်ပေးသော ဇနီး-ဒေါ်တင်အေးနှင့် ထုတ်ဝေသူတို့အား အထူးကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းပြု အပ်ပါသည်။

**ဦးကိုကိုမြိုင်**
**အမှတ်(၅၅)၊ သုနန္ဒာ(၃)လမ်း**
**စ-ရပ်ကွက်၊ မ/ဥက္ကလာပမြို့နယ်**
**ဖုန်း-၆၉၀၃၂၄**

**မဟာသဒ္ဓမ္မဇောတိကဓဇ**
**တက္ကသိုလ်သျှင်သီရိ**
**(ဓမ္မာစရိယ ဘီ-အေ)**

# အခန်း ( ၁ )

## ဒုတိယအရွယ်အိမ်ထောင်သည်

### ထားရှိရမည့် အိမ်ထောင်ရေးခံယူချက်များ

မကောင်းမှုရှောင်
ကောင်းမှုဆောင်
ဖြူအောင်စိတ်ကိုထား

ဆိုသည့်အတိုင်း လူမိုက်ကိုမပေါင်းခြင်း၊ ပညာရှိကိုပေါင်းခြင်း စသော ပထမအရွယ်မှ သမီးလိုက်နာကျင့်ဆောင်ရမည့်ဝတ္တရားတွေကိုလိုက်နာကျင့်ဆောင်ပြီး မိမိကိုယ်ကိုလည်း ထိန်းသိမ်းစောင့်ရှောက်ကာ သင်သင့်သောပညာ၊ တတ်သင့်သောပညာ

တို့ကို သင်ယူခဲ့တဲ့အတွက် ယခုလူလားလည်းမြောက် အရွယ်ရောက်ပြီး ပညာတတ်လည်းဖြစ်ခဲ့ပြီနော်။

စဉ်းစားဆင်ခြင်နိုင်တဲ့ဉာဏ်၊ ဝေဖန်သုံးသပ်နိုင်တဲ့ဉာဏ်နှင့်ကိုယ့်ဘဝကိုယ်ထိန်းကျောင်းနိုင်တဲ့အရွယ်ရောက်လာပြီဖြစ်တဲ့အတွက် ဖေဖေတို့မိဘတွေဘက်က မိဘဝတ္တရားငါးပါးရှိသည့်အထဲမှာ ပထမအရွယ်မှာ မကောင်းတာကိုလည်း တားမြစ်ကာကွယ်စောင့်ရှောက်ပေးခဲ့ပြီးပြီ၊ ကောင်းတဲ့တရားတွေကိုလိုက်နာကျင့်ကြံဖို့လည်း လမ်းညွှန်ချက်တွေပေးခဲ့ပြီးပြီ။

ဖေဖေတို့တတ်နိုင်သရွေ့ ပဟ်စားဆင်ယင်မှုနှင့်ပညာအမွေလည်းပေးခဲ့ပြီးပြီ။

ယခု နောက်ဆုံးကတော့ "**သမီးကညာ၊ ချိန်ခါရွယ်သင့်ခါမလင့်စေနှင့်**" ဆိုတဲ့အတိုင်း မိဘတို့ရဲ့နောက်ဆုံးဝတ္တရားအရအိမ်ထောင်ချပေးရတော့မယ်လေ။

ဒီလို လက်ထပ်ထိမ်းမြားပေးတဲ့နေရာမှာလည်း မိဘတို့တာဝန်က ထိမ်းမြားပေးလျှင် တာဝန်ကျေပွန်ပြီဆိုပြီး တော်စွပျော်စွ စီစဉ်ပေးလို့မရဘူးသမီး။

ဖေဖေတို့ဗုဒ္ဓဘာသာတွေ ဗုဒ္ဓဘာသာက အိမ်ထောင်ရေးကိစ္စကို အလေးအနက်ထားရတယ်၊ အိမ်ထောင်ရေးမှာ-

"မိမိတို့မျိုးရိုးစဉ်လာ၊ ကိုးကွယ်သည့်ဘာသာ၊ ရုပ်ဆင်း

အင်္ဂါ၊ ကိုယ်ကျင့်သီလစသည်တို့နှင့် သင့်လျော်လျောက်ပတ်တဲ့ အမျိုးသားနှင့်လက်ထပ်ရမယ်”
လို့ လမ်းညွှန်ထားတာရှိတယ်သမီး။

အဲဒါကြောင့် သမီးတို့ဘ၀ ဒုတိယအရွယ် အိမ်ထောင်ပြုရာမှာ အိမ်ထောင်ဘက်ရွေးချယ်ရေးနှင့်ပတ်သက်လို့-

- အကျင့်သီလစရိုက်ချင်းတူညီသူ
- အလှူအတန်းရက်ရောမှု၊ စေတနာ ၀ါသနာချင်း တူညီသူ
- ကံ-ကံ၏အကျိုးကိုယုံကြည်ပြီး ရတနာသုံးပါးအပေါ် ၌ယုံကြည်မှုခြင်းတူညီသူ
- အသိဉာဏ်ချင်းလည်းတူညီသူ

အဲဒီလို တူညီတဲ့အိမ်ထောင်ဘက်ကို လက်ချင်းဆက်ကြပါမှ သမီးတို့ဘ၀အိမ်ထောင်ရေးမှာ ယခုဘ၀လည်း သာယာချမ်းမြေ့မယ်၊ နောင်ဘ၀အဆက်ဆက်လည်း မကွဲမကွာ လက်တွဲမဖြုတ်ကြတဲ့ပါရမီရှင်၊ အိမ်ထောင်ရှင်တွေဖြစ်ကြမယ်လို့ ဘုရားရှင်က လမ်းညွှန်ထားတယ်။

ဖေဖေတို့မြန်မာမှာ **“အသွင်တူမှအိမ်သူဖြစ်နိုင်တယ်”** လို့ ဆိုစကားရှိတယ်၊ အိမ်ထောင်ဘက်နှင့်အသွင်တူဖို့ အရေးကြီးလှ ပါတယ်၊ အသွင်တူတဲ့အိမ်ထောင်ဘက်လေးမျိုးကို သမီးသိထား သင့်ပါတယ်-

၁။ အကျင့်သီလကင်းမဲ့ပြီး လွဲမှားသောမိစ္ဆာဒိဋ္ဌိအယူရှိသည့် အမျိုးသားနှင့်အမျိုးသမီးတို့ထိမ်းမြားမှု
၂။ အကျင့်သီလနှင့်ပြည့်စုံ၍ မှန်ကန်သောဘာသာအယူဝါဒအရ (သမ္မာဒိဋ္ဌိ)အယူမှန်သောအမျိုးသား၊ အမျိုးသမီးတို့ထိမ်းမြားမှု
၃။ အကျင့်သီလကင်းမဲ့ပြီး လွဲမှားသောမိစ္ဆာဒိဋ္ဌိအယူရှိသည့် အမျိုးသားနှင့် အကျင့်သီလပြည့်စုံ၍ မှန်ကန်သော သမ္မာဒိဋ္ဌိအယူရှိသူ အမျိုးသမီးတို့ထိမ်းမြားမှု
၄။ အကျင့်သီလပြည့်စုံ၍ မှန်ကန်သောသမ္မာဒိဋ္ဌိ အယူရှိသူ အမျိုးသားနှင့် အကျင့်သီလကင်းမဲ့၍ လွဲမှားသော မိစ္ဆာဒိဋ္ဌိအယူရှိသည့်အမျိုးသမီးတို့ထိမ်းမြားမှု

အဲဒီလေးမျိုးသောအိမ်ထောင်ဘက်မှာ အသွင်တူချင်းပေါင်းသင်းရမှသာ ကောင်းခြင်းမင်္ဂလာပြည့်စုံလှတယ်လို့ ဆိုပါတယ်၊ ဒါကြောင့် အသွင်မတူက အိမ်ထောင်ဘက်မရွေးချယ်သင့်ဘူး။

အိမ်ထောင်ရေးနှင့်ပတ်သက်လို့ ဖေဖေတို့မြန်မာမှုဓလေ့ မြန်မာ့ယဉ်ကျေးမှုမှာ လက်ခံထားတာကတော့

"အိမ်ထောင်မှုဘုရားတည် ဆေးမင်ရည်စုပ်ထိုး
ဤသုံးချက်မပိုင်လျှင် နောင်ပြင်ရန် ခက်သည့်အမျိုး" တဲ့

အိမ်ထောင်ရေးဆိုတာ နောင်သောအခါမှာ ပြုပြင်ပြောင်းလဲရန်ခဲယဉ်းပြီး သံသရာတစ်လျှောက်လုံး နစ်မွန်းနိုင်သော လုပ်ငန်းမျိုးဖြစ်တယ်။

အဲဒါကြောင့် ယုံကြည်ကိုးကွယ်မှုကွဲပြားသူတွေနှင့် လက်မတွဲကြဖို့ သိပ်အရေးကြီးပါတယ်။

တစ်ဦးနှင့်တစ်ဦး တွေ့ကြ၊ ဆုံကြ၊ ကြိုက်ကြ၊ ချစ်ခင်ပေါင်းသင်းကြရေးနှင့်ပတ်သက်၍ ဘဝပေါင်းများစွာ အတိတ်အချိန်အခါက အလှူဒါနအတူတကွပြုလုပ်ခဲ့ပြီး ရေစက်ချလှူခဲ့ဖူးကြလျှင် တစ်ဦးနှင့်တစ်ဦး သစ္စာဆို သစ္စာပန်ခဲ့ကြဖူးလျှင်လည်း ယခုဘဝမှာ အတူတကွလက်တွဲပေါင်းသင်းရတတ်တယ်၊ ရှေးဘဝများစွာက ချခဲ့သောရေစက်ပန္နက်ဖူးသောသစ္စာဖြစ်တယ်။

ယခုဘဝလက်တွဲကြရသည်မှာ သံသရာက ဆုတောင်းကြောင့်ဖြစ်သလို ယခုဘဝမှာလည်း အလှူရေစက်လက်နှင့်မကွာ ဘုရားသွားကျောင်းတက်လိုက်ဖက်ညီသောစိတ်တူသဘောတူ ယုံကြည်မှုအတူ အမျိုးဘာသာ သာသနာတူသူတို့အချင်းချင်း လက်ထပ်ထိမ်းမြားခြင်းဟာ ပစ္စုပ္ပန်လည်း သာယာချမ်းမြေ့၊ သံသရာမှာလည်း သာယာချမ်းမြေ့စေပါတယ်သမီး။

ထိမ်းမြားလက်ထပ်မှုမင်္ဂလာဟာ အိမ်ထောင်ရေးလုပ်ငန်းမှာ လေးနက်စွာကျင့်သုံးလိုက်နာရမယ့် လောကီရေးရာကိစ္စကြီးတစ်ရပ်ဖြစ်တယ်။

မိဘဝတ္တရားမှာ ထိမ်းမြားခြင်းလျှင် ဝတ်ငါးအင် ဆိုတာ ပါသလို သားသမီးဘက်ကဝတ်ငါးပါးမှာလည်း စောင့်လေမျိုးနွယ် ဆိုတာပါလေတော့ မိမိရဲ့အမျိုးအနွယ်၊ ဂုဏ်သိက္ခာ၊ ဘာသာ သာသနာထိန်းသိမ်းစောင့်ရှောက်သူဖြစ်အောင်လည်း အမျိုးဘာ သာ သာသနာစိတ်ဓာတ်နှင့်ဆုံးဖြတ်ပြီး အိမ်ထောင်ပြုဖို့ လိုလိမ့် မယ်။

မိမိရဲ့တစ်ဦးတည်းသောဘဝတိုးတက်မှု၊ လုံခြုံမှုကိုသာ ကြည့်ပြီး အမျိုးဘာသာ၊ သာသနာကို သစ္စာစောင့်ထိန်းမှုမရှိဘူး ဆိုလျှင် အဲဒီအိမ်ထောင်ရေးဟာ ရင်လေးဖွယ်ရာကောင်းပြီး စိတ်ချမ်းသာ ကိုယ်ချမ်းသာမှုအပြည့်အဝခံစားရမှာ မဟုတ်ပါဘူး။

ယခု သမီးဘဝအိမ်ထောင်ရေးနှင့်ပတ်သက်လို့ စဉ်းစား ဆင်ခြင်ရမယ့်အခြေခံသဘောတရားတွေကို ပြောပြနေတာပါ။

ဖေဖေတို့ဗုဒ္ဓဘာသာမှာ ဗုဒ္ဓဘုရားက လူတွေအတွက် နိဗ္ဗာန်ရောက်ရေးကိုဟောခဲ့သလို လူ့လောက လူ့ဘဝနေရေး ထိုင်ရေး၊ စီးပွားရေး၊ ပညာရေး၊ စစ်ရေး၊ နိုင်ငံရေးတွေအကြောင်း ကို ဘက်စုံဟောခဲ့တယ်၊ သမီး ပညာတတ်တစ်ယောက်ဖြစ်ပြီပဲ၊ အဲဒီ ဗုဒ္ဓစာပေ၊ ဗုဒ္ဓဟောတာတွေကို သေသေချာချာလေ့လာ မှတ်သားဖို့ လိုလာပြီပေါ့။

## ယောကျ်ားကောင်းတစ်ယောက် (သို့မဟုတ်) လင်ကောင်းတစ်ယောက်

သမီးရဲ့ခင်ပွန်းကို လောကဝေါဟာရအရ "လင်"လို့ခေါ်ကြတယ်၊ လင်ဆိုတဲ့အဓိပ္ပာယ်ကတော့ သား၊မယားကိုကြည့်လင်စေတတ်၊ အစစအရာရာကိုပြည့်စုံလုံလောက်အောင် ရှာဖွေပေးတတ်သောကြောင့် လင် ဟုခေါ်သတဲ့။

**"မယ့်လင်သူမြတ်၊ ယောကျ်ားထွတ်ကား၊ မည်မှတ်ထင်သာ၊ မဟုတ်စွာတည်း၊ လိမ္မာပဲ့ပြင်၊ သင်စပေသည့်၊ ဆရာမည်၏၊ လင်ရည်ကောင်းဘိ၊ ပညာရှင်နှင့် ပေါင်းဘိတော်လှ၊ ရွှေထက်မြသို့၊ နှမအင်းဖြိုး၊ တင့်ဝန်းရှင်"**

လို့ ဆိုသလို အိမ်ထောင်ရှင် လင်ယောကျ်ားဆိုတာ လင်မည်ကာမတ္တမဟုတ်ရဘူး၊

- မိမိဇနီးမယားကို လိမ္မာအောင်ပဲ့ပြင်သွန်သင်ဆုံးမတတ်ရမယ်၊
  ဆရာကောင်းဖြစ်ရမယ်
- မိမိအရည်အချင်းဖြင့် မိမိ၏ဇနီးဂုဏ်အင်္ဂါ စုံလင်စွာပြည့်စုံစေရတယ်
- လောကအလယ်မှာတင့်တယ်ဝင့်ထည်စေရတယ်
- လင်ဟာ အစားအစာကိုမောင်နှံအတူစားပါမယ်

- ဟသ်ာမောင်နှံပမာ ချစ်ခင်စွာနေတတ်ရမယ်
- မယားကခေါ်လျှင် ချစ်ခင်ကြင်နာစွာ ပြန်လည်ထူး ခေါ်ပြောတတ်ရမယ်
- သူ့မိဘကခေါ်သလိုခေါ်တတ်ရမယ်
- စကားပြောတဲ့အခါ မောင်နှမအရင်းကဲ့သို့ ချစ်ခင် လေးစားစွာ ပြောဆိုတတ်ရမယ်
- မိမိမယားဖြင့်သာရောင့်ရဲတင်းတိမ်ရမယ်
- မယားဖြစ်သူကို အိမ်လုံးအပ်နှံထားတတ်ရမယ်
- မိမိရှာရသောပစ္စည်းကို ဆွေမျိုးတွေကိုပေးကမ်းလျှင် မယားနှင့်တိုင်ပင်ပြီးမှပေးကမ်းရမယ်

အဲဒါတွေဟာ လင်ကောင်းတစ်ယောက်ထားရှိရမယ့် စိတ်ဓာတ်တွေပဲသမီး။

လင်သားတစ်ယောက် အိမ်ထောင်ဦးစီးတစ်ယောက် အနေနှင့် လင့်ဝတ်ငါးပါးပြည့်စုံရမည်ဖြစ်သလို လောကကြီးပွား ချမ်းသာကြောင်း နောင်ဘဝကြီးပွားချမ်းသာကြောင်းများကို လည်း ကျင့်သုံးဆောက်တည်နိုင်ရမယ်။

လင်ကောင်းဆိုတာက-

- ထကြွလုံ့လနှင့်ပြည့်စုံရမယ်
- စောင့်ရှောက်ထိန်းသိမ်းခြင်းနှင့်ပြည့်စုံရမယ်

- မျှတအောင်အသက်မွေးရတတ်တယ်
- မိတ်ကောင်းဆွေကောင်းရှိရတယ်

အဲဒီလေးပါးနှင့်ပြည့်စုံတဲ့လင်ဟာ ဒီဘဝမှာမှချမ်းသာသုခ ခံစားရတယ်၊ နောင်ဘဝချမ်းသာဖို့ကတော့-

- သဒ္ဓါတရားနှင့်ပြည့်စုံရမယ်
- သီလအကျင့်နှင့်ပြည့်စုံရမယ်
- စွန့်ကြဲပေးကမ်းမှုရှိရမယ်
- စဉ်းစားဆင်ခြင်နိုင်သောပညာနှင့်ပြည့်စုံရမယ်

အဲဒီကျင့်ဝတ်တွေနှင့်ပြည့်စုံနေရင် သံသရာအတွက် စိတ်ချရတဲ့လင်ကောင်းတစ်ယောက်ဖြစ်မှာပဲ။

တစ်ဖန် လင်ယောက်ျားရွေးရာမှာ ပါ(၃)ပါ၊ ချာ(၃)ချာ၊ ကွာ(၃) ကွာကိုရှောင်ရမယ်-

ပါ(၃)ပါဆိုတာ -ကြွေးမြီပါသူ၊ အပိုလူပါသူ၊ ရောဂါပါသူ

ချာ(၃)ချာဆိုတာ -ပညာရေးနုံချာသူ၊ အလုပ်အကိုင်နုံချာသူ၊
စာရိတ္တနုံချာသူ

ကွာ(၃)ကွာဆိုတာ-ကိုးကွယ်ဘာသာမတူသူ၊ လူမျိုးကွာသူ၊
နိုင်ငံကွာသူ

တို့ဖြစ်ကြတယ်။

ဒီနေရာမှာ ရှေးခေတ်က တက္ကသိုလ်ဆရာကြီးက သမီးအတွက် လင်ကောင်းရွေးပုံကို ဖေ့ဖြေပြောပြချင်တယ်-

## သမီးအတွက် ခင်ပွန်းလောင်း

ရှေးအခါက ဗာရဏသီပြည်မှာ ဒိသာပါမောက္ခဆရာကြီးတစ်ဦးရှိပြီး ဆရာကြီးမှာလည်း အလွန်ပင်ချောမောလှပတဲ့ သမီးတစ်ယောက်ရှိသတဲ့။

ဒီဆရာကြီးထံမှာ တပည့်လုလင်ငါးရာ သင်ကြားနေတယ်၊ ဆရာကြီးဟာ အရွယ်ရောက်နေပြီဖြစ်သော မိမိရဲ့သမီးကို ငါးရာသောတပည့်များအနက်မှ အကျင့်သီလနှင့်ပြည့်စုံသော တပည့်တစ်ဦးနှင့်အိမ်ထောင်ချပေးရန် စိတ်ကူးထားသတဲ့။

တစ်နေ့မှာ ဆရာက တပည့်လုလင်ငါးရာကိုခေါ်ယူပြီး-

"အမောင်တို့ . . ငါ့မှာအရွယ်ရောက်ပြီး ချောမောလှပတဲ့သမီးတစ်ယောက်ရှိပါတယ်၊ အဲဒီသမီးကို သင်တို့အထဲက တစ်ယောက်ယောက်နှင့်ပေးစားလိုပါတယ်၊ သမီးရဲ့အဝတ်တန်ဆာအတွက် သင်တို့ဟာ မိမိတို့အိမ်သို့ပြန်ပြီး အိမ်ကညီအစ်ကိုမောင်နှမတွေမသိအောင်ခိုးယူပြီးယူလာခဲ့ကြပါ၊ မိဘဆွေမျိုးတွေပြောပြီးယူလာတာကို ငါလက်မခံနိုင်ဘူး၊ အများဆုံးခိုးယူလာနိုင်သူကို ငါရဲ့သမီးနှင့် ထိမ်းမြားပေးစားလိုပါတယ်"

ဟု ပြောဆိုလေသည်။

တပည့်အသီးသီးတို့လည်း မိမိတို့အရပ်၊ မိမိတို့အိမ်သို့ ပြန်ကြပြီးလျှင် မိဘဆွေမျိုးတွေမသိအောင် ဥစ္စာအသီးသီးကို ခိုးယူလာခဲ့ပြီး ဆရာကြီးထံအပ်နှံကြတယ်။

ဆရာကြီးဟာ တပည့်များအပ်သမျှ ဥစ္စာပစ္စည်းတို့ကို စာရင်းအင်းနှင့်တကွ လက်ခံထားသတဲ့။

အဲဒီတပည့်တွေထဲမှာ တပည့်ကြီးတစ်ယောက်ကတော့ ဘာတစ်ခုမျှယူမလာဘဲ ပြန်လာခဲ့သတဲ့။

အဲဒီအခါမှာ ဆရာကမေးသတဲ့-

"အမောင်. . . အဝတ်တန်ဆာကိုဆောင်ခဲ့ပါသလား"

"ဆရာ. . . မဆောင်ခဲ့ပါဘူး"

" အဘယ်ကြောင့် မဆောင်ခဲ့ပါသလဲ"

"ဆရာ. . . အဝတ်ကန်ဆာကို တစ်ပါးသူမသိအောင် ယူခဲ့ရမယ်၊ တစ်ပါးသူမြင်သောအဝတ်တန်ဆာကို ငါလက်မခံနိုင်ဘူးလို့ ဆရာဆိုခဲ့တယ်မဟုတ်ပါလော"

"မှန်ပါတယ်၊ ငါဆိုခဲ့ပါတယ်"

"ဆရာ. . . သူတစ်ပါး၏အဝတ်တန်ဆာကို ပိုင်ရှင်မသိဘဲ ဆောင်ယူခြင်းဟာ မကောင်းမှုဖြစ်ပါတယ်၊ မကောင်းမှုကိုမမြင်သောအရပ်မည်သည်မရှိပါ။ မကောင်းမှုအတွက် ဆိတ်ကွယ်ရာဟူသည်လည်းမရှိပါ။ ထို့အတွက် ကျွန်ုပ်သည် အဝတ်တန်ဆာကိုမယူခဲ့ပါ "

"တပည့်. . . ငါသည် သမီးကိုအကျင့်သီလသိက္ခာနှင့် ပြည့်စုံသောသူနှင့်ထိမ်းမြားပေးစားလိုပါတယ်၊ ဒါကြောင့်

တပည့်ငါးရာတို့သည် မကောင်းမှုကိုသိ-မသိ၊ မကောင်းမှုကိုသိသော် ရှောင်ကြဉ်နိုင်-မရှောင်ကြဉ်နိုင် စုံစမ်းလို၍ အဝတ်တန်ဆာတို့ကို ခိုးယူခိုင်းခြင်းဖြစ်ပါသည်၊

သင်ကား မကောင်းမှုကိုသိ၏၊ မကောင်းမှုအတွက် ဆိတ်ကွယ်ရာမရှိသည်ကိုလည်းသိ၏၊ မကောင်းမှုကိုလည်း ရှောင်ကြဉ်နိုင်၏"

ဆရာကြီးဟာ ဤသို့ပြောပြီး တပည့်များကိုလည်း ခေါ်ယူဆုံးမတယ်၊ ပစ္စည်းများကို စာရင်းနှင့်တကွပြန်ပေးပြီး မိဘထံအပ်နှံစေတယ်။

ပြီးတော့ မိမိရဲ့သမီးကို အကျင့်သီလနှင့်ပြည့်စုံတဲ့တပည့်ကြီးနှင့်လက်ထပ်ထိမ်းမြားပေးလိုက်သတဲ့။

ဒါကြောင့် အိမ်ထောင်ဦးစီးဖြစ်မယ့် လင်ယောကျ်ားတစ်ယောက်ဟာ အဓိကအကျင့်သီလကောင်းဖို့ လိုပါတယ်၊ သမီးအကျင့်သီလမကောင်းရင် အိမ်ထောင်ရေးတွင်မက ပတ်ဝန်းကျင်ရော၊ လူ့အသိုင်းအဝိုင်းမှာရော အားလုံးပျက်စီးတတ်စေပါတယ်။

လင်ဆိုတာဟာ အိမ်ထောင်ဦးစီးဖြစ်တဲ့အတွက် အိမ်ထောင်ရဲ့ခေါင်းဆောင်ကောင်းတစ်ယောက်လည်းဖြစ်တယ်၊ ခေါင်းဆောင်တယ်ဆိုတာက-

- မိမိပြုလုပ်နေရသောအလုပ်၏မွန်မြတ်မှုကိုသက်ဝင်ယုံကြည်မှုရှိရမယ်
- မိမိလုပ်မည့်လုပ်ငန်းပမာဏအစရှိသည်တို့ကိုတတ်သိနားလည်ထားရမယ်
- မိမိလုပ်သမျှအလုပ်များကို မိမိတာဝန်ယူနိုင်ရမယ်
- မိမိစွမ်းရည်ထက်မြက်လာအောင် ကြိုးစားလုပ်ရမယ်
- အများအတွက် နမူနာကောင်းစံပြပုဂ္ဂိုလ်ဖြစ်ရမယ်
- ကျလာ၊ ပေးလာသောတာဝန်ကို မကြောက်ရဘူး၊ ပြေးတွေ့ရဲ၊ ရင်ဆိုင်ရဲရမယ်
- မိမိလက်အောက်လုပ်သားများကို သေချာစွာလုပ်-မလုပ်၊ လုပ်တတ်-မလုပ်တတ်၊ ပြီးစီးအောင်လုပ်-မလုပ် အမြဲသတိရှိပြီး ခိုင်းစေကြပ်မတ်တတ်ရမယ်
- ငယ်သားများရဲ့စားဝတ်နေရေး၊ လူမှုရေးကိစ္စများကို မေတ္တာထားပြီး ဂရုစိုက်တတ်ရမယ်
- မိမိသားမယား တပည့်သားများကို တိုးတက်မှုရှိအောင် လိမ္မာမှုရှိအောင် ဆုံးမသွန်သင်တတ်ရမယ်

ပြီးတော့ ယောကျာ်းကောင်းတစ်ယောက်ဆိုတာဟာ-
- မြင့်မြတ်ခြင်း
- ရဲရင့်ခြင်း

- တည်ကြည်ခြင်း
- သည်းခံနိုင်ခြင်း
- ဝေဖန်ပိုင်းခြားတတ်ခြင်း
- ဦးဆောင်စီမံခန့်ခွဲတတ်ခြင်း

ဆိုတဲ့ဂုဏ်အင်္ဂါများနှင့်လည်းပြည့်စုံရမယ်တဲ့၊ ဤသို့ဂုဏ်အင်္ဂါပြည့်စုံတဲ့လင်ယောကျ်ားကိုသာလျှင် လင်ကောင်း၊ လင်မြတ်၊ ယောကျ်ားကောင်း-ယောကျ်ားမြတ်မည်ထိုက်တယ်လို့ ဆိုတယ်။

အိမ်ထောင်တစ်ခုမှာ သူ့ဘက်၊ ကိုယ့်ဘက်၊ စည်းကမ်းကျင့်ဝတ်တွေကိုသိပြီး လိုက်နာကျင့်သုံးကြရင်း အိမ်ထောင်ရေးသုခဆိုတာ မုချခံစားကြရမယ်။

အဲဒီတော့ သမီးရဲ့ခင်ပွန်းနှင့်ပတ်သက်လို့ ဝတ္တရားတွေကို သမီးရောသမီးခင်ပွန်းပါ နားလည်ထားသင့်တယ်၊ နားလည်ပြီးလိုက်နာကျင့်သုံးတတ်ရမယ်။

အဲဒီလင့်ကျင့်ဝတ်ငါးပါးကို ဘုရားရှင်က သိင်္ဂါလသတို့သားကို ပေးကြားထားတာကို ပြောပြမယ်-

## လင့်ကျင့်ဝတ်ငါးပါး

၁။ မထေမဲ့ကင်း ၂။ အပ်နှင်းဥစ္စာ
၃။ မိစ္ဆာမမှား ၄။ ဝတ်စားဆင်ယင်
၅။ မြတ်နိုးကြင် ငါးအင်လင်ကျင့်ရာတဲ့။

အဲဒီလင့်ကျင့်ဝတ်အချက်ကြီးများမှာ မည်သည့်အချက်သည် အရေးမကြီးသဖြင့် လိုက်နာရန်မလိုဟူသော ယူဆစရာအချက်တစ်ချက်မျှ မပါဝင်ပါဘူး။

၁။ မထေမဲ့ကာင်း

ငါက ယောကျ်ားဖြစ်သည့်အတိုင်း အိမ်ထောင်တစ်ခုလုံးအတွက် ရှာဖွေကျွေးမွေးကာ တာဝန်ယူရသူဖြစ်သည်၊ ဒါကြောင့်ငါ့လုပ်စာစားနေသော မိန်းမသားအပေါ်၌ အရေးတယူအလေးမူစရာမလို ဟူ၍လည်းကောင်း၊

ငါက ယောကျ်ားရင့်မကြီးဖြစ်သောကြောင့် ငါလုပ်သမျှငါပြောသမျှခံရမည်သာဖြစ်သောအားနွဲ့သည့်မိန်းမသားတစ်ဦးအပေါ်၌ ရိုသေလေးစား အရေးထားနေလျှင် ပိုရုံပဲရှိမည် ဟုသဘောထားကာနှိမ့်ချပြီး ပေါင်းသင်းဆက်ဆံလျှင် တရားတော့မည်မဟုတ်သလို ယောကျ်ားကောင်းတစ်ယောက်လည်း ပီသတော့မည်မဟုတ်ပါဘူး။

အချို့ယောကျ်ားတို့ဟာ အားထားလောက်သောဇနီး၊ လေးစားလောက်သောဇနီး၊ ငဲ့ညှာထိုက်သောအချက်အလက်များနှင့်ပြည့်စုံသောဇနီးမျိုးကိုရစေကာမူ-

- မယားနေစ ကြောင်သေမှ
- မယားနှင့်နွား မသနားနှင့်

ဟူသော လူမိုက်တို့၏စကားကိုအားကျကာ တစ်ဖက်သတ်အနိုင်ယူတတ်ဖို့လောက်သာ အာရုံပြုထား စိတ်ဝင်စားကြတယ်။

"မိန်းမကိုဘယ်လိုဦးကျိုးအောင်ချိုးရမည်လဲ၊ ဘယ်လိုအနိုင်ယူရမည်လဲ" ဟု မေတ္တာမဖက်သောစိတ်ဓာတ်ဖြင့် ရန်သူသဖွယ်၊ မိမိက ယောကျ်ားကောင်း၊ ယောကျ်ားမြတ်သဖွယ်သဘောထားကာ ကိုယ်ဖြင့်လည်းကောင်း၊ နှုတ်ဖြင့်လည်းကောင်းအမျိုးမျိုးသော နှိပ်စက်မှုမျိုးကိုပြုတတ်ကြတယ်။

ထိုသို့သောယောကျ်ားဆိုးမျိုးတို့၏ မတရားသဖြင့်မထေမဲ့မြင်ပြုမှု၊ ပြောဆိုနှိပ်စက်မှုများကို မည်သည့်အမျိုးသမီးများကမှ မျိုသိပ်ကာသည်းခံနေကြလိမ့်မည်မဟုတ်ပါဘူး။

"ပါးကိုက်တော့-နားကိုက်မည်"ဆိုသကဲ့သို့ စွမ်းအားရှိသရွေ့ တုံ့ပြန်တတ်ကြသည်ကို တွေ့ရ-မြင်ရဖူးပေလိမ့်မယ်။

အချို့အမျိုးသမီးများအဖို့ အကြောင်းအမျိုးမျိုးတို့ကြောင့် "မနိုင်၍သည်းခံရခြင်း"သဘောဖြင့်ပြုမူနေထိုင်ကြရသော်လည်း "နေသေးသပချျထဲက ချိုသွေးသပတာမြမြ" ဆိုသကဲ့သို့ ရှိတတ်ကြတယ်။

အချို့အမျိုးသမီးများမှာမူ ထိုကဲ့သို့ဆိုးဝါးသောလင်သားအပေါ်၌ မိမိ၏အားကိုးရာမဲ့သောအခြေအနေ၊ ချစ်ခင်စွဲလမ်းသောစိတ်စသည်တို့ဖုံးလွှမ်းထားမှုကြောင့် တုံ့ပြန်ရေး၊ လက်စားချေရေးကိုမတွေးတောရှာတော့ဘဲ ဘဝကုသိုလ်ကံပဲ ဟုဆိုကာ

အညှင်းဆဲခံဘဝ၊ မထေမဲ့မြင်အပြုခံဘဝဖြင့် အိမ်ထောင်မှုဒုက္ခကိုစုံမှိတ်၍ ခံကြရရှာတယ်။

ဤကဲ့သို့သော အိမ်ထောင်ရေးဒုက္ခများမရောက်ကြစေရန်၊ နှိမ့်ချခေါ်ဝေါ်ပြောဆိုခြင်းစသော မထေမဲ့မြင်မပြုရလို့ ဘုရားရှင်က လင်ကောင်းတစ်ယောက်၏ဦးစွာသောကျင့်ဝတ်ကို ဟောကြားတော်မူခဲ့တယ်သမီး။

ဒီနေရာမှာ ချစ်မေတ္တာအရင်းခံဖြင့် ချစ်စနိုးခေါ်ဝေါ်ပြောဆိုပြုမူမှုများကိုကား မထေမဲ့မြင်ပြောဆိုပြုမူခြင်းဟူ၍ မယူဆထိုက်ပါဘူး။

"အကျိုးစီးသန် ရန်ဖြစ်"ဟူသောအဆိုစကားအရ တစ်ဦးနှင့်တစ်ဦး မခံချင်လောက်အောင် ကျီစားမှုအကြီးအကျယ်ရန်မီးပွားစေတတ်သည်အထိ ပြုမူပြောဆိုမှုတို့ကား မပြုလုပ်၊ မပြောဆိုသင့်ကြဘူး။

အချို့လင်ယောက်ျားတွေက-

"မိန်းမရှိခိုး၊ သွားမကျိုး"

"မိန်းမရိုသေ၊ အသက်ရှည်"

ဆိုတဲ့ ဆိုရိုးစကားကိုလက်ကိုင်ပြုကာ လွန်လွန်ကဲကဲအရေးပေးတတ်ကြတယ်၊ ဒါကြောင့် အပေါင်းအသင်းလောက၌ အဆင်မပြေဖြစ်ခြင်း၊ ကြီးပွားရေးလမ်းစမဖြောင့်ဖြူးခြင်းစသောအပြစ်များဖြစ်ပွားတတ်ကြတယ်။

"ကျီး ဘုတ်ရှိသေ-ဘုတ် ကျီးရှိသေ"

ဆိုသောစကားပုံကဲ့သို့လည်းကောင်း၊ လင်နှင့်မယား လျှာနှင့်သွား ဆိုသကဲ့သို့လည်းကောင်း၊ မယုတ်မလွန်တစ်ဦးနှင့်တစ်ဦး မေတ္တာနှင့်ယှဉ်၊ စေတနာဖြင့်ဝင်၍ အိမ်ထောင်သာယာရေးကို တည်ဆောက်ကြရတယ်။

ယင်းမထေမဲ့မြင်ပြုမှုနှင့်ပတ်သက်၍ လင်ဆိုးအကျင့်၊ လင်ကောင်းအကျင့်တို့ကို ရှင်မဟာရဋ္ဌသာရဆရာတော်က ကိုးခန်းပျို့အပိုဒ်(၂၁၉)မှာ-

လင်ဆိုး -မဆင်မခြင်၊ နှလုံးဖင်သည်၊ သူ့လင်တစ်ပါး၊ သူ့ယောကျ်ားကား၊ မယားဟူက၊ နတ်ကိုရလည်း၊ ရှုတ်ချဆိုတွေ၊ နှုတ်မချေနှင့်၊ မထေမဲ့မြင်၊ ကျေးကျွန်သွင်သို့၊ နင်သင်မိဘ၊ စသည့်ဆံမောင်း၊ ပြုစူစောင်း၍၊ မကောင်းသဖြင့်၊ ပလေလွင့်၏။

လင်ကောင်း -ရင့်သည့်သမ္ဘာ၊ ရှာသည့်ကုသိုလ်၊ လိုသည့်ဆုယူ၊ မယ့်ကြင်သူကား၊ လုပ်တူကြံဖော်၊ ငါလျှင်ခေါ်လည်း၊ ထူးသော်ထူးတင့်၊ ချစ်ဖွယ်ကျင့်၏၊ ချစ်ပွင့်လန်းလန်း၊ ချစ်ရည်သွန်းသည့် ချစ်ပန်းပင်ခြုံ၊ ငါ့ကိုတုံလည်း၊ ဆွေစုံမွေးဘ၊

ခေါ်သမျှလျှင်၊ တည်ပချီးမြင့်၊ ဆိုစတင့်၏၊
မျက်ပွင့်နေပျော်၊ ပြောစသော်လည်း၊ မတော်
ဆန္ဒ၊ မောင်နှမသို့၊ တလ္လစကား၊ ကြဉ်ရှောင်
ရှားသည်၊ ငါ့အားချစ်ရှိသေစွာတည်း။

လို့ လမ်းညွှန်ဖွဲ့ဆိုပြထားတာကို တွေ့ရပါတယ်။

၂။ အပ်နှင်းဥစ္စာ

အိမ်ဦးနတ်ဟု ခေါ်ဝေါ်သမုတ်ခံရသော အိမ်ထောင်ဦးစီးဖြစ်သောလင်ယောကျ်ားတို့ဟာ အများအားဖြင့် အိမ်၏ပြင်ပသို့ထွက်ကာ ပစ္စည်းဥစ္စာရှာဖွေခြင်းဖြင့် အချိန်များစွာကုန်ရတယ်။

အဲဒါကြောင့် ရလာသောပစ္စည်းကို အိမ်နှင့်ကြမ်းမကျွာဝေဖန်သုံးစွဲလျက် အိမ်မှုကိစ္စကိုကျေပွန်အောင် ဆောင်ရွက်ရမည့်တာဝန်ရှိသောအိမ်သူ သားမယားအား ရသမျှဥစ္စာပစ္စည်းများကို အပ်နှင်းသင့်လှပါတယ်။

အချို့ယောကျ်ားများသည် စိတ်ချရသောမိန်းမ၊ မျက်နှာလွဲရသောမိန်းမများအပေါ်မှာပင် ရသမျှပစ္စည်းဥစ္စာတို့ကို ပုံနှံမအပ်ဘဲအကြံဆိုးဖြင့် တိတ်တဆိတ်စုဆောင်းထားကြပြီးလျှင်အလွဲသုံးစားပြုခြင်း၊ တရားမျှတမှုမရှိဘဲ မိမိကိုယ်တိုင်ဝေဖန်ခွဲခြမ်းခြင်းစသည်တို့ကို ပြုလုပ်တတ်ကြတယ်။

အဲဒီအခါ၌ ခါတ်ဆီမထည့်သောကားကြီးကဲ့သို့ အိမ်ထောင်ရေးသုခတည်းဟူသောပန်းတိုင်သို့ရောက်အောင် မမောင်းနှင်နိုင်ဘဲ ရှိတတ်ကြတယ်။

မိန်းမထံ ဥစ္စာမအပ်နှံသဖြင့် အိမ်သူမိန်းမမှာ စိတ်ဆင်းရဲဖွယ်အမျိုးမျိုးနှင့်ကြုံရပြီးလျှင် ကြာလေ ကြာလေ မိမိဂုဏ်သိက္ခာကိုပါထိခိုက်လာသည်ဟုဆိုကာ မထေမဲ့မြင်ပြုလာတော့သဖြင့် လင်ယောကျ်ားကိုယ်တိုင်ပင် စိတ်ဆင်းရဲဖွယ်အမျိုးမျိုးနှင့်ကြုံရတယ်။

ထိုသို့ဥစ္စာအပ်နှင်းမှုနှင့်ပတ်သက်၍ ကိုးခန်းပျို့၌ ဆရာတော်က အပိုဒ် (၂၂၁)မှာ-

လင်ဆိုး -သီးသီးခြားခြား၊ သူစိမ်းကားသို့၊ ယောကျ်ားတချို့၊ သူ့လင်တို့ကား၊ သမ်းမို့လက်ာ၊
ပြစ်ဆာဟူလောက်၊ မစွန်းပြောလျက်၊
မှားရှောက်တစ်ပါး၊ အယူပြား၍၊ သို့ထား
ပစ္စည်း၊သိမ်းဆည်းသမှု၊ အိမ်ဝတ္ထုကို၊ မစုမပုံ၊
မယုံမနှံ၊ ကိုယ်ထူးကြံ၏။
လင်ကောင်း -မချန်မဖွဲ့၊ ချစ်ကြွင်းမဲ့သည်၊ ထင်ပြဲစိတ်တူ၊
တို့မှာလူကား၊ ငြူစူမရှိ၊ တရားညီကျက်၊
မသိစေလို၊ မရှက်သို့တည်း၊ ငါ့ကိုနှီးရင်း၊

အိမ်လုံးနှင်း၍၊ အိမ်တွင်းအိမ်ပ၊ ဟူသမျှလျှင်၊
ပိုင်ရသောထွေ၊ ချစ်ရိုသေ၏။

လို့ စပ်ဆိုဆုံးမထားတာကို တွေ့ရတယ်။

၃။ မိစ္ဆာမမှား

တဏှာချစ်နှင့်ပတ်သက်လာလျှင် မနာလိုစိတ်၊ သဝန်တိုစိတ်ရှိကြသည်မှာ လောကဓမ္မတာသဘောမျိုးဖြစ်ပါတယ်။

"မုန့်သာဝေစားမယ်၊ လင်ကို ဝေမစားနိုင်ဘူး"

"ထမင်းကိုသာဝေသောစားရဲ့၊ လင်ကိုမထိနဲ့ဆရာ"

ဆိုတဲ့ လောကဝေါဟာရပြောဆိုကြလျက်ရှိရာ ဝေစားရလျှင် အထိခံရလျှင် ဒေါသကြီးကာ မီးပွင့်တတ်ကြစမြဲဖြစ်တယ်။

အဲဒါကြောင့် လင်က ကိုယ်ပိုင်မယားကိုသာ အလိုရှိသကဲ့သို့ မယားကလည်း ကိုယ့်လင်တစ်ဦးတည်းကိုသာ အလိုရှိတတ်ကြတယ်၊ အချို့သူတို့ဟာ ချစ်သူများများရှိခြင်း၊ မယားများများယူနိုင်ခြင်းကိုပင် အသာအယာကြီးသာယာကာ ဂုဏ်ယူတတ်ကြတယ်။

"ယောကျ်ားကောင်း မောင်းမတစ်ထောင်"

ဟူသောစကားကိုအသုံးပြုကာ မယားများများရမှုကို အားကျသဘောကျတတ်တယ်၊ အမှန်အားဖြင့် ဒီစကားဟာ ယောကျ်ားတိုင်းနှင့်ဆိုင်သောစကားမဟုတ်ပါဘူး၊ ရှေးအခါက ယုံးတမ်းစဉ်

လာအရ သမ္မုတိနတ်ဟုဆိုအပ်သောဘုရင်မင်းနှင့်ဆိုင်သော စကားဖြစ်ပါတယ်၊ ဘုရင်များ၏တိုင်းပြည်လုံခြုံရေးအရ သမီး ကညာဆက်သသည်ကို လက်ခံသိမ်းပိုက်ခြင်းကို တင်စားပြောဆို သောစကားသာဖြစ်ပါတယ်။

ကိုယ်ပိုင်ဇနီးရှိလျှင် စိတ်မာတတ်ဖောက်ပြားအချစ်ပွား၍ ပျော်ပါးလိုက်စားသူတို့သည် မိမိကိုယ်ကိုမိမိပင်ပျက်စီးအောင် ဖျက်ဆီးသကဲ့သို့လည်း ဖြစ်တတ်တယ်။

သို့အတွက် လင်ကောင်းတစ်ယောက်သည် မိန်းမနှင့် ပတ်သက်၍ မိမိဇနီးမှတစ်ပါးသောမိန်းမများအပေါ်၌ အစ်မ၊ ညီမ၊ အဒေါ်သဘောထားသောစိတ်ကိုမွေးမြူ၍ဆက်ဆံကြရပါ တယ်၊ ဖောက်ပြန်သောစိတ်ကိုမမွေးရပါဘူး၊ မိန်းမဘက်က ဖောက်ပြန်လာခဲ့သည်ကိုတွေ့ပါက ထိုအတွေ့ကိုမသာယာဘဲ ဘီလူးသဘက်သဖွယ် သဘောထားသင့်လှပါတယ်။

ဒါဒါနှင့်ပတ်သက်၍ ကိုးခန်းပျို့အပိုဒ်(၂၂၀)မှာ-

လင်ဆိုး -ယရည်းမထိန်း၊ တောဆင်မိန်းသို့၊ ကလိန် ကလက်၊ ချစ်ရမွက်ကြောင့်၊ သွပ်ပျက်ပေါ်တွင်၊ သူရှုးသွင်သို့၊ သူလင်သူ့သား၊ သူတစ်ပါးအား၊ မယားတို့တမ်း၊ သူ့မှာကျွမ်းက၊ စိတ်ဝမ်းလောင် ကြေ၊ ပူမြဲပေဟု၊ စေ့ရေနစ်နော၊ လူ့သဘော

ကို၊ တွေးတောမသိ၊ မျက်စိမှောင်မိုက်၊ စိတ်လို
လိုက်၏။

လင်ကောင်း -ချစ်တိုက်ကြမ္မာ၊ ဝါသနာဖြင့်၊ ချစ်လျာချစ်
ဘက်၊ ချစ်သက်ဝေသော်၊ ငါနှင့်ပျော်သည်၊
သူတော်ဟုတ်မြို့၊ ငါချစ်ဖို့ကား၊ သူသို့မယှဉ်၊
င့ါဝယ်ယှဉ်၏၊ မကြည်နိုင်ဖွယ်၊ အရွယ်ရွယ်
သည်၊ ကြီးငယ်တအုပ်၊ ရံကိုယ်လုပ်တိ၊ ပည်းမျှ
ရှိလည်း၊ မငြိမမှား၊ မယွင်းပါးသည်၊ င့ါအား
ချစ်ကြိုးခွေစွတည်း။

လို့ စပ်ဆိုဆုံးမထားတာကို တွေ့ရတယ်။

## ၄။ ဝတ်စားဆင်ယင်

ဇနီးတွင် အဝတ်အစားနွမ်းပါးက မိမိဂုဏ်လည်း ညှိုးနွမ်းတတ်လေသည်၊ လင်ယောကျ်ားကောင်းတစ်ယောက်သည် မိန်းမကို "ကျွန်စုတ်သည့်သရက်စေ့"ကဲ့သို့ဖြစ်အောင် မထားရပါဘူး။

ချစ်ဇနီးဆိုတာ မိမိ၏စိတ်ကိုသာယာဖွယ်ပြုရန် တာဝန်အရှိဆုံးသူဖြစ်လေရာ လှပစွာတန်ဆာမဆင်ခဲ့ပါလျှင် မိမိပင်မိမိမယား၌ စိတ်ပျက်စိတ်ကုန်ခံစားရတတ်ပါတယ်။

"မိန်းမတို့၏ကိုယ်ပိုင်ဥစ္စာကားအဆင်းတည်း"

"လူမှာအဝတ်၊ တောင်းမှာအကွပ်"

ဆိုထားသည့်အတိုင်း တော်ရုံတန်ရုံရုပ်ရည်ကို အဝတ်ဖြင့် ပ...

တယ်စေနိုင်တယ်၊ အဝတ်တို့၌ လော်လီမှုမရောက်အောင်လည်း လင်ယောကျ်ားသည် သင့်လျော်အောင်ဆင်မြန်းပေးရပါတယ်။

ကိုးခန်းပျို့အပိုဒ် (၂၂၂)၌ ဆရာတော်က-

လင်ဆိုး -မစိတ်မပြား၊ ချင်းနှယ်ကြွားသည်၊ တပါး သူလင်၊ ယောကျ်ားဖင်ကား၊ စီရင်မတတ်၊ လုပ်ကြံချွတ်၍၊ ကိုယ်ဝတ်ပုဆိုး၊ ဝါချည်ဘိုးမျှ၊ အကျိုးမန်၊ ထွက်လျှံစီးပွား၊ ယိုဖန်များလျက်၊ ခမ်းနားမင်္ဂလာ၊ အရာရာ၌၊ တန်ဆာဆင်ယင်၊ အိမ်သူ့အင်လည်း၊ လိုလျှင်မရ၊ ချို့တဲ့လှ၏။

လင်ကောင်း -နှမချစ်တင့်၊ လင်ဘုန်းရှင့်ကား၊ ရွှယ်နှင့်အ လျောက်၊ ချီးမွမ်းလောက်သား၊ လက်ကောက် လက်ကြပ်၊ လက်စွပ်ပုတီး၊ ဆင်ပြီးနားဋ္ဌောင်း၊ စည်းဖောင်လည်မာ၊ထွန်းဝါပြိုပြက်၊ သင်တိုင်း ဒက်လည်း၊ ဖက်လှက်ဆူလှယ်၊ နှစ်သက်ဖွယ် ဖြင့်၊ စံပယ်သမှု၊ ကုံအောင်ဂြုလျက်၊ တုတုပပ၊ စွဲလယ်ပြ၍၊ မြင်ကပျော်ပါး၊ သူကြည့်စားသည်၊ ငါ့အားရှုအိလေစွတည်း။

လို့ စပ်ဆိုဆုံးမထားတာကို တွေ့ရတယ်။

၅။ မြတ်နိုးကြင်

အိမ်ထောင်ရေးတွင် မြတ်နိုးချစ်ကြင်သည့်စိတ်ကား အလွန်ပင်အရေးပါအရာရောက်သည့်သော့ချက်ကြီးဖြစ်လေသည်၊ ထိုစိတ်သာ တကယ်ကြီးမားစွာရှိခဲ့ပါလျှင် မိမိဇနီးအတွက်လိုက်နာရမည့်ဝတ္တရားများကို လိုက်နာရန်ခဲယဉ်းတော့မည် မဟုတ်ပါဘူး။

ဒါကြောင့် မူလကပင် ချစ်ခင်မြတ်နိုးမှုမရှိဘဲ အိမ်ထောင်ဘက်ပြုခဲ့ပါလျှင် အဆင်မပြေသောအိမ်ထောင်ရေးဖြစ်တတ်တယ်။

အကောင်းဆုံးမှာ လင်ကလည်းနတ်သားကလေးကဲ့သို့ထင်ရလေအောင်၊ မယားကလည်း နတ်သမီးလေးကဲ့သို့ထင်ရလေအောင် ကျင့်ကြံသင့်လေသည်၊ နတ်သားကလေးနှင့်တူသော မိမိသည် ကြင်ဘက်အပေါ်၌လည်း နတ်သား၊ နတ်သမီးသဖွယ် ကြင်နာစွာသဘောထား၍ ပေါင်းသင်းထိုက်လှတယ်။

စတုက္ကအင်္ဂုတ္တိုရ်ပါဠိတော်ပထမသံဝါသသုတ်၌-

"သူ့အသက်သတ်ခြင်းစသောမကောင်းမှုတို့၌ ကျူးလွန်လေ့ရှိသောလင်ကို သူသေလင် ဟူ၍လည်းကောင်း၊ မယားကို သူသေမယားဟူ၍လည်းကောင်း" ဟောကြားတော်မူခဲ့သည်။

"မကောင်းမှုမှကြဉ်ရှောင်လေ့ရှိသောလင်ကို နတ်သမီးလင်ဟူ၍လည်းကောင်း၊ မယားကိုနတ်သမီးမယားဟူ၍လည်းကောင်း" ဟောကြားတော်မူခဲ့တယ်။

၁။ သူသေလင်နှင့်သူသေမယား

၂။ သူသေလင်နှင့်နတ်သမီးမယား

၃။ နတ်သားလင်နှင့်သူသေမယား

၄။ နတ်သားလင်နှင့်နတ်သမီးမယား

အိမ်ထောင်ဘက်ပြုပုံလေးမျိုးကိုလည်း ဘုရားရှင်က ဟောကြားတော်မူခဲ့ပါတယ်၊ သို့အတွက် နတ်သားလင်နှင့်နတ်သမီးမယားဖြစ်အောင် တစ်ဦးနှင့်တစ်ဦးကြင်နာစွာပေါင်းသင်းဆက်ဆံပြီး မကောင်းမှုကိုရှောင်ကြဉ်ရပါမယ်။

သို့အတွက် ကိုးခန်းပျို့(၂၁၈)မှာ-

လင်ဆိုး -တပိုတပါး၊ သူလင်သားကား၊ သွားလာသော ခါ၊လပ်မိုးရွာလည်း၊ အိမ်မှာဖခင်၊ စားသောက်မင်၍၊ ရလျှင်ရတိုင်း၊ တုံးပိုင်းမချန့်၊ မေတ္တာဆွန့်ခဲ့၊ ဗိုလ်ပြန့်ဂိုလ်ရဲ၊ မောင်နှံမသိ၊ ချစ်ရည်သီဖြင့်၊ မမိမယှဉ်၊ ဝေးစွာကြဉ်၍၊ နေ့စဉ်စကား၊ ရန်တွေ့ကြသို့၊ ထိုမျှပြင်သူ၊ စိမ်းယှမ်းလူတို့၊ ရှေ့ရှုပျက်စီး၊ မြင်လေဘိလည်း၊ ပီတိမပြန့်၊ နှလုံးထွန့်ခဲ့။

လင်ကောင်း -ချစ်ညွှန့်ရှင်ရှင်၊ မယ့်ထွန်းကြဉ်ကား၊ သောလျှင်စေပါး၊ မရောက်သာလည်း၊ ဩဇာနှစ်သိမ့်၊ ကြောခြင်စိမ့်မျှ၊ ဆိမ့်ဆိမ်းချိုးချိုး၊

ကောင်းမွန်နိုးက၊ ငါ့ကိုထ၍၊ မဝလေတတ်၊
နင်လိမ့်မှတ်၏၊ ချစ်ပတ်မဖြေ၊ နေလည်းမပြား၊
သွားလည်ဆတ်ဆတ်၊ ဝက်လည်းတအုံး၊
ဟသ်ာထုံးသို့၊ ပေါင်းရုံးအိမ်ထောင်၊ အိုမင်း
အောင်လျှင်၊ ချစ်ခေါင်ချစ်ဖျား၊ ချစ်ဆပွား
သည်၊ ငါ့အားမြတ်နိုးပေစွတည်း

လို့ စပ်ဆိုဆုံးမထားတာကို တွေ့ရတယ်။

လင်ယောကျ်ားတို့ဟာ ဒီလိုဆိုခဲ့တဲ့ လင့်ကျင့်ဝတ်ငါးပါး နှင့်ပြည့်စုံခဲ့ပါလျှင်-

"ခမွေ့နဒါရံပေါသေန္တိ၊ တေနမဿာမိမာတလိ"

"မာတလိ. . . မယားကိုတရားသဖြင့် လုပ်ကျွေးသော သူကို ငါသည်ရှိခိုး၏"

ဟူသော တရားတော်နှင့်အညီ သိကြားမင်းရှိခိုးဦးခိုက်မှုကို ခံယူ ကြရပါတယ်သမီး။

အိမ်ထောင်ရှင်ဖြစ်တဲ့သမီးရဲ့ခင်ပွန်းယောကျ်ားဟာ အဲဒီလိုလင့်ဝတ္တရားတွေကို ကျေပွန်ရုံတွင်သာမက အခြားသော ပစ္စုပ္ပန်-သံသရာနှစ်ဖြာကြီးပွားကြောင်း နည်းလမ်းများကိုလည်း ပြုလုပ်ပေးရပါမယ်-

- ဆင်းရဲချမ်းသာမကွဲမကွာခံစားခြင်း
- အခက်အခဲကို ဆန္ဒတူညီစွာဖြေရှင်းခြင်း

- လောကီရေးရာအဖြာဖြာတို့ကိုသင်ကြားပေးခြင်း
- ဘာသာရေး၌ နည်းမှန်လမ်းမှန်ဖြစ်အောင် ညွှန်ပြခြင်း

စသည်များကို ဦးဆောင်ပြုလုပ်ပေးရပါမယ်။

ဤသို့ပြုလုပ်ပေးပါက ဇနီးဖြစ်သူသည် မိတ်ဆွေကောင်း ဆရာကောင်းပညာရှိတို့နှင့်ပေါင်းသင်းဆက်ဆံရသကဲ့သို့ အသိအလိမ္မာများတိုးပွားလာပါမယ်။

ထိုလင်ယောကျ်ားကိုလည်း ဇနီး၊ မယားကလေးစားမှု အားကိုးယုံကြည်မှု၊ ဂုဏ်ယူဝမ်းမြောက်မှုတို့ မလွဲမသွေခံစားကြရမှာဖြစ်ပါတယ်။

ရှင်မဟာရဋ္ဌသာရဆရာတော်က ကိုးခန်းပျို့မှာ-

- မယ့်လင်သူမြတ်၊ ယောကျ်ားထွတ်ကား၊ မည်မှတ်လင်
  သာ၊ မဟုတ်ဗွာတည့်၊
- လိမ္မာပုံပြင်၊ သင်စပေသည်၊ ဆရာမည်၏
- လင်ရည်ကောင်းဘိ၊ ပညာရှိနှင့်၊ ပေါင်းမိတော်လှ၊
  ရွှေထက်မြသို့၊ နှမအင်ဖြိုး၊ တင့်စနိုးရှင့်

လို့ စပ်ဆိုသုံးမထားတာကို တွေ့ရတယ်။

လင်ယောကျ်ားတစ်ယောက်ဟာ လင့်ဝတ္တရားနှင့်အညီ သားမယားကိုပြုစုလုပ်ကျွေးစောင့်ရှောက်မယ်ဆိုရင် ဇနီးမယားကလည်း ရိုသေမြတ်နိုးရုံသာမက သိကြားမင်းကတောင် ရှိခိုးတယ်လို့ ဆိုပါတယ်။

နတ်တို့၏အရှင်သိကြားမင်းသည် ဝေဇယန္တာပြာသာဒ်မှ ဆင်းသက်လာသောအခါ လက်အုပ်ချီလျက် အရပ်ရှစ်မျက်နှာတို့ကိုလှည့်လှည့်၍ ရှိခိုးသည်၊ ထိုအခါ မာလိကနတ်သားကမေးသတဲ့-

"လောက၌ ထင်ရှားသောသူတို့သည် အရှင်သိကြားမင်းကိုသာရှိခိုးဦးခိုက်ကြပါသည်၊ သို့ဖြစ်ပါလျက် အရှင်သည် အဘယ်သူတို့ကိုရှိခိုးပါသလဲ"

လို့မေးတယ်။ အဲဒီအခါမှာ သိကြားမင်းက-

"ငါသည် သီလသိက္ခာနှင့်ပြည့်စုံသောရဟန်းတို့ကိုလည်းကောင်း၊ ထိုမှတစ်ပါးကောင်းမှုကိုပြု သီလဆောက်တည် ရတနာသုံးပါးဆည်းကပ်၍တရားနှင့်အညီ သားမယားတို့ကိုကျွေးမွေးစောင့်ရှောက်သူများကိုလည်းကောင်း ရှိခိုးပါ၏"

လို့ ဖြေကြားတယ်။

အဲဒါကြောင့် လင်ယောကျ်ားတစ်ဦးဟာ သားမယားကိုကောင်းမွန်စွာ လင့်ဝတ္တရားနှင့်အညီ ပြုစုစောင့်ရှောက်မယ်ဆိုရင် သိကြားမင်းကတောင် ရှိခိုးတယ်ဆိုတာ သမီးခင်ပွန်းသိပါစေ။

အိမ်ထောင်ရှင်ယောကျ်ားဟာ မိမိ၏သားမယားကိုဆဲဆိုခြင်း၊ စောင်းမြောင်းပြောဆိုခြင်း၊ နှိပ်စက်ရိုက်နှက်ခြင်း၊ အပြစ်ရှာခြင်းမပြုဘဲသူတော်ကောင်းတရားနှင့်အညီ ကျင့်ဝတ်

ငါးပါးပြည့်စုံစွာကျင့်ကြံအားထုတ်လျှင် လင်ကောင်းတစ်ယောက် ကျောက်ကောင်းတစ်စေ့ဖြစ်ပါပြီသမီး။

## မယားကောင်းမယားမြတ်ဖြစ်ရန်လို

- ယခု သမီးဘဝအတတ်ပညာလည်းပြည့်စုံပြီ
- မိမိကိုယ်ကို စဉ်းစားဆင်ခြင်ဝေဖန်ပိုင်းခြားနိုင်သော အသိပညာ၊ အတတ်ပညာအတွေးအခေါ်တို့လည်း ရခဲ့ ပြည့်စုံခဲ့ပြီ
- ပြီးတော့ ဘဝရေး ရှေ့ရေးအကြောင်း စဉ်းစားချင့်ချိန်လေ့လာ ပြီးမှသာ ချစ်သူလည်းရှာယူပြီးပြီ
- သမီးရဲ့ချစ်သူမိဘတို့ဘက်ကလည်း သမီးတို့ သားတို့ရဲ့ ချစ်ခြင်းမေတ္တာကိုအသိအမှတ်ပြုပြီး မိဘတို့ရဲ့ဝတ္တရား မြန်မာ့ယဉ်ကျေးမှုဓလေ့ထုံးစံအရ သမီးရှင်ထံ သားရှင်ကလာရောက် နားဖောက်စေ့စပ်ရမယ့် ဝတ္တရားရှိသည့်အတိုင်း သမီးချစ်သူရဲ့မိဘတွေက လည်း ဖေဖေတို့ထံလာရောက်ကမ်းလှမ်းပြီးကြပြီ
- အဲဒီလိုကမ်းလှမ်းတာကိုလည်း ဖေဖေတို့ကလည်း သမီးရှင်မိဘဝတ္တရားနှင့်အညီ လက်ခံသဘောတူပြီး ဖြစ်ကြတယ်သမီး

ဖေဖေတို့ဆန္ဒကလည်း ဒီလို-

- ဘဝသစ်ထူထောင်ကြမယ့် သား၊ သမီးတွေကလည်း ပညာပြည့်စုံ၊ အသိပညာပြည့်စုံ
- တစ်ဦးနှင့်တစ်ဦးလေ့လာစုံစမ်းပြီးမှနှစ်သက်မြတ်နိုး
- နှစ်ဘက်မိဘတွေကလည်းသဘောတူ

အဲဒီလို အင်္ဂါသုံးရပ်ညီတဲ့ဘဝအိမ်ထောင်သစ်ထူထောင်တာကိုသဘောကျတယ်သမီး၊ ပညာမပြည့်မစုံ၊ လက်ထပ်ကြ၊ ခိုးရာလိုက်ကြ၊ မိဘကမတတ်သာလို့ပေးစားလိုက်ရတာမျိုး မဖြစ်စေလိုဘူး။

ပြီးတော့ ပညာမပြည့်စုံဘဲနှင့်လည်း အိမ်ထောင်မပြုစေလိုဘူး၊ ဘာဖြစ်လို့လဲဆိုရင် မိမိကိုယ်တိုင်က ပညာမပြည့်စုံရင် ကိုယ်ကမွေးလာတဲ့သားသမီးကျတော့လည်း ပညာမပြည့်မစုံမတတ်၊ ပညာတန်ဖိုးကိုနားမလည်တာတွေဖြစ်ကုန်ကြမယ်။

သားသမီးတွေ ပညာမတတ်ခြင်းဟာ မိဘတွေအတွက်နစ်နာဆုံးရှုံးရသလို တိုင်းပြည်နှင့်လူမျိုးအတွက်လည်း နစ်နာဆုံးရှုံးတယ်လို့ ဖေဖေတို့က ယူဆပါတယ်။

မိသားစုမှာ ပညာတတ်သားကောင်း၊ သမီးကောင်းတွေရှိမှ အိမ်ထောင်ရေးသာယာစည်ပင်ဝပြောသလို တိုင်းပြည်မှာလည်း ပညာတတ်သားသမီးတွေပေါ်များမှ တိုင်းပြည်တိုးတက်စည်ပင်သာယာဝပြောမယ်သမီး။

ပညာတတ်မှ နလပိန်းတုံးဘဝအိမ်ထောင်ရေးမဖြစ်သလို နလပိန်းတုံးတိုင်းပြည်မဖြစ်ဘူးသမီး။

ဒါကြောင့် ပညာပြည့်စုံ၊ အလုပ်အကိုင်ပြည့်စုံပါမှ အိမ်ထောင်ပြုပြီး မျိုးဆက်သစ်မွေးထုတ်ခြင်းကို သဘောကျတယ်။

သမီးတို့အိမ်ထောင်ပြုတဲ့နေရာမှာ ဖေဖေတို့မြန်မာ့ယဉ်ကျေးမှုဓလေ့ထုံးစံနှင့်အညီ လက်ထပ်စေချင်တဲ့ဆန္ဒကလဲအပြည့်အဝရှိတယ်။

မြန်မာဗုဒ္ဓဘာသာဓလေ့ထုံးစံမှာ အမျိုးသား၊ အမျိုးသမီးတို့လက်ထပ်ထိမ်းမြားရာ၌ အကြင်လင်မယားဖြစ်မြောက်ရန်အောက်ပါစည်းကမ်းချက်များနှင့်ညီရမယ်လို့ မြန်မာ့ဓလေ့ထုံးတမ်းဥပဒေဓမ္မသတ်ကျမ်းများက အဆိုပြုထားတာရှိတယ်။

အဲဒီစည်းကမ်းဥပဒေကိုလည်း သမီးတို့သိပြီးအိမ်ထောင်ပြုရေးမှာအလေးအနက်ထားစေလိုပါတယ်။

ဥပဒေမှာဆိုထားတာကတော့-

၁။ အမျိုးသားသည် အိမ်ထောင်ပြုရန်အတွက် ကျန်းမာသန်စွမ်းရပါမည်

၂။ အမျိုးသမီးသည် မုဆိုးမ၊ တစ်လင်ကွာ၊ တစ်ခုလပ်မဟုတ်လျှင် အသက်(၂၀)ပြည့်ရပါမည်၊ အသက်(၂၀)မပြည့်သေးလျှင်လည်း မိဘ(သို့)အုပ်ထိန်းသူ၏သဘောတူညီချက်ရရှိပြီးဖြစ်ရမည်။

၃။ လင်မယားအဖြစ်အိမ်ထောင်ပြုရန် နှစ်ဦးသဘောတူ ချက်ဆန္ဒကိုလွတ်လပ်စွာရရှိရမည်
၄။ နှစ်ဦးစလုံးပင် စိတ်ပေါ့သွပ်သူမဖြစ်စေရပါ။
၅။ လင်မယားအဖြစ်ပေါင်းသင်းစပ်ယှက်မှုရှိရမည်။
၆။ အမျိုးသမီးတွင် မပြတ်မစဲသောတရားဝင်ယောကျာ်း မရှိစေရ။

ယနေ့ခေတ်ကာလများမှာတော့ နံပါတ်(၅)အချက်ကို လင်မယားမြောက်ရန်အချက်အလက်ဖြင့် ထည့်သွင်းခြင်းမပြုကြ တော့ပါဘူး။

လူမှုဥပဒေအရ တရားဝင်အသိအမှတ်ပြုခံရသော(ဝါ) တရားဝင်ဇနီးမယားဖြစ်သူအပေါ်၌ လင့်ဝတ္တရား၊ မယားဝတ္တရား ကျေပွန်အောင်ဆောင်ရွက်ကြခြင်းသည် လင်ကလည်း လင့်ဝတ္တ ရားညီရာကျသလို မယားကလည်း မယားဝတ္တရားညီရာကျပါ တယ်၊ ချီးမြှောက်ရာလည်းကျပါတယ်။

မြန်မာတို့ရဲ့ယဉ်ကျေးမှုဓလေ့ထုံးစံအရ သမီးတို့ဘဝဟာ လင်ယောကျာ်းကိုမှီခိုအားထားရသူတွေဖြစ်၍ ဘျောင်နောက် ဆံထုံးပါဆိုသကဲ့သို့ လင်သားရှိရာနောက်သို့လိုက်ကြရတယ်။

စကြာမင်းရဲ့သမီးပင်ဖြစ်စေကာမူ အမျိုးသမီးများဟာ သီးခြားခံစားရသော ဆင်းရဲငါးမျိုးကိုခံစားရတယ်လို့ဆိုပါတယ်၊ အဲဒါတွေကတော့-

- လင့်အိမ်နောက်သို့လိုက်ပါရခြင်း
- တစ်လတစ်ခါဓမ္မတာလာရခြင်း
- ကိုယ်ဝန်ဆောင်ရခြင်း
- သားဖွားရခြင်း
- လင်ကိုပြုစုလုပ်ကျွေးရခြင်း တို့ဖြစ်တယ်

သမီးတို့မိန်းကလေးတွေဟာ အိမ်ထောင်ပြုပြီဆိုရင်တော့ ဒီဆင်းရဲငါးမျိုးကိုခံစားရမယ်လို့ဆိုပါတယ်။

အိမ်ထောင်ပြုတဲ့နေရာမှာလည်း ဖေဖေတို့မြန်မာဓလေ့ကချစ်စရာကောင်းပါတယ်-

သားတို့ သမီးတို့ဘဝသစ်၊ အိုးသစ်အိမ်သစ်ထူထောင်တော့မယ်ဆိုတော့ နှစ်ဘက်မိဘကလည်း မိဘတို့ဝတ္တရားငါးပါးမှာ တစ်ပါးအပါအဝင်ဖြစ်တဲ့ "ပေးဝေနှီးရင်း"ဆိုတဲ့ဝတ္တရားနှင့်အညီ မိမိတို့နိုင်သရွေ့အားရှိသရွေ့ သားသမီးတွေဘဝအိုးသစ်အိမ်သစ်ထူထောင်ရာမှာ မပင်ပန်း မဆင်းရဲရလေအောင်လုပ်ကိုင်စားသောက်နိုင်ရန် ဥစ္စာပစ္စည်းပေးကြတယ်၊ ပြီးတော့ပတ်ဝန်းကျင်ကလည်း ဤသူတို့ဘဝသစ်ထူထောင်ရာမှာမပင်မပန်း ဒုက္ခမရောက်အောင် ရှေ့ဆက်ပြီးလုပ်ကိုင်စားသောက်နိုင်ရန် ဝိုင်းဝန်းပံ့ပိုးပေးကြတယ်၊ အဲဒါကို လက်ဖွဲ့တယ်လို့ခေါ်တယ်။

ဘဝသစ်အိုးသစ်အိမ်သစ်တည်ထောင်ရာမှာ အဆင်ပြေအောင် ဝိုင်းဝန်းကူညီတဲ့ဓလေ့ဟာ မြန်မာလူမျိုးတွေမှာရှိနေတာ ဘယ်လောက်ဂုဏ်ယူစရာ ဝမ်းမြောက်စရာကောင်းလိုက်သလဲ၊ ဘယ်လောက်ချစ်စရာကောင်းလိုက်သလဲလို့ စဉ်းစားကြည့်စမ်းပါ။ အဲဒါကိုတချို့က ဒီလိုလက်ဖွဲ့တာကိုပဲ အပြစ်သဘောပြောနေကြတယ်၊ မင်္ဂလာဆောင်လက်ဖွဲ့တာကို စီးပွားရှာနေကြတယ်လို့ ထင်နေကြတယ်။

ဖေဖေတို့ တောရွာအရပ်မှာဆိုရင် လင်ကိုယ်မယားအေးချမ်းစွာဘဝသစ်ထူထောင်နိုင်ရင် သစ်တွေ ဝါးတွေကို တောင်ပေါ်သစ်တောမှာကာလသားခေါင်းဆောင်ကဦးဆောင်ကာ တက်ခုတ်ပေးကြပြီး အိမ်သစ်ဆောက်ကာလက်ဖွဲ့ကြတဲ့ဓလေ့တောင်ရှိပါတယ်။

ယခုခေတ်မှာတော့ အဲဒီလိုသစ်ဝါးရှာပြီး အိမ်မဆောက်ပေးနိုင်လေတော့ သူတို့အိမ်ထောင်သစ်လင်မယားသင့်ရာတော်ရာမှာနေနိုင်အောင် အိုးခွက် ပန်းကန်ခွက်ယောက်အိမ်ထောင်ပရိဘောဂတွေ အဆင်သင့်ဖြစ်အောင်ဆိုပြီး လိုရာကိုလက်ဖွဲ့ကြတယ်၊ ငွေကြေးနှင့်လက်ဖွဲ့ကြတယ်။

အဲဒါဟာ လူမှုရေးမှာကူညီခြင်းတစ်ရပ်ပဲ၊ ဘယ်လောက်ကောင်းလိုက်တဲ့ယဉ်ကျေးမှုလဲဆိုတာ သေသေချာချာစဉ်းစားကြည့်ရင် မြတ်နိုးအပ်တဲ့ယဉ်ကျေးမှုပါပဲသမီး။

## မဟောကျင့်ဝတ်နှင့်ညီပါစေ

ယခု သမီးလက်ထပ်ပြီး ဖေဖေတို့ မေမေတို့ဝတ္တရား ဘက်ကလည်း ဝတ္တရားနှင့်အညီ ရင်းနှီးလုပ်ကိုင်စားသောက်နိုင်ဖို့ အမွေတွေပေးခဲ့သလို ယခုလက်ထပ်တော့လည်း တတ်နိုင် သရွေ့တော့ လက်ဝတ်လက်စား ငွေတွေကိုပေးခဲ့ပြီးပြီ။

သမီးခင်ပွန်းဘက်ကမိဘတွေကလည်း ထိုက်တန်သရွေ့ သောအမွေတွေကိုပေးခဲ့ကြတယ်၊ အဲဒါကြောင့် သမီးတို့ကိုယ်ပိုင် ဘီးသန့်တိုက်ခန်းလေးနှင့်အိမ်ထောင်ပရိဘောဂအစုံအလင်နှင့် နေနိုင်ခဲ့ကြပြီ။

ယခု သမီးတို့လက်ထပ်ပြီးလို့မိမိနေထိုင်ရမယ့်အခန်းသို့ ပြောင်းကြတော့မယ်၊ ဘဝသစ်ကိုထူထောင်ကြတော့မယ်၊ ဟိုဘုန်းကလို မိဘကချက်ပြုတ်ကျွေးမွေးတာကိုအဆင်သင့်လက် ဆေးစားလို့မရတော့ဘူး၊ ကိုယ်တိုင်ချက်ပြုတ်စီမံကွပ်ကဲရတော့ မယ်၊ အိမ်ထောင်ရှင်မတစ်ယောက်ပီပီကျင့်သုံးဆောက်တည်နေ ရတော့မယ်၊ ဖေဖေကတော့ သမီးကို ဝိသာခါလက်ထပ်တော့ ယောက္ခမအိမ်လိုက်ကာနီး သူ့အဖေသူဌေးကြီးကမှာသလို သမီး ကိုမှာလိုက်ပါရစေ-

၁။ အတွင်းမီးကိုမပြင်မထုတ်နဲ့

-ယောက္ခမ၊ ခင်ပွန်းတို့၏မကောင်းစကားမျိုးကို ပြင်ပ မှာမပြောနဲ့။

၂။ ပြင်ပမီးကိုအထဲမသွင်းနဲ့
-အိမ်နီးနားချင်းတို့ကပြောသည့်ကဲ့ရဲ့စကားမျိုးကိုလည်း ယောက္ခမ၊ ခင်ပွန်းတို့ကိုပြန်မပြောနဲ့၊

၃။ ပေးသောသူအားသာပေးအပ်ပါ
-ကြွေးမြီပေးဆပ်သူကိုသာ ကြွေးထပ်မံပေးပါ။

၄။ မပေးသူကိုမပေးရ
-ကြွေးမြီမဆပ်သူကို ထပ်မပေးနဲ့။

၅။ ပေးအပ်သူလည်းကောင်း၊မပေးအပ်သူလည်းကောင်း ပေးအပ်၏
-ဆင်းရဲနွမ်းပါးနေသောဆွေမျိုးမိတ်သင်္ဂဟများကိုမူ ပေးဆပ်နိုင်သည်ဖြစ်စေ၊ မပေးဆပ်နိုင်သည်ဖြစ်စေ ပေးကမ်းပါ၊ စောင်မပါ။

၆။ ချမ်းသာစွာနေထိုင်အပ်၏
-ယောက္ခမ၊ လင်သားတို့ထက်မြင့်သောနေရာမျိုးမှာ မနေပါနဲ့။

၇။ ချမ်းသာစွာစားအပ်၏
-ယောက္ခမ၊ လင်သားတို့ဦးစွာကျွေးမွေးပြီးမှ မိမိက နောက်မှစားသောက်ပါ။

၈။ ချမ်းသာစွာအိပ်အပ်၏

-ယောက္ခမ၊ လင်သားတို့အိပ်ရာဝင်သောအခါ ဝတ်ကြီးဝတ်ငယ်ပြုပြီးမှ နောက်ဆုံးမှအိပ်ရာဝင်ပါ။

၉။ မီးကိုလုပ်ကျွေးအပ်၏

-မိမိခင်ပွန်းနှင့်ယောက္ခမများကို မီးပုံကြီးအလား ရိုရိုသေသေပြုစုလုပ်ကျွေးပါ။

-အိမ်ဦးနတ်ဖြစ်သော မိမိလင်ယောကျ်ားကို ရိုသေစွာချစ်ခင်မြတ်နိုးရှိခိုးပါ။

အဲဒီကျင့်ဝတ်(၉)မျိုးကို သမီးဟာ မယားကောင်းတစ်ယောက်ပီသစွာကျင့်တတ်ရမယ်၊ ပြီးတော့ သမီးသိထားပြီးကျင့်ရမှာက-

လောကမှာ မယားကောင်း မယားမြတ်အမည်ခံယူလိုတဲ့မိန်းမတွေဟာ-

- အိပ်ရာနေရာ အစားအသောက်တို့ကို သန့်ရှင်းစင်ကြယ်စွာစားသောက်နေထိုင်လေ့ရှိတယ်။
- မိမိယောကျ်ားမှတစ်ပါးအခြားယောကျ်ားသို့ စိတ်နှလုံးမကူးဘူး။
- လင်ရှာဖွေရရှိသောဥစ္စာပစ္စည်းတို့ကို ကောင်းမွန်လုံခြုံစွာထိန်းသိမ်းစောင့်ရှောက်တတ်တယ်။
- လင်နောက်မှအိပ်လေ့ရှိတယ်။

- လင်မနိုးမီ အိပ်ရာမှအရင်ထတယ်။
- လင်၏အစီအမံကိုခံယူပြီး ကူညီလုပ်ပေးတယ်။
- လင်အာဏာကိုမဖီဆန်၊ လင်အလိုသို့လိုက်ပြီးပြုစုလေ့ရှိတယ်။
- လင်ကိုချစ်ဖွယ်သောစကားကိုသာပြောလေ့ရှိတယ်။
- အပူအချမ်းတို့လျော်သောအဝတ်အစားကို လင်ကိုဝတ်ဆင်ပေးတယ်။

အဲဒါတွေဟာ မယားကောင်းတွေကျင့်သုံးဆောက်တည်ရမယ့်ဝတ္တရားတွေပဲသမီး၊ ပြီးတော့ လောကနီတိမှာမယားကောင်းကို အောက်ပါအတိုင်း ဖော်ပြလမ်းညွှန်ပြထားတာကို တွေ့ရတယ်-

- စားသောက်သောအခါတို့၌လည်းကောင်း၊ အဝတ်တန်ဆာပြုပြင်စီရင်သောအခါ၌လည်းကောင်း အမိကဲ့သို့နှစ်သက်ဖွယ်ပြုပြင်တတ်ခြင်း
- လျှို့ဝှက်အပ်သော၊ မကျစ်မလစ်အပ်သောအရာတို့၌ နှမကဲ့သို့ရှက်တတ်ခြင်း
- အမှုကိစ္စဆောင်ရွက်သောအခါ၌လည်းကောင်း၊ လင့်အနီးအပါးသို့သွားသောအခါ၌လည်းကောင်း ကျွန်မကဲ့သို့ ရိုသေစွာပြုမူသွားတတ်ခြင်း
- ဘေးဒုက္ခရောက်သောအခါတိုင်ပင်ဖော်ရခြင်း
- အိပ်သောအခါ လင်ကိုမွေ့လျော်စေတတ်ခြင်း

- အရောင်အဆင်းပြုပြင်ခြင်းၶ့ တင့်တယ်စွာပြုပြင်တတ်ခြင်း
- အမျက်ထွက်ရန်ရှိသောအခါ အမျက်ကိုသည်းခံထိန်းသိမ်းထားတတ်ခြင်း

အဲဒါတွေဟာ မယားမြတ်တွေကျင့်ရမယ့်ဝတ္တရားတွေပဲ၊ ပြီးတော့ မယားကောင်း မယားမြတ်ဖြစ်ဖို့ဆိုတာ-

- အကျင့်သီလက္ကန္တေသိက္ခာရှိရမယ်
- အမြော်အမြင်ဆင်ခြင်ရာနှင့်ပြည့်စုံရမယ်
- ယောက္ခမမိဘတို့ကို အိမ်ဦးနတ်ကဲ့သို့ဆည်းကပ်ရမယ်
- လင်ကိုမြတ်နိုးရမယ်

လင်ယောကျ်ားတို့သဘောကလည်း-

- အဆင်းလှပသောမယား
- စည်းစိမ်ချမ်းသာရှိသောမယား
- သီတင်းသီလရှိသောမယား
- တတ်သိလိမ္မာမှုရှိသောမယား
- လုံ့လဝီရိယရှိသောမယား

အဲဒီလိုမယားမျိုးတွေကိုသာ ချစ်မြတ်နိုးတတ်သတဲ့သမီး။

ဝိသာခါကို သူ့အဖေ ဓနဥ္စယသူဌေးမှာသလိုပဲ ဒေမဏ္ဍကသူဌေးကြီးရဲ့မြေးဥဂ္ဂဟရဲ့သမီးလက်ထပ်တော့ ဘုရားရှင်ကိုဆွမ်းဖိတ်ကျွေးတယ်၊ ပြီးတော့ ဥဂ္ဂဟသူဌေးက ဘုရားရှင်

ကိုလင်နောက်လိုက်ပါသွားရမယ့် သူ့သမီးအတွက် ကာလရှည်မြင့်စွာအကျိုးစီးပွားဖြစ်ရန် ချမ်းသာရန် အိမ်ထောင်ရေးလမ်းညွှန်တံရားဟောပေးပါဘုရားလို့ လျှောက်တော့ ဘုရားရှင်က အောက်ပါအိမ်ထောင်ရေးလမ်းညွှန်(၉)ချက်ကိုဟောထားခဲ့တယ်-

၁။ ရှေးဦးစွာ အိပ်ရာမှထလေ့ရှိသူ၊ နောက်မှအိပ်လေ့ရှိသူ၊ အဘယ်အမှုကိုပြုရအံ့နည်းဟုနာခံလေ့ရှိသူ၊ လင်နှစ်ခြိုက်ဖွယ်ကိုပြုလေ့ရှိသူ၊ ချစ်ဖွယ်စကားကိုဆိုလေ့ရှိသူဖြစ်အောင်ကျင့်ရမယ်။

၂။ မိမိလင်က ရိုသေလေးစားသောရဟန်းသူတော်စင်စသည်များအား အရိုအသေအလေးအမြတ်ပြုရမယ်၊ ပူဇော်ရမယ်၊ မိမိထံလာသူကိုနေရာထိုင်ခင်းပေးရမယ်၊ ရေတည်ခြင်းဖြင့်ပူဇော်ရမယ်။

၃။ အိမ်တွင်းမှု၌ကျွမ်းကျင်၍ မပျင်းမရိဘဲ ထိုအိမ်တွင်းမှုကိုအကြောင်းဥပါယ်ဖြစ်သော စူးစမ်းမှုပညာနှင့်ပြည့်စုံရမယ်၊ စီမံကွပ်ကဲအုပ်ချုပ်နိုင်ရမယ်။

၄။ အစေခံအလုပ်သမားတို့၏အလုပ်ပြီးစီးမှု၊ မပြီးစီးမှုကိုသိရမယ်၊ အလုပ်သမားကို ကျန်းမာမှုရှိ-မရှိ၊ အစားအသောက်ပြည့်စုံမှုရှိ-မရှိကိုသိရှိပြီး လုံလောက်အောင်ဝေဖန်ပိုင်းခြားလောက်ငှအောင်စီမံပေးရမယ်။

၅။ လင်ယောကျ်ားရှာဖွေလာသောဥစ္စာများကို မပျောက်ပျက်အောင် စောင့်ရှောက်ထိန်းသိမ်းတတ်ရမယ်။

၆။ မိမိကိုရှာဖွေကျွေးမွေးသော လင်ယောကျ်ားအား မရိုမသေမပြုလုပ်ရပါ။

၇။ မိမိလင်ကို မချုပ်ချယ်ရပါဘူး။

၈။ လင်ရိုသေလေးစားအပ်သောပုဂ္ဂိုလ်အားလုံးကိုလည်း မြတ်နိုးပူဇော်ရပါမယ်။

၉။ ထကြွလုံ့လရှိရမယ်၊ ပျင်းရိခြင်းမရှိရဘူး၊ ချီးမြှောက်ထောက်ပံ့ထားသောအခြွေအရံပရိသတ်လည်း ရှိရမယ်၊ လင်နှစ်လိုဖွယ်လည်းကျင့်ရမယ်၊ စုဆောင်းပေးသောပစ္စည်းဥစ္စာကိုလည်း ကောင်းစွာထိန်းသိမ်းစောင့်ရှောက်တတ်ရမယ်။

လင့်အလိုကိုလိုက်၍ ကောင်းစွာကျင့်သောမိန်းမသည် မနာပမည်သောနတ်တို့၏နေရာ နိမ္မာနရတိဘုံသို့ရောက်ရတယ်လို့ အင်္ဂုတ္တုပါဠိတော် ပဉ္စကနိပါတသုမနဝဂ်ဥဂ္ဂဟသုတ်မှာ ဘုရားရှင်က ဟောကြားခဲ့ပါတယ်။

သမီးဟာ အဲဒီလိုမယားကောင်းမယားမြတ်ဖြစ်အောင် မိမိကိုယ်ကိုမိမိတည်ဆောက်လေ့ကျင့်သွားနိုင်ရမယ်၊ ဒါမှလည်း သမီးတို့ဘဝသာယာချမ်းမြေ့ပါမယ်။

လောကမှာ ဇနီးကောင်းများရှိသလို တာဝန်ပျက်ကွက်သောဇနီးများလည်းရှိတတ်ပါတယ်။

အနာထပိဏ်သူဌေးရဲ့ချွေးမဖြစ်တဲ့ သုဇာတာကို အကြောင်းပြုပြီး ဘုရားရှင်က မယား(၇)မျိုးကိုခွဲခြားဟောပြခဲ့တယ်-

သုဇာတာဟာ ချမ်းသာကြွယ်ဝတဲ့အမျိုးကမွေးဖွားသူဖြစ်သော်လည်း ယောက္ခမနှင့်လင်ယောကျ်ားတို့ကိုရိုသေမှုမရှိဘူး၊ ဘုရားရှင်ကိုလည်းရိုသေမှုမရှိဘူး၊ သူမကြောင့် နေအိမ်မှာ အမြဲပြဿနာဖြစ်ပေါ်နေရတယ်။

တစ်နေ့သောအခါ ဘုရားရှင်ကြွလာခိုက် ဆူညံအော်ဟစ်သံများကြားရသဖြင့် ဘုရားရှင်က သူဌေးကြီးကိုမေးရာ သူဌေးကြီးကလည်း အကြောင်းစုံလျှောက်ထားပြတယ်။

အဲဒီအခါမှာ ဘုရားရှင်က သုဇာတာကို မယား(၇)မျိုးအကြောင်းကို အကျယ်ဟောပြတော်မူတယ်-

**အမိနှင့်တူတဲ့မယား**

အမိဟာ သားသမီးတို့အပေါ်မှာ သွန်သင်ဆုံးမဩဝါဒပေးသကဲ့သို့ မိမိလင်ယောကျ်ားကိုကောင်းရာကောင်းကြောင်းလမ်းညွှန်ပြပြီး သွန်သင်ဆုံးမတတ်သောမိန်းမမျိုး ဦးစီးဦးရွက်ဆောင်ရွက်တတ်တဲ့မယားမျိုးကို အမိနှင့်တူတဲ့မယားလို့ခေါ်တယ်။

**နှမနှင့်တူတဲ့မယား**

နှမဟူသမျှဟာ မောင်-အစ်ကိုများအပေါ်မှာ ချစ်ကြောက်ရိုသေမြတ်နိုးသလို မိမိလင်ယောကျ်ားရဲ့ ဩဇာအာဏာ စီမံမှုကိုမဖီမဆန်၊ မငြင်းဆန်ဘဲပြုတတ်တဲ့မယားကို နှမနှင့်တူတဲ့မယားလို့ခေါ်တယ်။

**အဆွေခင်ပွန်းနှင့်တူတဲ့မယား**

အဆွေခင်ပွန်းကောင်းဆိုတာက မိမိအကြံအစည်ကို တိုင်ပင်တဲ့အခါမှာ သင့်ရာလမ်းကြောင်းကိုတရားသဖြင့်ညွှန်ပြသလို မိမိလင်ယောကျ်ားကိုသင့်-မသင့်ဆွေးနွေးပြောဆိုတတ်တဲ့ မယားကို အဆွေခင်ပွန်းနှင့်တူတဲ့မယားလို့ခေါ်တယ်။

အဲဒီလိုမယားမျိုးစားထဲပါအောင် သမီးကျင့်ရမယ်၊ ဆောက်တည်ရမယ်၊ သမီးရှောင်ရမယ်။

**အရှင်နှင့်တူတဲ့မယား**

လင်သားအပေါ်အာဏာပြခြင်း၊ လင်စကားကိုနားမထောင်ဘဲ အနိုင်အထက်ပြုခြင်း၊ လင်အရင်ဦးဦးဖျားဖျားစားခြင်း၊ နေရာတကာမှာ အရှင်သခင်ကဲ့သို့ပြုကျင့်ခြင်း၊ အဲဒီလိုမယားမျိုးကိုတော့ အရှင်နှင့်တူတဲ့မယားလို့ခေါ်တယ်။

## ရန်သူနှင့်တူတဲ့မယား

မိမိယောက်ျားကိုကောင်းသောစကားမပြောဘဲ ရန်သူကဲ့သို့ရန်ပြု၍ ဆဲရေးတယ်၊ ငြူစူတယ်၊ စိတ်ဆင်းရဲအောင်ပြုမယ်၊ အဲဒီလိုမယားမျိုးကိုရန်သူနှင့်တူတဲ့မယားလို့ခေါ်တယ်။

## ခိုးသူနှင့်တူတဲ့မယား

လင်မျက်ကွယ်၌ ခိုးသူကဲ့သို့ပစ္စည်းဥစ္စာတို့ကို လင်မသိအောင်ဝှက်၍ သုံးစွဲတတ်တဲ့မယားမျိုးကို ခိုးသူနှင့်တူတဲ့မယားလို့ခေါ်တယ်။

## ကျွန်နှင့်တူတဲ့မယား

ကျွန်ဟူသည် သခင်ကွယ်ရာ၌ ယိုယို ကုန်ကုန်ခန်းခန်းနှမြောခြင်းမရှိ ပြုတတ်သကဲ့သို့ပြုတတ်သောမယားမျိုးဖြစ်တယ်။

ကျွန်ကောင်းကတော့ အရှင်သခင်ကို ရိုသေစွာလုပ်ကျွေးသလို လင်ကိုရိုသေစွာလုပ်ကျွေးတယ်၊ အဲဒီမယားမျိုးကို ကျွန်နှင့်တူတဲ့မယားလို့ခေါ်တယ်။

သမီးဟာ အဲဒီ(၇)မျိုးထဲမှာ ရန်သူနှင့်တူတဲ့မယား၊ ခိုးသူနှင့်တူတဲ့မယား၊ ကျွန်နှင့်တူတဲ့မယား၊ အရှင်နှင့်တူတဲ့မယားဆိုတဲ့ မယားဆိုးမယားညံ့ထဲ မပါရအောင် ကြိုးစားကျင့်ကြံဖို့လိုပါတယ်။

ပြီးတော့ သိင်္ဂါလသုတ်မှာ မယားကျင့်ဝတ်ငါးပါးဆိုတာကလည်း ရှိတယ်မဟုတ်လား-

အိမ်တွင်းမှုလုပ်ငန်းကျွမ်းကျင်ပါစေ

အိမ်တွင်းမှုဆိုတာက မိန်းမတို့တတ်ကျွမ်းနားလည်ရမယ့် အချက်၊ အပြုတ်၊ အချုပ်၊ အလုပ်၊ ပြင်ဆင်ထိန်းသိမ်းမှု၊ အိမ်ကို အလှအပဆင်ယင်မှု၊ အိမ်ကိုသန့်သန့်ရှင်းရှင်းသပ်သပ်ရပ်ရပ် ထားတတ်မှုဆိုတဲ့အိမ်တွင်းမှုလုပ်ငန်းတွေကို တတ်ကျွမ်းနားလည် ထားရပါမယ်။

ပန်းကန်ခွက်ယောက် သူ့နေရာနှင့်သူ၊ အဝတ်အစား လျှော်သင့်တာလျှော်၊ ခေါက်သိမ်းသင့်တာသိမ်း၊ သူ့နေရာနှင့်သူ ထားတတ်ရမယ်၊ ဆန်အိုး၊ ဆီအိုး၊ ဆားအိုး၊ ငပိအိုးစသည်တို့ကို သူ့နေရာနှင့်သူထားတတ်ရမယ်၊ ဘုရားစင်ဆိုလည်း ဘုရားပန်း ဝေဝေဆာဆာနှင့်သန့်သန့်ရှင်းရှင်းရှိရမယ်၊ ဘုရားစင်ကိုမြင်လိုက် ရရင် စိတ်ထဲမှာကြည်နူးပြီး အေးချမ်းသွားရမယ်၊ စိတ်နှလုံးချမ်း မြေ့သွားရပါမယ်။

ဆင်းရဲပေမယ့် သပ်သပ်ရပ်ရပ်ကလေး နေတတ်၊ ထိုင် တတ်ရမယ်၊ ချမ်းသာပေမယ့်အိမ်ထောင်ထိန်းသိမ်းမှုမကျွမ်းကျင် ရင် ပစ္စည်းတွေဗလပွနှင့်အဲဒီအိမ်ဟာအလှကျက်သရေကင်းမဲ့ တယ်။

### သူ့ဆွေမျိုးကိုယ့်ဆွေမျိုးမခွဲခြားရဘူး

သမီးဘက်က မိဘဆွေမျိုး၊ သမီးခင်ပွန်းဘက်ကမိဘဆွေမျိုးဆိုတာတွေကရှိလာမယ်၊ ခင်ပွန်းဘက်ကဆွေမျိုးတွေကိုလည်း ကိုယ့်ဆွေမျိုးလိုသဘောထားပြီး ထောက်ပံ့စရာရှိရင်ကျေကျေပွန်ပွန်ထောက်ပံ့ရမယ်၊ ကိုယ့်မိဘဆွေမျိုးတွေကိုလည်းညီညီမျှမျှထောက်ပံ့ပေးရမယ်။

ကိုယ့်လင်သားမသိဘဲနဲ့ ကိုယ့်မိဘ၊ ကိုယ့်ဆွေမျိုး၊ ကိုယ့်ညီအစ်ကိုမောင်နှမတွေကို ကြိတ်ပေးကမ်းမျိုးမလုပ်သင့်ဘူး၊ နှစ်ဘက်ဆွေမျိုးကိုမျှတအောင် ပေးကမ်းခြင်းဟာလည်း အိမ်ထောင်ရှင်မကောင်းတစ်ယောက်ရဲ့တာဝန်ဝတ္တရားတစ်ခုပဲသမီး။

### လင်ယောကျ်ားအပေါ်မှာသစ္စာရှိရပါမယ်

ကိုယ့်ယောကျ်ားမှတစ်ပါး အခြားယောကျ်ားကို ကိုယ်စိတ်နှင့်မဖောက်ပြန်ရပါဘူး၊ တခြားတစ်ပါးသောယောကျ်ားများနှင့်လည်း ပြုံးပြုံးရယ်ရယ်ရောရောထွေးထွေးမနေတာက သိက္ခာထိန်းရာရောက်ပြီး အကောင်းဆုံးကျင့်ဝတ်တစ်ခုဖြစ်တယ်။

### စီးတဲ့ရေဆည်တဲ့ကန်သင်းဖြစ်ရမယ်

ကိုယ့်လင်သားကရှာဖွေပေးတဲ့ဥစ္စာပစ္စည်းကိုကုန်သင့်တာကုန်၊ မကုန်သင့်တာမကုန်ရလေအောင် ထိန်းသိမ်းစောင့်ရှောက်ရပါမယ်၊ ရတဲ့ပစ္စည်းကိုလေးပုံပုံရမယ်၊ တစ်ပုံကိုစား၊ နှစ်ပုံ

ကိုပြ ရှင်း ပေဘုံကိုမင်းဘေးဆိုးဘေးကိစ္စပေါ်တဲ့အခါသုံး ဘုရား နည်းအတိုင်း ကျင့်သုံးစောင့်ရှောက်နိုင်အောင် ရေး

အိမ်ရှင်မတာဝန်

အိမ်ရှင်မဆိုတာဟာ ပျင်းရိခြင်းကင်းရမယ်၊ အိမ်ကိုအမြဲသန့်ရှင်းသလို အိမ်ဝင်းခြံပတ်ဝန်းကျင်ကိုလည်း အမြဲသန့်ရှင်းစင်ကြယ်အောင် ဆောင်ရွက်ထားတတ်ရမယ်၊ သောက်ရေသုံးရေကအစ အစစအရာရာပြီးပြည့်စုံအောင် နေ့စဉ်စီမံထားတတ်ရမယ်၊ ဘုရားစင်မှာ ဘုရားပန်းတွေဝေပြီး သန့်ရှင်းစင်ကြယ်နေရမယ်၊ မှာအမှိုက်သရိုက် ပိုးအိမ်တွေမကပ်မငြိနေအောင်၊ သန့်ရှင်းနေအောင် အိမ်ထဲကိုဝင်လိုက်တယ်ဆိုရင် စိတ်ကြည်နူးမြေ့သွားအောင် အိမ်ကိုစီမံဆောင်ရွက်ထားတတ်ရမယ်၊ အိမ်အလုပ်ကြောက အမြဲလုပ်နေရမယ်။

ယခု ဖေဖေပြောခဲ့တဲ့အချက်တွေဟာ မယားဖြစ်တဲ့သမီးဘဝကျင့်သုံးဆောက်တည်ရမယ့် မယားဝတ္တရားတွေပဲသမီး။

သမီးဟာအိမ်ထောင်ရှင်မဝတ္တရားငါးပါးကို ကျေပွန်စွာထမ်းဆောင်သလို အိမ်ထောင်ရှင်အမျိုးသမီးတို့ပျက်စီးကြောင်းဖြစ်သော-

အစားအသောက်၌လော်လီခြင်း

- အဝတ်တန်ဆာ၌လော်လီခြင်း
- ယောက်ျားတစ်ပါးနှင့်လော်လီခြင်း
- ဥစ္စာပစ္စည်း၌လော်လီခြင်း
- ခရီးသွားလာမှု၌လော်လီခြင်း

ဆိုတဲ့လော်လီခြင်း(၅)ပါးကိုလည်း လုံခြုံအောင်ထိန်းသိမ်းစောင့်ရှောက်တတ်ရန်လိုအပ်ပါတယ်။

ဖေဖေတို့မြန်မာမှုနယ်ပယ်မှာ အမရာ၊ ကိန္နရီ၊ မဒီ သမ္ဘူလတော်လေးဝရယ်လို့ ဆိုရိုးစကားရှိကြပါတယ်။

အဲဒီအမျိုးသမီးလေးဦးကို တော်ဝင်သူလို့သတ်မှတ်ခြင်းဟာ အခြေခံအားဖြင့် ဇနီးတာဝန်အိမ်ထောင့်ဘာဝန်ကိုမပျက်မကွက်အောင် ဆောင်ရွက်ကြသောကြောင့်ဖြစ်ပါတယ်။

ဇနီးတာဝန်ကျေပြီး အသိအလိမ္မာဉာဏ်ပညာရှိတဲ့ဇနီးဖြစ်ပါမှ လင်နှင့်တကွဆွေမျိုးအားလုံးကို စည်းရုံးသိမ်းသွင်းလွှမ်းမိုးနိုင်ပါတယ်။

ဘုရားရှင်လက်ထက်က ဝိသာခါသူဌေးသမီးဟာ ယိ...တယ်၊ ယဉ်ကျေးတယ်၊ ဉာဏ်ပညာကြီးမားတယ်၊ ကျင့်ဝတ်ကိုလည်းကျေပွန်တယ်၊ ရတနာသုံးပါးကိုလည်းယုံကြည်ကိုးကွယ်ဆည်းကပ်တယ်။

အရွယ်ရောက်တဲ့အခါ မိဘအလိုဆန္ဒအရ မိစ္ဆာဒိဋ္ဌိအယူရှိတဲ့ ပုဏ္ဏဝဍ္ဍ ဆိုသောအမျိုးသားနှင့်လက်ထပ်ရတယ်။

လင်ယောက်ျားဘက်ဆွေမျိုးတွေကလည်း မိစ္ဆာဒိဋ္ဌိအယူရှိသူများသာဖြစ်တယ်။

ဒါပေမဲ့ ဝိသာခါဟာစိတ်ရှည်တယ်၊ စိတ်မပျက်ဘူး၊ ဇနီးဝတ္တရားကိုလည်း ကျေပွန်အောင်ဆောင်ရွက်တယ်၊ မြတ်နိုးဖွယ်ပြုကျင့်တယ်၊ ချစ်ဖွယ်စကားကိုသာပြောဆိုတယ်။

အဲဒီလိုတာဝန်ကျေပြီး ချစ်ဖွယ်စကားဆိုကာ တစတစနှင့်လင်နှင့်ယောက္ခမကိုစည်းရုံးသိမ်းသွင်းလိုက်တာ နောက်ဆုံးလင်နှင့်ယောက္ခမအပါအဝင် ဆွေမျိုးတွေကိုပါ အယူမှန်ဝါဒမှန်ဘက်သို့ရောက်ရှိကြတယ်။

ဤသို့ဖြစ်ရသည်မှာ ဝိသာခါဟာ ဉာဏ်ပညာရှိပြီး ဇနီးဝတ္တရားကျေပွန်သောကြောင့်ဖြစ်ပါတယ်။

အကယ်၍ ဉာဏ်ပညာပင်ရှိစေဦးတော့၊ ဇနီးဝတ္တရားပျက်ကွက်နေပါက ရည်ရွယ်ချက်ထမြောက်အောင်မြင်မှာ မဟုတ်ပါဘူး။

တာဝန်ဝတ္တရားမကျေပွန်သူရဲ့စကားကို မည်သူကမှလည်း နှစ်သက်လက်ခံမှာ မဟုတ်ပါဘူး။

ဒါကြောင့် သမီးတို့လိုအိမ်ထောင်ရှင်ဇနီးမယားများဟာ ဝိသာခါထုံးနှလုံးမူပြီး တာဝန်ပျက်ကွက်နေသောလင်ယောက်ျားများကိုစည်းရုံးသိမ်းသွင်းပြီး မိသားစုချမ်းမြေ့သာယာရေးအတွက်ဆောင်ရွက်ရပါမယ်။

အိမ်ထောင်ရေးသာယာချမ်းမြေ့သော မိသားစုများဟာ စီးပွားဥစ္စာအဆင်ပြေပြီး ချမ်းသာလေးမျိုးကိုရနိုင်တယ်လို့ ဘုရားရှင်ကဟောကြားခဲ့တယ်-

- စီးပွားရေးအဆင်ပြေသဖြင့် စိတ်ချမ်းသာခြင်း
- ပစ္စည်းဥစ္စာသုံးစွဲရသဖြင့် စိတ်ချမ်းသာခြင်း
- ကြွေးမြီကင်းသဖြင့် စိတ်ချမ်းသာခြင်း
- အပြစ်မရှိသဖြင့် စိတ်ချမ်းသာခြင်း

ဆိုတဲ့မိမိအခြေအနေအားလျော်စွာ ချမ်းသာလေးမျိုးကို ရရှိခံစားနိုင်ပါတယ်သမီး။

ဒါကြောင့် မိမိအခြေအနေအားလျော်စွာ ချမ်းသာလေးမျိုးကို ရရှိခံစားနိုင်ပါတယ်။

ဒါကြောင့် သမီးဟာလည်း မိမိရဲ့အိမ်ထောင်ရေးမှာ ဥစ္စာစီးပွားအဆင်ပြေပြီး သာယာချမ်းမြေ့စွာနေနိုင်ဖို့အတွက် မယားကောင်းတစ်ယောက်အနေနှင့် ကျင့်သုံးလိုက်နာရမယ့် ကျင့်ဝတ်တွေကို လေးစားလိုက်နာပြုကျင့်ဆောင်ရွက်ဖို့မမေ့ပါနဲ့။

ပြီးတော့ ဇနီးမောင်နှံတို့ကိုတူရာပေါင်း၍ လေးစုခွဲခြားပြထားတာကိုလည်း တွေ့ရမယ်။

-လင်မယားနှစ်ဦးစလုံး ကိုယ်ကျင့်တရားမရှိသောစုံတွဲကို သူသေလင်နှင့်သူသေမယား

-လင်ကကိုယ်ကျင့်တရားမရှိ မယားက ကိုယ်ကျင့်တရား ရှိတဲ့စုံတွဲကို သူသေလင်နှင့်နတ်သမီးမယား

-လင်ကကိုယ်ကျင့်တရားရှိ၊ မယားက ကိုယ်ကျင့်တရား မရှိဘဲ့စုံတွဲကို နတ်လင်နှင့်သူသေမယား

-လင်ရောမယားပါ ကိုယ်ကျင့်တရားမှိုတဲ့စုံတွဲကို နတ်လင်၊ နတ်မယား

မိမိရဲ့ဘဝကြောင်ဖော်ဟာ ကိုယ်ကျင့်တရားပျက်ပြားနေရင် ဇနီးက ဖျောင်းဖျပြောဆိုဆုံးမဟက်ရန်လိုပါတယ်၊ စည်းရုံးသိမ်း သွင်းရပါမယ်။

အတော်ယ်၍ အခြေအနေမပေးက ဇနီးက ကိုယ်ကျင့် တရားကိုပြုပြင်ရှာထိန်းသိမ်းတတ်ရပါမယ်၊ အတုလိုက်၍မပြုလုပ် ရပါဘူး။

တချို့ ထင်မှတ်မှားကြတယ်၊ လင်ကိုယ်မယားနှစ်ဦး တစ်ဦးဦးက ကုသိုလ်သော်လည်းကောင်း၊ အကုသိုလ်သော်လည်း ကောင်းပြုသည်ရှိသော် နှစ်ဦးစလုံးခံစားရတယ်လို့ ထင်တတ်ကြ ပါတယ်။

အမှန်မှာ နှစ်ဦးသဘောတူပြုမှသာ နှစ်ဦးစလုံးနှင့်သက် ဆိုင်ပါတယ်၊ တစ်ဦးတည်းဆန္ဒဖြင့်ပြုလုပ်ပါက ပြုလုပ်သူသာ တာဝန်ရှိပါတယ်။

မာဃလုလင်ဇာတ်မှာ မာဃလုလင်က ကုသိုလ်ပြုတဲ့ အခါမှာ သုဇာတာဆိုတဲ့မယားကစိတ်မဝင်စားဘူး၊ အလှပြင်ကာ မာန်ဝင်နေလေ့ရှိတယ်၊ သုဓမ္မာ၊ သုစိတ္တာ၊ သုနန္ဒာဆိုတဲ့မယား (၃)ဦးကတော့ မာဃလုလင်ပြုသမျှ စိတ်တူသဘောတူလိုက်၍ ပြုကြတယ်။

ဒီဘဝကနေကွယ်လွန်တဲ့အခါကျတော့ သုဇာဟာက ဗျိုင်းအောက်မ သွားဖြစ်ရတယ်။

မာဃနှင့်မယား(၃)ယောက်ကတော့ တာဝတိံသာနတ် ပြည်သို့ရောက်ရတယ်။

ဘုရားရှင်လက်ထက်က ဗောဓိမင်းသားတို့ဇနီးမောင်နှံ ဟာ သားသမီးရတနာမထွန်းကားဘူး၊ အဲဒီအကြောင်းကို ဘုရား ရှင်ကိုလျှောက်ပြတော့ ဘုရားရှင်က အတိတ်ဘဝတုန်းက သူတို့ လင်မယားဟာစိတ်တူသဘောတူ ငှက်ဥများကိုချက်ပြုတ်စား သောက်ခဲ့သောအကုသိုလ်ဝဋ်ကြွေးရှိတာကြောင့် သားသမီးရတ နာမထွန်းကားဘူးလို့ဟောပြတယ်။

ဇနီးမောင်နှံတွေဟာ ယခုဘဝမှာလည်း အတူတွဲ၊ သံသ ရာမှာလည်းမကွဲမကွာတူယှဉ်နွဲ့ကာနေချင်တယ်ဆိုရင် နကုလပိ တာနှင့်နကုလမာတာဇနီးမောင်နှံတို့ကို ဘုရားရှင်ကလမ်းညွှန်ပြ သည့်အတိုင်း လိုက်နာကျင့်သုံးတတ်ဖို့လိုအပ်ပါတယ်။

"ဒါယကာတို့ . . ဇနီးမောင်နှံတို့သည် ယခုဘဝ၌လည်း အတူတွဲ၊ သံသရာ၌လည်းအမြဲမကွာနေလိုကြပါမူ-

- တူညီသောယုံကြည်ချက်
- တူညီသောကိုယ်ကျင့်တရား
- တူညီသောစွန့်ကြဲပေးကမ်းမှု
- တူညီသောအသိဉာဏ်

ရှိရန်လိုအပ်ပါတယ်၊ ဤတရားလေးပါးနှင့်ပြည့်စုံပါက ဘဝစဉ်ဆက် မကွဲမကွာအတူယှဉ်တွဲနေရပေလိမ့်မယ်။

လင်ကို ကောင်းစွာပြုစုသောမယားဟာ ယောက်ျားဘဝကိုဆုပန်ဆုတောင်းရင်လည်းရတယ်၊ ယောက်ျားဘဝကိုလိုလားတောင့်တတဲ့အမျိုးသမီးများဟာ လင်ကိုရိုသေစွာလုပ်ကျွေး၍ဆုတောင်းကရနိုင်တယ်လို့ ဘုရားရှင်ကဟောကြားထားတယ်။

ဒါကြောင့် သမီးဘဝအိမ်ထောင်ရေးသာယာချမ်းမြေ့ဖို့အတွက် သမီးဘက်ကလည်း မယားကောင်းမယားမြတ်အဖြစ်ဝတ္တရားကျေပွန်ဖို့လိုအပ်ပါတယ်။

## မိဘကိုလုပ်ကျွေးပါ

သမီးတို့ဘဝကိုတည်ဆောက်ပြီးကြပြီးနောက် နောင်တစ်ချိန်မှာ သားတွေ၊ သမီးတွေရပြီး မိဘတွေပြန်ဖြစ်ကြဦးမှာနော်။

မိဘဖြစ်လာရင် ကိုယ်တိုင်မိဘရဲ့ဝတ္တရားတွေ၊ မိဘရဲ့ သားသမီးအပေါ် ထားတဲ့ချစ်ခြင်းမေတ္တာတွေကို နားလည်သဘော ပေါက်လာမှာပါ။

ဖေဖေတို့ဗုဒ္ဓဘာသာဝင်တွေမှာ မိမိတို့ဘဝ၌ အလေးအ မြတ်ထားအပ်သောပုဂ္ဂိုလ်ငါးပါးကို အနန္တော-အနန္တငါးပါး ဟု ဆိုစမှတ်ပြုကြတယ်။

အဲဒီပုဂ္ဂိုလ်ငါးဦးဟာ အနန္တော-အနန္တအဆုံး အပိုင်းအ ခြားမရှိအောင် မည်မျှရွေ့မည်မျှရေတွက်၍မရလောက်အောင် ကျေးဇူးကြီးမားလှသောပုဂ္ဂိုလ်များလို့ ဆိုပါတယ်။

အဲဒီငါးဦးကတော့-

၁။ ဘုရား

၂။ တရား

၃။ သံဃာ

၄။ မိဘ

၅။ ဆရာ တို့ဖြစ်ကြတယ်။

အဲဒီ အနန္တော-အနန္တငါးပါးမှာ မိဘဟာလည်း တစ်ပါး အပါအဝင်ဖြစ်တယ်၊ ဗြဟ္မာနတ်လူတို့အထွတ်အမြတ်ထားအပ် သော ဘုရားနှင့်တစ်ဂိုဏ်းတည်းပြခံရသောကျေးဇူးကြီးလှသော ပုဂ္ဂိုလ်များလို့ဆိုပါတယ်။

မိဘခေါ်ပုံ

မိဘဟူသောစကားဟာ "မာတာပိတု" ဟူသောမာဂဓဘာသာစကားမှ မြန်မာမှုပြုထားသောအမိအဖကို "မိဘ" ဟူ၍အတိုချုံးခေါ်ထားခြင်းဖြစ်ပါတယ်။

အမိဆိုတာကတော့ သားသမီးတို့၏စိတ်နှလုံးကိုရွှင်ပြုံးကြည်နူးစေ၍ လူအပေါင်းတို့အား လူ့လောကသို့ပို့ဆောင်ပေးတတ်သောအမျိုးသမီးကို အမိ-မိခင် လို့ခေါ်ပြီး စကားအားဖြင့် အမေ ဟုခေါ်ပါတယ်။

အဘဆိုတာကတော့ သားသမီးများနှင့်တကွ မယားကိုတစ်သက်လုံး ကျွေးမွေးစောင့်ရှောက်တတ်ခြင်း၊ အန္တရာယ်အပေါင်းမှအကာအကွယ်ပေးခြင်းရှိသောအမျိုးသားကို အဖ-ဖခင်လို့ခေါ်ပြီး စကားအားဖြင့် အဖေ လို့ခေါ်ပါတယ်။

မိခင်ဟာ သားသမီးတို့ကိုကိုယ်ဝန်တည်သည့်အချိန်မှစ၍ မွေးဖွားအရွယ်ရောက်သည့်ကာလအထိ အေးမြကြည်လင်သောမေတ္တာနှလုံးသားဖြင့် ထာဝရစောင့်ရှောက်ခဲ့သူဖြစ်တယ်။

ဖခင်ကျတော့ သားသမီးတို့၏ဘဝအေးချမ်းသာယာရေး၊ အန္တရာယ်ကင်းဝေးရေးတို့ကို သေကပန်သက်တဆုံး ပြုစုစောင့်ရှောက်ခဲ့သူဖြစ်ပါတယ်။

## ကျေးဇူးအနန္တ   မိနှင့်ဘ

မိဘများဟာ သားသမီးတို့အတွက် ကျေးဇူးအနန္တထိုက်သောပုဂ္ဂိုလ်ဖြစ်ကြလို့ ရှေးရှေးပညာရှိတွေက အောက်ပါအတိုင်း နှိုင်းယှဉ်ဖော်ပြထားတာကို တွေ့ရပါတယ်-

-ယူဇနာနှစ်သိန်းလေးသောင်း (၂၄၀၀၀၀)အထုရှိသော မြေကြီးသည် မိဘကျေးဇူးနှင့်နှိုင်းစာသော် ဝါးရွက်မျှသာရှိပါသတဲ့။

-ယူဇနာတစ်သိန်းရှစ်သောင်းသုံးထောင်လေးရာငါးဆယ် (၁၈၃၄၅၀)အပြောကျယ်သောစကြဝဠာတိုက်ကြီးသည် မိဘတို့၏ကျေးဇူးနှင့်နှိုင်းစာသော် အပ်နဖားမျှသာရှိပါသတဲ့။

-ယူဇနာပေါင်းရှစ်သောင်းလေးထောင်(၈၄၀၀၀)အမြင့်ဆောင်သောမြင့်မိုရ်တောင်ကြီးသည် မိဘတို့၏ကျေးဇူးနှင့် နှိုင်းစာသော် တောင်ပို့ငယ်မျှသာဖြစ်ပါတယ်။

-ယူဇနာပေါင်းရှစ်သောင်းလေးထောင်(၈၄၀၀၀)အပြောကျယ်သောသမုဒ္ဒရာကြီးသည် မိဘတို့၏ကျေးဇူးနှင့် နှိုင်းစာသော် ရေခွက်ငယ်မျှသာဖြစ်ပါသတဲ့။

မိဘဂုဏ်ဟာ ဤမျှနှိုင်းယှဉ်မရ များပြားကြီးကျယ်လှပါတယ်၊ ထို့ပြင် မိဘတို့ဟာ သားသမီးတို့အပေါ်မှာ လေးပါးသောဂုဏ်တို့ဖြင့် မဆုံးမနိုင်သောကျေးဇူးရှိကြတယ်လို့ဆိုပါတယ်။

၁။ ဗြဟ္မာဒေဝဂုဏ်

မိဘတို့ဟာ ဗြဟ္မာနှင့်တူပါတယ်၊ ဗြဟ္မာတို့ဟာ ချစ်ခြင်း သနားခြင်း၊ ဝမ်းမြောက်ခြင်း၊ လျစ်လျူရှုခြင်း (မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာ)ဟူသောဗြဟ္မာဝိဟာရတရားလေးပါးနှင့်အမြဲ နေထိုင်ကြသကဲ့သို့မိဘတို့ဟာ သားသမီးတို့နှင့်ပတ်သက်၍ ဤ တရားလေးပါးကိုမွေးသည်မှအစ သေသည်အဆုံးထားရှိကြသော ကြောင့် ဗြဟ္မာနှင့်တူကြပါတယ်၊ သို့အတွက် ဗြဟ္မာဒေဝဂုဏ် ထိုက်တယ်လို့ဆိုပါတယ်။

၂။ ပုဗ္ဗာဒေဝဂုဏ်

သန့်ရှင်းစင်ကြယ်သောဝိသုဒ္ဓိနတ်ဟုဆိုအပ်သော ဘုရား ရဟန္တာတွေဟာ မိမိတို့အပေါ်၌လူဆိုးလူမိုက်တို့ပြုလုပ် သော မကောင်းမှုတို့ကိုမရေတွက်ဘဲ ထိုသူတို့၏ အကျိုးမဲ့ကို ပယ်တော်မူလျက် ကောင်းကျိုးကိုသာ ကျင့်တော်မူကြတယ်၊ စီးပွားချမ်းသာကိုပေးတတ်သောအလှူကိုသာခံတော်မူကြတယ်၊ အလားတူပဲ မိဘတို့ဟာ သားသမီးတို့အပေါ်အပြစ်အနာအဆာ ဟူသောစိတ်တို့ကိုတစ်ခါမှမထားဘဲ သားသမီးတို့အကျိုးစီးပွား ဖြစ်ရေးကိုသာအမြဲနှလုံးသွင်းအာရုံထားပြီး သားသမီးတို့ကျေးဇူး တုံ့ပြန်ခြင်းအမှုကိုခံယူကြတယ်၊ သားသမီးတို့ကုသိုလ်ဖြစ်ကြောင်း ကိုသာကျင့်ဆောင်ကြလေ့ရှိကြတယ်။

ထို့ကြောင့် မိဘတို့ဟာ ဝိသုဒ္ဓိနတ်ဘုရားရဟန္တာများနှင့် တူသဖြင့် မိဘနတ်လို့ခေါ်ကြတယ်၊ ထို့ပြင် သမ္မုတိနတ်၊ ဥပပတ္တိနတ်၊ ဝိသုဒ္ဓိနတ်တို့ကို သားသမီးတို့ကပူဇော်ဆည်းကပ်ခြင်းဖြင့် ကောင်းကျိုးချမ်းသာရကြတယ်၊ ဤနတ်တို့သည် သားသမီးတို့ အရွယ်ရောက်ပြီးသိတတ်သောအချိန်မှစ၍ ပူဇော်ရသဖြင့် နောက်နတ် (ပစ္ဆဒေဝ)ဟုခေါ်ပါတယ်၊ မိဘတို့သည် သားသမီးတို့ကိုပြုစုခြင်းဖြင့် ရှေးဦးကပင် ကောင်းကျိုးချမ်းသာကိုပေးစွမ်းနိုင်ကြတယ်၊ ထို့ကြောင့် မိဘများဟာ သားသမီးတို့အတွက် လက်ဦးနတ် (ပုဗ္ဗဒေဝ)ဖြစ်ကြပါတယ်။

၃။ ပုဗ္ဗာစရိယဂုဏ်

သားသမီးတို့သည် အရွယ်ရောက်သောအခါ အသက်မွေးဝမ်းကြောင်းမှုအတွက် လက်မှု၊ နှုတ်မှုအတတ်ပညာတို့ကို အခြားသောဆရာအသီးသီးတို့ထံ၌ သင်ယူကြရတယ်၊ သံသရာကောင်းကျိုး နတ်ရွာနိဗ္ဗာန်ရရေးအတွက် ရဟန်းသံဃာတော်များထံမှကြားနာသင်ယူရတယ်၊ ထိုဆရာသမားများဟာ အရွယ်ရောက်မှသင်ကြားရသောဆရာများဖြစ်၍ နောက်ဆရာ ဟုခေါ်ပါတယ်၊ မိဘတို့သည် သားငယ် သမီးငယ်များကိုမွေးသည်မှ အစ အစားအသောက်အနေအထိုင်အသွားအလာ စသည်တို့ကို သင်ကြားပြသပေးရသဖြင့် မိဘတို့သည် သားသမီးတို့အတွက် လက်ဦးဆရာဂုဏ်ထိုက်ပါတယ်။

၄။ အာဟုနေယျဂုဏ်

အရပ်တစ်ပါးအဝေးသို့ရောက်နေကြသော သားသမီးတို့ဟာ ငါတို့ကျေးဇူးရှင်မိဘများအတွက်ဟု ရည်မှတ်ကာ မိမိတို့ ရှေးဦးစွာမသုံးဆောင်ဘဲ ဦးစွာမိဘတို့ကိုလာရောက်ပူဇော်လှူဒါန်းကြလေ့ရှိပါတယ်၊ မိဘတို့သည် သားသမီးတို့၏အဝေးမှ ယူဆောင်လာသောပူဇော်လှူဒါန်းမှုကို ခံယူထိုက်သောကြောင့် အာဟုနေယျဂုဏ်ထိုက်ပါတယ်။

ဖေဖေတို့မိဘတွေဟာ သမီးတို့အပေါ်မှာ ဤဂုဏ်လေးပါးထိုက်သည့်အတွက်ကြောင့် အလွန်မြင့်မြတ်သောကျေးဇူးရှင်ပုဂ္ဂိုလ်များရယ်လို့ဆိုပါတယ်။

## မိဘတို့အချစ် မိဘတို့မေတ္တာ

မိဘတို့ဟာ သားငယ် သမီးငယ် ကလလရေကြည်သန္ဓေတည်သောအချိန်မှစ၍ သူ့အချိန်အခါ သူ့ရက်အလျှောက် ထိုထိုစားသောက်ဖွယ်ရာရသများကို စားချင်သောက်ချင်သော စိတ်ရှိသော်မှ ဝမ်းဗိုက်ထဲမှကလေးအန္တရာယ်ဖြစ်မည်စိုး၍ အပူအစပ်အခါးများကို မိမိတို့အဆင်းရဲခံပြီးရှောင်ကြဉ်ကြလေ့ရှိကြတယ်၊ ဆင်ခြင်ကြလေ့ရှိပါတယ်။

မိခင်၏အာဟာရဟာ ကလေးအတွက် အာဟာရဖြစ်သောကြောင့် မိခင်သည် ကလေးအတွက်အာဟာရဖြစ်မည့် အစားအစာများကိုကြိုက်သည်ဖြစ်စေ၊ မကြိုက်သည်ဖြစ်စေ စားသောက်လေ့ရှိပါတယ်။

ဝမ်းထဲရှိကလေးနာကျင်မည်စိုး၍ အထိုင်အထကိုဆင်ခြင်၍ ဖြည်းညှင်းစွာထိုင်ကြ ထကြရတယ်၊ အိပ်စက်လဲလျောင်းရပါတယ်။

အသက်ချမ်းသာ၊ ကိုယ်အင်္ဂါပြည့်စုံသောသားသမီးသာ မွေးဖွားလာရေးကိုလည်း အမြဲဆုတောင်းနေကြရတယ်။

ဖွားမြင်သောအခါတွင်လည်း ယောကျ်ားဖောင်စီး၊ မိန်းမမီးနေဆိုသည့်စကားအတိုင်း မိခင်သည် သေမင်းကိုအသက်အပ်နှံကာ ခက်ခက်ခဲခဲနာကျင်စွာဝေဒနာခံစားရပြီး မွေးဖွားပေးခဲ့ရပါတယ်။

မိခင်သည် သားသမီးများကိုဖွားမြင်ပြီး၍ အသက်ပမာသားသမီးရတနာလေး၏မျက်နှာကိုမြင်ရသည့်အခါမှာလည်း-

**"သားတို့ရုပ်ရည်၊ သီတာမည်သား၊ ရေကြည်ချမ်းမြ တစ်ပေါက်ကျက၊ မိဘတို့ဝမ်းငြိမ်းစတမ်း"**

ဟုဆိုကြသည့်အတိုင်း နာကျင်မှုများမေ့ပျောက်ကာ ချစ်ခြင်းနှစ်သက်ခြင်း မေတ္တာပီတိအဟုန်သည် တစ်ကိုယ်လုံးပျံ့နှံ့၍ ရိုးတွင်းခြင်ဆီထိအောင် ထိခိုက်သွားတတ်ကြပါတယ်။

အဲဒီအခါဝယ် အဆင်းနီမြန်းသောနှလုံးသွေးသည် မိခင်၏မေတ္တာအဟုန်ကြောင့် ဖြူဖွေးသောနို့ရည်အဖြစ်သို့ကူးပြောင်းသွားခဲ့ပါတယ်၊ ထိုနို့ရည်ဖြင့် မိခင်တို့ဟာ သားသမီးတို့ကို တိုက်ကျွေးမွေးမြူကြရပါတယ်။

မိခင်တို့ဟာ သားငယ်သမီးငယ်တို့ ငယ်စဉ်ကာလဝယ် ဖြစ်ပေါ်လာသောမစင်စသောအညစ်အကြေးတို့ကို မရွံမရှာ သုတ်သင်ပေးကြတယ်၊ အဝတ်တို့ကို လျှော်ဖွပ်ပေးကြရပါတယ်။

အလွန်အိပ်ကောင်းသောညဉ့်နက်သန်းကောင်ဖြစ်စေကာမူ သားငယ်သမီးငယ်တို့ ငိုကြွေးလာပါက အိပ်ရေးပျက်ခံကာ နို့ချိုထ၍တိုက်ကျွေးကြရပါတယ်။

သားငယ် သမီးငယ်တို့ ညော်နံ့၊ ပုပ်နံ့ရောသောနို့ရည်ကို သောက်မိပါက မကျန်းမမာဖြစ်မည်ကိုအလွန်စိုးရိမ်ကြောင့်ကြကြသောကြောင့် မိခင်ဖြစ်သူသည် ညော်နံ့ ပုပ်နံ့များ၊ မသင့်မတင့်သောအစားအစာများကို အထူးရှောင်ကြဉ်ကြရပါတယ်။

သားငယ် သမီးငယ်တို့မကျန်းမာပါက ရင်ခွင်ပိုက်ထွေးရင်ငွေ့ပေး၍ မအိပ်မစက်၊ အစာအာဟာရကိုမမက်ဘဲ စိုးရိမ်ကြီးစွာဖြင့် စောင့်ရှောက်ကြရပါတယ်။

မှက်၊ ခြင်၊ ကြမ်းပိုးအမျိုးမျိုးတို့ဝင်၍မထိုး၊ မကိုက်နိုင်ရန် ရင်ခွင်တည်းဟူသောပုခက် အဝတ်တို့ဖြင့် နွေးထွေးစွာထားကာ စောင့်ရှောက်ကြလေ့ရှိကြပါတယ်။

ဖခင်တို့ကလည်း မိခင်သည် ထိုသားသမီးလေးများကို မကြောင့်မကျမတောင့်မတလိုလေးသေးမရှိ စားသောက်နေထိုင်နိုင်ရေးအတွက် ကြိုးစားပမ်းစားရှာဖွေလုပ်ကိုင်ပေးရသည်၊ သားသမီး သားမယားအတွက် ပင်ပန်းကြီးစွာရှာဖွေလုပ်ကိုင်ကျွေးမွေးကြလေ့ရှိပါတယ်။

သားငယ်သမီးငယ်များ အရွယ်ရောက်လာသည်ရှိသော် လောကအလယ်ဝယ် လူတစ်လုံး သူတစ်လုံးအဖြစ်နှင့်ရပ်တည်နိုင်ရေးအတွက်လည်းကောင်း၊ ဒုက္ခဆင်းရဲမရောက်စေရေးအတွက်လည်းကောင်း၊ ဆရာကောင်း ကျောင်းကောင်းတွင်အပ်နှံကာ ပညာသင်ပေးကြသည်၊ မိမိတို့အစားဆင်းရဲ အဝတ်ဆင်းရဲခံကာ သားသမီးတို့ပညာတတ်ရေးကို အထူးအလေးပေးဆောင်ရွက်ပေးကြလေ့ရှိပါတယ်၊ မိဘတို့သည် မိမိတို့အသက်ရှည်သမျှကာလပတ်လုံး သားသမီးတို့အပေါ်၌ ကြီးမားသောမေတ္တာထားကြပါတယ်။

သားသမီးနှင့်ပတ်သက်လာလျှင်-

- မိမိအသက်ကိုပင်စွန့်လွှတ်ကြတယ်
- အလုံးစုံသောဥစ္စာပစ္စည်းတို့ကို စွန့်လွှတ်ကြတယ်
- သားသမီးတို့အား ထာဝစဉ်သနားကြတယ်
- သားသမီးအကျိုးကိုအမြဲလိုလားကြသည်ဖြစ်ကြပါတယ်။

## သားသမီးတို့ မိဘကျေးဇူးဆပ်ခွင့်ရမှု

"များစွာကုန်သောသားသမီးတို့ကို မိဘတစ်ဦးတည်းက အခါခပ်သိမ်း အချိန်မရွေးပြုစုလုပ်ကျွေးနိုင်သော်လည်း မိခင်ဖခင်တစ်ဦးတစ်ယောက်ကိုမူ များစွာကုန်သော သားသမီးတို့က ကိုယ်စိတ်ချမ်းသာစွာနေနိုင်အောင် ပြုစုလုပ်ကျွေးနိုင်ခဲ့သည်" ဟူ၍ မိလိန္ဒပဉှာ၌ ဆိုထားပါသည်။

မိဘတို့သည် သားသမီးအပေါ်၌ မေတ္တာကြီးမားကြ၍ ထိုကျေးဇူးမေတ္တာကို သားသမီးတို့ကပြန်လည်ဆပ်ခွင့်ရမှုသည် အလွန်ရခဲသော ဒုလ္လဘတရားဖြစ်ပါသည်၊ သားသမီးသည် မိဘကိုကျေးဇူးဆပ်လိုသော်လည်း အောက်ပါအခွင့်အရေးအခြေအနေရှိမှဆပ်နိုင်ပါသည်-

- မိဘနှစ်ပါးသက်ရှိထင်ရှားရှိနေရပါမည်
- မိဘက သားသမီးအပေါ်၌မှီခိုနေရသောအဆင့်တွင် ရှိနေရပါမည်
- သားသမီးက မိဘအပေါ်ကျေးဇူးဆပ်လိုသောဆန္ဒ ရှိရပါမည်
- မိဘကလည်း သားသမီးကျေးဇူးဆပ်နိုင်သောအသက် အရွယ်၌ သက်ရှိထင်ရှားရှိနေရပါမည်

- သားသမီးတို့ဘ၀ကလည်း မိဘတို့ကိုပြုစုလုပ်ကျွေးနိုင်သောဥစ္စာပစ္စည်းရှိမှု အဆင့်အတန်းပြည့်စုံမှုရှိရပါမည်
- သားသမီးက နေ့လုပ်နေ့စား၊ ညလုပ်ညစားအဆင့်တွင်မရှိရပါ

ဤသို့အခြေအနေများရှိပါမှ မိဘတို့ကိုသားသမီးတို့က လုပ်ကျွေးခွင့်ရနိုင်ပါသည်။

## မိဘကိုလုပ်ကျွေးနိုင်သူနည်းသည်

ဘုရားရှင်သည် တစ်နေ့တွင်လက်သည်းများပေါ်၌ မြေမှုန့်အနည်းငယ်ကိုထည့်ကာ ရဟန်းတို့ကို ဤသို့မေးတော်မူသည်-

"ရဟန်းတို့. . . ဤအရာကို မည်သို့မှတ်ထင်ကြပါသနည်း၊ လက်သည်းများပေါ်၌ ငါတင်ထားအပ်သောမြေမှုန့်အနည်းငယ်မျှနှင့်ကမ္ဘာမြေကြီးပေါ်ရှိမြေမှုန့်တွင် အဘယ်အရာကပိုများပါသနည်း"

"အရှင်ဘုရား. . . ကမ္ဘာမြေကြီးထုပေါ်ရှိမြေမှုန့်က များပါသည်၊ အရှင်ဘုရား လက်သည်းခွံပေါ်ကမြေမှုန့်သည် မရေတွက်လောက်ပါ၊ ကမ္ဘာမြေကြီးနှင့်မနှိုင်းယှဉ်လောက်ပါ "

"ရဟန်းတို့. . . ထို့အတူ ဤလောကဝယ် မိဘတို့ကို ကောင်းစွာပြုစုလုပ်ကျွေးကြသော သားသမီးတို့သည် နည်းပါးကြကုန်၏၊ စင်စစ်အားဖြင့် မိဘတို့ကိုကောင်းစွာမလုပ်ကျွေးသော သားသမီးတို့ကသာများကုန်၏"

**(မဟာဝဂ္ဂသံယုတ်–ပဌွေယျသုတ်)**

ဤတရားတော်ကိုထောက်၍ လောကဝယ် မိဘတို့ကို လုပ်ကျွေးသောသားသမီးဟူသည် အလွန်နည်းပါးသည်ကို သိရပါမည်။

## သားသမီးတို့ မိဘလုပ်ကျွေးနည်း

သားသမီးတို့သည် မိဘတို့ကို-

- ရှိခိုးခြင်းဖြင့်လည်းကောင်း
- ရှာဖွေလုပ်ကိုင်၍ ထမင်းအဖျော် စသည်တိုက်ကျွေးခြင်းဖြင့်လည်းကောင်း
- အိပ်ရာနေရာပေးခြင်း၊ ပြင်ဆင်ပေးခြင်းဖြင့်လည်းကောင်း
- ရေနွေး ရေအေးတိုက်ကျွေးခြင်းဖြင့်လည်းကောင်း
- ခြေဆုပ်လက်နယ်ပြုလုပ်ပေးခြင်းဖြင့်လည်းကောင်း
- နင်းနှိပ်ချိုးပေးခြင်းဖြင့်လည်းကောင်း

ကောင်းမွန်စွာ ပြုစုလုပ်ကျွေးရပါမည်။

အရွယ်မရောက်သေး၍ ရှာဖွေမလုပ်ကျွေးနိုင်သေးသော သားသမီးတို့သည်-

- အိပ်ရာဝင် မိဘတို့ကိုရှိခိုးအိပ်ရမည်
- အိပ်ရာထ မိဘမျက်နှာသစ်ရေ စသည်တို့ကို အဆင်သင့်ဆောင်ရွက်ပေးရမည်
- မိဘစေခိုင်းသောအလုပ်ကိုသွက်လက်စိတ်ဝင်စားစွာ လုပ်ကိုင်ပေးရမည်
- ခြေလက်ဆုပ်နယ်ပေးရမည်
- အားလပ်ချိန်မိဘအလုပ်ကိုကူညီလုပ်ကိုင်ပေးရမည်
- သမီးဖြစ်က မီးဖိုချောင်နှင့်အိမ်တွင်းအလုပ်များကို ကူညီလုပ်ပေးရမည်။
- သားဖြစ်ပါက ဖခင်အလုပ်ကိုကူညီလုပ်ပေးရမည်

## မွေးကျေးဇူးကျေအောင် ပြုစုလုပ်ကျွေးနည်း

သားသမီးတို့သည် အမိကိုလကျာပခုံး၊ အဖကိုလက်ဝဲပခုံးထက်၌ထားလျက် အနှစ်တစ်ရာတို့ကာလပတ်လုံး ကောင်းမြတ်သောအစာအာဟာရ၊ အဝတ်ပုဆိုးအမျိုးမျိုးတို့ဖြင့် ကျွေးမွေးခြင်း၊ ဝတ်စားဆင်ယင်စေခြင်း၊ သန့်ရှင်းစင်ကြယ်အောင်ရေချိုးပေးခြင်း၊ အမွှေးနံ့သာလိမ်းကျံပေးခြင်း၊ အညောင်းအညာပြေ

အောင်ခြေဆုပ်လက်နယ်ပြုလုပ်ပေးခြင်း၊ ကျင်ကြီးကျင်ငယ်စသောအညစ်အကြေးများကိုသုတ်သင်ဆေးကြောပေးခြင်းစသောပြုစုမှုများဖြင့် အစစအရာရာမလစ်ဟင်း မပျက်ကွက်အောင်နေ့စဉ်နှင့်အမျှ ထက်သန်သောစေတနာ၊ ကြည်ဖြူသောစိတ်နှလုံးဖြင့်အသက်ထက်ဆုံးတိုင်အောင် ပခုံးထက်ကမချမူ၍ မွေးကျေးဇူးကိုအားရပါးရဆပ်ကြသော်လည်း မကျေနိုင်ပါ။

ထိုမှတစ်ပါး ရွှေငွေဥစ္စာများစွာရတနာရှိသော ဤမဟာပထဝီမြေကြီးကိုအုပ်စိုးပိုင်ခွင့်ရသော မင်းဧကရာဇ်သည် နန်းစည်းစိမ်တို့ဖြင့်ပူဇော်ကန်တော့ကျေးဇူးဆပ်ခြင်းအမှုကိုပြုကြပါသော်လည်း မိဘ၏ကျေးဇူးကား မကျေနိုင်ပါ ။

ဟူ၍ ဘုရားရှင်က အင်္ဂုတ္တရဒုကနိပါတ သမစိတ္တဝဂ်၌ ဟောကြားထားခဲ့ပါသည်။

ထို့ကြောင့် မိဘတို့၏ကျေးဇူးတရားတို့ကို ကျေပွန်အောင်ဆပ်လိုသောသားသမီးတို့သည်-

- သဒ္ဓါတရားမရှိသောမိဘတို့ကို သဒ္ဓါတရားရှိလာအောင် ပြုလုပ်ပေးရမည်
- သီလမရှိသောမိဘတို့ကို သီလရှိအောင်ပြုလုပ်ပေးရမည်
- စွန့်ကြဲပေးကမ်းမှုမရှိ၊ ဝန်တိုမစ္ဆရိယရှိသောမိဘတို့ကို စွန့်ကြဲပေးကမ်းလိုစိတ်ရှိအောင် ပြုလုပ်ပေးရမည်

- အသိဉာဏ်မရှိသောမိဘတို့ကို အသိဉာဏ်ရှိအောင် ပြုလုပ်ပေးရမည်
- ကိုယ်တိုင်ရဟန်းပြုလုပ်ပေးခြင်းဖြင့်လည်းကောင်း၊ မိဘတို့ကိုရဟန်းပြုလုပ်စေခြင်းဖြင့်လည်းကောင်း

ဟောပြောပြသ ကျေးဇူးဆပ်ကြမှသာ မိဘကျေးဇူးကျေပွန်နိုင်ပါသည်။

သို့အတွက် သားသမီးတို့သည် မိဘတို့ကို သဒ္ဓါ၊ သီလ၊ သုတ၊ စာဂ၊ ပညာတို့ကို မိဘတို့၏သန္တာန်၌တည်အောင် ကိန်းအောင်းပြုလုပ်ပေးပြီး ကျေးဇူးကိုကျေအောင်ဆပ်ကြရပါမည်။

နားလည်စိမ့်ငှာ၊ ငါဆရာလျှင်၊ မာတာပီတ၊ ဂုဏ်ကိုပြ၍၊ ပုတ္တတို့အား၊ ဆပ်ဌြားပိုင်ကြောင်း၊ ဖော်ပြရှောင်၍၊ မကောင်းမိဘ၊ ခမ္မမတည်၊ မကြည်မညို၊ ဝန်တိုမိစ္ဆာ၊ ပါဏာတိပါတ်၊ သတ်ခတ်တုယှူ၊ မဖြူနှလုံး၊ မဆုံးသီလ၊ ဒါနမပွား၊ မသွားကျောင်းကန်၊ ဟုတ်လှမှန်သား၊ မိဘအားကိုး၊ တရားစောင့်ရှောက်၊ တော်ဖြောင့်လှစွာ၊ မိစ္ဆာမဖောက်၊ မသောက်သေစာ၊ ပါဏာသူ့သတ်၊ ခိုးဝှက်ယူမှု၊ ကျူငါးခုကို၊ မပြုနှင့်များ၊ ဒါနမပြတ်၊ ပိဋကပတ်လည်း၊ မလပ်နေ့တိုင်း၊ မဝိုင်းကျောင်းကန်၊ အမှန်သွားသွား၊ တရားနာနာ၊ ရတနာသုံးဦး၊ မပြတ်ဖူး၍၊ ကြည်နူး

လှစေ၊ ညောင်ရေလည်းသွန်း၊ ဆီမီးထွန်းလျက်၊ ဆွမ်းကွမ်းလက်ဖက်၊ ရေစက်ချချ၊ လှူဒါနနှင့်၊ သီလ ဥပုသ်၊ ကိုယ်နှုတ်နှလုံး၊ စောင့်သုံးပါဗျာ၊ မိမာတာတို့ ဤသို့ဆိုတယ်၊ ထိုသားမြတ်ကို၊ ဆပ်ဆပ်ကျေးဇူးမို့၏ တည်း. . . ။

**(အတုလဆရာတော် ပုဏ္ဍောဝါဒဆုံးမချက်)**

## မိဘလုပ်ကျွေးခြင်းအကျိုး

ကိုယ်စိတ်နှစ်ဖြာချမ်းသာခြင်းအကြောင်းသည် မင်္ဂလာ မည်၏ဟုဆိုထားရာ မိဘတို့ကိုပြုစုလုပ်ကျွေးခြင်းသည် မင်္ဂလာ မည်၏ ဟု ဘုရားရှင်က မင်္ဂလာတရား၌ ဟောကြားခဲ့သည်။

သဂ္ဂသံယုတ်ဝကပဒသုတ်၌-

"နတ်တို့၏အရှင်သိကြားမင်းသည် မိဘတို့ကိုလုပ်ကျွေး သောကြောင့် သိကြားမင်းဖြစ်လာသည်၊ မိဘတို့ကိုပြုစုလုပ်ကျွေး ခြင်းသည် သိကြားမင်းဖြစ်ရန် အကြောင်းတစ်ရပ်နှင့်မိဘတို့ကို ပြုစုလုပ်ကျွေးတတ်သူကို တာဝတိံသာနတ်တို့က သူတော်ကောင်း ဟူ၍ချီးမွမ်းကြလေသည်"

ဟူ၍ ဖော်ပြထားပါသည်။

တစ်ဖန် မိဘကိုပြုစုလုပ်ကျွေးသောသူသည် မိမိပြုလုပ်ရမည့်ဝတ္တရားတစ်ခုကိုကျေပွန်သည့်အတွက် စိတ်နှလုံးသာယာချမ်းမြေ့မှုကိုခံစားရသည်။

- စိတ်နှလုံးသာယာချမ်းမြေ့မှုရှိပါက ဝမ်းမြောက်မှု (ပါမောဇ္ဇ)ဖြစ်တော့သည်
- ဝမ်းမြောက်မှုဖြစ်ပါက နှစ်သက်မှု(ပီတိ)ဖြစ်တော့သည်
- နှစ်သက်မှုပီတိဖြစ်က ကိုယ်စိတ်နှစ်ဖြာချမ်းသာမှု (သုခ)ဖြစ်တော့သည်
- ကိုယ်စိတ်နှစ်ဖြာချမ်းသာမှုဖြစ်ပါက တည်ကြည်မှု (သမာဓိ)ရတော့သည်
- တည်ကြည်မှုရလာပါက လမ်းမှန်(ယထာဘူတ)ဉာဏ်ရကာသိနိုင်သည်
- လမ်းမှန်သိပါက နိဗ္ဗာန်ချမ်းသာရရန် မဝေးတော့ချေ။

ဤမျှ မိဘတို့အပေါ်၌ သားသမီးဝတ္တရားကျေပွန်ခြင်းသည် တစ်ဆင့်ပြီးတစ်ဆင့်အထောက်အကူပြုကာ အကြောင်းအကျိုးဆက်ပြီး နိဗ္ဗာန်ချမ်းသာရနိုင်သောအကျိုးများရနိုင်သည်ဟုဆိုပါသည်။

မိဘများကိုမပြစ်မှား မြတ်နိုးရိုသေစွာလုပ်ကျွေးပြုစုသောသူတို့သည် သားကောင်း၊ သမီးကောင်းများဖြစ်ကြသည်၊ ရန်သူမျိုးငါးပါးတွင်ပါဝင်သော အမွေခံသားသမီးဆိုးများတွင် မပါဝင်

ကြ၍ မိဘအမွေကိုကောင်းစွာခံယူထိုက်သည်၊ အမွေကိုခံထိုက်ပါက အမွေခံထိုက်အောင်ကျင့်ခြင်းဟူသော အမွေခံထိုက်စေဟူသောသားသမီးဝတ္တရားကျေပွန်လေသည်။

ဝတ္တရားကျေပွန်ပါက မိဘတို့ကိုလုပ်ကျွေးခြင်းကြောင့်ရရှိလာသောအကျိုး၌ဖော်ပြထားသည့်အတိုင်း နိဗ္ဗာန်ချမ်းသာရရှိသည်အထိ ကောင်းကျိုးပေးနိုင်သည်ကိုသိရပါမည်။

မိဘပြုစုလုပ်ကျွေးခြင်းကြောင့် ရရှိသောအကျိုးများမှာ-

- အစားအစာပေါများခြင်း
- အရပ်တစ်ပါးသို့သွားက အစားအစာမရှားပါးဘဲ သူတစ်ပါးတို့ကပင် မိမိကိုမှီ၍စားသောက်ရခြင်း
- သွားလေရာအရပ်၌ ချီးမြှောက်ပူဇော်မှုကိုခံရခြင်း
- မင်း၊ သူခိုးစသည်တို့မညှင်းဆဲနိုင်ဘဲ ရန်ဟူသမျှကျော်လွှားနိုင်ခြင်း
- မင်းပရိသတ်အလယ်၌ မိမိ၏ဂုဏ်ကျေးဇူးကိုချီးမွမ်းခံရပြီး ဆွေမျိုးမောင်နှမအလယ်၌ မြင့်မြတ်သူအဖြစ်သို့ရောက်ရှိခြင်း
- ဂုဏ်ကျေးဇူးသတင်းကျော်စောခြင်း
- စည်းစိမ်အခြံအရံမပြိုကွဲဘဲ အမြဲတောက်ပရခြင်း
- ကျက်သရေအဖြာဖြာဖြင့်တင့်တယ်ခြင်း
- ဉစ္စာရတနာဖွံ့ဖြိုးတိုးတက်ခြင်း

- တောင်ချောက်ကမ်းပါးကျသော် သက်တောင့်သက်
  သာဖြစ်ရခြင်း
- မိသားစုအသိုက်အအုံတည်တံ့ခိုင်မြဲခြင်း

ဟူသောအကျိုးများ ခံစားရပါသည်။

တစ်ဖန် မိဘကိုရိုသေစွာပြုစုလုပ်ကျွေးသောသူတို့သည် အောက်ပါအန္တရာယ်များကင်းရှင်းသည် ဟုဆိုပါသည်-

- ဦးခေါင်းရောဂါစသောပြင်းထန်သောရောဂါများ
  မကပ်ရောက်နိုင်ခြင်း
- ပစ္စည်းဥစ္စာများ မဆုံးရှုံး မပျက်စီးမပျောက်ရှခြင်း
- ခြေပြတ်လက်ပြတ်ကိုယ်အင်္ဂါမချို့တဲ့ခြင်း
- နူနာစသောကြီးမားသော အနာရောဂါများ
  မကပ်ရောက်ခြင်း
- စိတ်မပျံ့လွင့်မရူးသွပ်ခြင်း
- မင်းဘေးဒဏ်မသင့်ခြင်း
- အပြစ်ကြီးလေးသောအမှုဖြင့် မစွပ်စွဲခံရခြင်း
- မိမိမှိုခိုရာဆွေမျိုးများမပျက်စီးရခြင်း
- စည်းစိမ်ဥစ္စာများပျက်စီးယိုယွင်းမှုမရှိရခြင်း
- နေရာအဆောက်အအုံမီးလောင်မခံရခြင်း

မိဘမပြစ်မှား စီးပွားချမ်းသာ၊ ဆန်းလပမာ၊ တိုးတက်ရာ
မိဘမပြစ်မှား၊ ဒဏ်ဆယ်ပါး၊ ကင်းငြားဧကန်သာ

## မိဘမလုပ်ကျွေးသူ၏ဆိုးကျိုးများ

မိဘတို့ကိုမလုပ်ကျွေးသောသူသည် ဆုတ်ယုတ်ပျက်စီးကတ်ကြောင်းကို ဘုရားရှင်က သုတ္တနိပါတ ဥရောဂဝဂ္ဂ ပရာဘဝသုတ်၌နတ်သားတစ်ပါးကို ဟောကြားထားခဲ့ပါသည်-

"နတ်သား. . . အကြင်သူသည် အိုမင်း၍နောက်ဆုံးအရွယ်သို့ရောက်လာသောမိဘများကိုလုပ်ကျွေးနိုင်သူဖြစ်ပါလျက်မလုပ်ကျွေး၊ ထိုသို့မလုပ်ကျွေးခြင်းသည် ထိုသူအား ဧကန်ပျက်စီးဆုတ်ယုတ်ခြင်း၏အကြောင်း ကိုယ်စိတ်နှစ်ဖြာ ဆင်းရဲခြင်း၏အကြောင်း ဖြစ်ပေသည်၊

တစ်ဖန် ပစ္စုပ္ပန်သံသရာမှနှစ်ဖြာသောအကျိုးမဲ့ကိုအလိုမရှိကြကုန်သောလူမိုက်တို့သည် ဆပ်၍မကုန်နိုင်အောင် ကြီးမားလှသောကျေးဇူးရှင်မိဘတို့ကိုမလုပ်ကျွေးကြကုန်၊ လုပ်ကျွေးရန်ပင်မသိကြကုန်"

ဟူ၍ ဟောတော်မူခဲ့ပါသည်။

ကိုယ်အား နှုတ်အား ဉာဏ်အား ပစ္စည်းအားရှိသူဖြစ်ပါလျက် မိဘတို့ကိုမလုပ်ကျွေးသောသူသည်-

- ပစ္စုပ္ပန်ကာလ၌ သူတော်ကောင်းတို့ကဲ့ရဲ့ခံရသည်
- တမလွန်ဘဝဝယ် အပါယ်လေးပါးကျရောက်ရပြီး ဧကန်ပျက်စီးဆုတ်ယုတ်ရသည်

- ဇာကေန် စိတ်ရောကိုယ်ပါ ဆင်းရဲမည်

- ကိုယ်ရောစိတ်ပါကြီးပွားချမ်းသာရန်အကြောင်းမရှိ ဟူ၍ သုတ္တနိပါတ်၌ဖွင့်ဆိုဟောထားသည်ကိုတွေ့ရပါသည်။

သုတ္တနိပါတ ဥရောဂဝဂ္ဂ အဂ္ဂိဘာရဒွါဇဝသလသုတ်၌-

"အဂ္ဂိဘာရဒွါဇပုဏ္ဏား. . အကြင်သူသည် အိုမင်းလျက် နောက်ဆုံးအရွယ်ရောက်နေသောမိဘတို့ကို လုပ်ကျွေးနိုင်စွမ်း ရှိသူဖြစ်ပါလျက် မလုပ်ကျွေးက ထိုသူသည် သူယုတ်မာဖြစ်၏" ဟူ၍ ဟောတော်မူခဲ့ပါသည်။

မိဘကိုပြစ်မှားမလုပ်ကျွေးကြသောသူတို့သည် အောက်ပါဆိုးကျိုးဒဏ်(၁၀)ပါးကိုခံစားကြရသည်ဟု ဘုရားရှင်က မူလပက္ခဇာတ်၌ဟောကြားထားခဲ့ပါသည်-

## မိဘပြစ်မှားသောသူတို့၏ဆိုးကျိုးများ

၁။ အစားအစာရှားပါးခြင်း

၂။ သွားလေရာ၊ ရောက်လေရာ၌ ပူဇော်ချီးမြှောက်မစမှု မခံရခြင်း

၃။ မင်း၊ ခိုးသူ၊ ဓားပြတို့နိုင်ထက်စီးနင်း၊ ညှင်းပန်းခံရခြင်း

၄။ ပရိသတ်အလယ်၌ မနှစ်မြို့မှုကိုခံရပြီး မောင်နှမသားချင်းအလယ်၌ မြင့်မြတ်သူအဖြစ်သို့မရောက်ခြင်း။

၅။ မကောင်းသတင်းပျံ့နှံ့ခြင်း

၆။ စည်းစိမ်အခြံအရံပြိုကွဲခြင်း

၇။ ကျက်သရေမရှိဖြစ်ကာ မတင့်တယ်ခြင်း

၈။ ဆင်၊ မြင်း၊ ကျွဲ၊ နွား၊ လုပ်သား၊ သီးနှံစသည်ပျက်စီးခြင်း

၉။ တောင်၊ ချောက်ကမ်းပါးစသည်ကျသော် ဆောက်တည်ရာမရခြင်း

၁၀။ မိသားစုအသိုက်အမြုံ မြဲမြံခိုင်ခံ့စည်ကားခြင်းမရှိခြင်း။

မိဘကို ပြစ်မှားသောသူတို့သည် အောက်ပါဘေးဒဏ်များကိုလည်းခံစားရပါသည်-

၁။ ဦးခေါင်းရောဂါစသော ပြင်းထန်သောရောဂါဝေဒနာများစွဲကပ်ခံရခြင်း

၂။ ပစ္စည်းဥစ္စာများဆုံးရှုံးခံရခြင်း

၃။ လက်ပြတ်၊ ခြေပြတ်စသည်ဖြင့် ကိုယ်အင်္ဂါပျက်စီးခြင်း

၄။ နူနာစသောကြီးမားသောအနာကပ်ရောက်ရခြင်း

၅။ ရူးသွပ်ရခြင်း

၆။ မင်းဘေး၊ မင်းဒဏ်သင့်ခြင်း

၇။ အပြစ်ကြီးလေးသောအမှုဖြင့်စွပ်စွဲခံရခြင်း

၈။ မိမိအားထားရာဆွေမျိုးများပျက်စီးမှုနှင့်ကြုံတွေ့ရပြီး မိမိပါဆင်းရဲဒုက္ခရောက်ရခြင်း

၉။ စည်းစိမ်ဥစ္စာများ ယိုယွင်းပျက်စီးရခြင်း
၁၀။ အိမ်နေရာ၊ ထိုင်ရာမီးလောင်ခံရခြင်း

မိဘကြောင့် မိမိတို့လူ့လောက လူ့ဘဝသို့ချမ်းမြေ့သာယာစွာဘေးကင်းစွာနှင့်ရောက်လာကြတယ်၊ အဲဒီမိဘတွေဟာ မိမိတို့အပေါ်မှာကျေးဇူးကြီးမားလှပါတယ်။

ဒါကြောင့် ဘုရားရှင်က ကြီးပွားချမ်းသာလိုကြတဲ့ အိမ်ထောင်သည်တွေ အထူးသဖြင့် မိန်းမတွေဟာ မီး(၃)မီးမလောင်စေရဘူးတဲ့၊ အဲဒီမီး(၃)မီးကတော့-

- အလှူခံမီးဆိုတဲ့ ရဟန်းသံဃာမီး
- မိဘမီး
- လင်မီး

ဆိုတာတွေပဲ၊ မိဘရဲ့ကျေးဇူးကိုမသိလို့ ကိုယ်နှုတ်အမူအရာတို့ဖြင့် ကျူးလွန်စော်ကားမိရင် သားသမီးတွေမှာ အလွန်အပြစ်ကြီးပြီး ဘေးဒုက္ခတွေဖြစ်ပေါ်တယ်၊ ကျရောက်တတ်တယ်၊ ဒါကြောင့် မိဘတွေဟာ မလိမ္မာတဲ့သားသမီးတွေကို လောင်ကျွမ်းစေတတ်တဲ့အတွက်ကြောင့် မိဘမီး လို့ခေါ်တယ်။

အဲဒီမိဘမီးမလောင်အောင် သားသမီးတွေဟာ အိမ်ထောင်သည်ဘဝမှာလည်း မိဘကိုစားဦးစားဖျားပေးလှူတတ်ရမယ်၊ ပူဇော်တတ်ရမယ်၊ ရိုသေသမှုဖြင့်ပြုစုလုပ်ကျွေးကြရမယ်။

ကေဒါရကျေးမင်းပြောသလို ကြွေးသစ်လည်းချ၊ ကြွေးဟောင်းလည်းဆပ် ဆိုတာလို သမီးတို့ဟာ မိဘကိုလုပ်ကျွေးခြင်းဖြင့် ကြွေးဟောင်းဆပ်ရမယ်၊ သားသမီးတို့ကိုပြုစုလုပ်ကျွေးခြင်းဖြင့် ကြွေးသစ်ချရမယ်။

ဒီနေရာမှာ သမီးကို ကေဒါရကျေးမင်းဇာတ်လမ်းလေးကို သဘောပေါက်နားလည်အောင်ပြောပြချင်တယ်-

## ကြွေးဟောင်းကြွေးသစ်

ရှေးအခါက မာဂဓတိုင်း၊ ရာဇဂြိုဟ်ပြည်ရဲ့အရှေ့မြောက်အရပ်မှာ သာလိန္ဒိယဆိုတဲ့ရွာတစ်ရွာရှိပြီး အဲဒီရွာမှာ ကောသိယဂေါတ္တ[illegible]တဲ့ပုဏ္ဏားတစ်ယောက်ဟာ သလေးစပါးကို ပယ်တစ်ထောင်စိုက်တယ်။

လယ်များကို လယ်စောင့်ချထားပြီး စောင့်ရှောက်ထားတယ်၊ လယ်စောင့်နတ်ကလည်း လယ်ထဲမှာတဲထိုးပြီးနေ့ညမပြတ်ထိန်းသိမ်းစောင့်ရှောက်တယ်။

ပုဏ္ဏားကြီးလယ်ရဲ့အရှေ့မြောက်အရပ်မှာလည်း လက်ပံတောကြီးတစ်ခုရှိပြီး အဲဒီလက်ပံတောမှာ ကြက်တူရွေးငှက်များမှီတင်းနေထိုင်ကြတယ်၊ အဲဒီကျေးအပေါင်းထဲမှာ ခေါင်းဆောင်ကျေးမင်းဟာ အဆင်းလည်းလှတယ်၊ ခွန်အားလည်းကြီးတယ်။

ကျေးမင်းမှာ အိုမင်းမစွမ်းတော့တဲ့မိဘနှစ်ပါးလည်းရှိတယ်၊ ကျေးမင်းဟာ မိဘနှစ်ပါးကို အစာရှာမသွားစေဘဲ လက်ပံတော၌နေစေပြီး အစာတို့ကိုဆောင်ယူပြီး ကျွေးမွေးပြုစုတယ်။

တစ်ခါသော် ကျေးမင်းနှင့်ကျေးသားအပေါင်းဟာ ပုဏ္ဏား၏လယ်တောသို့အုပ်ဖွဲ့ပျံသန်းကာ သလေးနှံတို့ကိုစားသောက်ကြတယ်၊ လယ်စောင့်ကလည်း ဟိုဟိုဒီဒီပြေးလွှားပြီး ကျေးများကိုခြောက်လှန့်တားမြစ်သော်လည်း မရဘူး၊ ကျေးများဟာ သူတို့အလိုရှိသမျှစားသောက်ပြီး ပျံထွက်သွားကြတယ်။

ကျေးမင်းကတော့ မိဘများအတွက် သလေးနှံများကိုကိုက်ချီသယ်ဆောင်ပြီးပျံတယ်။

ကျေးမင်းနှင့်တကွ ကျေးများဟာ လယ်တောသို့ နေ့စဉ်ရက်ဆက်လာရောက်စားသောက်နေ၍ လယ်စောင့်သည်လည်းခြောက်လှန့်လို့မရနိုင်တော့သည့်အတွက် လယ်ရှင်ပုဏ္ဏားထံသို့သွားရောက်အကြောင်းကြားတယ်။

ထိုအခါ လယ်ရှင်ပုဏ္ဏားက ကျေးမင်းကိုမြင်ပြီး ကျော့ကွင်းထောင်၍ ဖမ်းယူပြီးသူ့ထံယူလာဖို့ပြောသတဲ့။

လယ်စောင့်သည် လယ်ရှင်ပုဏ္ဏားစေခိုင်းသည့်အတိုင်း ကျော့ကွင်းထောင်၍ဖမ်းယူရာ ကျေးမင်းကိုကျော့ကွင်း၌ဖမ်းမိသတဲ့။

ကျေးမင်းဟာ မိမိကျော့ကွင်း၌မိသည်ကို အခြားကျေး များချက်ချင်းမသိစေဘဲ တိတ်ဆိတ်စွာသည်းခံစောင့်နေတယ်။

အခြားကျေးများအစာဝလောက်ပြီထင်မှ ကျော့ကွင်းမိသောအသံကိုသုံးကြိမ်တိုင်တိုင်ဟစ်ကြွေးအသံပြုတယ်။

ကျေးငှက်အပေါင်းတို့ကလည်း ကျေးမင်း၏အသံကိုကြားသောအခါ ဘေးအန္တရာယ်ကျရောက်သည်ကိုသိ၍ ဝေးရာသို့ပျံတက်ပြေးကြတယ်။

လယ်စောင့်ဟာ ကျေးမင်း၏မြည်သံ၊ ကျေးငှက်များရုတ်ရုတ်သဲသဲဖြစ်ပြီး ပျံတက်ပြေးသောအသံများကိုကြား၍ ကျော့ကွင်းထောင်ရာအရပ်သို့သွားရောက်ကြည့်သည်၊ ကျေးမင်းကိုကျော့ကွင်း၌မိသည်ကိုသိ၍ ကျော့ကွင်းမှဖြုတ်ယူကာ ပုဏ္ဏားထံသို့ပေးပို့ပေးလေသည်။

ပုဏ္ဏားကြီးဟာ ကျေးမင်းကိုရင်ခွင်၌ထားပြီး-

"အမောင်ကျေးသား. . . အခြားသောကျေးသားတို့ကဲ့သို့မဟုတ်ဘဲ သလေးနှံကိုအလိုရှိသလောက်လည်းစားသည့်ပြင်ကိုက်ချီယူဆောင်၍လဲသွားသေးသည်၊ လက်ပံတောမှာ ကျီကြဆောက်ကာ ငါ၏သလေးနှံတို့ဖြင့် ထိုကျီကြတို့ကိုဖြည့်ပေးနေပါသလော" လို့မေးတယ်။

အဲဒီအခါမှာ ကျေးမင်းက-

"အရှင်. . . ငါ၌ ကျီကြွမရှိပါ၊ ငါသည် ကြွေးမြီဟောင်းကိုဆပ်ရန် ကြွေးမြီသစ်ကိုချရန်၊ ဥစ္စာရွှေအိုးကိုမြှုပ်နှံရန်အလို့ငှာ အပြန်တွင် သလေးနှံတို့ကိုသယ်ဆောင်ရပါသည်"
လို့ ပြောကြားတယ်။

"အမောင်ကျေးသား. . . ကြွေးမြီဟောင်းဆပ်ခြင်း၊ ကြွေးမြီသစ်ချခြင်း၊ ဥစ္စာရွှေအိုးမြှုပ်ခြင်းဆိုသည် အဘယ်နည်း"

"အရှင်. . . ငါ၏မိဘတို့သည် အိုမင်းမစွမ်းရှိပြီးမိဘနှစ်ပါးဖြစ်သည့်အတွက် သလေးနှံတို့ကိုဆောင်ယူကျွေးမွေးပြုစုပါ၏၊ ဤသည်မှာ ကြွေးမြီဟောင်းကိုဆပ်ခြင်းမည်ပါသည်၊ တစ်ဖန် ငါ့၌ အတောင်အလက်မစုံသေးသော ငယ်ရွယ်နုနယ်သေးသောသားငယ်ကျေးများရှိနေသေး၏၊ ထိုသားငယ်များကျွေးမွေးပြုစုရန် ငါ့မှာတာဝန်ရှိ၍ သူတို့အတွက်လည်း သလေးနှံကိုကိုက်ချီ၍ယူရပါ၏၊ ဤသည်မှာ ကြွေးသစ်ချခြင်းမည်ပါသည်၊ အရှင့်လက်ပံတော၌ အင်အားနည်းပါး၍ အစာရှာမထွက်နိုင်သောကျေးတို့သည်ရှိပါ၏၊ ထိုကျေးတို့အား ငါသည်ကောင်းမှုကိုလို၍ အစာပေးရပါ၏၊ ဤသို့ပေးခြင်းသည် ဥစ္စာမြှုပ်နှံခြင်းလို့ ပညာရှိတို့က ဆိုကြပါသည်။

မိဘကျေးဇူးနှင့်သားသမီးဝတ္တရားကို တတ်သိနားလည်သောကျေးမင်းကို လယ်ရှင်ပုဏ္ဏားသည်ကြည်ညိုလှသည်ဖြစ်၍

မိမိပိုင်သောလယ်ပယ်တစ်ထောင်မှကျေးအပေါင်းစားသောက်နိုင်ရန် ရှစ်ပယ်သောသလေးစပါးခင်းကိုလှူလေသည်။

လယ်ရှင်ပုဏ္ဏားကြီးသည် -

“အရှင်ကျေးမင်း. . . မျက်ရည်တို့ဖြင့် စိုစွတ်နေမည်ဖြစ်သောမိဘနှစ်ပါးကိုနှစ်သိမ့်စေရန် အမြန်ပျံသန်းသွားပါ ” လို့ပြောပြီး ပြန်လွှတ်လိုက်သတဲ့။

ကျေးမင်းလည်း သလေးနှံတို့ကိုကိုက်ချီသယ်ဆောင်ယူပြီးလျှင် လက်ပံတောသို့ပျံသွားသတဲ့၊ ထိုအခါကျမှ မျက်ရည်ဖြင့်စိုစွတ်နေသောမိဘတို့လည်း စိတ်ရွှင်လန်းကာ ဝမ်းပန်းတသာရှိကြသတဲ့။

ကေဒါရကျေးမင်းပြောသလို ကြွေးဟောင်းဆပ်ကြရပါမယ်၊ ဤသို့ဆပ်မှလည်း သမီးတို့သားတို့လင်ယားကို နတ်လင်နတ်မယားလို့အခေါ်ခံရမယ်၊ နတ်ပြည်သနင်းသိကြားမင်းက ဥပုသ်သီတင်းနေ့ လူပြန်ဆင်းစာရင်းကောက်တဲ့အခါမှာ မိဘလုပ်ကျွေးသူကို သီးသန့်စာရင်းကောက်သတဲ့၊ အဲဒီစာရင်းထဲမှာ သမီးတို့လင်မယားပါအောင် ကြိုးစားအားထုတ်ကြရမယ်။

ကမ္ဘာပျက်ခါနီးအချိန်မှာ နတ်တွေကြွေးကြော်လျှင်လည်း

“အို-အချင်းတို့. . . နောက်နှစ်ပေါင်းတစ်သိန်း ကျရောက်လေလျှင် ဤကမ္ဘာကြီးပျက်စီးတော့မည်၊ ထို့ကြောင့်

အမောင်တို့ အမိတို့မေတ္တာပွားကြ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာ ပွားကြပါ၊ ထို့ပြင် အမိအဘတို့ကုပ်ကွမြတ်လေးလုပ်ကျွေးကြပါ” ဟု သတိပေးကြွေးကြော်သတဲ့။

မိဘကိုလုပ်ကျွေးသူဟာ အဲဒီလောက်အရေးပါတယ် ဆိုတာ သမီးတို့သဘောပေါက်နားလည်သင့်ပါပြီ။

အိမ်ရာတည်ထောင်နေတဲ့သမီးတို့သားတို့ဟာ အရှေ့ အရပ်လို့သတ်မှတ်ထားတဲ့မိဘနှစ်ပါးကိုပြုစုရမယ်၊ လုပ်ကျွေးရ ပါမယ်။

ဘုရားရှင်က သားသမီးဝတ်ငါးပါးမှာ မိဘလုပ်ကျွေးဖို့ ဟောထားတာကို သိမှာပါ။

ငါရဲ့မိဘတွေဟာ ငါ့ကိုဖဝါးလက်နှစ်လုံး ပခုံးလက်နှစ် သစ်ကစ၍လုပ်ကျွေးခဲ့သည်၊ စောင့်ရှောက်ခဲ့သည်၊ ပြုစုခဲ့သည့် အတွက်ကြောင့် ငါသည်မိဘတို့ကိုခြေဆုပ်လက်နယ်ပြုစုခြင်း၊ မကျန်းမာသောအခါ ထမင်းအစားအစာများ ကျွေးမွေးခြင်း၊ အဝတ်လျှော်ပေးခြင်စသည်တို့ဖြင့် ပြုစုလုပ်ကျွေးပါအံ့ ဆိုတဲ့စိတ် အမြဲမွေးရပါမယ်။

မိဘမေတ္တာဟာ အနှိုင်းမရှိ၊ အနှိုင်းမဲ့ဆိုတာကို သမီးကို ဖေဖေပြောပြခဲ့ပြီးပါပြီ။

မိမိကိုသတ်မယ်ဆိုတဲ့သား အဇာတသတ်လက်မှာ နူနာ ပေါက်တော့ ဖခင်ဘုရင်ဗိမ္ဗိသာရမင်းကြီးက မရွံမရှာငုံ့ပြီး ပြည်

တွေပေါက်တော့လည်းပြည်ပုပ်သွေးပုပ်တွေကို သားလေးနို့သွား မှာစိုးလို့ ထွေးထုတ်မပစ်ဘဲ မျိုချပစ်တယ်တဲ့။

သမီးစဉ်းစားကြည့်ပါ။ အဖေ့မေတ္တာ ကရုဏာဟာ ဒီသား အပေါ်မှာဘယ်လောက်လွှမ်းခြုံထားတယ်ဆိုတာကြည့်ပါ။

ဤကဲ့သို့ကြီးမားလှစွာသောမိဘမေတ္တာကို တုံ့ပြန်ရမယ် ဆိုတာဟာ သားသမီးတွေရဲ့ဝတ္တရားပဲမဟုတ်လား။

ဤမျှကြီးမားတဲ့မေတ္တာကို မတုံ့ပြန်ဘူးဆိုရင် မေတ္တာ ပျက်ကြတဲ့အတွက်ကြောင့် အရှေ့လောကဓာတ်မီးလောင်တယ် လို့ဆိုပါတယ်။

ငါ့အဖေ၊ ငါ့အမေဟာ ငါ့လက်နှင့်ငါ့ထမင်း ငါမယူစား နိုင်ခင်အချိန်က ငါ့ပါးစပ်ထဲနေ့စဉ်နေ့စဉ် ထမင်းခွံ့ပြီး ကျွေးတယ်။

ငါ့မစင် ငါမသုတ်နိုင်တဲ့အချိန်မှာ ငါ့မိဘတွေဟာ ငါ့ တစ်ကိုယ်လုံးကိုသုတ်သင်ပေးခဲ့တယ်။

ဤမျှကြီးမားလှတဲ့မေတ္တာ စေတနာတွေကို တုံ့ပြန်သော အားဖြင့်-

"ငါ့မိဘတွေ ကိုယ့်ထမင်းကိုယ်မသယ်နိုင်တဲ့အချိန် မိမိ ရဲ့ခန္ဓာကိုယ်မှာ မိမိမသုတ်သင်နိုင်တဲ့အချိန်မှာ ငါ့အမေ အဖေ ပါးစပ်ထဲထမင်းကျွေးဖို့ရာ ငါ့တာဝန်၊ ငါ့အမေရဲ့အညစ်အကြေး တွေသုတ်သင်ဖို့ရာ ငါ့တာဝန်"

လို့သိကာ မေတ္တာတုံ့လှယ်ရမယ်။

မိဘတွေဟာ သားသမီးတွေအပေါ်မှာ မကျေနပ်တာရှိလို့ ဘယ်လောက်ပဲ ဒေါသထွက်နေ-ထွက်နေ အမေ့အတွက် ကျွန်တော် ကျွန်မချွေးနည်းစာလေးနှင့်ဝယ်လာတဲ့ထဘီလေး၊ ပုဆိုးလေး အမေဝတ်ကြည့်စမ်းပါ၊ အဖေဝတ်ကြည့်စမ်းပါလို့ ပြောပြလိုက်စမ်းပါ၊ မိဘတွေစိတ်ဆိုးတာတွေ ဒေါသထွက်တာတွေပျောက်ပြီး ဝမ်းသာလွန်းလို့မျက်ရည်များတောင် လည်လာဦးမယ်။

သားသမီးက သားသမီးပြုစုရမယ့်ဝတ္တရားတွေချတ်ယွင်းလာရင်တော့-

"တို့ကတော့ ကျွေးရ-မွေးရ ကိစ္စပေါင်းစုံပြုလုပ်ပေးရ၊ သူတို့လူတစ်လုံးသူတစ်လုံးဖြစ်အောင် ဆောင်ရွက်ပေးရ၊ အဆင်းရဲခံရတာ ဒီကောင်တွေကောင်မတွေကျတော့ အမေ့ကိုအမေမှန်းမသိဘူး၊ အဖေကိုအဖေမှန်းမသိကြဘူး"

လို့ မိဘလုပ်သူတွေကဆိုလိုက်ရင် မိဘရဲ့နှလုံးသားထဲမှာဖြစ်ပေါ်နေတဲ့မေတ္တာအပေါ်မှာ ဒေါသစေတနာလေးကမသိမသာလေးလွှမ်းသွားတတ်ပါတယ်။

အဲဒီလို ဒေါသသံကြားရတဲ့သားသမီးကလည်း မိဘကိုလုပ်ကျွေးရမယ့်အစား တို့ကိုဒီလောက်တောင်ဆူတယ်၊ ပူတယ်၊ ကြိမ်းတယ်၊ မောင်းတယ်၊ လူကြီးပဲကွာပြောချင်တာပြောပါစေ

လို့ပြောလိုက်ရင် အဲဒီလိုပြောချင်ရာပြောစမ်းပါစေဆိုကတည်းက မိဘကို ဂါရဝမစိုက်ဘူးလို့ဆိုရာရောက်တယ်၊ လူကြီးတွေ ဘာတွေပြောပြော ဂါရဝမစိုက်ဘူးဆိုတဲ့ အဓိပ္ပာယ်သက်ရောက်တယ်။

အဲဒီအခါမှာ သားသမီးနှင့်မိဘမေတ္တာအပြည့်အဝမရတော့ဘဲ မိဘရဲ့မေတ္တာကိုဒေါသနှင့်တုံ့ပြန်ရင် အရှေ့အိမ်နံရံမီးလောင်တယ်လို့ပြောရမယ်သမီး၊ ဒါကြောင့် မိဘကိုမစော်ကားနဲ့၊ မပုတ်ခတ်နဲ့၊ မပြစ်မှားနဲ့။

အဲဒီလို မစော်ကားမိဖို့ အထူးဂရုစိုက်ရမယ်သမီး။

ပြီးတော့ သမီးတို့ဟာ အရွယ်ရင့်လာပြီဖြစ်တဲ့မိဘတွေရဲ့ အလုပ်ကိစ္စတွေကို ကိုယ်စားဆောင်ရွက်ပေးနိုင်ရမယ်။

မိဘတွေအိမ်အပြင်မထွက်စေရအောင် နေပူမိုးရွာမရှောင်အပြင်ထွက်ပြီးလုပ်ပေးနေရတာတွေကို သူတို့မလုပ်ရလေအောင် သားသမီးတို့ကတာဝန်ယူလုပ်ပေးမယ်။

အစိုးရရုံးကိစ္စ၊ စီးပွားရေးစသည့်ကိစ္စတွေရှိလာရင် နယ်ထွက်သွားစရာ လာစရာတွေရှိလာရင် အဖော်ရေးပေးလိုက်၊ အမေစာရေးပေးလိုက်၊ ကျွန်တော်-ကျွန်မသွားလုပ်ပေးမယ် စသည်ဖြင့် ပြောပြီး အကုန်ဆောင်ရွက်ပေးလိုက်မယ်လို့စိတ်မွေးပြီး သားသမီးတွေက မိဘတွေရဲ့ကိစ္စဝှူဝဟူသမျှကိုဆောင်ရွက်ပေးရမယ်၊ အဲဒီလိုဆောင်ရွက်ပေးခြင်းဟာလည်း မိဘကျေးဇူးဆပ်ရာရောက်ပါတယ်။

ပြီးတော့ သားသမီးအလိမ္မာဆိုတာဟာ မိဘတွေရဲ့ ဘာသာရေးဓလေ့ထုံးစံ လူမှုရေးဓလေ့ထုံးစံတွေမပျက်အောင် ထိန်းတတ်ရမယ်။

မိဘရှာဖွေပေးတဲ့ပစ္စည်းတွေကို မိဘနှစ်ပါးကို ရိုသေသောအားဖြင့် လေးစားသောအားဖြင့် မပျောက်ပျက်အောင် ထိန်းသိမ်းတတ်ရမယ်။

မိဘတွေပင်ပန်းကြီးစွာရှာဖွေထားတဲ့ပစ္စည်းတွေကို ဖြုန်းတီးပစ်တဲ့သားသမီးဟာ မိဘရဲ့ခေါင်းကိုလက်သီးနှင့်ထိုးတာနဲ့ တူတယ်။

မိဘကရှာဖွေပေးခဲ့တဲ့အိမ်ခြံကလေး၊ ဥယျာဉ်ကလေးတွေ စသည်တို့ကို မိမိလက်ထက်ကျမှ ပြုတ်ပြုတ်ကုန်တယ်ဆိုရင် ဒီသားသမီးဟာ မိဘအမွေမခံထိုက်တဲ့ သားသမီးဖြစ်သလို မိဘကျေးဇူးကိုစော်ကားရာရောက်တဲ့သားသမီးလည်းဖြစ်တယ်။

သားကောင်းသမီးကောင်းဆိုတာဟာ မိဘအမွေကိုခံယူတတ်ရမယ်၊ မိဘထားခဲ့တဲ့ဥစ္စာအမွေ၊ မျိုးရိုးဂုဏ်သိက္ခာများ မပျောက်ပျက်မတိမ်ကောရအောင် ထိန်းသိမ်းစောင့်ရှောက်နိုင်ကြရမယ်။

## သားသမီးကိုပြုပြင်ပါ၊ ထောက်ပံ့ပါ

သမီးတို့ဟာ မိခင် ဖခင်ဆိုတဲ့ဘဝကိုရောက်လာကြလျှင် သားသမီးတွေအတွက်တာဝန်ရှိလာပြီး အထူးသဖြင့် အိမ်ထောင်ဦးစီးဖြစ်တဲ့ သမီးခင်ပွန်းဟာ ဖခင်နေရာမှာတာဝန်ယူရပြီး သားသမီး၊ ဇနီးတို့ကိုချီးမြှောက်ရမယ်၊ ထောက်ပံ့ရမယ်၊ လုံခြုံမှုအဝဝကို အကာအကွယ်ပေးရပါမယ်။

လောကမှာ မည်သည့်အရာပင်ဖြစ်ပါစေ၊ အမှီကောင်းရှိမှ အဆင့်အတန်းမြင့်မားပါတယ်။

တောင်ပေါ်၌ပေါက်ရောက်သောသစ်ပင်ဟာ တောင်၏ပမာဏအတိုင်းမြင့်မားရပါတယ်။

သက်မဲ့သစ်ပင်တို့သည်ပင်လျှင် အမျိုးတူခြားသော်လည်း တောင်ပုံမ်းနှင့်မြေပြန့်မှာပေါက်ရောက်သောသစ်ပင်တို့ဟာ အနိမ့်အမြင့်၊ အခေါက်အဖွေး၊ အသွေးအသားတို့မတူကြသလို အိမ်ထောင်ဦးစီးဖခင်၏အခြေအနေကိုမူတည်၍ မိသားစုဟာလည်း ရေမြင့်ကြာတင့်သလို မြင့်တက်ရပါမယ်။

အိမ်ထောင်ရေးတစ်ခုမှာ အိမ်ထောင်ဦးစီးဖြစ်တဲ့ဖခင်ဟာ မိသားစုရဲ့ဂုဏ်ရောင်ကိုထွန်းပြောင်စေသူပါ။

မိဘတိုင်းဟာ အိမ်ထောင်သည်ရယ်လို့ဖြစ်လာရင် အသိုက်အဝန်း၊ အသိုင်းအဝိုင်း၊ အခြံအရံဆိုတာကိုလိုချင်လာ

ကြတယ်၊ အဲဒီအထဲမှာ အဓိကလိုချင်တာကတော့ သားသမီး အခြံအရံအသိုင်းအဝိုင်းတို့က အဓိကဖြစ်ပါတယ်။

သားသမီးဆိုတာဟာ မိဘတို့ရဲ့နှလုံးအလိုကိုပြည့်စေတတ် (ဝါ)မိဘတို့၏အမှုကြီးငယ်တို့ကိုဆောင်ရွက်လုပ်ကိုင်ပေးတတ်သောကြောင့် သားသမီးလို့ခေါ်တယ်လို့ ဖွင့်ဆိုကြပါတယ်။

မိဘတွေဟာ ဘာကြောင့် သားသမီးလိုချင်ကြသလဲဆိုတဲ့အကြောင်းကိုပြောပြမယ်။

## သားသမီးလိုချင်မှု

"ရဟန်းတို့. . . ကောင်းစွာသိမြင်တတ်သောပညာရှိမိဘတို့သည် ငါတို့မွေးမြူထားသောသားသမီးများသည် ငါတို့အားပြန်လည်လုပ်ကျွေးကြလိမ့်မည်ဟူသောမျှော်လင့်ချက်ဖြင့် သားသမီးများကိုအလိုရှိကြကုန်၏၊ ထို့ကြောင့် ပြုစုဖူးသောကျေးဇူးကိုသိသောသူတော်ကောင်းတို့သည် ရှေးကပြုဖူးသည်ကိုအပြန်ပြန်အောက်မေ့လျက် မိဘတို့ကိုပြုစုလုပ်ကျွေးရာ၏"

လို့ အင်္ဂုတ္တိုရ်ပဉ္စကနိပါတပုတ္တသုတ်မှာ ဘုရားရှင်ကဟောကြားထားတာကို တွေ့ရပါတယ်-

"သားသမီးဟူသည် မိဘတို့၏စိတ်နှလုံးကိုပြည့်ဝစေတတ်သောကြောင့် သားသမီးမည်ပါတယ်" လို့

သဒ္ဒါကျမ်းဆရာတို့က ဖွင့်ဆိုရှင်းပြထားတာကိုတွေ့ရပါတယ်။

မိဘအသီးသီးဟာ သားသမီးများကို မျှော်လင့်ချက်ငါးရပ်ဖြင့်လိုချင်ကြပြီး မေတ္တာထားကာပြုစုလုပ်ကျွေးမွေးမြူကြလေ့ရှိတယ်လို့ဆိုပါတယ်။

ထိုမျှော်လင့်ချက်ငါးရပ်မှာ-

၁။ ငါတို့မွေးမြူထားသောသားသမီးတို့သည် ငါတို့အသက်အရွယ်ကြီးရင့်၍ အလုပ်အကိုင်မလုပ်နိုင်သောအခါ ငါတို့အား တစ်ဖန်ပြန်၍ ပြုစုလုပ်ကျွေးကြပေလိမ့်မယ်။

၂။ ငါတို့၏ကိစ္စကြီးငယ်အသွယ်သွယ်ကို မပျက်မကွက်ပြုပေးကြလိမ့်မယ်။

၃။ ငါတို့၏မျိုးရိုးစဉ်လာအစဉ်အဆက်ကိုမပျက်အောင်ကောင်းစွာထိန်းသိမ်းစောင့်ရှောက်ကြလိမ့်မယ်။

၄။ ငါတို့၏အမွေအနှစ်ကို ကောင်းစွာလက်ခံဆောင်ရွက်ကြလိမ့်မယ်။

၅။ ငါတို့တမလွန်ဘဝသို့ပြောင်းသွားသောအခါ ငါတို့အတွက် ကုသိုလ်ကောင်းမှုပြုပြီး ကုသိုလ်အဖို့ဘာဂကိုအမျှဝေကြလိမ့်မယ်။

သားသမီးတို့ဟာ ဤမည်သောမိဘတို့ရဲ့မျှော်လင့်ချက်စိတ်နှလုံးအလိုဆန္ဒများကိုပြည့်ဝအောင် ဖြည့်ဆည်းဆောင်ရွက်ပေးကြမှသာလျှင် သားကောင်းသမီးကောင်း သားစစ် သမီးစစ်လို့ ခေါ်ဆိုရပါမယ်။

အသိတိနိပါတ် မဟာသုတသောမဇာတ်၌ အလောင်းတော်မဟာသုတသောမမင်းက မိဖုရားကိုဆုံးမရာမှာ-

- လင်ကိုမကြောက်၊ မရှိသေသောမယားသည် မယားလည်းမမည်
- အိုမင်းသောမိဘကိုမလုပ်ကျွေးသောသားသမီးသည် သားသမီးမမည်

ဟူ၍ ဆုံးမထားတာကိုတွေ့ရပါတယ်။

သိင်္ဂါလောဝါဒသုတ်၌ ဘုရားရှင်က သားသမီးကျင့်ဝတ်ငါးပါးကိုဟောထားရာ ထိုကျင့်ဝတ်နှင့်ညီသောသားသမီးတို့သည် သားသမီးကောင်းမည်ပါတယ်။

- သားသမီးသည် မိဘကိုမီးကဲ့သို့လောင်ကျွမ်းမပူပန်စေမှသာ သားသမီးမည်ပါတယ်။
- မိဘတို့သည် သားသမီးတစ်ကျိပ်ကိုဝမ်းဝအောင်လုပ်ကျွေးနိုင်တယ်၊ သားသမီးတစ်ကျိပ်က မိဘတစ်ဦးကိုပမ်းဝအောင်မလုပ်ကျွေးနိုင်သောသဘောရှိက ထိုသားသမီးသည်လည်း သားသမီးမမည်ထိုက်

လို့ဆိုပါတယ်။

## သားသမီး(၃)မျိုး

လောကမှာ မိဘတို့မွေးဖွားသောသားသမီးကို အဆင့်အတန်းအလိုက်(၃)မျိုး ခွဲခြားထားတာကိုတွေ့ရတယ်-

၁။ အတိဇာတသားသမီး - မိဘထက်ပို၍အသိဉာဏ်ကြီးမားပြီး လိမ္မာယဉ်ကျေးသောသားသမီး

- ထိုသားသမီးမျိုးဟာ မိဘထက်အသိဉာဏ်ကြီးမားပြီး လိမ္မာယဉ်ကျေးတယ်။
- အရာရာတွင်အမြင်ကျယ်၍ သူတစ်ပါး၏ကျေးဇူးကို တုံ့ပြန်တယ်၊ ခင်ပွန်းကြီးကိုမပြစ်မှားတတ်၊ ပူဇော်တတ်လေ့ရှိတယ်။
- ကိုယ်အမူအရာ၊ နှုတ်အမူအရာယဉ်ကျေးသိမ်မွေ့တတ်တယ်။
- မိဘဆရာသမားတို့ကို ရိုသေစွာဆည်းကပ်လုပ်ကျွေးတတ်တယ်။
- ရတနာသုံးပါးကိုဆည်းကပ်ပြီး ငါးပါးသီလကို ထိန်းသိမ်းသူဖြစ်တယ်၊ ထိုသားသမီးမျိုးဟာ မိဘထက် အဆင့်မြင့်သောသားသမီးမျိုးဖြစ်ပါတယ်။

၂။ အနုဇာတသားသမီး -မိဘတို့နှင့်တန်းတူအသိဉာဏ်ရှိပြီး
လိမ္မာယဉ်ကျေးသောသားသမီး

- မိဘတို့နှင့်တန်းတူအသိဉာဏ်ရှိပြီး လိမ္မာယဉ်ကျေးတယ်။
- မိဘတို့တတ်သိလိမ္မာသမျှ ကြီးပွားတိုးတက်အောင်စွမ်းဆောင်နိုင်သမျှ သားသမီးတို့က တတ်သိလိမ္မာစွမ်းဆောင်နိုင်တယ်။
- တိုးတက်ကြီးပွားမှုကိုလိုက်၍လုပ်နိုင်ကြတယ်။
- မိဘတို့ကရတနာသုံးပါးဆည်းကပ်သလိုလိုက်၍ဆည်းကပ်နိုင်တယ်။
- မိဘတို့ကသီလလုံခြုံသလို လုံခြုံတယ်။
- မိဘတို့က ဒါနပြုသလို လိုက်ပြုနိုင်တယ်။

ဤကဲ့သို့သော သားသမီးမျိုးဟာ မိဘနှင့်တန်းတူရှိသော အနုဇာတသားသမီးမျိုးဖြစ်ပါတယ်။

၃။ အဝဇာတသားသမီး -မိဘတို့ဆိုဆုံးမသည်ကိုနားမထောင်
ထင်ရာပြု ထင်ရာလုပ်သဖြင့်
ယုတ်မာမိုက်မဲသောသားသမီးမျိုး

-ပညာမသင်၊ မိဘဆိုဆုံးမသည်ကိုနားမထောင်၊ မိဘကို ကလန်ကဆန်လုပ်သောသားသမီးများ

- ရတနာသုံးပါးကိုမကြည်ညို၊ ဒါနသီလတို့၌အလေ့အထ မရှိ၊ အကုသိုလ်ဒုစရိုက်တို့၌သာပျော်မွေ့နေသောသား သမီးများ
-မိဘကျေးဇူးကိုသိရှိနားလည်မှုမရှိသောသားသမီးများ
-ဤသားသမီးမျိုးများဟာ မိဘအောက်ယုတ်သော သားသမီးမျိုးဖြစ်တယ် လို့ဆိုပါတယ်။

လောကမှာ သားကောင်း၊ သမီးကောင်းဆိုတာဟာ ပျားပိတုန်းနှင့်တူပြီး သားဆိုး၊ သမီးဆိုးဟာ ပုစွန်နှင့်တူပါတယ်။

ပျားပိတုန်းတို့ဟာ ပန်းပွင့်ကိုမဖျက်ဆီးဘဲ ပန်းဝတ်ရည်ကိုစုပ်ယူတတ်တယ်၊ ပုစွန်ကတော့ ပန်းပွင့်ကိုအရင်းမှကိုက်ဖြတ်တတ်တယ်။

အလားတူပဲ သားကောင်း၊ သမီးကောင်းဟာ မိဘအမွေအနှစ် မိဘဂုဏ်ကိုမပျက်စေဘဲ ဂုဏ်တက်သည့်ထက်တက်အောင် ဥစ္စာပစ္စည်းရှိသည်ထက်ရှိအောင် ဆောင်ရွက်တတ်တယ်၊ သားဆိုး၊ သမီးဆိုးကမူ မိဘအမွေအနှစ်တို့ဖြင့် မိဘဂုဏ်ကိုဖျက်ဆီးတတ်တယ်။

ဥပမာ-ငါက ဘာကောင်ကြီးသား၊ ညာကောင်ကြီးသားဆိုပြီး ဖခင်ရဲ့တန်ခိုးအာဏာပါဝါကိုအရှိန်အဝါပြုပြီး ရမ်းကားစော်ကားတယ်၊ အဲဒီမကောင်းမှုကြောင့် အမှုဖြစ်ထောင်ကျရတယ်၊ ဒါဟာ မိဘဂုဏ်ကိုဖျက်ဆီးတာပဲ။

သားသမီးဆိုတာ မိဘအတွက်-

**"သားသမီးမကောင်း မိဘခေါင်း"** ဟူ၍ဆိုဆုံးမထားတာလည်းရှိတယ်၊ သားသမီးဆိုတာ မိဘလက်ထဲရှိတယ်၊ ပုဗ္ဗာစရိယမိနှင့်ဘဆိုသည့်အတိုင်း မိဘကလည်း သားသမီးကို ဆုံးမပဲ့ပြင်နိုင်မှုအရည်အချင်းရှိရမယ်။

သားသမီးကိုဆုံးမရာမှာ စာဏကျနီတိဆရာကတော့-

- (၅)နှစ်သားအရွယ်သားသမီးကိုလည်း လူ့ာလေးသမီးလေးစသည်ဖြင့် ချော့မော့ဆုံးမရမယ်။
- (၆)နှစ်မှ(၁၀)နှစ်အရွယ်ကို ခြောက်တန်ခြောက်၊ ရိုက်တန်ရိုက်ပြီး ဆုံးမရမယ်။
- (၁၁)နှစ်မှ (၁၆)နှစ်အရွယ်သားသမီးကို မိတ်ဆွေကဲ့သို့ပြုမူ၍ လိမ္မာရာလိမ္မာကြောင်း နည်းလမ်းကောင်းပြောပြ၍ ဆုံးမရမယ်။

ကြီးတော့ လင်က ဇနီးသားသမီးကို တောင်းပန်သဂြိုဟ်ရမယ်၊ ကျွေးမွေးရမယ်၊ အဝတ်အစားအနေထိုင်ပေးရမယ်၊ လုံခြုံရေးရှိအောင် ဆောင်ရွက်ပေးရမယ်ဆိုတာရှိတယ်၊ အဲဒီနေရာမှာ ဇနီးကလည်း အမိနှင့်တူတဲ့မယား၊ ကျွန်မနှင့်တူတဲ့မယား၊ မိတ်ဆွေနှင့်တူတဲ့မယားဖြစ်ဖို့လိုတယ်။

သားသမီးကလည်း ပြောဆိုဆုံးမလွယ်ပြီး မိဘစကားကိုနားထောင်ပြီး လိမ္မာယဉ်ကျေးတဲ့သားသမီးမျိုးကိုဆိုလိုတာပါ။

အားလား, ကျားလား၊ ထီးလား, မီးလား

"အတတ်ပညာ၊ အလိမ္မာကို၊ ငယ်ခါကလျှင်၊ မသင်စေငြား၊ မိဘများကား၊ သား၏ရန်သူ၊ မည်သောဟူရှင်"

လို့ မဃဒေဝလင်္ကာမှာ မန်လည်ဆရာတော်ဘုရားက စပ်ဆိုထားတာကိုတွေ့ရမယ်-

လောကတွင် မိဘဟူသည် "လက်ဦးဆရာမည်ထိုက်စွာ ပုဗ္ဗာစရိယ မိနှင့်ဘ"ဟုဆိုသည့်အတိုင်း မိမိတို့သားသမီးများကို ငယ်စဉ်ကတည်းက လိမ္မာရေးခြားရှိအောင် သွန်သင်ဆုံးမလာခဲ့ကြရပါတယ်။

အလိမ္မာစာမှာရှိတယ်လို့ ဆိုထားသည့်အတိုင်း မိမိတို့၏ သားငယ်သမီးငယ်များလိမ္မာယဉ်ကျေးစေရန် အသိအလိမ္မာရှိကြစေရန် ကျောင်းသို့ပို့အပ်ကာ စာသင်ပေးကြရပါတယ်၊ မိဘတို့သည် သားသမီးတို့၏ဘဝနောင်ရေးကိုရည်ရွယ်ပြီး ပညာသင်ပေးကြရာ ပညာတတ်သားသမီးများဖြစ်ပေါ်လာကာ မိမိတို့ဘဝအတွက် အားထားမှီခိုရာသားသမီးများဖြစ်လာကြပါမယ်။

ပညာမတတ်သောသားယောက်ျားလေးဟာ ငယ်စဉ်ကသားဖြစ်ခဲ့သော်လည်း ကြီးသော်ပညာမတတ်လူမိုက်ဖြစ်သွားပါကမိဘတို့အတွက် ကျားကဲ့သို့ကြောက်စရာကောင်းသောသားဖြစ်လာပါမယ်။

အလားတူ သမီးသည်လည်း ပညာမတတ်လိမ္မာရေးခြား မရှိပါက ငယ်စဉ်ကသမီးဖြစ်တာမှန်ပေမယ့် ကြီးလာတဲ့အခါ မိဘတို့အတွက် မီးကဲ့သို့ပူလောင်သောသမီးဖြစ်လာပါမယ်။

ငယ်စဉ်က ပညာသင်ပေးခဲ့၍ လိမ္မာယဉ်ကျေးသော သားသမီး၊ မိဘကျေးဇူးကိုသိသောသားသမီး၊ ရတနာသုံးပါးကို ဆည်းကပ်သောအကျိုးကို သိရှိသည့်သားသမီး၊ အရက် အကြောက်ကိုထိန်းသိမ်းတတ်သောသားသမီးများဖြစ်လာပါက ထိုသားသမီးများသည် မိဘတို့အတွက်-

- ငယ်ငယ်ကသား ကြီးတော့အား
- ငယ်ငယ်ကသမီး ကြီးတော့ထီး

ဟူ၍ ဖြစ်လာပြီး သားသည်ကြီးလာလျှင်အားကိုးရသလို သမီးသည်လည်း ထီးသဖွယ်မှီခိုရာဖြစ်လာပါတယ်။

**မယွင်းမှန်လှ၊ ဤလောက၌၊ မိဘကိုပင်၊ ဥစ္စာမြင်မှ**
**ခင်မင်မြတ်လေး၊ သားတို့မွေး၏၊ ပဲခွေးမရှိ မိဘတို့အား၊**
**ထံပါးနီးရပ်၊ မကပ်တုံလျှင်း၊ ရှောင်ကြကွင်း၏**

လို့ မန်လည်ဆရာတော်ဘုရား မဃဒေဝလင်္ကာမှာ စပ်ဆိုဆုံးမ ပြထားပါတယ်-

သားမလိမ္မာရင် ကျားနဲ့တူတယ်
သားလိမ္မာရင် အားနဲ့တူတယ်

သမီးမလိမ္မာရင် မီးနဲ့တူတယ်
သမီးလိမ္မာရင် ထီးနဲ့တူတယ်

- သားမလိမ္မာလျှင် မိုက်ကန်းလျှင် ကျားဆိုးနှင့်တူပြီး မိဘတွေ စိတ်ဆင်းရဲရပါတယ်။
- သားလိမ္မာလျှင် မိဘတွေအားကိုးရ၊ အားထားမှီခိုရပါတယ်။
- သမီးမလိမ္မာလျှင် မီးနှင့်တူပြီး မိဘတွေမှာသမီးအတွက် ပူပန်သောကရောက်ကြရပါတယ်။
- သမီးလိမ္မာလျှင် မိဘများအတွက် ထီးအရိပ်ရသကဲ့သို့ အေးမြပြီး မိဘတွေမှာရင်အေးကြရပါတယ်။

သားသမီးတို့ဟာ မိဘအတွက် မီးဖြစ်သကဲ့သို့ အမိအဖတို့သည်လည်း သားသမီးတို့အတွက်မီးမည်၏၊ ပကတိသောရန်သူမီးသည် ကောင်းစွာစောင့်ရှောက်လျှင်စောင့်ရှောက်၊ မစောင့်ရှောက်လျှင် ထိုမီးသည်လောင်ကျွမ်းစေတတ်ပါတယ်၊ မိဘတို့ကိုလည်းရိုသေလုပ်ကျွေးစောင့်ရှောက်လျှင်စောင့်ရှောက်၊ မရိုမသေလုပ်ကျွေး မစောင့်ရှောက်လျှင် မိဘတည်းဟူသောမီးလောင်၍ ငရဲသို့ရောက်တတ်သည်လို့ အင်္ဂုတ္တိုရ်ဥဟောထားတာကို တွေ့ရပါတယ်။

## ထိုးနှင့် တူသောသမီး

ဘုရားရှင် သာဝတ္ထိပြည်၌သီတင်းသုံးနေစဉ်အချိန်က ဖြစ်သည်၊ သာဝတ္ထိပြည်သားသူကြွယ်တစ်ဦးသည် မယားကလည်း ကွယ်လွန်၊ ပစ္စည်းဥစ္စာများကလည်း ပျက်စီးခဲ့ပြီး သမီးလေးတစ်ဦး သာ ကျန်ရစ်ခဲ့လေသည်။

တစ်နေ့သောအချိန်တွင် သူကြွယ်သည် သမီးလေးကို မိတ်ဆွေထံအပ်နှံထားခဲ့ပြီး မိတ်ဆွေထံမှငွေတစ်ရာကျပ်ချေးယူ ကာ လှည်းကုန်သည်များနှင့်အတူကုန်အရောင်းအဝယ်ပြုလုပ်ခဲ့ သည်။

မကြာခင်ပင် ကုန်ရောင်းအဆင်ပြေပြီး အကိုးအမြတ်ငွေ ငါးရာကျပ်ရရှိခဲ့သည်၊ ထိုမှအပြန်လမ်းတွင် ဓားပြတိုက်ခံရသည်၊ ကုန်သည်သည် ဥစ္စာထုပ်ကိုဆွဲယူပြီးထွက်ပြေးခဲ့သည်၊ ဥစ္စာထုပ် ကိုတစ်နေရာတွင်ဝှက်ထားပြီး လူကတစ်နေရာတွင်ပုန်းအောင်း နေခဲ့သည်။

သို့သော် ဓားပြများကမူ သူ့ကိုရှာဖွေတွေ့ရှိသွားပြီး အသတ်ခံရလေသည်၊ သူကြွယ်သည် သူမြှုပ်နှံထားသောဥစ္စာ အပေါ်၌စွဲလမ်းပြီး သေခဲ့၍ထိုအနီးအနားတွင် ပြိတ္တာဖြစ်နေရ လေသည်။

အသက်ဘေးမှလွတ်ခဲ့သော ကုန်သည်များက ဗာရဏ သီသို့ပြန်ရောက်သော် သူကြွယ်သမီးအား အကြောင်းစုံကိုပြောပြ ကြလေသည်၊ အားလည်းပေးကြသည်။

သူကြွယ်၏မိတ်ဆွေကလည်း သမီးလေးကိုအားပေးပြီး သူ၏သမီးအဖြစ်မွေးစားထားသည်။

သမီးလေးသည် ကွယ်လွန်သွားသောမိမိ၏ဖခင်အတွက် သပိတ်သွတ်ဆွမ်းအလှူပြုလုပ်လိုသဖြင့် ယာဂုကျိုပြီးလျှင် ဆေး ဒါန်းဖြင့်သီလာအဆင်းပမာရွှေရည်ဝင်းလျက် ချိုမြိန်ကောင်းမွန် သောသရက်သီးမှည့်များကိုကြေးခွက်မှာထည့်ပြီးလျှင် ဘုရားရှင် ထံသို့သွားသည်၊ ဘုရားရှင်အား ဖခင်အတွက်ရည်မှန်းလှူသော အလှူဖြစ်ကြောင်း ရှိသေစွာလျှောက်ထားပြီး ဘုရားရှင်အား ဖြူစင်သန့်ရှင်းသောအဝတ်အခင်းကိုခင်းလှူလျက် ရှိသေစွာဆက် ကပ်လှူဒါန်းလေသည်။

မိမိလှူဒါန်းသောကုသိုလ်အဖို့ဘာဂကိုလည်း ကွယ်လွန် သွားသောဖခင်အတွက် ဘုရားရှင်ရှေ့မှာပင် အမျှပေးဝေလေ သည်၊ သမီး၏အလှူဒါနကိုအမျှရလိုက်သောသူကြွယ်ပြိတ္တာသည် ချက်ချင်းပင် သရက်ပင်ဥယျာဉ်ဗိမာန်နှင့်တကွ ပဒေသာပင်၊ လေးထောင့်ရေကန်စသောနတ်စည်းစိမ်များကို ရရှိခံစားရလေ သည်။

တစ်နေ့သောအချိန်တွင် ကုန်သည်များသည် ကုန်ရောင်းသွားကြရင်း ထိုနေရာသို့ရောက်ကြပြန်သည်၊ ဘုမ္မစိုးနတ်သည် မိမိ၏ဗိမာန်စသောပစ္စည်းအသုံးအဆောင်များနှင့်မိမိကိုယ်ကို ထင်ရှားအောင်ပြသသည်။

"သမီး၏ကုသိုလ်ကောင်းမှုကိုသာခုခေါ်လိုက်ရသောကြောင့် ယခုလိုချမ်းသာစွာဘုံဗိမာန်ခံစားရကြောင်း မိတ်ဆွေတို့အိမ်ပြန်ရောက်သောအခါ သမီးလေးကိုဤအကြောင်းပြောပြပေးပါ "

ဟု မှာကြားသည်၊ သူဝှက်ထားသောငွေ (၅၀၀)ရှိသောနေရာကိုပြသပြီး တူးဖော်ယူစေသည်။

"ဤငွေငါးရာကိုယူသွားကြပါ၊ သင်တို့က (၂၅၀)ယူပါ၊ (၁၀၀ိ/-)ကိုကြွေးရှင်အားပေးပါ၊ ကျန် (၁၅၀ိ/)ကို သမီးလေးကိုပေးပေးပါ " ဟု မှာကြားလိုက်သည်။

ကုန်သည်များသည် ဘုမ္မစိုးနတ်မှာလိုက်သည့်အတိုင်း သာဝတ္ထိသို့ပြန်ရောက်သောအခါ သမီးလေးကိုပြောပြပြီး ငွေကိုပေးလိုက်ကြသည်။

ဤဝတ္ထုတွင် သမီးသည်မိဘအတွက် ထီးကဲ့သို့အရိပ်ခိုခဲ့ရသောကြောင့် မိဘများဘဝချမ်းသာသုခခံစားရရှိရခြင်း ဖြစ်ပါသည်။

**(အမ္ဗဝနပေတဝတ္ထု)**

## သားသမီးကျင့်ဝတ်ငါးပါး

သိင်္ဂါလသတို့သားအား ဘုရားရှင်က သားသမီးနှင့်မိဘ အပေါ်ထားရှိပြီး ကျင့်ရမည့်ကျင့်ဝတ်ငါးပါးကိုဟောကြားထားပါ တယ်-

၁။ မိဘတို့ကို သားသမီးကျင့်ဝတ်နှင့်အညီပြုစုလုပ်ကျွေး ရမယ်

၂။ မိဘတို့၏အမှုကိစ္စ၊ ဝေယျာဝစ္စတို့ကိုဆောင်ရွက် လုပ်ကိုင်ပေးရမယ်

၃။ မိဘ၏ကောင်းမွေဆိုးမွေကိုခံယူရမယ်

၄။ မိဘကွယ်လွန်သောအခါ အလှူပေး၍အမျှပေးဝေရမယ်

၅။ မိဘမျိုးရိုးအစဉ်အလာကို ထိန်းသိမ်းစောင့်ရှောက်ဖတ် ရမယ်

## သားသမီးတို့၏အထူးတာဝန်ဝတ္တရားများ

သားကောင်းသမီးကောင်းအင်္ဂါနှင့်ညီသော သားသမီးတို့ ဆိုတာ အောက်ပါဝတ္တရားများကို နေ့စဉ်မပြတ်ဆောင်ရွက်ရမယ်-

- ညအိပ်ရာဝင်သော် မိဘတို့ကိုရှိခိုးအိပ်ရမယ်
- ခရီးဝေးထွက်ခွာသော် မိဘတို့ကိုရှိခိုးပြီးမှသွားရမယ်

- အဝေး၌ရှိသောမိဘတို့ကိုရည်မှန်း၍ ရှိခိုးရမယ်
- မိဘတို့ကိုအမြဲမပြတ်ရိုသေလေးစားမြတ်နိုးရမယ်
- မိဘကြိုက်နှစ်သက်သောအစားအစာကိုကျွေးရမယ်
- မိဘကြိုက်နှစ်သက်သောအဝတ်ကိုဝတ်ဆင်ပေးရမယ်
- မိဘကိုစိတ်ချမ်းသာကိုယ်ချမ်းသာဖြင့် အိမ်မှာနေစေရမယ်
- မိဘဝေယျာဝစ္စကိုပြုလုပ်ဆောင်ရွက်ပေးရမယ်

**သားသမီးကောင်းအင်္ဂါ**

လောကတွင် မိဘတိုင်း၌ သားကောင်းသမီးကောင်း ရတနာရခဲတယ်လို့ဆိုပါတယ်၊ သားကောင်း သမီးကောင်းအင်္ဂါ (၁၀)ပါးရှိပါတယ်-

- မိဘဆရာသမားတို့၏စကားကိုနားထောင်ခြင်း
- မိဘဆရာသမားတို့ကိုပြုစုလုပ်ကျွေးခြင်း
- ကြီးသူကိုရိုသေ၊ ရွယ်တူကိုလေးစား၊ ငယ်သူကိုသနားသောစိတ်ရှိခြင်း
- ရတနာသုံးပါးဆည်းကပ်ကိုးကွယ်ခြင်း
- ငါးပါးသီလစသည်ဆောက်တည်ကျင့်သုံးခြင်း
- အလှူခံတစ်ကျိပ်ကိုလှူဒါန်းလိုသောသဒ္ဓါတရားရှိသူဖြစ်ခြင်း

- နှုတ်ချိုသာစွာပြောဆိုတတ်ခြင်း
- ကိုယ်၊ နှုတ်၊ အမူအရာယဉ်ကျေးခြင်း
- ကံ-ကံ၏အကျိုးကိုယုံကြည်သူဖြစ်ခြင်း
- ဝန်တိုမနာလိုမှုစောင်းမြောင်းမှုကင်းခြင်း

ဤအင်္ဂါ(၁၀)ပါးနှင့်ပြည့်စုံသောသားသမီးသည် သားကောင်းသမီးကောင်းဖြစ်၍ မိဘတို့အတွက် သားမြတ်ရတနာ၊ သမီးမြတ်ရတနာရတယ်လို့ဆိုပါတယ်။

အဲဒီလို သားမြတ်ရတနာ၊ သမီးမြတ်ရတနာတွေရလာအောင် မိဘတွေဟာ မိဘဝတ္တရားနှင့်အညီ သားသမီးတွေကို-

- အရွယ်တိုင်းမှာမကောင်းမှုမပြုလုပ်ရန်တားမြစ်ပေးရမယ်။
- အရွယ်တိုင်းမှာ ကောင်းမှုပြုလုပ်ရန် ဘိုက်တွန်းနှိုးဆော်ပေးရပါမယ်
- လက်မှု၊ နှုတ်မှုအတတ်ပညာတွေကိုသင်ကြားပေးထားရပါမယ်
- သင့်လျော်သောအခါ ဥစ္စာစီးပွားရှာဖွေရအောင်အရင်းအနှီးပေးရပါမယ်
- ထိမ်းမြားသင့်တဲ့အချိန်အရွယ်ရောက်လာလျှင် ထိမ်းမြားပေးရပါမယ်

မိဘဝတ္တရားကျေပွန်သူများကို လောကမှာ မိကောင်းဖခင်လို့ခေါ်ကြပါတယ်၊ မိကောင်းဖခင်မှပေါက်ဖွားလာသော သားသမီးတို့ဟာလည်း လောကီလောကုတ်နှစ်ဖြာပြည့်စုံပြီး သားကောင်းသမီးမွန်တွေဖြစ်ကြရပါတယ်။

မကောင်းမှုကိုတားမြစ်ပေးခြင်း၊ ကောင်းမှုပြုရန်လမ်းညွှန်ပေးခြင်းဟာ သားကောင်းသမီးမွန်ဖြစ်ပေါ်ရေးအတွက် အရေးပါသောသော့ချက်ဖြစ်ပါတယ်။

မိဘဝတ္တရားပျက်ပြားပါက သားသမီးတို့၏ဘဝနစ်မွန်းကြရပါတယ်။

မိဘဘက်ကချို့ယွင်းမှုကြောင့် ဘဝနစ်မွမ်းခဲ့ရသော မဟာဓနသူဌေးသားအကြောင်းကတော့ သမီးတို့ငယ်ငယ်က ဖတ်စာမှာတွေ့ရမှာပါ-

မောင်ငယ်ရင်သွေး၊ နာဘိသေးလော
ရှေးသရောခါ၊ ပြည်ဗာရာဝယ်
ကုဋေကြွယ်သား၊ သူဌေးသားလျှင်
သားတစ်ယောက်ဖြစ်၊ ချစ်၍တစေ
အိမ်မှာနေ၍၊ စာပေမကျ
မိဘစုတေ၊ ခန္ဓာရွေ့သော်
အရှေ့အနောက်၊ တောင်မြောက်ဘယ်မှာ

မသိပါငြား၊ သူဌေးသားသည်
သိုထားမတတ်၊ အရပ်ရပ်၌
နှံ့အပ်ဥစ္စာ၊ ရှိသည်ငှာကို
များစွာကျွန်ပေါင်း၊ မကောင်းခိုးသူ
ယူ၍ပြေးရှောင်၊ အိမ်ကိုရောင်း၍
ထောင်းထောင်းကြေလျက်၊ ခွက်လက်စွဲကာ
တောင်းရမ်းပါလည်း၊ နင်သာလူမိုက်
ဒုစရိုက်ဟု၊ ရိုက်ပုတ်လိုက်ကြ
ရွာမှထွက်လေ၊ တောမှာသေသည်
နကောင်သေလင်းတ၊ ကျ၏တည်း။ ။

မဟာဓနသူဌေးသားသည် ကုဋေရှစ်ဆယ်ကြွယ်ဝသော သူဌေးမိဘ၏တစ်ဦးတည်းသောသားဖြစ်သည်၊ မိဘတို့က အတတ်ပညာတစ်စုံတစ်ရာသင်ကြားမပေးဘဲ အဆို၊ အက၊ အတီးအမှုတ်ကိုသာ သင်ကြားပေးခဲ့သည်။

မိဘများကွယ်လွန်သောအခါ လူမိုက်များနှင့်ပေါင်းဖော်မိပြီး စည်းစိမ်ပျက်စီးပြီး ခွက်လက်စွဲကာ တောင်းစားရသောဘဝသို့ရောက်ခဲ့ရတယ်။

အဲဒါ မဟာဓနသူဌေးသားသည် သာမန်ပုဂ္ဂိုလ်မဟုတ်ပါဘူး၊ လောကီစီးပွားရေးကိုကြိုးစားအားထုတ်လျှင် အထက်တန်းစားသူဌေးသူကြွယ်ဖြစ်နိုင်ပါတယ်။

လောကုတ္တရာကိုကြိုးစားအားထုတ်လျှင် မဂ်ဖိုလ်ရနိုင်သူဖြစ်ပါတယ်။

သို့သော်လည်း တာဝန်မကျေသောမိဘတို့ကြောင့် ဘဝပျက်သူဦးလူဖြစ်ရှုံးရတဲ့ဘဝရောက်ခဲ့ရတယ်။

အဲဒါကြောင့် လောကနီတိဆရာက-

"သားသမီးကို ပညာမသင်ပေးသောမိဘသည် သားသမီး၏ရန်သူမည်၏၊ ပညာမရှိသောသူသည် ဟင်္သာအလယ်၌ ဗျိုင်းကဲ့သို့လူပုံအလယ်၌မတင့်တယ်ချေ"

လို့ ဆိုဆုံးမထားတာကိုတွေ့ရပါတယ်။

မိဘတာဝန်ကိုထမ်းဆောင်ရာမှာ အနာထပိဏ်သူဌေးဟာ မိဘတိုင်း စံပြုထိုက်သူဖြစ်ပါတယ်။

သူဌေးကြီးဟာ မိုက်မဲဆိုးရွားနေသော သားဖြစ်သူကာလသတို့သားကိုစည်းရုံးသိမ်းသွင်းလျက် လိမ္မာအောင်ပြုလုပ်ပေးခဲ့တယ်၊ ကာလသတို့သားဟာ နောက်ဆုံးမိဘရဲ့လမ်းညွှန်ပေးမှုလမ်းမှန်ပို့ပေးမှုကြောင့် သောတာပန်ဘဝအထိရောက်ခဲ့ရတယ်၊ သားသမီးကိုချီးမြှောက်မှုဟာ နှစ်မျိုးရှိပါတယ်။

- ပစ္စည်းဥစ္စာပေး၍ ချီးမြှောက်ခြင်း
- အသိအလိမ္မာပညာပေး၍ ချီးမြှောက်ခြင်း

ပစ္စည်းဥစ္စာပေး၍ ချီးမြှောက်ခြင်းထက် အသိအလိမ္မာပေး၍ ချီးမြှောက်ခြင်းက ပို၍အကျိုးများလှပါတယ်။

ပစ္စည်းဥစ္စာဆိုသည်က တစ်ဘဝ တစ်ခဏမျှသာအကျိုး ပြုနိုင်ပါတယ်။

မဟာနေသူဌေးသားဘဝကိုကြည့်လျှင် ပစ္စည်းဥစ္စာဟာ တစ်ဘဝတောင်ဆုံးအောင်မခံစားလိုက်ရပါဘူး။

အသိအလိမ္မာဆိုသည်က သံသရာတစ်လျှောက်လုံး အကျိုးပြုသွားနိုင်ပါတယ်-

သားသမီးကိုအသိအလိမ္မာဖြင့်ချီးမြှောက်ခြင်းဟာ-

- မိဘများဟာ သားသမီးရဲ့ဆရာလည်းမည်ပါတယ်
- မိတ်ဆွေကောင်းလို့လည်းသတ်မှတ်လို့ရပါတယ်

သားသမီးကိုချီးမြှောက်မှုမရှိသောမိဘတိုင်းဟာ တာဝန် မဲ့သူများသာဖြစ်ပါတယ်။

သားသမီးများလူတော်လူကောင်းဖြစ်ရေးသည် မိဘများ အပေါ်၌များစွာတည်ရှိနေပါတယ်။

တစ်မိဝမ်းတွင်းမှမွေးဖွားလာသောသူချင်းတူပေမယ့် ဆုံးမသွန်သင်မှုရရှိခဲ့သောသူများသာ လူတော်လူကောင်းဖြစ်လာ နိုင်ပါတယ်။

ဆိုဆုံးမမှုမခံရတဲ့သားသမီးဟာ လူတော်လူကောင်း မဖြစ်နိုင်ပါဘူး၊ ကျေးသားညီနောင်ပုံဝတ္ထုလေးကိုကြည့်က သိသာ နိုင်ပါတယ်-

ကျေးသားတစ်ကောင်ဟာ ဆိုးမိုက်တဲ့သူခိုးဓားပြတွေ လက်ထဲရောက်သွားတော့ အဲဒီသူခိုးဓားပြတို့ရဲ့အပြုအမူ အပြော အဆိုအတတ်တွေသာတတ်မြောက်ပြီး မယဉ်ကျေးမလိမ္မာတဲ့ ကျေးသားလေးဖြစ်သွားရတယ်။

ကျေးသားတစ်ကောင်ကတော့ ရသေ့တို့ထံရောက်သွား တော့ ယဉ်ကျေးလိမ္မာတဲ့ကျေးသားလေးဖြစ်သွားရတယ်။

- မိဘကျေးဇူးတုံ့ပြန်ခြင်း
- အများအကျိုးဆောင်ရွက်ခြင်း
- စာရိတ္တကောင်းမွန်ခြင်း

စသောအရည်အချင်းများဟာ လူတော်လူကောင်းတို့၏ကျင့်စဉ် များဖြစ်ကြသောကြောင့် သားသမီးများက မိဘကျေးဇူးသိအောင် အများအကျိုးဆောင်ရွက်တတ်အောင် အကျင့်စာရိတ္တကောင်း အောင် မိဘတို့ကပုဗ္ဗာစရိယမိနှင့်ဘဆိုသည့်အတိုင်း ရှေ့ဆောင် လမ်းပြသွန်သင်ဆုံးမတတ်ရန် လိုအပ်လှပါတယ်။

အခါးမျိုးစေ့မှဖြစ်ပေါ်လာသောအမြစ်၊ အရွက်၊ အသီး၊ အပွင့်တို့ဟာ ဘယ်သောအခါမှချိုသောအရသာမဖြစ်လာနိုင် သကဲ့သို့ မိဘတို့၏ကျိုးကြောင်းပြသဆိုဆုံးမမှုမခံရသောသူဟာ ဘယ်လိုမှလောကကိုအကျိုးပြုသူဖြစ်လာနိုင်မှာမဟုတ်ပါဘူး။

ထိုသားသမီးမျိုးသည် မိဘအမွေမခံထိုက်သည့်အပြင် မိဘတို့၏အညစ်အကြေးတုံးသဖွယ်သာဖြစ်ပါတယ်။

လယ်တီဆရာတော်ဘုရားကြီးက မိဘနှင့်သားသမီး အချင်းချင်း ဆက်စပ်နှိုးနွှယ်ပုံအား ရေးပြထားတော်မူတာကို တွေ့ရပါတယ်-

“အလိမ္မာမှု၌သွန်သင်ဆုံးမမှုမရှိကြကုန်သော အမိအဘ တို့သည်ရှိကြပါကုန်ငြားသော်လည်း မရှိရာရောက်ကြကုန်၏၊ ကောက်စပါးတို့၌ လယ်ယာမြေခင်းမရှိသည်နှင့်တူ၏၊ အဆုံးအမ ညံ့ဖျင်းလှသောမိဘတို့သည် မြေဆီ၊ မြေဩဇာနည်းပါးလှသော လယ်တိမ်လယ်ကောနှင့်တူကြကုန်၏”

ထိုသူတို့၏လက်တွင်း၌ကြီးဖွားရကုန်သောသူငယ်တို့ သည် လယ်တိမ်၊ လယ်ကောတို့၌ပေါက်ရောက်ကြရကုန်သော ကောက်စပါးနှင့်တူကြကုန်၏။

အဆုံးအမကောင်းမွန်ကြသော မိဘတို့သည် မြေဆီ မြေဩဇာပြည့်စုံစွာသောလယ်ယာမြေခင်းတို့နှင့်တူကုန်၏။

ထိုသူတို့၏လက်တွင်း၌ ကြီးပွားကြရကုန်သောသူငယ် တို့သည် လယ်ကောင်းယာကောင်းတို့၌ပေါက်ရောက်သော ကောက်စပါးနှင့်တူကြကုန်၏။

သားသမီးကိုချီးမြှောက်ခြင်းသည် ကြွေးသစ်ချခြင်းဖြစ်၍ သားသမီးကိုချီးမြှောက်ခြင်း၊ ခိုင်မာမှုမိဘကိုပြုစုလုပ်ကျွေးခြင်း ဆိုသောမင်္ဂလာသည် ခိုင်မာပါသည်။

အဲဒါကြောင့် မိဘဆိုတဲ့သမီးတို့ဇနီးမောင်နှံဟာ သားသမီးနှင့်ပတ်သက်လာရင် မိဘဝတ္တရားကိုမပျက်ကွက်ကြဘဲ မိဘရဲ့ဝတ္တရားကိုကျေပွန်အောင်ဆောင်ရွက်ပေးကြဖို့လိုပါလိမ့်မယ်။

## မိဘတို့၏ဝတ္တရား

သားသမီးတို့မည်သည် မိဘတို့၏ဆိုးမွေကောင်းမွေကို ခံရပါတယ်၊ ပစ္စည်းလည်းရှိ၊ အနာလည်းကင်း၊ အကျင့်စာရိတ္တလည်းကောင်း၊ ပညာလည်းလိုလားသောမိခင်၊ ဖခင်တို့၏ သားသမီးဖြစ်ရသောသူတို့မှာ-

- မိဘတို့၏ပစ္စည်းဟူသောကောင်းမွေကိုခံစားရခြင်း
- မိဘတို့မှကူးစက်တတ်သောအနာမျိုးမှကင်းရခြင်း
- မိဘတို့အကျင့်ဓာတ်ကူးစက်သဖြင့် ကောင်းသောအမွေစရိုက်ရရှိခြင်း
- မိဘတို့ပညာသင်ပေးသဖြင့် ပညာတည်းဟူသောအမွေရရှိခြင်း

စသော မိဘကောင်းလျှင်ကောင်းသလောက် ကောင်းမွေအမျိုးမျိုးကို ခံစားရပါတယ်။

မိဆိုးဘဆိုး မိယုတ်ဘယုတ်တို့၏သားသမီးတို့မှာ မိဘတို့၏အဆိုးဓာတ်၊ အမိုက်ဓာတ်ကူးစက်ခံရသဖြင့် မိခင်ဝမ်းထဲမှာပင်-

- အသေဆိုးနှင့်သေရခြင်း
- ဝမ်းထဲမှာပင်အမျိုးမျိုးနှိပ်စက်ခံရခြင်း
- ဝမ်းထဲမှာပင် မိဘတို့မှကူးစက်သောအနာဆိုးများ ပါလာတတ်ခြင်း
- မွေးဖွားလာလျှင်လည်း စွန့်ပစ်ခံရခြင်း
- မိဘ၏ဒုစရိုက်အကျင့်ဆိုးများ၊ ဝသီဆိုးများပါလာခြင်းကြောင့် လူအများ၏ကဲ့ရဲ့ရှုတ်ချခြင်း၊ ပစ်ပယ်ခြင်းကို ခံရခြင်း

စသည်ဖြင့် မိဘယုတ်လျှင်ယုတ်သလောက် သားသမီးများခံစားကြရပါတယ်။

ထို့ကြောင့် မိဘတို့သည် သားသမီးတို့အပေါ် ဝယ် ပဋိသန္ဓေတည်နေသည်မှစ၍ လူလားမြောက်သည်အထိ အသက်ရှင်သမျှကာလပတ်လုံး စောင့်ရှောက်ထောက်ပံ့အပ်သောနည်းမျိုးစုံဖြင့် သားသမီးများမျက်နှာမငယ်စေရန် ကောင်းသောအမွေရရှိစေရန် ဆောင်ရွက်လုပ်ကိုင်ပေးရပါမယ်။

မိဘဟူသည် မိဘဟူသောဂုဏ်ကိုရလာသည်နှင့် တစ်ပြိုင်နက်တည်း မိဘဆိုင်ရာကျင့်ဝတ်ဖြစ်သော-

**မကောင်းမြစ်တား၊ ကောင်းရာညွှန်လတ်**

**အတတ်သင်စေ၊ ပေးဝေနှီးရင်း**

တိမ်းမြားခြင်းလျှင်၊ ဝတ်ငါးအင်
ဖခင်မယ်တို့တာ

ဟူသောမိဘကျင့်ဝတ်ငါးပါးနှင့်အညီ ကျင့်သုံးဆောက်တည်ရပါမယ်၊ သို့မှသာ မိဘတာဝန်ကျေပါမယ်။

မကောင်းမြစ်တာဆိုသည်မှာ မွေးဖွားလာသောသားသမီးတို့ကို အတိုင်းအထွာ၊ အဆဲအရေးအဆိုဧသည်များကို သင်မပေးရပါ။ အကျင့်ပါသွားတတ်၍ ကစားမြူးတူးလိုသောသဘောဖြင့်ပင် အဆဲတို့ကိုသင်မပေးရပါ။

သားသမီးများပတ်ဝန်းကျင်က အတုမြင်အတတ်သင်ပြီးဆဲရေးတိုင်းထွာတတ်လာပါလျှင် အပြစ်အမျိုးမျိုးပြ၍ ဆုံးမသွန်သင်ရပါမည်၊ တစ်နည်းမရ တစ်နည်းနှင့်ဆိုဆုံးမရပါမည်၊ မိဘကိုယ်တိုင်ကလည်း ဤအလေ့မျိုးကိုအထူးရှောင်ရပါမည်။

ကောင်းရာညွှန်လတ်ဆိုသည်မှာ ဘုရားရှိခိုးတတ်အောင် ရတနာသုံးပါးကိုရှိခိုးတတ်အောင်၊ လိမ္မာရေးခြားရှိသောစာများဖတ်ချင်လာအောင် လူကြီးသူမများနှင့်ယဉ်ကျေးသိမ်မွေ့စွာ စကားပြောဆိုတတ်အောင် အထူးသင်ပေးရမည်။

အသွားအလာ၊ အစားအသောက်၊ အနေအထိုင်၊ အဝတ်အစားအချိုးအစားကျနအောင် စည်းကမ်းတကျရှိအောင် သင်ပေးရပါမည်။

မကောင်းမှုအပြုအမူအလေ့အကျင့်တို့ကို မပြုလုပ်မိစေရန် လမ်းညွှန်ပေးရပါမယ်။

မိဘဝတ္တရားနှင့်အညီ မသွန်သင်၊ မဆုံးမ၊ မပြုပြင်ပေးလျှင် သားကိုယ်ကမဆုံးမလျှင် မိဘတလည်ရန်သူမည်၏ ဆိုသည့်အတိုင်း သားသမီးတို့အတွက် ရန်သူပမာဖြစ်ရပါမယ်။

အတတ်သင်စေဆိုသည်မှာ မိဘတို့သည် သားသမီးတို့ကိုမွေးဖွားပေးရုံမျှတာဝန်ကိစ္စပြီးသွားသည်မဟုတ်ပါ၊ ရှေ့သို့ဆက်၍လောကအလယ်၌ သားသမီးများဂုဏ်ဝင့်ထည်စေရန် ပညာတည်းဟူသောမျက်စိကိုဖွင့်ပေးရမည်၊ ပညာတည်းဟူသော အဝတ်တန်ဆာကိုဆင်၍ ပညာတည်းဟူသောအမွေကို ခံယူရပါမယ်။

ပထမအရွယ်၊ ငယ်သော်ကလည်း၊
သိပ္ပခေါင်အား၊ တတ်မြောက်များမူ၊
တောသားရန်အောင်၊ ခြင်္သေ့ရောင်သို့၊
မရှောင်မရှား၊ တင့်တင်းမာ၍၊
ပညာရဲရင့်၊ ပွဲလယ်တင့်လိမ့်။

ဆိုတဲ့ပျို့ကဗျာလင်္ကာအတိုင်း မိဘလမ်းညွှန်းကြတ်မပ်သင်ကြားပေးသောအတတ်ပညာကြောင့် ပညာအကျိုးကျေးဇူးကိုခံစားရသောသားသမီးတို့သည် မိဘဂုဏ်ကျေးဇူးကိုမမေ့နိုင်ကြတော့ပါ။

သို့အတွက် မိဘများသည် သားသမီးများကို အတတ်ပညာပေးရမယ်။

ပညာမတတ်သောသားသမီးတို့သည် ပညာမဲ့ဖြစ်ပေါ်လာသောအကျိုးကျေးဇူးကိုမခံစား၊ မစံစားကြရသည့်အတွက် မိဘတို့၏ဂုဏ်ကျေးဇူးကိုသိကြမည်မဟုတ်ပါ၊ ထိုသားသမီးများအတွက် မိဘသည်ရန်သူသဖွယ်ဖြစ်လာပါတယ်။

ပညာမျက်စိ၊ မြင်မရှိ၍
မသိတရား၊ အယူမှားလျက်
စီးပွားမယ်မျှော်၊ ကျိုးမပေါ်

ဟူသောဆုံးမစာနှင့်အညီ အပြစ်အမျိုးမျိုး၊ အဆိုးအဖြာဖြာများဖြင့်တွေ့ကြုံရပြီး သေခါလည်းမလှ၊ နေခါလည်းအောက်ကျနောက်ကျဖြစ်ရခြင်းစသောအပြစ်အမျိုးမျိုးတို့နှင့်ကြုံတွေ့ရတတ်လေသည်၊ ထိုအခါတွင် သားသမီးတို့သည် ငါတို့မှာမိဘမကောင်း၍ ဤသို့ဖြစ်ရလေသည် ဟူ၍အပြစ်တင်ကြလေ့ရှိပါတယ်။

ထိုသို့သော သဘောသဘာဝတရားများရှိသောကြောင့် မိဘတို့သည် သားသမီးတို့ကိုပညာသင်ကြားစေရခြင်း၊ ပညာသင်ကြားရာ၌ သားသမီးတို့ကိုအလိုမလိုက်ဘဲ ရိုက်နှက်သင့်က ရိုက်နှက်ဆုံးမ၍သင်ကြားစေရခြင်း၊ ဆရာ-ဆရာမများကိုလည်း မိုက်လျှင်ရိုက်ဆုံးမပါ၊ မကျိုးမကန်းလျှင်တော်ပြီ ဟုပြောဆိုအပ်နှံရပါတယ်။

ဤသည်မှာ မိဘတို့က သားသမီးများပညာတတ်မြောက်ရေးအတွက် ဆောင်ရွက်ရမည့်တာဝန်ဖြစ်ပါတယ်။

*ပေးဝေနိုးရင်းဆိုသည်မှာ* သားသမီးတို့၏အခြေအနေကို ကြည့်ရှု၍ သင့်လျော်သောအချိန်ကာလတွင် သားသမီးတို့လုပ်ကိုင်စားသောက်နိုင်ရန်အတွက် မိမိတို့၏ဥစ္စာပစ္စည်းတို့ကို ခွဲခြမ်းစိတ်ဖြာ၍ဝေပေးရပါမယ်။

ဥစ္စာပစ္စည်းအရင်းအနှီးမရှိသောမိဘတို့သည် ငယ်စဉ်ကတည်းကပင် သားသမီးတို့ကို အတတ်ပညာများတတ်မြောက်အောင် သင်ကြားပေးခြင်းဟူသောအမွေအနှစ်ကိုရအောင် ပေးရပါမယ်။

*ထိမ်းမြားခြင်းလျှင်ဆိုသည်မှာ* မိဘတို့သည် သားသမီးများအရွယ်ရောက်လာလျှင် သင့်တော်သောအမျိုးသား၊ အမျိုးသမီးတို့နှင့်အိမ်ထောင်ချပေးရပါမယ်။

**သားသမီးတို့ကိုအိမ်ထောင်ချပေးရာမှာလည်း–**

- ဘာသာအယူ၊ မတူကွဲလွဲ၊ လူမျိုးကွဲလက်ထဲသို့ ဆောင်နှင်း၍ ထိမ်းမြားမင်္ဂလာပြုပေးခြင်း
- တစ်ဖက်စီးနင်း၊ အတင်းအဓမ္မစီစဉ်ပေး၍ လက်ထပ်မင်္ဂလာပြုခြင်း

စသည်တို့ကို မပြုလုပ်မိရန် အထူးရှောင်ရှားကြရပါမယ်။

သားသမီးတို့သည် ဘာသာကွဲလူမျိုးကွဲနှင့်တိတ်တဆိတ်ချစ်ကြိုက်နေသော် အချိန်မီတားဆီးပိတ်ပင်ပေးရပါမယ်။

**မိမိဥ္မသမီးဖြစ်လျှင်–**

- ဘာသာအယူတူညီသောသတို့သား
- အမျိုးအနွယ်စင်ကြယ်သောသတို့သား
- စိတ်ထားနှလုံးရည်တည်ကြည်ဖြောင့်မတ်သော သတို့သား
- သားမယားတို့ကို စားဝတ်နေရေးပြည့်စုံအောင် ရှာဖွေကျွေးနိုင်သောသတို့သား
- သားမယားကို စိတ်နှလုံးရွှင်ပြုံးချမ်းသာအောင် ထားနိုင်သောသတို့သား
- လင့်ဝတ်ငါးပါးနှင့်ညီသောသတို့သား

စသောအရည်အချင်းရှိသောသတို့သားနှင့်ရွေးချယ်၍ လက်ထပ်ထိမ်းမြားပေးရပါမယ်။

**မိမိဘက်ကသားဖြစ်လျှင်–**

- မယား(၇)မျိုးတွင် အမိ၊ နှမ၊ ကျွန်နှင့်တူသောမယားမျိုး
- လိမ္မာရေးခြားရှိ၍ နူးညံ့သိမ်မွေ့သောအမျိုးသမီးမျိုး
- ရတနာသုံးပါးဆည်းကပ်ကိုးကွယ်တတ်သော အမျိုးသမီးမျိုး
- နှစ်ဘက်မိဘတို့ကို မျှတစွာကြည့်ရှုစောင့်ရှောက်တတ်သောအမျိုးသမီးမျိုး

- မယားဝတ်ငါးပါးနှင့်အညီကျင့်သုံးနိုင်သော
  အမျိုးသမီးမျိုး

စသောအရည်အချင်းရှိသော အမျိုးသမီးမျိုးနှင့်လက်ထပ်ထိမ်းမြားပေးရပါမယ်။

## မကောင်းမှုဟူသမျှ ကိုယ်နှုတ်ဖြင့်ရှောင်ကြဉ်ပါ

သမီးတို့ရဲ့ ဒုတိယအရွယ်အိမ်ထောင်သည်ဘဝမှာ သာယာချမ်းမြေ့စွာနေလိုလျှင် ဒုစရိုက်ဆိုတဲ့မကောင်းမှုမှန်သမျှတို့ကို

- စိတ်နှင့်လည်းရှောင်ကြဉ်နိုင်အောင်ကြိုးစားရမယ်
- နှုတ်နှင့်လည်းရှောင်ကြဉ်နိုင်အောင်ကြိုးစားရမယ်
- ကိုယ်ဖြင့်လည်းရှောင်ကြဉ်နိုင်အောင်ကြိုးစားရမယ်

လောက၌ မကောင်းမှုဟူသည် ဆိတ်ကွယ်ရာမရှိ လို့ဆိုပါတယ်၊ မကောင်းမှုကိုပြုသောသူဟာ ရှေးဦးစွာကိုယ်တိုင်သိတယ်၊ ထို့နောက် ကိုယ်စောင့်နတ်နှင့်သူတစ်ပါးစိတ်ကိုသိသောနတ်များသိတယ်။

ဘုရားရှင်လက်ထက်က ပထမ ပါရာဇိကကိုဦးစွာကျူးလွန်ခဲ့သောအရှင်သုဒိန်၏မေထုန်အမှုကျူးလွန်မှုကို ပထမသူတစ်ပါးစိတ်ကိုသိသောနတ်များကသိပြီး ဘုမ္မစိုးနတ်များကိုပြောကြားခဲ့တယ်။

ထိုဘုမ္မစိုးနတ်များမှတစ်ဆင့် နတ်ပြည်ခြောက်ထပ်နှင့် ဗြဟ္မာပြည်တိုင်အောင် အဆင့်ဆင့်ပြောကြားရာမှ တစ်ခဏချင်း သတင်းပျံ့နှံ့သွားတယ်။

လောက၌ ဘုရားရဟန္တာစသော အဘိညာဉ်ရသော ပုဂ္ဂိုလ်ထူးများရှိပါသည်၊ ထိုပုဂ္ဂိုလ်များသည် အဘိညာဉ်စွမ်းအားဖြင့် သူတစ်ပါးစိတ်ကိုသိနိုင်ကြပါတယ်။

အတားအဆီးကိုကျော်လွန်၍ ဝေးကွာသောအရပ်မှ အသံကိုကြားရတယ်၊ အဆင်းကိုလည်းမြင်နိုင်တယ်။

မကောင်းမှုပြုသူဟာ မည်မျှပင်လုံခြုံသောနေရာ၌ ပြုစေကာမူ ထိုပုဂ္ဂိုလ်များ၏မျက်မှောက်၌ပြုလုပ်နေသကဲ့သို့ဖြစ်ပါသည်။

ဘုရားရှင်လက်ထက် မလ္လိကာမိဖုရားသည် မိမိခွေးနှင့် မှားယွင်းသောမကောင်းမှုကိုဘုရင်ကသိ၍ ဘုရင်ကိုပရိယာယ်မာယာဖြင့် လှည့်ပတ်လိမ်ညာယုံသွင်းနိုင်ခဲ့သော်လည်း ဘုရားရှင် ရှင်မောဂ္ဂလာန်၊ ရှင်သာရိပုတ္တရာတို့သိမှာပဲဟု စိတ်သောကသံသယဝင်ခံစားခဲ့ရသည်။

ထိုသံသယဖြင့်သေသောအခါ ကုသိုလ်ကောင်းမှုများစွာ ပြုလုပ်ထားသူဖြစ်ခဲ့သော်လည်း ငရဲ၌(၇)ရက်မျှကျရောက်ခံခဲ့ရပါသေးသည်။

လောက၌ မကောင်းမှုကိုအလွယ်တကူပြုလုပ်တတ်သောပုဂ္ဂိုလ်(၃)ဦးရှိသည် ဟုဆိုပါသည်။

- သဒ္ဓါတရားခေါင်းပါးသူ (မိစ္ဆာဒိဋ္ဌိ)

- ကိုယ်ကျိုးကိုသာဦးစားပေးသူ
- ပျက်စီးချိန်ရောက်သောသူ

ရတနာသုံးပါး၏ဂုဏ်၊ ကံ-ကံ၏အကျိုးတရား၊ ပစ္စုပ္ပန်-တမလွန်လောကကိုမယုံကြည်သူများကို သဒ္ဓါတရားခေါင်းပါးသူ (မိစ္ဆာဒိဋ္ဌိ)လို့ ခေါ်ပါတယ်။

သူတို့ဟာ ရတနာသုံးပါးဂုဏ်ကျေးဇူးလည်းမသိ၊ ကုသိုလ်-အကုသိုလ်ကိုလည်းနားမလည်၊ ဘဝ၏သရုပ်မှန်ကို ကိုယ်ပိုင်ဉာဏ်ဖြင့် စိစစ်နိုင်ခြင်းလည်းမရှိ၊ မိမိပြုလုပ်သမျှ ကိစ္စအဝဝကိုဘုရားသခင်က တာဝန်ယူသည်၊ ဗြဟ္မာမင်းကြီးက တာဝန်ယူသည်ဟု စိတ်ထင်ပြီး မကောင်းမှုကိုပြုလုပ်ကြတယ်။

ကိုယ်ကျိုးကိုသာဦးစားပေးသူသည် သူတစ်ပါးကိုစာနာငဲ့ညှာခြင်းမရှိပေ၊ အခြားသူဆင်းရဲမည်ကိုမတွေးတော၊ ဘယ်သူသေသေငတေမာရင်ပြီးရောစိတ်နေသဘောထားရှိကာ ထိုသူသည် ဖြတ်လမ်းနည်းဖြင့် ကြီးပွားလိုသဖြင့် မကောင်းမှုကိုပြုလုပ်လေတော့တယ်။

ထိုသို့ကြီးပွားလို၍ မတရားစီးပွားရှာသောသူတို့ဟူသည် မိမိ၏ဘုန်းစ၊ ကံစကိုဖျက်ဆီးလိုက်သောသူများပင်ဖြစ်ပါသည်။

အပင်တို့မည်သည်အချိန်တန်မှ သီးပွင့်ကြတယ်၊ အတင်းအကြပ်လုပ်ယူလို့မရသလို လူဆိုတာဟာလည်း ကံ၊ ဉာဏ်၊ ဝိရိယ

သုံးပါးရှိမှ ကြီးပွားချမ်းသာ ကြပါတယ်၊ ယင်းတို့ကို မျက်ကွယ်ပြုပြီး ကြီးပွားတိုးတက်မှုဆိုတာ မရနိုင်ပါဘူး၊ ဆုံးမစာဆရာက-

**"ကံပေးချင်လျက်၊ အကျင့်ပျက်၊ ကွဲအက်အိုးပမာ အိုးကွဲအတွင်း၊ ရေထည့်သွင်း၊ တျင်းတျင်းကုန်တော့သာ"**

လို့ဆိုဆုံးမထားခဲ့တယ်။

ပျက်စီးချိန်ရောက်သူဟာလည်း ပင်ကိုစိတ်ထားကောင်းရှိသော်လည်း သတိလွတ်ကင်း အသိဉာဏ်ချွတ်ယွင်းကာ အမှားမှားအယွင်းယွင်းပြုလုပ်မိတတ်ပါတယ်။

အမှားကိုအမှန်၊ အမှန်ကိုအမှားဆန့်ကျင်ဘက် ထင်တတ်ကြပြီး သူတို့ရဲ့ဉာဏ်အမြင်ဟာ ကြည်လင်ခြင်းမရှိတော့ဘဲ ရှုပ်ထွေးနောက်ကျုလျက် ဆင်ခြင်တုံတရားကင်းမဲ့ပြီး မကောင်းမှုကိုပြုလုပ်တော့တာပါပဲ။

အထက်တွင် နမူနာပြခဲ့သော ရှင်သုဒိန်ရဲ့ဘဝအဖြစ်အပျက်ကိုကြည့်က သိသာနိုင်ပါတယ်။

ရှင်သုဒိန်ဟာ သူဌေးသားတစ်ဦးဖြစ်ပြီး ရဟန်းဝတ်ခွင့်ကိုမိဘထံတောင်းခဲ့ရာ မိဘကခွင့်မပြုလို့အစာငတ်ခံဆန္ဒပြပြီး ရဟန်းပြုခဲ့သူဖြစ်တယ်၊ ရဟန်းဘဝကိုမြတ်နိုးလွန်းလို့ သီလကိုအလွန်စင်ကြယ်အောင်စောင့်ထိန်းခဲ့တယ်၊ ဓုတင်ကိုဆောက်တည်နေခဲ့တယ်။

မိခင်က သားမျိုးစေ့ပေးရန်တောင်းတော့ ပျက်စီးချိန်ရောက်လာတော့ မဆင်ခြင်မိဘဲ မယားဟောင်းနှင့်မေထုန်အမှုကိုပြုမိခဲ့တယ်။

အဲဒီအဖြစ်အပျက်ကိုအကြောင်းပြုပြီး ဝဇီရဆရာကြီးက-

"များသောအားဖြင့် သတ္တဝါများပျက်စီးချိန်ရောက်သည့်အခါ သူတို့ဉာဏ်မှာလွဲမှားသောအသိဉာဏ်များဖြစ်ပေါ်လာတတ်တယ်"

လို့ မှတ်ချက်ပြုခဲ့ပါတယ်။

မကောင်းမှုမှရှောင်ကြဉ်နိုင်ရန်(ဝါ)အကုသိုလ်ရန်သူများမဝင်နိုင်အောင် ကိုယ်၊ နှုတ်၊ စိတ်ဟူသောတံခါးသုံးခုကို ရဲရင့်လိမ္မာသောတံခါးမှူးကဲ့သို့ အထူးလုံခြုံစွာစောင့်ကြပ်ပေးရမည်ဖြစ်ပါတယ်။

ထိုသုံးမျိုးတွင် စိတ်သည်အဓိကဖြစ်ပါတယ်၊ ရန်သူများစတင်ဝင်ရောက်တဲ့တံခါးလည်းဖြစ်ပါတယ်။

စိတ်တံခါးလုံခြုံလျှင် ကိုယ်တံခါး၊ နှုတ်တံခါးများရဲ့ လုံခြုံရေးဟာ စိတ်ချရပါတယ်။

အဲဒါကြောင့် စိတ်တံခါးကိုအထူးလုံခြုံအောင် ထိန်းသိမ်းစောင့်ရှောက်ရပါမယ်။

အကယ်၍ ရန်သူက စိတ်တံခါးကိုထိုးဖောက်ဝင်ရောက်

လာနိုင်ပြီဆိုလျှင် ကိုယ်တံခါး နှုတ်တံခါးမရောက်၊ မပွင့်နိုင်အောင် ကြံ့ကြံ့ခိုင်ခိုင်တားဆီးနိုင်ရပါမယ်။

တံခါး(၃)ခုကိုလုံခြုံအောင်မစောင့်ရှောက်နိုင်လျှင် အကုသိုလ်ရန်သူ၏နှိပ်စက်မှုကိုခံရပြီး အဆုံးမရှိသောဆင်းရဲမှုမျိုးစုံနှင့်တွေ့ကြုံခံစားရမည်က မလွဲကေန်ဖြစ်ပါတယ်။

အနည်းငယ်သောမကောင်းမှုသည် ငါ့အားအကျိုးသက်ရောက်လိမ့်မည်မဟုတ်၊ မကောင်းမှုကိုမထေမဲ့မြင်မအောက်မေ့ရာ။

"မိုးရေပေါက်သည် ကျဖန်များလတ်သော် ရေအိုးသည်ပြည့်ရသကဲ့သို့ လူမိုက်သည်အနည်းငယ် အနည်းငယ်မျှသောမကောင်းမှုကိုဆည်းပူးဖန်များလတ်သော် မကောင်းမှုဖြင့် ပြည့်စေတတ်ပါ၏"

လို့ ဘုရားရှင်က ခုဒ္ဒကနိကာယ်မှာဟောထားတာကိုတွေ့ရပါတယ်။

ကိုယ်၊ နှုတ်၊ စိတ်တွင် စိတ်သည်ပဓာနဖြစ်တယ်၊ စိတ်ဓာတ်အင်အားနည်းလျှင် အကုသိုလ်ရန်ကိုတွန်းလှန်နေစေကာမူ တစ်ချိန်ချိန်တွင် အရှုံးနှင့်ရင်ဆိုင်ရတတ်ပါတယ်။

အဲဒါကြောင့် စိတ်ဓာတ်ခိုင်မာစေရန် ဘုရားရှင်က စတုရာ ရက္ခကမ္မဋ္ဌာန်းဖြစ်သော-

- ဘုရားရှင်၏ဂုဏ်ကိုအဖန်ဖန်သတိရအောက်မေ့ခြင်း
(ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်း)
- သတ္တဝါများကိုကြီးပွားချမ်းသာစေလိုခြင်း
(မေတ္တာကမ္မဋ္ဌာန်း)
- အသုဘသညာထင်မြင်အောင်ရှုမှတ်ခြင်း
(အသုဘကမ္မဋ္ဌာန်း)
- သေခြင်းတရားကိုအောက်မေ့ဆင်ခြင်ခြင်း
(မရဏာနုဿတိကမ္မဋ္ဌာန်း)

ဟူသောကမ္မဋ္ဌာန်းတရား(၄)ပါးတို့တွင် တစ်ပါးပါးကို အားထုတ်သင့်တယ် ဟူ၍ဟောကြားထားခဲ့ပါတယ်။

စတုရာရက္ခဆိုတာကတော့ စိတ်ကိုစောင့်ရှောက်သောပွားများခြင်း (ဘာဝနာ)လို့ ဆိုပါတယ်။

နွားကျောင်းသားဟာ ကောက်ပင်ကိုစားတတ်သောနွားကိုစောင့်ရှောက်သကဲ့သို့ ဤစတုရာရက္ခလေးပါးသည်လည်း လောကီအာရုံကာမဂုဏ်ကိုလျှည့်လှည်ကျက်စားတတ်သောစိတ်ကို စောင့်ရှောက်တတ်ပါသည်။

ဗုဒ္ဓါနုဿတိပွားများသူဟာ ဘုရားရှင်နှင့်သာသနာကို အလွန်ကြည်ညိုတယ်၊ တရားတော်နှင့်ဆန့်ကျင်သောအရာမှန်သမျှ မပြုတော့ပါဘူး၊ တရားတော်နှင့်အညီလိုက်နာကျင့်သုံး၍ မကောင်းမှုကိုရှောင်ကြဉ်ကြပါတယ်။

မေတ္တာ ဘာဝနာပွားများသူဟာ သတ္တဝါများကို သနား ကြင်နာတတ်တယ်၊ သတ္တဝါများကြီးပွားချမ်းသာစေလိုတယ်၊ အရာရာတိုင်းမှာ ကိုယ်ကျိုးစွန့်လွှတ်၍ သူတစ်ပါးအကျိုးကိုသာ ဆောင်ရွက်တတ်ပါတယ်၊ အခြားသူကိုထိခိုက်နစ်နာစေလိုသော အလုပ်မျိုးမကောင်းမှုမျိုးကိုမပြုလုပ်တော့ပါချေ။

အသုဘဘာဝနာပွားများသူဟာ အသုဘသဘောကို ထင်မြင်နေသောကြောင့် ကာမဂုဏ်ကိုအပြီးအပြတ်စွန့်လွှတ်ခြင်း မရှိသေးသော်လည်း တွယ်တာမှုလျော့နည်းလေပြီး၊ ကာမဂုဏ်ကို အကြောင်းပြု၍မကောင်းမှုမပြုတော့ပါ၊ မကောင်းမှုဆိုတာဟာ တစ်နည်းနည်းဖြင့် ကာမဂုဏ်ကိုအခြေခံ၍ထွက်ပေါ်လာရခြင်း ဖြစ်ပါတယ်။

မရဏာနုဿတိသေခြင်းတရားကိုနှလုံးသွင်းသူဟာ မမြဲ သောသဘောကိုသိမြင်တယ်၊ ငါဟာ တစ်နေ့သေရမယ်၊ သေ သောအခါ ကုသိုလ်သာလျှင် အားထားရာရှိတယ်လို့ အောက်မေ့ ဆင်ခြင်တယ်။

ဒါကြောင့် နိုင့်ထက်ပြုလိုမှု၊ မတရားကြီးပွားချမ်းသာမှု ဆိုတဲ့မကောင်းမှုတို့ကိုမပြုလုပ်တော့ဘဲ ကုသိုလ်၌သာမွေ့လျော် နေရပါတယ်။

ဤဘာဝနာလေးပါးဖြင့်ဖြစ်စေ၊ အခြားသင့်လျော်ရာ ဘာဝနာတစ်မျိုးမျိုးဖြင့်ဖြစ်စေ၊ ပွားများသူဟာ-

- စိတ်ဓာတ်တည်ငြိမ်တယ်
- ရင့်ကျက်တယ်
- ဖြူစင်သန့်ရှင်းတယ်
- အမြဲကြည်လင်ပါတယ်

မကောင်းမှုကျူးလွန်သူမှန်သမျှဟာ စိတ်ဓာတ်ပျော့ညံ့သူ၊ အမြင်မကြည်လင်သူတို့သာများလှပါတယ်။

စိတ်ဓာတ်ရင့်ကျက်သူဟာ မကောင်းမှုကိုရင်ဆိုင်တွေ့လာသော်မှ ကိုယ်ကိုယ်ကိုထိန်းသိမ်းစောင့်ရှောက်နိုင်ပါတယ်။

ဖြူစင်သူ၊ မည်းညစ်သူ၊ ကောင်းသူ၊ မကောင်းသူ စသည်ကွဲပြားခြားနားခြင်းဟာလည်း စိတ်ဓာတ်ကြောင့်ပင်ဖြစ်ပါတယ်။

ရွှံ့ညွှန်သည်ရေကြောင့်ဖြစ်ပေါ်လာတယ်၊ ထိုရွှံ့ညွှန်ကိုစင်ကြယ်အောင်ရေဖြင့်ပင်ပြန်လည်ဆေးကြောပေးရပါတယ်။

ထို့အတူပဲ စိတ်ကြောင့်မည်းညစ်သူ၊ မကောင်းသူဖြစ်လျှင် စိတ်ဖြင့်ပင် တစ်ဖန်ကောင်းအောင်၊ ဖြူစင်အောင်ပြုလုပ်ရပါတယ်။

မဃဒေဝလင်္ကာရေးသော မန်လည်ဆရာတော်ဘုရားက-

သားမွန်စိတ်ဖြောင့်၊ သွေမထောင့်နှင့်၊ ရေကြောင့်
ညွှန်ဖြစ်၊ ထိုညွှန်ညစ်လည်း၊ စင်စစ်မထင်၊ ရေကြောင့်
စင်၏။ ထိုသွင်မှန်စွာ၊ စိတ်ကြောင့်သာလျှင်၊ ယုတ်မာ

**ညစ်ညူး၊ အထူးစင်ကြယ်၊ လူ့ဝယ်နှစ်မျိုး ဖြစ်မြဲရိုးတည်း”**
လို့ စပ်ဆိုဆုံးမထားတာကိုတွေ့ရပါတယ်။

ပုဂ္ဂိုလ်တိုင်း ကြံစည်ပြောဆိုပြုလုပ်မှုများဟာ အချို့က စေတနာ(ရည်ရွယ်ချက်)ဖြင့်ပြုလုပ်ကြတယ်၊ အချို့က စေတနာ မရှိဘဲ ပြုလုပ်မိတယ်၊ စေတနာဖြင့်ပြုလုပ်မိသောအမှုကိစ္စဟူသမျှ ကို ကမ္မ (ကံ) ဟုခေါ်ပါတယ်။

ကံဆိုတာကတော့ အောင်မြင်သောမျိုးစေ့နှင့်တူပါတယ်၊ အောင်မြင်သောမျိုးစေ့ဟာ အချိန်တန်လျှင်အပင်ပေါက်သကဲ့သို့ မိမိပြုလုပ်ခဲ့သောကံကလည်း သင့်လျော်၍အချိန်တန်လာလျှင် အကျိုးပေးမြဲဖြစ်ပါတယ်။

စေတနာ(ရည်ရွယ်ချက်)မပါဘဲ ပြုလုပ်တဲ့အမှုကိစ္စက တော့ ကံမမြောက်ပါဘူး၊ ကမ္မနိယာမနယ်ပယ်မှာ စေတနာဟာ အဓိကဇာတ်ကောင်ဖြစ်ပါတယ်။

အဲဒါကြောင့် ဘုရားရှင်က ခုဒ္ဒကနိကာယ်မှာ-

“လက်၌အနာမရှိလျှင် လက်ဖြင့်အဆိပ်ကိုကိုင်နိုင်၏၊ အဆိပ်သည် အနာမရှိသောလက်သို့အစဉ်မလိုက်သကဲ့သို့ စေတ နာမရှိဘဲပြုသောသူအား မကောင်းမှုကံမည်သည်မရှိ”
လို့ ဟောထားတော်မူခဲ့ပါတယ်။

ဘုရားရှင်လက်ထက် မုဆိုးတစ်ယောက်ရဲ့သောတာပန် မယားဖြစ်စဉ်လေးက မှတ်သားစရာကောင်းလှပါတယ်-

ရာဇဂြိုဟ်ပြည်မှာ ကုက္ကုဋမိတ်ဆိုတဲ့မုဆိုးတစ်ယောက်ရှိတယ် သူ့မယားက သောတာပန်ဖြစ်တယ်၊ လင်မုဆိုးတောလိုက်သွားတဲ့ အခါမှာ လေး၊ မြား၊ လှံစသည်ကိုယူငင်ပြင်ဆင်ပေးရတယ်။

မုဆိုးဟာထိုလက်နက်များဖြင့် သားကောင်တို့ကိုသတ် ဖြတ်တယ်၊ ထိုအကြောင်းကိုရဟန်းတော်များက ကြားသိတဲ့အခါ-

"သောတာပန်သည် သူတစ်ပါးအသက်ကိုသတ်ပါသေး သလော"

လို့ ဘုရားရှင်ကို မေးလျှောက်ထားကြတယ်။

"သောတာပန်သည် သူတစ်ပါးအသက်ကိုမသတ်ချေ၊ ထိုဥပါသိကာမသည် မယားဝတ္တရားနှင့်အညီပြုလုပ်ပေးခြင်းသာ ဖြစ်သည်၊ သတ္တဝါများကိုသတ်ရန် စိတ်စေတနာမရှိ"

လို့ ဘုရားရှင်က ရဟန်းများကိုအဖြေပေးခဲ့ပါတယ်။

ပန်းတိမ်သည်ဟာ ရွှေ၏အညစ်အကြေးကို တဖြည်း ဖြည်းထုတ်ပစ်သကဲ့သို့ အသိအလိမ္မာရှိသောသူသည် အခွင့်ရ တိုင်း မိမိစိတ်၏အညစ်အကြေးကို အနည်းငယ်ထုတ်ပယ်ရပါ မယ်။

လောကရှိ လူသားအားလုံးဟာ မကောင်းမှုကိုရှောင်ကြဉ် ရာ၌ ရှောင်ကြဉ်နည်း (၃)မျိုးရှိတယ်-

သီလသိက္ခာပုဒ်ကိုသီးခြားဆောက်တည်တာမဟုတ်ဘဲ မိမိရဲ့ဇာတိမျိုးရိုးအသက်အရွယ်၊ အဆင့်အတန်းစသည်တို့ကို ဆင်ခြင်လျက် ငါကဲ့သို့သောလူကား မကောင်းမှုကိုပြုလုပ်ရန် မသင့်လျော်ချေ၊ ကြံစည်၍ ကြုံတွေ့လာသောမကောင်းမှုများကို ရှောင်ကြဉ်တဲ့နည်းဖြစ်တယ်။

အဲဒါကို ပါဠိလို "သမ္ပတ္တဝိရတိ"လို့ခေါ်ပါတယ်။

အဲဒီရှောင်ကြဉ်မှုနှင့်ပတ်သက်လို့ ဥတ်သားစရာအဖြစ် အပျက်ဇာတ်လမ်းလေးတစ်ခု သီရိလင်္ကာနိုင်ငံမှာဖြစ်ပေါ်ခဲ့ဖူးပါ တယ်-

မိခင်အိုတစ်ဦးမှာ သားနှစ်ယောက်ရှိတယ်၊ သားအငယ် အမည်က "စက္ကန"လို့ခေါ်တယ်၊ တစ်နေ့ မိခင်ကြီးအသည်း အသန်နေမကောင်းဖြစ်လို့ ဆေးဆရာခေါ်ပြီးပြသတယ်၊ ဆေး ဆရာက ယုန်သားရက ကုပေးနိုင်တယ်လို့ပြောတော့ အစ်ကို ဖြစ်သူက စက္ကနကို လယ်တောသို့သွားပြီးယုန်ရှာခိုင်းတယ်။

လယ်တောသို့ရောက်သောအခါ ကောက်နုစားရန်လာ သောယုန်ငယ်တစ်ကောင်ကိုဖမ်းမိတယ်၊ ယုန်ငယ်ကလေးဟာ သေဘေးကိုကြောက်ပြီး တဆတ်ဆတ်တုန်နေတာကိုတွေ့တော့

"ငါ့အမေ အသက်ရှင်ဖို့အတွက် ဒီယုန်ကလေးက သေပေးရမယ်ဆိုတာ မတရားဘူး၊ ပြီးတော့ သူတစ်ပါးအသက် သတ်ဖြတ်ခြင်းဟာလည်း မသင့်တော်ဘူး"

လို့ဆိုပြီး ယုန်ကလေးကိုပြန်လွှတ်လိုက်တယ်။

ပြီးတော့ အိမ်ပြန်လာခဲ့တယ်၊ အစ်ကိုက ယုန်ရ-မရမေးတော့ အကျိုးအကြောင်းရှင်းပြတယ်၊ အစ်ကိုကစိတ်ဆိုးပြီး ရိုက်မယ်လုပ်တော့ အမေရဲ့အခန်းထဲဝင်ပြေးပြီး-

"ကျွန်ုပ်သည် တတ်သိနားလည်သောအရွယ်မှစ၍ သူတစ်ပါးအသက်ကိုမသတ်ဖူးခဲ့ပါ။ ဤမှန်ကန်သောသစ္စာစကားကြောင့် အမေရဲ့ရောဂါပျောက်ပါစေ"

လို့ သစ္စာဆိုလိုက်တယ်။

သစ္စာဆိုပြီးခဏမှာပဲ မိခင်ရဲ့ရောဂါအားလုံးပျောက်ကင်းသွားပြီး အသက်ချမ်းသာရခဲ့ပါတယ်။

ဒီအဖြစ်အပျက်လေးဟာ ရောက်လာတဲ့၊ တွေ့လာတဲ့မကောင်းမှုမှရှောင်ကြဉ်ခြင်း **သမ္ပတ္တဝိရတိ** ဖြစ်ပါတယ်။

နံပါတ်နှစ်ရှောင်ကြဉ်ခြင်းဆိုတာကတော့ သိက္ခာပုဒ်ဆောက်တည်ဆဲမှာဖြစ်စေ၊ ဆောက်တည်ပြီးချိန်မှာဖြစ်စေ၊ တွေ့ကြုံလာသောမကောင်းမှုမှရှောင်ကြဉ်ခြင်းဖြစ်တယ်။

ပါဠိလိုကတော့ **သမာဒါနဝိရတိ** လို့ခေါ်ပါတယ်။

အဲဒီရှောင်ကြဉ်မှု ဇာတ်လမ်းအဖြစ်အပျက်ကလေးကလည်း မှတ်သားဖွယ်ကောင်းလှပါတယ်-

သီရိလင်္ကာနိုင်ငံ ဥတ္တရဝဍ္ဍမာနတောင်ခြေ၌နေသောလယ်သမားတစ်ယောက်ဟာ ဥပုသ်နေ့တစ်နေ့မှာ သိင်္ဂလဗုဒ္ဓရက္ခိတထံမှာသီလဆောက်တည်ပြီး လယ်ထွန်သွားခဲ့တယ်။

လယ်ထွန်ပြီးနွားများကို အစာစားစေရန်စေလွှတ်လိုက်တယ်၊ ညနေနွားသိမ်းချိန်ရောက်လို့ နွားသွားသိမ်းတော့ နွားတွေမတွေ့လို့တောင်ပေါ်တက်ပြီး နွားသွားရှာတယ်၊ အဲဒီအချိန်မှာ အမှတ်မထင် စပါးကြီးမြွေတစ်ကောင်က သူ့ကိုရစ်ပတ်ပြီး ညှစ်သတ်တယ်။

သူဟာ အသင့်ယူလာသောပဲခွပ်ဖြင့် မြွေကိုခုတ်ထစ်သတ်ရန်ကြံစည်သည်၊ ဒါပေမဲ့ မိမိဆောက်တည်ခဲ့သောသီလကိုသတိရပြီး ·သေလျှင်သေပါစေ မယေရ်ထံဆောက်တည်ခဲ့သော သီကိုတော့အပျက်မခံဘူး လို့ အဓိဋ္ဌာန်ဆောက်တည်ပြီး ပဲခွပ်ကိုလွှင့်ပစ်လိုက်တယ်။

အဲဒီအခါမှာ မြွေကြီးဟာ သူ့ကိုလွှတ်လိုက်ပြီး ထွက်ခွာသွားတယ်။

အဲဒီအဖြစ်အပျက်ဇာတ်လမ်းလေးဟာ ကြုံတွေ့လာသောမကောင်းမှုကိုထိန်းသိမ်းစောင့်ရှောက်မှုဖြစ်ပါတယ်။

နံပါတ်သုံးရှောင်ကြဉ်ခြင်းကတော့ အရိယာမဂ်ဖြင့်ရှောင်ကြဉ်ခြင်း (ဝါ)အရိယာပုဂ္ဂိုလ်တို့ရဲ့မကောင်းမှုမှရှောင်ကြဉ်ခြင်းဖြစ်ပါတယ်။

ပါဠိလိုတော့ သမုစ္ဆေဒဝိရတိ လို့ခေါ်ပါတယ်။

အရိယာပုဂ္ဂိုလ်တို့ဆိုတာကတော့ အသက်အန္တရာယ်ကြုံလာတာတောင် မကောင်းမှုဆိုတာကိုတော့ လုံးဝမပြုတော့ပါဘူး။

မကောင်းမှုမှန်သမျှ မည်သည့်အခါမျှ ကောင်းကျိုးချမ်းသာဖြစ်လာဖွယ်ရာမရှိ၍ မကောင်းမှုဟူသမျှအဝေးကရှောင်ရပါမည်။

သံမှုဖြစ်ပေါ်လာသောသံချေးသည် ထိုသံကိုပင်ပြန်၍စားသကဲ့သို့ မကောင်းမှုကျူးလွန်သောသူအား မိမိပြုခဲ့သောမကောင်းမှုကပင် အပါယ်ဒုဂ္ဂတိဘဝသို့ပို့ဆောင်တတ်သည်ကိုသတိရပြီး မကောင်းမှုအကျိုးကို သံသရာအဆက်ဆက်မခံရလေအောင် ကြိုးစားထိန်းသိမ်းစောင့်ရှောက်သွားရပါမယ်။

## အလှူရေစက်လက်နှင့်မကွာပါစေနှင့်

သားတို့၊ သမီးတို့ ကိုယ့်အိုး၊ ကိုယ့်အိမ်၊ ကိုယ့်ဘဝကိုယ်ရပ်တည်နိုင်အောင်ကြိုးစားလုပ်ကိုင်နေကြတဲ့အချိန်ကာလမှာလည်း အိမ်တွင်းမင်္ဂလာကျက်သရေအဖြာဖြာနှင့်ဥစ္စာရတနာတို့ဝေဖြာတိုးတက်စေဖို့အတွက် အလှူရေစက်လက်နှင့်မကွာရှိကြဖို့လိုတယ်။

ဘုရားရှင်က-

“ဒါနတောဘောဂဝါ=ပေးကမ်းစွန့်ကြဲမှုကြောင့် စီးပွားဥစ္စာရတနာအဖြာဖြာကြွယ်ဝချမ်းသာတယ်”
လို့ ဟောထားတယ်။

ဒီနေရာမှာ သမီးတို့ဟာ ဒါနဆိုတဲ့ပေးကမ်းစွန့်ကြဲလှူဒါန်းမှုသဘောကိုသိထားဖို့လိုပါတယ်။

ဒါနအရာမှာ စေတနာဒါန၊ ဝတ္ထုဒါနရယ်လို့(၂)မျိုးရှိပါတယ်-

လှူဖွယ်ဝတ္ထုပစ္စည်းများကိုပေးလှူတဲ့အခါမှာ ပေးလှူသူကောင်းမှုရှင်ရဲ့သန္တာန်မှာဖြစ်ပေါ်လာသောစိတ်စေ့ဆော်မှုစေတနာကို စေတနာဒါနလို့ခေါ်ပါတယ်။

လှူဖွယ်ပစ္စည်းတွေကတော့ ဝတ္ထုဒါနလို့ခေါ်ပါတယ်။

သံသရာကျင်လည်တဲ့အခါမှာ စေတနာဒါနကသာ အကျိုးပေးပါတယ်၊ ဝတ္ထုဒါနက စေတနာဖြစ်ပေါ်လာစေရန် အခြေခံအကြောင်းမျှသာဖြစ်ပါတယ်။

အလှူဒါနပြုတဲ့နေရာမှာလည်း အင်္ဂါလေးပါးရှိမှ ထမြောက်အောင်မြင်တတ်ပါတယ်-

- အလှူပေးပုဂ္ဂိုလ်
- လှူဖွယ်ပစ္စည်း
- ထင်ရှားရှိသောအလှူခံပုဂ္ဂိုလ်
- လှူဒါန်းလိုသောစေတနာ

ဤလေးချက်ရှိမှ အလှူပေးဒါနဖြစ်မြောက်အောင်မြင်နိုင်ပါတယ်။

လှူတဲ့နေရာမှာလည်း အင်္ဂါ (၃)ပါးနှင့်ညီအောင် လှူဒါန်းနိုင်ရပါမယ်-

၁။ လှူဆဲရဲ့ရှေးမဆွကလျှင် စည်းစိမ်တို့၏အကြောင်းဖြစ်သည့်အစဉ်လိုက်သောရွှေအိုးကိုမြှုပ်နှံ့အံ့-လို့ စိတ်နှလုံးသွင်းပြီး ဝမ်းမြောက်ဝမ်းသာရှိနေရမယ်။

၂။ လှူဖွယ်ဝတ္ထုပစ္စည်းကို အလှူခံပုဂ္ဂိုလ်၏ လက်ပေါ်၌ထားစဉ် အနှစ်မရှိသော ဥစ္စာပစ္စည်းမှ အနှစ်ရှိသော ဥစ္စာပစ္စည်းအဖြစ်ငါပြု၏- လို့ ကြည်လင်သော စိတ်ထားရှိရပါမယ်။

၃။ လှူပြီးသောအခါမှာလည်း ပညာရှိတို့ချီးမွမ်းအပ်သောကုသိုလ်ကို ငါပြုလုပ်အပ်ဖြစ်စေအပ်ပြီးတကား၊ အံ့ဖွယ်ရှိစွ၊ အလွန်ကောင်းလေစွ လို့ဝမ်းမြောက်ဝမ်းသာရှိနေရပါမယ်။

အဲဒီလိုစိတ်ထားနှင့်လှူဒါန်းနိုင်ရမယ်လို့ ဘုရားရှင်ကတိအင်္ဂုတ္တိုရ်မှာဟောထားတာကိုတွေ့ရတယ်

လှူတဲ့နေရာမှာလည်း အကျိုးရှိတဲ့လှူနည်းကိုသိထားရပါမယ်၊ အကျိုးရှိတဲ့လှူနည်းဆိုတာကတော့-

- ကံ ကံ၏အကျိုးကိုယုံကြည်ပြီးလှူရမယ်
- လှူဖွယ်ဝတ္ထုပစ္စည်းကို သန့်ရှင်းစင်ကြယ်စွာ အရိုအသေပြု အမွန်အမြတ်ထားပြီး လှူရမယ်

- အလှူခံပုဂ္ဂိုလ်ကိုလည်းရိုသေမှုပြု၍လှူရမယ်
- ညှော်သည်ခရီးသွား သူနာတို့ကိုလှူရမယ်
- ငတ်မွတ်ခေါင်းပါးသောအခါတို့၌ပေးလှူရမယ်
- ကောက်ဦး၊ ပန်းဦး၊ သစ်သီးဦးတို့ကို ဦးဦးဖျားဖျား လှူဒါန်းရမယ်
- မိမိဥစ္စာစည်းစိမ်ကိုမတပ်မက်မစွဲလမ်းဘဲလှူရမယ်
- မိမိကိုယ်ကိုမချီးမြှင့်၊ ဂုဏ်မမောက် သူတစ်ပါးကိုလည်း မရှုတ်ချမပြိုင်ဆိုင်ဘဲလှူရမယ်။

အဲဒီလိုလှူနည်းများဟာ သူတော်ကောင်းတို့ရဲ့လှူနည်း ဖြစ်လို့ အကျိုးကြီးတယ်၊ အကျိုးပေးတဲ့အခါမှာလည်း သန့်ရှင်း တယ်၊ စင်ကြယ်တယ် လို့ ဘုရားရှင်ကဟောကြားထားတယ်။

အလှူပြုတဲ့အခါမှာလည်း-
- ကိုယ်တိုင်လှူတာရှိတယ်
- သူတစ်ပါးကိုသွားလှူခိုင်းတာရှိတယ်
- ဘယ်လိုပဲလှူလှူ စိတ်ထားတတ်ဖို့ကသာ အဓိက အရေးကြီးလှပါတယ်၊ စိတ်ထားတတ်၊ မြတ်ဆိုတာလို့ စိတ်စေတ နာတရားကမွန်မြတ်လျှင် အကျိုးပေးအောင်မြင်ပါတယ်။

အလှူခံပုဂ္ဂိုလ်အနေနှင့်ကတော့ အလှူခံတစ်ကျိပ်လေး ခွေးကအစလှူကောင်းတယ် လို့ဆိုပါတယ်။

ဒါပေမဲ့ အမြတ်၊ အလတ်၊ အယုတ်ဆိုတာတော့ ရှိပါတယ်၊ အလှူခံတစ်ကိုယ်လေးမှာ အဆင့်လိုက်ခွဲမယ်ဆိုရင် အောက်ပါအတိုင်းတွေ့ရမယ်-

- တိရစ္ဆာန်
- ပုထုဇဉ်သီလမရှိသူ
- ပုထုဇဉ်သီလရှိသူ
- သာသနာပ ဈာန်ရရသော့၊ ပရဗိုဇ်
- အရိယာသာဝက(၈)ပါး
- ပစ္စေကဗုဒ္ဓါ
- ဘုရားရှင်

အဲဒီလို အလှူခံတစ်ကိုယ်လေးပေးလှူတဲ့နေရာမှာ အယုတ်၊ အလတ်၊ အမြတ်အရ ခံစားရသော အကျိုးကျေးဇူးကလည်း ကွာခြားတယ်လို့ဆိုပါတယ်။

- တိရစ္ဆာန်လှူက အကျိုးတစ်ရာ
- ပုထုဇဉ်သီလမရှိသူလှူက အကျိုးတစ်ထောင်
- သီလရှိပုထုဇဉ်လှူပါက အကျိုးတစ်သိန်း
- သာသနာပဈာန်ရသော့ပရဗိုဇ်လှူက အကျိုးကုဋေ တစ်သိန်း
- အရိယာ၊ ပစ္စေကဗုဒ္ဓါ၊ ဘုရားရှင်လှူက အကျိုး မရေမတွက်နိုင်

အဲဒီလို အကျိုးကျေးဇူးတရားတွေကွာခြားတဲ့အတွက်ကြောင့် အလှူပြုလုပ်တဲ့နေရာမှာ ပုဂ္ဂိုလ်ရေးရာရွေးချယ်၍လှူရမယ်လို့ဆိုပါတယ်။

လောကဥပမာကြည့်လျှင် နေရောင်နှင့်မှန်ကြေးမုံလို့ဆိုပါတယ်၊ နေရောင်ကလည်း မြူတိမ်ကင်းပြီး တောက်ပမယ်၊ မှန်ကလည်းအညစ်အကြေးကင်းပြီး ကြည်လင်သန့်ရှင်းမယ်ဆိုရင် မှန်ကပြန်ထွက်တဲ့ရောင်ပြန်ဟာလည်း တောက်ပတယ်၊ ကြည်လင်တယ်။

မှန်ကကြည်လင်ပြီး နေရောင်ကမြူတိမ်လွှမ်းပြီး မကြည်လင်နေရင် မှန်ကပြန်ထွက်တဲ့ ရောင်ပြန်အလင်းရောင်ဟာ မတောက်ပဘူး၊ မကြည်လင်ဘူး၊ အလားတူပဲ နေကမြူတိမ်ကင်းပြီး တောက်ပပေမယ့် မှန်ကမကြည်လင်ရင်လည်း မှန်ကထွက်တဲ့ရောင်ပြန်အလင်းရောင်ဟာ မတောက်ပမကြည်လင်ဘူး။

အဲဒီလိုပဲ အလှူပေးပုဂ္ဂိုလ်၊ အလှူခံပုဂ္ဂိုလ်အပိုင်းမှာလည်း အလှူပေးပုဂ္ဂိုလ်က စေတနာလည်းရှိ၊ လှူဖွယ်ပစ္စည်းကလည်းစင်ကြယ်ပေမယ့် အလှူခံပုဂ္ဂိုလ်က သီလမရှိရင် အလှူအကျိုးကနည်းတယ်။

အလှူခံပုဂ္ဂိုလ်ကစင်ကြယ်ပြီး အလှူပေးပုဂ္ဂိုလ်က စေတနာသုံးတန်ပြဋ္ဌာန်းမှုလည်းမရှိ၊ လှူဖွယ်ဝတ္ထုကမစင်ကြယ်ဘူးဆိုရင်လည်း အလှူရဲ့အကျိုးက နည်းတတ်ပါတယ်။

အလှူခံပုဂ္ဂိုလ်ကလည်း သီလရှိ၊ အလှူပေးပုဂ္ဂိုလ်ကလည်းစေတနာသုံးတန်ပြဋ္ဌာန်းပြီး လှူဖွယ်ဝတ္ထုကလည်းစင်ကြယ်မယ်ဆိုရင် အလှူရဲ့အကျိုးဟာ ချက်ချင်းအကျိုးပေးတတ်ပါတယ်။

အဲဒါကြောင့် ရွေးချယ်စိစစ်လှူမှုဟာလည်း အရေးကြီးတယ်လို့ဆိုပါတယ်။

အလှူပြုတဲ့နေရာမှာလည်း အလှူခံပုဂ္ဂိုလ်နှစ်သက်တဲ့ပစ္စည်းကို စိစစ်လှူရခြင်းဟာလည်း အမှတ်မထင်လှူရသောအလှူထက်ပို၍အကျိုးရှိတယ်လို့ ဆိုပါတယ်။

မိမိဘဝမှာ မနှစ်သက်သောအာရုံတို့နှင့်မတွေ့ကြုံရခြင်းနှစ်သက်စရာအာရုံတွေနှင့်တွေ့ဆုံရခြင်းဟာလည်း အဲဒီလိုအလှူခံပုဂ္ဂိုလ်တွေကို နှစ်သက်တာကိုလှူလို့ ရရှိခံစားရတာလို့ ဆိုပါတယ်။

ဒါနကောင်းမှု ပြုလုပ်ကြရာမှာလည်း အင်္ဂါလေးပါးနှင့်ညီလျှင် ချက်ချင်းလက်ငင်းအကျိုးပေးပြီး ချမ်းသာကြွယ်ဝသောသူဌေးသူကြွယ်ကြီးများ ဖြစ်သွားနိုင်ပါတယ်။

လှူတဲ့နေရာမှာ-

- တရားသဖြင့်ရှာမှီးထားသောလှူဖွယ်ဝတ္ထုဖြစ်ရပါမယ်
- သဒ္ဒါတရားထက်သန်၍ ပုဗ္ဗ၊ မုဉ္စ၊ ပရဆိုတဲ့၊ စေတနာသုံးတန်ညီညွတ်ရပါမယ်

- အလှူခံပုဂ္ဂိုလ်က ရဟန္တာ၊ ဒါမှမဟုတ် အနာဂါမ် ဖြစ်ရပါမယ်
- အလှူခံပုဂ္ဂိုလ်က နိရောဓသမာပတ်မှထပြီးစ, ဖြစ်ရပါမယ်

ဘုရားရှင်လက်ထက်က အဲဒီလိုအင်္ဂါလေးချက်နှင့်ညီလို့ ချက်ချင်းသူဌေးကြီးဖြစ်၊ မိဖုရားကြီးဖြစ်၊ သူဌေးကတော်ကြီးဖြစ် စသည်ဖြစ်ကြလို့ ထင်ရှားခဲ့တဲ့ သာသနာသမိုင်းဝင်ပုဂ္ဂိုလ်တွေ ရှိခဲ့တယ်။

သူတို့ကတော့-

- သုမနပန်းသည်
- ဇကသာဠကပုဏ္ဏား
- ပုဏ္ဏလယ်စာရင်းငှား
- မလ္လိကာဒေဝီ
- ဂေါပါလမာတာဒေဝီ
- သုပ္ပိယဥပါသိကာမ
- ကာကဝလ္လိယ
- ပုဏ္ဏားကျွန်မ တို့ဖြစ်ကြတယ်။

သူတို့အကြောင်းတွေဖတ်ချင်ရင် သိချင်ရင် တက္ကသိုလ် **သျှင်သီရိရေးခဲ့တဲ့ ''တဒင်္ဂကုသိုလ်၏ကောင်းကျိုးချမ်းသာ''** ဆိုတဲ့

စာအုပ်ထဲမှာ အစုံပါပါတယ်၊ ဓမ္မပဒတို့၊ ဇာတကတို့မှာလည်း ပါပါတယ်၊ သမီးတို့ရှာဖွေပြီးဖတ်ကြည့်ကြပေါ့။

အလှူကိုပေးလှူတဲ့နေရာမှာလည်း ဘုရားရှင်ဟောကြား လမ်းညွှန်ခဲ့တဲ့နည်းလမ်းစည်းကမ်းအတိုင်း လှူတတ်ဖို့လိုပါတယ်။

ဘုရားရှင်က-

"ပျားများပန်းဝတ်ရည်စုပ်သလို မိမိလည်း ပန်းဝတ်ရည်ရဲ့ ပန်းအလှလည်း မပျက်တဲ့နည်းနှင့်လှူရမယ်လို့" ဟောထားပါ တယ်။

အဲဒီလှူနည်းကတော့ အစောကပြောပြခဲ့တဲ့ ပစ္စည်း(၄)စု ခွဲတဲ့နေရာမှာ လှူမယ်ဆိုရင် စားဖို့အစုထဲက အစားကိုလျှော့စား ပြီး စုလျက်လှူတဲ့နည်းကိုအသုံးပြုပြီးလှူဖို့ပါပဲ။

အဲဒီလိုစားတဲ့အစာထဲက လျှော့စားပြီး လှူမယ်ဆိုရင် ပျားပန်းဝတ်ရည်စုပ်ယူသကဲ့သို့သော အလှူလည်းရ၊ ဥစ္စာလည်း မဆုတ်ယုတ်၊ မလျော့ပါးဘဲ လှူရတဲ့အကျိုးကျေးဇူးလည်းရ ဖြစ်ရ ပါတယ်။

အလှူပြုလုပ်တဲ့နေရာမှာ အောက်ပါအလှူပြုနည်းမျိုးကို တော့ မပြုလုပ်ရပါဘူးတဲ့။

- ကြွေးယူပြီးအားနှင့်မမျှသောအလှူမျိုး
- မဆင်မခြင်ဘဲ ပွဲလမ်းသဘင်များထည့်၍လှူခြင်းမျိုး

- စေတနာမရှိဘဲ ဂုဏ်ပကာသနကိုမက်၍လှူတာမျိုး
- ဂုဏ်တု၊ ဂုဏ်ပြိုင်လှူတာမျိုး
- မိရိုးဖလာပြုလုပ်ခဲ့သည့်အတွက် အကဲ့ရဲ့လွတ်အောင် မလွဲမရှောင်သာ၍လှူရတာမျိုး
- အကူအညီအထောက်အပံ့ကိုမျှော်ကိုးပြီးလှူတာမျိုး
- တိုက်တွန်းနှိုးဆော်သူတို့ကိုအားနာ၍လှူတာမျိုး
- အိုးစည်ဗုံမောင်းနှင့်ငွေဖလားထိုးခံလာ၍ စိတ်မပါဘဲ လှူရတာမျိုး
- အာဏာကြောင့် အမိန့်အရလှူတာမျိုး
- မကျန်းမာသောအခါ ဗေဒင်ဆရာက ယတြာအလို့ငှာ ချေခိုင်း၍လှူတာမျိုး

ဤသို့သောအလှူမျိုးများသည် ညောင်ပင်ကြီးလောက် လှူမှ ညောင်စေ့လောက်အကျိုးရသဖြင့် အဲဒီလိုအလှူမျိုးများကို မလှူသင့်ဘူး လို့ဆိုပါတယ်။

အလှူပြုတဲ့နေရာမှာ လှူဖွယ်ဝတ္ထုပစ္စည်းနှင့်ပတ်သက်၍ သုတ္တန်၊ ဝိနည်း၊ အဘိဓမ္မာနည်းများအရ ကွဲပြားတာကိုလည်း သိသင့်ပါတယ်၊ သုတ္တန်ဒေသနာတော်အရ အလှူပစ္စည်း(၁၀)မျိုး ကိုပေးလှူရမယ်လို့ ဆိုပါတယ်။

၁။ စားဖွယ်အမျိုးမျိုး

၂။ သောက်ဖွယ်အမျိုးမျိုး

၃။ အဆောက်အအုံအမျိုးမျိုး

၄။ အဝတ်အထည်အမျိုးမျိုး

၅။ စီးနင်းစရာယာဉ်အမျိုးမျိုး

၆။ ပန်းအမျိုးမျိုး

၇။ လိမ်းခြယ်သစရာအမျိုးမျိုး

၈။ နံ့သာအမျိုးမျိုး

၉။ အိပ်ရာနေရာအမျိုးမျိုး

၁၀။ ဆီမီးစသောမီးအမျိုးမျိုး

ဝိနည်းဒေသနာတော်အရ အလှူပစ္စည်း(၄)မျိုးကို ပေးလှူရပါမယ်-

၁။ သင်္ကန်းစသောအဝတ်အထည်

၂။ ဆွမ်းစသောစားဖွယ်သောက်ဖွယ်

၃။ ကျောင်းစသောအဆောက်အဦ

၄။ ဆေးပစ္စည်းအမျိုးမျိုး

အဘိဓမ္မာဒေသနာတော်အရ လှူဖွယ်ပစ္စည်း(၆)မျိုးကို ပေးလှူရပါမယ်-

၁။ အဆင်းအမျိုးမျိုး

၂။ အသံအမျိုးမျိုး

၃။ အနံ့အမျိုးမျိုး

၄။ အရသာအမျိုးမျိုး

၅။ အတွေ့အထိအမျိုးမျိုး

၆။ တရားသဘောအမျိုးမျိုး

သုတ္တန်ဒေသနာတော်အရ အလှူပစ္စည်း(၁၀)မျိုး ဆိုပေမယ့် အခြားသင့်လျော်သော လှူဖွယ်ဝတ္ထုပစ္စည်းများကိုလည်း လှူဒါန်းနိုင်ပါတယ်။

ဒါပေမဲ့ တရားနှင့်မလျော်ညီတဲ့ အလှူပစ္စည်းတွေကို မလှူသင့်ပါဘူး၊ အဲဒါတွေကတော့-

- သေရည်သေရက်မူးယစ်ဆေးဝါးအမျိုးမျိုး အလှူ
- ပွဲလမ်းသဘင်အလှူ
- ပြည့်တန်ဆာများငှားရမ်းပေးသောအလှူ
- နွားမရှိရာသို့နွားလားကိုလွှတ်ပေးသောအလှူ
- မသင့်လျော်သောရုပ်ပုံများရေးသား၍လှူသောအလှူ

ဘုရားရှင်က အလှူပေးကမ်းမှုနှင့်ပတ်သက်လို့ ခုဒ္ဒကနိကာယ်မှာ-

"ရဟန်းတို့. . . သတ္တဝါတို့သည် လှူဒါန်းပေးကမ်းခြင်း၏အကျိုးကို ငါဘုရားသိသကဲ့သို့သိကြကုန်မူ မပေးလှူဘဲစားကြမည်၊ မဟုတ်ကုန်။

ဝန်တိုမှု၊ ငြူစူမှုစသော အကုသိုလ်အညစ်အကြေးသည် ထိုသူ၏စိတ်ကိုလွှမ်းမိုးသိမ်းကျုံး၍မတည်နိုင်ရာ။

အလှူခံပုဂ္ဂိုလ်ရှိခဲ့မူ ထိုသူသည်နောက်ဆုံးဖြစ်သော ထမင်းလုပ်ကိုသော်မျှ မလှူဒါန်းမပေးကမ်းဘဲစားကြမည်မဟုတ်ချေ။

"ရဟန်းတို့. . . သတ္တဝါတို့သည် လှူဒါန်းပေးကမ်းခြင်း၏အကျိုးကို ငါဘုရားသိသကဲ့သို့ မသိကြသောကြောင့်သာ မပေးလှူကြဘဲစားကြကုန်၏။

ဝန်တိုမှု၊ ငြူစူမှုစသော အကုသိုလ်အညစ်အကြေးတို့သည် ထိုသူတို့၏ စိတ်ကိုလွှမ်းမိုး၍တည်ကုန်၏"

လို့ ဟောတော်မူထားတာကိုလည်း အလေးအနက်ထား စဉ်းစားသင့်ပါတယ်။

အထက်ဖော်ပြခဲ့ပါ ပစ္စည်းဥစ္စာဟူသမျှတို့ဟာ ရန်သူမျိုးငါးပါးနှင့်ဆက်သွယ်နေသောကြောင့် အချိန်မရွေးပျက်စီးနိုင်ပါတယ်။

ဥစ္စာပစ္စည်းကို မိမိကဘယ်လောက်စွဲလမ်းနေစေကာမူ ပစ္စည်းက မိမိကိုစွန့်ခွာသွားတတ်ပါတယ်၊ မိမိကိုယ်တိုင်ကလည်း ပစ္စည်းဥစ္စာတို့ကိုစွန့်ခွာသွားနိုင်ပါတယ်။

မိမိ၏အကျိုးစီးပွားအတွက် အနှစ်မရှိသောပစ္စည်းကို လှူဒါန်းပေးကမ်း၍ယူဆောင်သွားခြင်းမှတစ်ပါး အခြားနည်းလမ်းမရှိပါဘူး။

အဲဒါကြောင့် ဘုရားလောင်းစသောသူတော်ကောင်းများ ဟာ သံသရာ၌ကျင်လည်နေရသမျှကာလပတ်လုံး-

- သုဂတိဘုံဘဝရောက်ရှိရေး
- ဖြစ်လေရာဘဝစည်းစိမ်ဥစ္စာပြည့်စုံရေး

တို့အတွက် လှူဒါန်းပေးကမ်းမှုဒါနကိုသာ ဦးစွာအားထား၍ ပြု လုပ်ကြပါသည်။

သို့သော် သာမန်ပုဂ္ဂိုလ်များဟာ ဒါနသဘောကိုသိနိုင်ရန် ခဲယဉ်းသလို ပေးကမ်းလှူဒါန်းခြင်းအလုပ်ကိုလုပ်ရန်လည်း အလွန်ခဲယဉ်းလှပါတယ်။

ပညာရှိတို့က အလှူပေးခြင်းနှင့်စစ်တိုက်ခြင်းသည် သဘောသဘာဝတူညီကြသည် လို့ မိန့်ဆိုကြပါတယ်။

စစ်ကိုလည်းတိုက်လို၊ ကိုယ့်အသက်ကိုလည်း စောင့် ရှောက်လိုသော နှလုံးနှစ်ခွရှိသောသူတို့ဟာ စစ်တိုက်ရန်မရဲဝံ့ ကြဘူးတဲ့။

ဖြစ်လိုရာဖြစ်စေ၊ အသက်သေချင်သေပါစေ ဆိုတဲ့ခိုင် မာစွာဆုံးဖြတ်ချက်ချထားသူဟာ စစ်ပွဲကိုရဲဝံ့စွာဆင်နွှဲရတယ်လို့ ဆိုပါတယ်။

အလားတူပဲ ပစ္စည်းဥစ္စာကိုတွယ်တာသောသူဟာ ပေး ညည်းပေးလှူချင်တယ်၊ ကုန်သွားမှာကိုလည်း စိုးရိမ်တဲ့သူဟာ ပေးကမ်းလှူဒါန်းမှုမပြုဝံ့ကြပါ။

ပစ္စည်းဥစ္စာနှင့်ငွေကြက်တွယ်တာမှုဖယ်ရှား၍ ဘယ်လိုပင် ဖြစ်စေပေးလှူမည်လို့ဆုံးဖြတ်ချက်ရှိသူဟာသာ လှူဒါန်းပေးကမ်း နိုင်ပါတယ်။

သုမေဓာသူဌေးသားလေး၏ ဥစ္စာပစ္စည်းစွန့်လွှတ်ပုံ၊ ဝေဿန္တရာမင်းကြီးရဲ့စွန့်လွှတ်စွန့်စားလှူဒါန်းမှု၊ ပုဆိုးတစ်ထည် သာရှိသောပုဏ္ဏားကြီး၏မိမိရဲ့ပုဆိုးလှူဒါန်းနိုင်မှုတို့ဟာ ဒါနရဲ့ အကျိုးကိုသိပြီး ဆုံးဖြတ်ချက်ရဲဝံ့ကြသောကြောင့် လှူဒါန်းနိုင်ကြ ခြင်းဖြစ်ပါတယ်။

မိမိအသက်ကိုစွန့်လွှတ်သောသူသည် "တစ်ယောက် ကောင်းလျှင် တစ်သောင်းဗိုလ်ခြေညက်ညက်ကြေ"ဆိုသကဲ့သို့ ရန်သူများစွာကိုချေမှုန်းနိုင်၍ အောင်ပွဲကိုရနိုင်ပါတယ်။

အလားတူ အင်အားကြီးမားသော ဒါနစေတနာဟာ တစ်ခုတည်းပင်ဖြစ်သော်လည်း-

- ယုံကြည်မှုသဒ္ဓါ
- အားထုတ်မှု ဝီရိယ

တို့နှင့်ပြည့်စုံပါလျှင် ဝန်တိုခြင်း(မစ္ဆေရ)ဦးဆောင်သောကိလေ သာရန်သူများကို ချေမှုန်းအောင်မြင်နိုင်တယ်လို့ ဘုရားရှင်က သံယုတ်အဋ္ဌကထာမှာ ဟောထားတာကိုတွေ့ရပါတယ်။

လောကမှာ မည်သည့်အရာမဆိုဆန့်ကျင်ဘက်ရန်သူများရှိမြဲဖြစ်ပါတယ်၊ ပေးကမ်းလှူဒါန်းမှု(ဒါန)နှင့်ငြူစူမှု(ဣဿ) ဝန်တိုမှု(မစ္ဆရိယ)တို့ဟာလည်း ဆန့်ကျင်ဘက်ရန်သူများ ဖြစ်ကြပါတယ်။

ဒါန - ပေးလှူလိုသည်

ဣဿ,မစ္ဆရိယ - မလှူရက်၊ မပေးရက်၊ ဥစ္စာပစ္စည်း၌ စွဲလမ်းကြသည်

ပုဂ္ဂိုလ်သတ္တဝါတို့ရဲ့သန္တာန်မှာ ဤတရားများဟာ စစ်ထိုးနေကြတဲ့သဘောသဘာဝရှိကြပါတယ်။

ဒီသဘောသဘာဝဖြစ်စဉ်ကို ဘုရားရှင်လက်ထက် ဆင်းရဲသားပုဏ္ဏားလင်မယားဖြစ်စဉ်က ထင်ရှားလို့ပြောပြချင်ပါတယ်။

သာဝတ္ထိပြည်မှာ ဆင်းရဲသားပုဏ္ဏားလင်မယားရှိတယ်၊ သူတို့မှာ ခါးဝတ်ပုဆိုးကတော့ တစ်ယောက်တစ်ထည်စီရှိပေမယ့် အပေါ်ခြုံကတော့နှစ်ယောက်မှတစ်ထည်ပဲရှိတယ်။

သူတို့ဟာ ဘုရားကိုအလွန်ကြည်ညိုတယ်၊ ဘုရားရှင်ဟောတဲ့တရားပွဲကိုသွားပြီး တရားနာကြတယ်။

အဲဒီလိုနာတဲ့အခါမှာ နေ့လယ်တရားပွဲကို မယားက သွားနာတယ်၊ ညတရားပွဲကျမှ လင်ကခြုံထည်ယူပြီး တရားသွားနာရတယ်။

ပုဏ္ဏားကြီးဟာ တရားနာရင်းပင် ဘုရားရှင်အား တစ်စုံ တစ်ခုကိုလှူလိုသောဆန္ဒတွေ တဖွားဖွားပေါ်လာတယ်။

မိမိမှာအပေါ်ရုံခြုံထည်မှတစ်ပါး အခြားလည်းမရှိပါချေ၊ သို့ဖြစ်၍ ဤခြုံထည်ကိုပင်လှူတော့မည်လို့ စိတ်ကူးမိသည်။

သို့သော် ဤခြုံထည်လှူလိုက်ပါက မယားရော မိမိပါ နောက်နေ့အပြင်ထွက်ဝတ်ရုံစရာ အပေါ်ရုံမရှိဖြစ်တော့မည်။

ဤသို့တွေးမိပြီး စိတ်ပြောင်းသွားပြန်သည်။

ပုဏ္ဏားကြီးရဲ့စိတ်ထဲမှာ လှူလိုသောစိတ်နှင့်နှမြောသော စိတ်တို့ အပြန်အလှန်စစ်ထိုးနေမိတယ်။

လှူမယ်-မလှူဘူးဆိုသောစိတ်နှစ်ခုသည် ပုဏ္ဏားကြီးရဲ့ စိတ်ထဲမှာတိုက်ပွဲဖြစ်နေရာ မိုးသောက်ယံပင်ရောက်လာခဲ့တယ်။

နောက်ဆုံးတွင် ဖြစ်လိုရာဖြစ်စေလှူတော့အံ့ ဟုဆုံးဖြတ် ပြီး ဘုရားရှင်အား မိမိဝတ်ရုံကိုလှူလိုက်တယ်။

လှူပြီးတာနှင့်တစ်ပြိုင်နက် ဝမ်းသာလွန်းအားကြီးလို့ နှုတ်ကနေ အောင်ပြီ-အောင်ပြီ လို့ကြွေးကြော်လိုက်မိတယ်။

ပုဏ္ဏားကြီးရဲ့အသံကိုကြားရတော့ တရားအတူနာနေတဲ့ ကောသလမင်းကြီးကကြားတော့ ငါ့အတွက်အန္တရာယ်လားဆိုပြီး စုံစမ်းမေးမြန်းတယ်။

အကြောင်းစုံကို ပုဏ္ဏားကြီးကရှင်းပြတော့ ကောသလ မင်းကြီးဟာ အကြောင်းစုံသိပြီး အလွန်ကြည်ညိုသဖြင့် အဝတ်

ထည်မျိုးစုံကိုအကြိမ်ကြိမ်ပေးလှူတယ်။

ပုဏ္ဏားကြီးကလည်း ရရှိသော ဝတ်စုံများအားလုံးကို ဘုရားရှင်ကို လှူဒါန်းလိုက်တယ်။

နောက်ဆုံးကျတော့ ကောသလမင်းကြီးက ပုဏ္ဏားကြီးကို ဆင်၊ မြင်း၊ အမျိုးသမီး၊ ကျွန်၊ ကျွန်မ၊ ရွာလေးခုစီနှင့်ငွေသုံး ထောင်တို့ကို ပေးသနားတော်မူလိုက်တယ်။

ဒါဟာ ဒါနနှင့်ကသ မစ္ဆရိယတိုက်ပွဲမှာ ဒါနရဲ့အောင် မြင်မှုကြောင့် ရရှိခံစားရသောအကျိုးကျေးဇူးပါပဲ။

အလှူပြုတဲ့နေရာမှာ-

- အလှူခံပုဂ္ဂိုလ်ဆိုတာ လယ်ယာမြေနှင့်တူပါတယ်
- အလှူပေးပုဂ္ဂိုလ်က လယ်ယာလုပ်သူနှင့်တူပါတယ်
- လှူဖွယ်ပစ္စည်းက မျိုးစေ့နှင့်တူပါတယ်
- ရရှိလာသောအကျိုးတရားများဟာ မျိုးစေ့မှအပင် ပေါက်၍ အပွင့်၊ အသီး၊ သီးခြင်းနှင့်တူပါတယ်။

လောကမှာ ဒါနမပြုနိုင်သူ (၂)ဦးရှိတယ်လို့ဆိုပါတယ်-

- တစ်ဦးက နှမြောဝန်တိုမှု
- တစ်ဦးက မေ့လျော့သူ ဖြစ်ပါတယ်။

နှမြောဝန်တိုမှုဟာ ဥစ္စာပစ္စည်းတွေကုန်သွားလျှင် စားရ မဲ့သောက်ရမဲ့ဖြစ်ရမည်ကိုစိုးရိမ်သောကြောင့် သူတစ်ပါးကိုလှူ ရက်၊ မပေးရက်၊ မိမိလည်းမသုံးစွဲရက်တော့ဘူး။

ဒါကြောင့် ပစ္စုပ္ပန်ဘဝမှာပင် မိမိကြောက်ရွံ့ထိတ်လန့် စိုးရိမ်နေသောစိတ်ကြောင့် မလှူဖြစ်က ဒါနကောင်းမှုမရှိတော့၍ နောင်ဘဝတွင် သာယာချမ်းမြေ့မှုမရှိနိုင်တော့ချေ၊ ချမ်းသာမှု မျှော်လင့်ချက်လည်းကင်းပါတော့သည်။

ဘုရားရှင်လက်တက်က မစ္ဆရိယကောသိယသူဌေးဟာ ကုဋေရှစ်ဆယ်ကြွယ်ဝသော်လည်း ပစ္စည်းဥစ္စာကိုကိုယ်တိုင်လည်း မသုံးဆောင်၊ အခြားသူအားလည်း မပေးလှူခဲ့ပါ။

မိမိကိုယ်တိုင်မှာမူ ပအုံးရည်နှင့်ဆန်ကွဲထမင်းကို စားသုံးတယ်၊ ပုဆိုးကြမ်းကိုဝတ်ဆင်တယ်၊ သစ်ရွက်ထီးကိုဆောင်းတယ်၊ ရထားအိုကိုသာစီးတယ်။

မိမိက အတုံ့အလှည့်ပြန်လည်ပေးကမ်းရမည်ကို စိုးရိမ်လို့သူတစ်ပါးကျွေးမွေးထားတာကို မစားဝံ့ဘူး။

အဒိန္နပုဗ္ဗကပုဏ္ဏားဆိုသူကလည်း အလွန်နှမြောတွန့်တိုသဖြင့် သားဖြစ်သူမကျန်းမာတာတောင် ဆေးဆရာမပင့်ဘဲ ကိုယ်တိုင်ဆေးကုတယ်။

သားအခြေအနေဆိုးဝါးလာ၍ သေဟာန်းကျတော့ လူမမာလာမေးသူတို့ ဆေးလိပ်၊ ကွမ်းတည်ဧည့်ခံရင် ကုန်မှာစိုးလို့ သားလူမမာကို အပြင်ထုတ်ထားတယ်။

တောဒေယျဆိုတဲ့ပုဏ္ဏားကြီးကတော့ (၅၄)ကုဋေကြွယ်ဝတယ်၊ သားဖြစ်သူသုဘလုလင်ကို ပေးလှူခြင်းမပြုဘဲ ဥစ္စာစုဆောင်းရန်-

"မျက်စဉ်းကျောက်သည် အနည်းငယ်မျှသာသွေးသော်လည်း အကြိမ်များသည့်အခါ ကုန်ခမ်းသွားတယ်။

ခြသတ္တဝါများဟာ အနည်းငယ်မျှစုဆောင်းသော်လည်း ကြာမြင့်သောအခါ တောင်ပို့ကြီးဖြစ်လာတယ်။

ပျားတို့ဟာ ဝတ်ရည်ကိုနှုတ်သီးဖြင့်အနည်းငယ်မျှ ယူသော်လည်း အချိန်ကြာမြင့်သောအခါ ပျားအုံကြီးဖြစ်လာတယ်။

ဒါကြောင့် "ပညာရှိသောသူဟာ ပစ္စည်းဥစ္စာကိုစုဆောင်းလျက်နေရမယ်"
လို့ ဆိုဆုံးမမှုပေးပြီး ဘာမျှမပေးလှူခဲ့ဘူး။

အဲဒီပုဏ္ဏားကြီးသေဆုံးတဲ့အခါကျတော့ အိမ်မှာပဲ ခွေးပြန်ဖြစ်တယ်။

ဒါနဟူသောပေးလှူမှုဟာ သံသရာကိုရှည်စေတယ် လို့ အချို့နားမလည်သူများက ပြောဆိုသံကိုကြားဖူးမှာပါ၊ ဒါဟာ ဒါနပြုရာမှာရည်ရွယ်ချက်မမှန်ကန်သောကြောင့် ဖြစ်ပါတယ်။

ဘဝစည်းစိမ်ကိုတောင့်တပြုလုပ်နေသမျှ သံသရာရေယာဉ်ကြောမှာ မျောနေမည်သာ ဖြစ်ပါသည်။

ဒါနပါရမီကို ဆုံးခန်းတိုင်ဖြည့်ကျင့်ကြသောဘုရားရှင်နှင့်တကွ သာဝကကြီးတို့မှာ ကျွတ်တမ်းဝင်ကြပြီးဖြစ်ပါတယ်၊ ပါရမီမှာလည်း ဘဝအဆက်ဆက်ပြီးပြည့်စုံပြီး ကျန်သောပါရမီတို့ကို အလွယ်တကူကြီးစားအားထုတ်နိုင်အောင် ဒါနပါရမီကိုသာ ဦးစွာဖြည့်ကျင့်ကြရပါတယ်။

ပေးကမ်းလှူဒါန်းမှုဒါနမရှိလျှင် တစ်ဦးနှင့်တစ်ဦးပေးကမ်းချီးမြှောက်ခြင်း၊ ကူညီခြင်းမရှိနိုင်တော့သဖြင့် မေတ္တာ၊ ကရုဏာ၊ မုဒိတာစသောစိတ်ကောင်းများထားနိုင်တော့မည်မဟုတ်ပါဘူး။

ဒီလိုမေတ္တာတရားတွေကင်းဆိတ်သွားရင် ဤကမ္ဘာသူကမ္ဘာသားတွေဟာလည်း ငြိမ်းချမ်းစွာမဖြစ်နိုင်တော့ပါဘူး။

မြန်မာစကားပုံမှာလည်း ပေးကမ်းခြင်းသည် အောင်မြင်ရာလို့ပြောထားပါတယ်။

ဒီသဘောကလည်း မှန်လှပါတယ်၊ လောကမှာ ပေးကမ်းလှူဒါန်းမှုဟာ လူအများရဲ့ချစ်ခင်မှု၊ လေးစားမှု၊ အားကိုးယုံကြည်မှု၊ ချီးမွမ်းမှုကိုခံရပါတယ်။

အလှူဒါနပေးလှူရာမှာ-

- အလှူခံပုဂ္ဂိုလ်သီလနှင့်ပြည့်စုံခြင်း
- အလှူပေးပုဂ္ဂိုလ်သီလနှင့်ပြည့်စုံခြင်း
- လှူဖွယ်ဝတ္ထုများသည် တရားနှင့်ညီညွှတ်သောပစ္စည်းဖြစ်ခြင်း
- စေတနာသုံးတန်ထက်သန်ခြင်း
- သဒ္ဓါတရားနှင့်ပြည့်စုံခြင်း

ဤအင်္ဂါရပ်များဟာ ဒါနအကျိုးထက်သန်စေသောအင်္ဂါ

များဖြစ်ပါတယ်၊ ဤအင်္ဂါတစ်ခုခုချွတ်ယွင်းက ဒါနအာနိသင်ဘော် ဆုတ်ယုတ်သည် ဟုဆိုပါတယ်။

ပေါင်းမြက်ကင်းစင်၍ မြေဩဇာကောင်းသော လယ်ယာမြေ၌ စိုက်ပျိုးသောသီးနှံသည် ဖွံ့ဖြိုးကြီးမားသကဲ့သို့ ရာဂ၊ ဒေါသ၊ မောဟတည်းဟူသော အမှိုက်သရိုက်ကင်းရှင်း၍ သီလ၊ သမာဓိ၊ ပညာဟူသော မြေဩဇာကောင်းမွန်သောအလှူခံပုဂ္ဂိုလ်အား လှူဒါန်းရသောဒါနသည် အကျိုးကြီးမားလှပါတယ်။

ဒါကြောင့် ထိုသီလ၊ သမာဓိ၊ ပညာနှင့်ပြည့်စုံသောပုဂ္ဂိုလ်ကို လယ်ယာမြေကောင်းသဖွယ်ဖြစ်သောပုဂ္ဂိုလ် လို့ဆိုပါတယ်။

ထိုပုဂ္ဂိုလ်မျိုးကလည်း သာသနာတွင်းမှာသာရှိတယ်၊ သာသနာပကာလမှာမရှိပါဘူး။

- စူးဆောက်များ၌ မုန်ညင်းစေ့ဟာမတည်နိုင်သလို
- ရေပြင်၌မီးမလောင်နိုင်သလို
- ကျောက်ဖျာထက်၌ မျိုးစေ့အပင်မပေါက်သလို

သာသနာပ၌ သီလ၊ သမာဓိ၊ ပညာမဂ္ဂင်တည်းဟူသော ကျင့်စဉ်များမရှိသောကြောင့် အကျိုးရှိသောဒါနကိုပြု၍မရပါ။

သာသနာတွင်း၌သာ ထိုပုဂ္ဂိုလ်ကိုမှီ၍ အကျိုးကြီးသော ဒါနကိုပြုနိုင်ရပါတယ်။

သာသနာပ၌ လှူဒါန်းသူသည် ကျတ်တီးကုန်း၌ လယ်ယာလုပ်သူနှင့်တူသည် ဟုဆိုပါတယ်။

ကျွတ်တီးကုန်းဆိုတာ သဲ၊ ကျောက်၊ မြေစေးတို့ရှိ၍ သစ်ပင်ပေါက်ရန်ခက်ခဲသောနေရာဖြစ်သည်၊ မြေသည် အလွန်မာကြော၏။

စိုက်ပျိုးရန်ထွန်ယက်ပါက နွားခွာပင်တုံးသည် ထိုမြေ၌ စိုက်ပျိုးသောသူသည် မည်သို့မျှအကျိုးဖြစ်ထွန်းမည်မဟုတ်ပါချေ။

အလားတူပင် သာသနာပ၌ လှူဒါန်းသောသူသည် အရင်းအနှီးများသော်လည်း အကျိုးရမှုကားနည်းပါးလှပါသည်။

လူ့ဘဝသက်တမ်းတစ်သောင်းတမ်း၌ အင်္ကုရသူဌေးသည် (၁၂)ယူဇနာရှိသော ဖိုခနောက်တန်းကြီးဖြင့် ပုထုဇဉ်ပုဂ္ဂိုလ်များကို ကာလကြာမြင့်စွာ လှူဒါန်းခဲ့တယ်။

ဂေါတမဘုရားရှင်လက်ထက် ဣန္ဒကသတို့သားသည် အရှင်အနုရုဒ္ဓါအား ဆွမ်းတစ်ဇွန်းမျှသာလှူခဲ့တယ်။

နှစ်ဦးစလုံးနတ်ပြည်မှာဖြစ်ကြတယ်၊ တစ်ဇွန်းမျှလှူတဲ့ ဣန္ဒကနတ်သားက ဥစ္စာပစ္စည်းပေါင်းသိန်းသန်းချီပြီးလှူဒါန်းခဲ့သော အင်္ကုရနတ်သားထက် ဘုန်းတန်ခိုးကြီးခဲ့တယ်။

ဘုရားရှင် တာဝတိံသာနတ်ပြည်မှာ အဘိဓမ္မာတရားဟောသောအခါ နတ်သားနှစ်ပါးစလုံးတရားလာနာသည်၊ တန်ခိုးကြီးသောနတ်ပြဟ္မာများလာသောအခါ အင်္ကုရနတ်သားသည် (၁၂)ယူဇနာဝေးသည်ထိ နောက်ဆုတ်ရှောင်ပေးခဲ့ရသည်။

ဣန္ဒကနတ်သားသည် ရှိရင်းနေရာကလုံးဝဖယ်မပေးရပါချေ၊ ထိုအဖြစ်ကိုမကျေနပ်သောအခါ အင်္ကုရနတ်သားက ဘုရားရှင်တရားပွဲအပြီးတွင် ဘုရားရှင်ကိုလျှောက်ထားတယ်။

ဘုရားရှင်က သင့်အလှူဟာ ပစ္စည်းဥစ္စာများပေမယ့် သာသနာပသီလမရှိတဲ့ပုဂ္ဂိုလ်တွေကိုလှူသည့်အတွက် အကျိုးနည်းပြီး ဘုန်းတန်ခိုးနည်းရတယ်၊ ဣန္ဒကနတ်သားကတော့ သာသနာတွင်းမှာရဟန္တာဖြစ်တဲ့ ရှင်အနုရုဒ္ဓါကိုလှူရ၍ တစ်ဇွန်းမျှပင် လှူခဲ့တာ မှန်သော်လည်း အကျိုးကြီးပြီး တန်ခိုးကြီးရတယ် လို့ ဖြေကြားပေးတော်မူတယ်။

ရဟန်းသံဃာတော်များလှူရာ၌-

- သံဃိကအလှူဒါန

- ပုဂ္ဂလိကအလှူဒါန လို့ နှစ်မျိုးရှိပါတယ်။

သာသနာတော်အတွင်းရှိသံဃာများကိုရည်မှန်းပြီး လှူတာက သံဃိကဒါနလို့ခေါ်ပါတယ်။

အလှူခံပုဂ္ဂိုလ်သီးခြားရွေးချယ်ပြီးလှူတာကတော့ ပုဂ္ဂလိကဒါနလို့ခေါ်ပါတယ်၊ သံဃိကဒါနက ပုဂ္ဂလိကဒါနထက် အကျိုးပေးသာလွန်ပါတယ်။

သံဃိကဒါနဖြစ်အောင် လှူဒါန်းတဲ့အခါမှာ ပုဂ္ဂိုလ်ကို စိတ်မညွတ်ဘဲ သံဃာဂုဏ်တော်ကိုအာရုံပြုပြီး သံဃဿဒေမ သံဃာတော်အားလှူပါ၏လို့ မြွက်ဆိုလှူရပါတယ်။

ထိုကဲ့သို့ပြုလုပ်ပါလျှင် နေ့စဉ်ဆွမ်းလောင်းလှူသော အလှူဟာ ပုဂ္ဂိုလ်တစ်ပါးပါးကိုသာ လှူတာပင်ဖြစ်ပေမဲ့ သံဃိကဒါန မြောက်ပါတယ်။

သံဃာကိုရည်စူးလှူမှုနှင့်ပတ်သက်၍ ဘုရားရှင်လက်ထက်က အဖြစ်အပျက်တစ်ခုရှိခဲ့ဖူးတယ်-

တစ်ခါက အမျိုးသားတစ်ယောက်ဟာ ဆွမ်းလှူလိုသဖြင့် ဆွမ်းညွှန်ရဟန်းထံမှ သံဃာတစ်ပါးတောင်းခံခဲ့တယ်။

လူအများက ကြည်ညိုမှုမရှိ၊ အကျင့်သီလမစင်ကြယ်တဲ့ ရဟန်းတစ်ပါးကိုစာရေးတံမဲရခဲ့တယ်။

အမျိုးသားဟာ သံဃာကိုရည်မှန်းပြီး ဆွမ်းလှူတာဖြစ်သည့်အတွက် ထိုအကျင့်မစင်ကြယ်တဲ့ရဟန်းရလာတာကို စိတ်မပျက်ဘူး။

နေရာကိုကောင်းမွန်စွာခင်းကျင်းတယ်၊ မျက်နှာကြက်မိုးတယ်၊ ပန်းနံ့သာတွေဖြင့်ပြင်ဆင်ထားတယ်။

ရဟန်းကြွလာတော့ ကိုယ်တိုင်ခရီးဦးကြိုဆိုခြေဆေးပေးပြီး ဆွမ်းကိုမွန်မွန်မြတ်မြတ် ရိုရိုသေသေပြုလုပ်ပြီးကပ်လှူတယ်။

အမျိုးသားက ဤကဲ့သို့ရိုရိုသေသေအရေးတယူလုပ်တော့ ရဟန်းက ဤဒါယကာဟာ ငါ့ကိုကြည်ညိုမြတ်နိုးတဲ့ ဒါယကာပဲထင်ပြီး ညနေကျတော့ ထိုဒါယကာအိမ်သို့ကြွပြီး ပေါက်ပြားခဏသွားငှားတယ်။

ဒီအချိန်ကျတော့ ဒါယကာက ပေါက်တူးကိုခြေမဖြင့် ကောက်မပြီး မရိုမသေပေးလိုက်တယ်။

ထိုအခြင်းအရာကိုမြင်ကြတဲ့ အိမ်နီးနားချင်းတွေက နံနက်က ရဟန်းအပေါ်ပြုမူဆက်ဆံပုံနှင့်ယခုပြုမူဆက်ဆံပုံ ကွာခြားပုံအခြေအနေကိုမေးကြတယ်။

ထိုအခါမှာဒါယကာက နံနက်ဆွမ်းကပ်စဉ်က ဤရဟန်း ကိုကြည်ညိုလေးစား၍မဟုတ်ပါ၊ သံဃာကိုရည်မှန်း၍လေးစား ခြင်းဖြစ်ပါတယ်၊ ယခုမူကား ဤအကျင့်မစင်ကြယ်သောရဟန်းကို သာရည်ရွယ်ပြီး ပြုလုပ်ခြင်းဖြစ်ပါတယ် လို့ဖြေကြားခဲ့တယ်။

ဒါနပြုရာမှာ ပုဂ္ဂလိကဒါနဟာစင်ကြယ်ရန်မလွယ်ကူပါ ဘူး၊ ပုဂ္ဂိုလ်ဟူသည်က အကောင်း-အဆိုးရှိနေတတ်ပါတယ်။

သံဃိကကမူ အကောင်း-အဆိုးမခွဲခြားသံဃာဟူသမျှ မြတ်နေသောသူများသာဖြစ်ကြပါတယ်။

ဒါကြောင့် ရောက်လာသမျှသံဃာကို သံဃာအားလှူပါ ၏ လို့သာဆို၍ပေးလှူသင့်ကြပါတယ်။

ပေးလှူတဲ့အလှူဒါနဆိုတာ သံသရာခရီးသည်အတွက် ရိက္ခာဖြစ်ပါတယ်၊ ဒါနနှင့်ပြည့်စုံပါမှ သံသရာခရီးကို မပင်မပန်း ချမ်းသာစွာသွားလာနိုင်မှာဖြစ်ပါတယ်၊ ဒါနပြုသူနှင့်မပြုသူတို့ဟာ ဖြစ်လေရာဘုံဘဝမှာကွဲပြားခြားနားမှုအမြဲရှိနေပါတယ်။

တစ်ခါက သုမနမင်းသမီးက ဘုရားရှင်ကို-

"အရှင်ဘုရား. . သာသနာတော်၌ ဘုရားရှင်၏တပည့် သာဝကတို့ဟာ သဒ္ဓါ၊ သီလ၊ ပညာတူမျှကြပါကုန်၏၊ သို့သော် တစ်ဦးကပေးလှူတတ်၍ တစ်ဦးကမပေးလှူတတ်ပါ၊ ထိုသူနှစ်ဦး သေလျှင် ကွာခြားချက်ရှိနိုင်ပါမည်လော"

လို့လျှောက်ထားတယ်။

"သုမန. . . ပေးလှူတတ်သူသည် မပေးလှူသူအား နတ်လူဖြစ်ချင်းတူသော်လည်း အသက်၊ အဆင်း၊ ချမ်းသာ၊ အခြံအရံအစိုးရခြင်းဟူသောအကြောင်းငါးမျိုးတို့ဖြင့် လွှမ်းမိုးသာလွန်နိုင်ပါ၏"

"အကယ်၍ ရဟန်းဖြစ်ခဲ့သော် ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေး ပစ္စည်းလေးပါးတို့ကို ချမ်းသာစွာသုံးဆောင်ရင်း သီတင်းသုံးဖော်တို့၏ ချစ်ခင်လေးစားမှုကို ရရှိ၏၊ ပူဇော်မှုကို ခံယူရ၏၊ အရဟတ္တဖိုလ်သို့ရောက်ရှိ၍ ရဟန္တာဖြစ်ကြလျှင်မူ ထိုသူနှစ်ဦး တို့၏ အရဟတ္တဖိုလ်သည် ထူးခြားမှုမရှိပါ "

ဟု ဘုရားရှင်က ဖြေတော်မူတယ်။

ဤဒါနနှင့်ပတ်သက်၍ သီဟစစ်သူကြီးကလည်း ဘုရားရှင်ထံသို့သွား၍-

"အရှင်ဘုရား. . . ကိုယ်တိုင်သိမြင်ရသောအလှူ၏ အကျိုးကိုပညတ်ရန်တတ်နိုင်ပါ၏လော"

လို့လျှောက်ထားတယ်၊ ဘုရားရှင်က-

- လူအများချစ်ခင်ခြင်း
- သူတော်ကောင်းတို့ချဉ်းကပ်ခြင်း
- ကောင်းသတင်းကျော်စောခြင်း
- ပရိသတ်ထဲရဲဝံ့စွာချဉ်းကပ်နိုင်ခြင်း

ဟူသောအကျိုးတရားလေးပါးသည် အလှူရှင်ကိုယ်တိုင်သိမြင်ရသောအလှူ၏အကျိုးတို့ဖြစ်ပါတယ်။

သေပြီးနောက် နတ်ပြည်သို့ရောက်ရခြင်းသည်ကား တမလွန်ဘဝ၌ရရှိသောအလှူ၏အကျိုးတည်း

လို့ ဘုရားရှင်က မိန့်ကြားအဖြေပေးခဲ့တယ်။

မြန်မာ့ယဉ်ကျေးမှုဓလေ့မှာ အလှူဒါနပြုလုပ်သောအခါမှာ ရေစက်ချအမျှပေးဝေသောဓလေ့ရှိပါတယ်။

အချို့က ရေစက်ချမှ အလှူဒါနထမြောက်အောင်မြင်တယ်လို့ယူဆတတ်ကြပါတယ်။

ရေစက်ချခြင်း-မချခြင်းသည် အလှူဒါန ထမြောက်အောင်မြင်ခြင်းနှင့်မဆိုင်ပါ၊ မိမိပြုလုပ်အပ်သောကုသိုလ်အဖို့ကို မိမိနှင့်ထပ်တူကုသိုလ်ရစေရန် ပတ္တိဒါန ခေါ် အမျှပေးဝေခြင်းသာဖြစ်ပါတယ်။

အခြားသူများကလည်း အလှူရှင်ကအမျှဝေလျှင် "ပတ္တာနုမောဒန"ကုသိုလ်အနေဖြင့် သာဓုခေါ်ကြလေ့ရှိပါတယ်။

ဤလုပ်ငန်းစဉ်များသည် ဗုဒ္ဓဘာသာဝင်တို့ဓလေ့မှာ အလွန်ကောင်းမွန်သောယဉ်ကျေးမှုဓလေ့ဖြစ်ပါတယ်။

အလှူပေးသူဟာ ကုသိုလ်ကိုအမျှပေးဝေခြင်းဖြင့် မိမိကုသိုလ်အကျိုးအနည်းငယ်မျှမလျော့သွားပါဘူး။

ဥပမာအားဖြင့် အိမ်ခြေ(၁၀၀၀)ရှိသောရွာ၌ အိမ်တစ်အိမ်မှဆီမီးကို အခြားအိမ်များကကူးယူမီးညှိခဲ့ပါက မူလအိမ်မှဆီမီးသည်လျော့နည်းမသွားဘဲ မိမိကိုအကြောင်းပြု၍ တစ်ရွာလုံး အလင်းရောင်ပျံ့သွားသကဲ့သို့ဖြစ်ပါတယ်။

အမျှဝေခြင်းဖြင့် ကျွတ်သင့်ကျွတ်ထိုက်သောပြိတ္တာတစ္ဆေ သရဲစသည့်ပုဂ္ဂိုလ်များဟာလည်း သာဓုခေါ်ပြီး ကုသိုလ်အဖို့ အကျိုးရကြကာ သုဂတိဘဝများသို့ ကူးပြောင်းရောက်ရှိသွားနိုင်ပါတယ်။

ထိုပြိတ္တာစသောပုဂ္ဂိုလ်တို့ကလည်း ကုသိုလ်အဖို့ဘာဂအမျှပေးဝေမှုကိုစောင့်မျှော်နေကြ၍ ကုသိုလ်ပြုသူတိုင်း အမျှဝေရန်မမေ့သင့်ကြပါဘူး။

ဗုဒ္ဓဘာသာဝင်အိမ်ထောင်သည်ဖြစ်ကြတဲ့သမီးတို့ သားတို့အိမ်ထောင်သည်တွေဟာ အိမ်တွင်မင်္ဂလာရှိဖို့၊ ဥစ္စာစည်းစိမ်ပစ္စည်းနှင့်တင့်တယ်စွာနေနိုင်ဖို့အတွက် အလှူရေစက် လက်နှင့်မကွာပြုကြဖို့ လိုပါတယ်။

## အရေးကြီးသွေးစည်းဖို့ရာ ဉာတကာကို ချီးမြှင့်ထားပါ

အရေးကြီးက သွေးနီးရ ဆိုတဲ့စကားအတိုင်း လူဆိုတာဟာအမြဲထာဝရအန္တရာယ်ကင်း ဒုက္ခကင်းနေတာမဟုတ်ဘူး၊ ရေးကြီးခွင်ကျယ်အကြောင်းကိစ္စမျိုးစုံရှိတတ်တယ်၊ အဲဒီလိုရှိတဲ့အခါမှာ ဆွေမျိုးဆိုတာက အသက်ပေးကူညီစောင့်ရှောက်တယ်။

မြန်မာစကားပုံမှာ သစ်တစ်ပင်ကောင်း ငှက်တစ်သောင်းနားနိုင်တယ်ဆိုတာဟာ မိမိဆွေမျိုးထဲက တစ်ယောက်ကြီးပွားချမ်းသာရန် ကျန်တဲ့ဆွေမျိုးသားချင်းတွေဟာ ကြီးပွားချမ်းသာစွာနေရတယ်လို့ဆိုတယ်။

လူ့အသိုင်းအဝိုင်းမှာ ကိုယ့်ဆွေမျိုး၊ ကိုယ့်လူမျိုးကို သင်္ဂဟတရားလေးပါးဖြစ်တဲ့-

- ပေးကမ်းချီးမြှင့်ထောက်ပံ့ခြင်း
- ချစ်ဖွယ်စကားပြောဆိုခြင်း
- အကျိုးစီးပွားရွက်ဆောင်ပေးခြင်း
- ကိုယ်နှင့်ထပ်တူထားခြင်း

နားပန်းစွန်းသည် ရထားဘီးကိုစောင့်ရှောက်သကဲ့သို့ ဤတရားလေးပါးဟာလည်း လောကကိုစောင့်ရှောက်တယ်၊ ဤတရားတို့ကြောင့် ပူဇော်ခြင်း၊ ချီးမြှင့်ထောက်ပံ့ခြင်းစသောလောကအကျိုးပြုလုပ်ငန်းများတည်ရှိနေခြင်းဖြစ်တယ်၊ မြင့်မြတ်သူ ချီးမွမ်းထိုက်သူများကိုလည်း ထင်ရှားစွာသိမြင်ခွင့်ရပါတယ်။

ဘုရားလောင်းပါရမီဖြည့်တော့ ဉာတတ္ထစရိယဆိုတဲ့ ဆွေမျိုး အကျိုးကြည့်ရှုစောင့်ရှောက်ကာကွယ်ချီးမြှင့်တာတွေ ဇာတ်တော်တွေမှာ အများအပြားတွေ့ရတယ်။

အဲဒါကြောင့် ဘပသာယာရေး၊ အိမ်ထောင်သာယာရေး မှာဆွေမျိုးအသိုင်းအဝိုင်းနှင့်ချစ်ခင်ကြည်ညိုမှု၊ လေးစားမှုခံရလေ အောင် ဆွေမျိုးတွေကိုပစ်မထားဘဲ ပေးကမ်းချီးမြှင့်ထားရပါမယ်။

ဆွေမျိုးအင်အားတောင့်တဲ့သူတွေကို ပတ်ဝန်းကျင်က ဘယ်သူကမှမစော်ကားမနှိပ်စက်ရဲဘူး။

ရှေးရှေးပညာရှိဆရာတော်တွေက ၃၇-မင်းကို ပန်း မကိုင်ဘဲကျအောင် လုပ်တတ်ရမယ်တဲ့။

ဆိုလိုတာကတော့ မိမိဘဝလုံခြုံသာယာရေးအတွက် ၃၇-ဦးနှင့်သင့်တင့်မျှတအောင်ပေါင်းသင်းဆက်ဆံထားခြင်း၊ ဆွေ မျိုးသဘောသက်ဝင်ထားခြင်းရှိမယ်ဆိုက မိမိဘဝ မိမိအိမ်ထောင် စုမှာ ဘယ်လိုအန္တရာယ်ရန်စွယ်မျိုးမှမကျရောက်နိုင်ဘူး လို့ဆို တာပါ၊ (၃၇)မင်းဆိုတာကလည်း သမီးတို့အများသိကြတဲ့ (၃၇) မင်းနတ်ကိုပြောတာမဟုတ်ပါဘူး။

လူ့ဘဝသာယာချမ်းမြေ့ပြီး အန္တရာယ်ရန်စွယ်ကင်းရှင်း စွာနေလိုလျှင် (၃၇)မင်းနှင့်သင့်တင့်အောင်ပေါင်းပါ၊ အဲဒီ(၃၇) မင်းသာပေါင်းထားမိရင်၊ ရပ်ဆွေရပ်မျိုးတော်မိရင် ပန်းကိုင်ပြီး နတ်ပင့်စရာမလိုဘူးလို့ဆိုပါတယ်။ အဲဒီ(၃၇)မင်းဆိုတာက-

မိမိအိမ်ရဲ့ - အရှေ့ဘက်အရပ် (၇)အိမ်
- အနောက်ဘက်အရပ် (၇)အိမ်
- မြောက်ဘက်အရပ် (၇)အိမ်
- တောင်ဘက်အရပ် (၇)အိမ်

စုစုပေါင်း (၂၈)အိမ်နှင့် ရပ်ဆွေရပ်မျိုးဖြစ်နေရမယ်၊ ပြီးတော့-

၂၉ -ဘုရားကိုလည်း ဆည်းကပ်ကိုးကွယ်ထားရမယ်။
၃၀ - တရားကိုလည်း ကိုယ်ဝယ်အမြဲမပြတ်ထားရှိရမယ်
၃၁ - ရဟန်းသံဃာကိုလည်း ဆည်းကပ်ကိုးကွယ်ထားရမယ်
၃၂ - အမိကိုလည်း ဆည်းကပ်ကိုးကွယ်ထားရမယ်
၃၃ - အဘကိုလည်း ဆည်းကပ်ကိုးကွယ်ထားရမယ်
၃၄ - ဆရာသခင်ကျေးဇူးရှင်ကိုလည်း ဆည်းကပ်ကိုးကွယ် ထားရမယ်
၃၅ - ဆေးသမားတော်ကိုလည်း ဆည်းကပ်ကိုးကွယ် ထားရမယ်
၃၆ - မိမိအိမ်စုကိုအုပ်ချုပ်သောဆယ်အိမ်ခေါင်းကိုလည်း ဆည်းကပ်ကိုးကွယ်ထားရမယ်
၃၇ - မိမိရပ်ရွာကိုအုပ်ချုပ်သောသူကြီးကိုလည်း ဆည်းကပ် ကိုးကွယ်ထားရမယ်

အဲဒီ(၃၇)မင်းကို ဆွေမျိုးတော်ထားနိုင်သူ ဆည်းကပ်နိုင်သူဟာ မည်သည့်အလုပ်ကိုလုပ်လုပ်အောင်မြင်နိုင်တယ်၊ အန္တရာယ်လည်းမရှိဘူး၊ ဘဝမှာလည်း လုံခြုံမှုရတယ်လို့ဆိုပါတယ်။

မင်္ဂလာတရားတော်မှာ-

- စည်းစိမ်ဥစ္စာပျက်စီးသောကြောင့်ဖြစ်စေ
- အနာရောဂါနှိပ်စက်သောကြောင့်ဖြစ်စေ

ဆင်းရဲဒုက္ခရောက်နေသောဆွေမျိုးတို့အား အဝတ်အစား၊ စီးပွားဥစ္စာ၊ ဆေးဝါးတို့ဖြင့်စွမ်းနိုင်သမျှချီးမြှောက်ထောက်ပံ့ကြရမည် လို့ဆိုထားပါတယ်။

ဒီနေရာမှာဆွေမျိုးဆိုတာက သွေးစပ်၍ဖြစ်စေ၊ အိမ်ထောင်စပ်၍ဖြစ်စေ တော်စပ်သောသားချင်းကိုဆွေမျိုးလို့ ဆိုပါတယ်။

မြန်မာယဉ်ကျေးမှုနယ်ပယ်မှာ ဆွေခုနစ်ဆက်၊ မျိုးခုနစ်ဆက်လို့ ဆိုရိုးစကားရှိပါတယ်။

ဒီစကားအရ မျက်မှောက်၌ ထင်ရှားရှိသောဆွေမျိုးကိုသာ ဆွေမျိုးလို့ မဆိုလိုပါဘူး။

အထက်မှဖြစ်စေ၊ အောက်မှဖြစ်စေ မိမိနှင့်ဆက်သွယ်သူမှန်သမျှ တော်စပ်သူမှန်သမျှဆွေမျိုးလို့သတ်မှတ်ရပါမယ်။

ဆွေခုနစ်ဆက်မှာ အထက်က (၇)ဆက်ရှိပါတယ်-

- ဘ, ဘိုး, ဘေး, ဘီ, ဘင်, ဘောင်, ဘော

အောက်ခုနစ်ဆက်မှာ-

- သား, မြေး, မြစ် , တီ, တွတ်, ကျွတ် , ဆတ်

တို့ဖြစ်ကြပါတယ်။

သုတ္တန်ဒေသနာတော်မှာတော့ ဆွေမျိုးနှင့်ပတ်သက်၍

- သွေးသားတော်စပ်သောဆွေမျိုး
- အနွယ်တူသောဆွေမျိုး
- တိုင်ပင်ဘက်ဆွေမျိုး
- အရာတူတပည့်ကျောင်းနေ ာက်ဆွေမျိုး

လို့ လေးမျိုးခွဲခြားပြဟောထားတယ်။

ဆွေခုနစ်ဆက် မျိုးခုနစ်ဆက်လို့ ဆွေမျိုးနှင့်ပတ်သက်၍ ပြောဆိုသောအလေ့သည် ရှေးအစဉ်အလာယဉ်ကျေးမှုတစ်ရပ် ဖြစ်ပါတယ်။

ဆွေမျိုးကိုရှေ့တန်းတင်၍ ပြောဆိုဆက်ဆံမှုသည် ရှေးနှစ်ပေါင်းများစွာကတည်းက ရှိခဲ့ပါသည်။

တိကပုဏ္ဏားဟာ ဘုရားရှင်ထံလျှောက်ထားရာတွင်-

"အရှင်ဂေါတမ . . ဤလောက၌ ပုဏ္ဏားသည် အမိဘက်၊ အဖဘက်နှစ်ဘက်စလုံးမှ ကောင်းသောဇာတ်ရှိ၏၊ မျိုးရိုးသင့်သောအမိဝမ်းရှိ၏၊ ဘိုး၊ ဘေးခုနစ်ဆက်တိုင်အောင် ဇာတ်နှင့်စပ်၍ အကဲ့ရဲ့မခံရ၊ အပယ်မခံရပါ "

လို့ လျှောက်ထားခဲ့တယ်။

လောကမှာ ဆွေမျိုးအသိုင်းအဝိုင်းကို မည်သူမျှပယ်လို့ မရပါဘူး၊ ဆွေမျိုးတို့ကိုချီးမြှောက်ခြင်းဟာလည်း ရှောင်လွှဲမရသောတာဝန်ဖြစ်ပါတယ်။

ရေမြင့်ကြာတင့်ဆိုသကဲ့သို့ ဆွေမျိုးအခြေအနေအသိုင်းအဝိုင်း အခြံအရံကောင်းမှလည်း မိမိဘဝတင့်တယ်လှပလှပါတယ်။

ဘုရားလောင်းက ဘုရားဖြစ်တော့မည့်ဘဝ ပဋိသန္ဓေယူရန် ကြည့်ခြင်းငါးပါးကိုကြည့်တဲ့အခါမှာ ဘုရားလောင်းဖြစ်ရန်အမျိုးကိုကြည့်ရှုတယ်၊ ဆွေမျိုး၏ပြည့်စုံခြင်းကိုတွေ့မှ ဘုရားဖြစ်ရန်လာရောက်တောင်းပန်သောနတ်၊ ဗြဟ္မာတွေကိုဝန်ခံခဲ့တယ်။

လောကမှာ မည်မျှကြီးကျယ်အောင်မြင်သောပုဂ္ဂိုလ်ဖြစ်စေကာမူ အထက်ဆိုခဲ့သောဆွေမျိုးလေးပါးအင်အားကောင်းမှသာ အောင်မြင်မှုကို ဆက်လက်ထိန်းသိမ်းစောင့်ရှောက်နိုင်ပါတယ်။

လောကနီတိဆရာက-

"ဘုရားရှင်နှင့်တူသောဂုဏ်ကျေးဇူးရှိသူဖြစ်စေ၊ မဂ်တည်းဟူသောမှီခိုရာမရပါမူ မတင့်တယ်။

ပတ္တမြားသည် အဖိုးအတိုင်းမသိထိုက်တန်သော်လည်း ရွှေကိုအမှီရမှ တင့်တယ်ပါတယ်။

သစ်ပင်ရဲ့အရိပ်ဟာချမ်းသာပါတယ်၊ သစ်ပင်ရိပ်ထက် ဆွေမျိုးမိဘအရိပ်က ပို၍ချမ်းသာတယ်"
လို့ ဆိုပါတယ်။

ဤလောကနီတိဆုံးမစာကိုကြည့်သောအားဖြင့် ဆွေမျိုးအရေးပါအရာရောက်ပုံက ထင်ရှားလှပါတယ်။

ဘုရားလောင်းသော်မှ ဘုရားဆုပန်သည်မှစ၍ ရည်ရွယ်ချက်(၃)မျိုးဖြင့် ပါရမီဖြည့်ခဲ့တာကိုတွေ့ရပါတယ်-

- သတ္တဝါတို့၏အကျိုးအတွက်
- ဆွေမျိုးတို့၏အကျိုးအတွက်
- ဘုရားဖြစ်ရေးအတွက်

ဘုရားရှင်ဟာ ဆွေမျိုးတို့အတွက် အတိတ်ဘဝမှာရော ပစ္စုပ္ပန်ဘဝမှာပါ အဖန်ဖန်အထပ်ထပ်ဆောင်ရွက်ပေးတော်မူခဲ့တယ်။

ဆွေမျိုးတို့ကို သင်္ဂဟတရားနှင့်အညီ ထောက်ပံ့ရမယ်ဆိုတာနှင့်ပတ်သက်၍-

- စိတ်သဘောထားသေးသိမ်သူ
- အမြင်ကျဉ်းမြောင်းသူ
- အသိဉာဏ်မဲ့သူ

ဤသူတို့ဟာ ဆွေမျိုးတို့၏အကျိုးစီးပွားကို ဆောင်ရွက်နိုင်ကြမှာမဟုတ်ပါဘူး။

- မေတ္တာ ကရုဏာ အရင်းခံရှိသူ
- အမျိုးကိုချစ်တတ်သောစိတ်ရှိသူ

ဤသူတို့သည်သာ ဆွေမျိုးအကျိုးကိုသယ်ပိုးဆောင်ရွက်နိုင်ပါတယ်။

ဘုရားလောင်းဟာ ဆွေမျိုးအကျိုးကို တိရစ္ဆာန်ဘဝမှာတောင် အသက်စွန့်ဆောင်ရွက်ပေးခဲ့တာကိုတွေ့ရတယ်။

ဘုရားလောင်းမျောက်မင်းဟာ အခြံအရံမျောက်ပေါင်း ရှစ်သောင်းခြံရံပြီး ဟိမဝန္တာမှာနေတယ်။

ဂင်္ဂါမြစ်အနီးရှိသရက်ပင်သို့သွားပြီး သရက်သီးများကို သွားရောက်စားလေ့ရှိတယ်။

တစ်နေ့မှာ ထိုပင်ကသရက်သီးတစ်လုံးဟာ ဂင်္ဂါမြစ်ထဲ မျောပါသွားပြီး ဗာရာဏသီမင်းရေချိုးရာနေရာသို့ရောက်သွားတယ်။

ဗာရာဏသီမင်းဟာ ထိုသရက်သီးရဲ့အရသာကိုစွဲလမ်းမိပြီး သရက်သီးကိုရှာဖွေရန် ဂင်္ဂါမြစ်ညာသို့ဆန်တက်လာခဲ့တယ်။

သရက်ပင်ကိုတွေ့တဲ့အခါမှာ သရက်ပင်ပတ်ဝန်းကျင်မှာပဲ ညအိပ်ရပ်နားမှုပြုတယ်။

မျောက်မင်းကလည်း ညဥ့်အချိန်အခြံအရံများနှင့်အတူ သရက်ပင်သို့လာပြီး သရက်သီးကိုစားတယ်။

မင်းကြီးကသိသောအခါ လေးသည်တော်များကိုခေါ်ယူပြီး သရက်ပင်ကိုဝိုင်းရံထားစေတယ်။

အဲဒီအခါမှာ မျောက်တွေအားလုံးဟာကြောက်ရွံ့တုန်လှုပ်ကြတယ်၊ ဘုရားလောင်းမျောက်မင်းက-

"မကြောက်ကြလင့်၊ သင်တို့ကိုငါကယ်တင်မယ်"

ဆိုပြီး ဂင်္ဂါမြစ်တစ်ဖက်ကမ်းသို့ခုန်ကူးခဲ့တယ်။

တစ်ဖက်ကမ်းရောက်တော့ ကြိမ်နွယ်တစ်ချောင်းကိုရှာဖွေပြီး သစ်ပင်ကိုချည်နှောင်ထားလိုက်တယ်၊ အစွန်းတစ်ဖက်ကို မိမိခါးမှာချည်နှောင်ထားပြီးလျှင် သရက်ပင်သို့ပြန်လည်ခုန်ကူးလာခဲ့တယ်။

ဒါပေမဲ့ ကြိမ်နွယ်ကအနည်းငယ်တိုနေတော့ သရက်ပင်ပေါ်သို့မရောက်၊ သရက်ကိုင်းကိုသာလှမ်း၍ကိုင်ထားရုံမျှသာမိတယ်။

"ငါ့ရဲ့ကျောကိုနင်း၍ ကြိမ်နွယ်ဖြင့်ကူးကြလော့"

လို့မျောက်မင်းကပြောတယ်။

မျောက်အပေါင်းဟာ မျောက်မင်းပြောသည့်အတိုင်းတစ်ဖက်ကမ်းသို့ကူးကြတယ်။

ဒေဝဒတ်လောင်းမျောက်ကတော့ ငါ့ရန်သူကိုကလဲ့စားချေရပြီဆိုပြီး သစ်ပင်ထိပ်ဖျားတက်ပြီး မျောက်မင်းကျောပေါ်သို့

ခုန်ချခဲ့တယ်၊ မျောက်မင်းဟာ ထိုဒဏ်ကြောင့်နှလုံးကွဲအက်၍ ဝေဒနာပြင်းထန်စွာခံစားရလေတယ်။

ဗာရာဏသီမင်းကြီးဟာ ဖြစ်ရပ်အားလုံးကိုမြင်တယ်၊ မျောက်မင်းကိုအလွန်သနားကြည်ညိုပြီး သစ်ပင်ပေါ်ကကောင်းစွာချစေပြီး ပြုစုပေးတယ်၊ ဆေးကုပေးတယ်၊ ဒါပေမဲ့ မျောက်မင်းဟာ ဆွေမျိုးအတွက် အကျိုးဆောင်ရွက်ရင်း အသက်ဆုံးရှုံးသွားရတယ်။

ဘုရားရှင်ဘဝဆွေတော်မျိုးတော်အကျိုးကို သယ်ပိုးရာမှာ ဖြစ်စဉ်နှစ်ခု ထင်ရှားရှိခဲ့တယ်။

တစ်ချိန်တွင် ကပိလဝတ်ပြည်သာကီဝင်မင်းနှင့်ကောလိယသာကီဝင်မင်းတို့ဟာ ရောဟိနီမြစ်ရေကိုအကြောင်းပြုကာ အငြင်းပွားကြပြီး ခိုက်ရန်ဖြစ်ကြတယ်၊ နှစ်ဘက်စစ်တိုက်ရန် မြစ်မှာဆုံကြတယ်။

အဲဒီအခါမှာ ဘုရားရှင်က နှစ်ဘက်စစ်တပ်ကြားထက်မှာ ထက်ဝယ်ဖွဲ့ခွေလျက် ရန်ငြိမ်းကြောင်း ဒေသနာတော်ကို ဟောတယ်။

"အဖိုးအနည်းငယ်ထိုက်သောရေအတွက် အဖိုးအနန္တထိုက်သောခတ္တိယနွယ်ရိုးမင်းမျိုးမင်းဆွေတို့ကို အဘယ်ကြောင့်ဖျက်ဆီးလိုကြသလဲ၊ ခိုက်ရန်ဖြစ်ပွားအငြင်းပွားခြင်းသည် တစိုးတစိမျှ သာယာဖွယ်မရှိပါချေ"

လို့တရားဟောပြီး ဆွေမျိုးတွေရဲ့ပျက်စီးမှုဘေးကို ကာကွယ်စောင့်ရှောက်ပေးခဲ့တယ်။

တစ်ချိန်မှာလည်း ဝိဋူဘမင်းက သာကီဝင်မင်းတို့ကို သတ်ဖြတ်ရန် သာဝတ္ထိမှစစ်ချီခဲ့တယ်။

ထိုအကြောင်းကိုသိရှိတော်မူသောဘုရားရှင်က ကပိလဝတ်ပြည်နယ်စပ်ရှိ အရိပ်ကျဲသောသစ်ပင်အောက်မှာ သီတင်းသုံးထိုင်နေတော်မူတယ်။

ထိုသစ်ပင်နှင့်မနီးမဝေးသာဝတ္ထိပြည်နယ်စပ်၌ အရိပ်ထူသောသစ်ပင်တစ်ပင်ရှိတယ်။

စစ်ချီလာသော ဝိဋူဘမင်းဟာ ဘုရားရှင်ကိုတွေ့တော့-

"ဘုန်းတော်ကြီးသောမြတ်စွာဘုရား. . . ပူပြင်းသောကာလ၌အရိပ်ကျဲသောသစ်ပင်၌ အဘယ်ကြောင့် သီတင်းသုံးနေပါသနည်း၊ အရိပ်ထူသော ပင်ညောင်မင်းသို့ကြွရောက်သီတင်းသုံးပါ"

လို့လျှောက်ထားတယ်။

"မြတ်သောမင်းကြီးရှိပါစေ၊ ဆွေမျိုးတို့၏အရိပ်သည် အေးမြလှပါ၏"

လို့မိန့်ကြားတယ်။

ဝိဋူဘမင်းလည်း-

"ဘုရားရှင်သည် ဆွေမျိုးတို့ကိုစောင့်ရှောက်ရန်ကြွလာခြင်းဖြစ်ပေလိမ့်မယ်"

လို့ ကြံစည်အောက်မေ့၍ စစ်တပ်ကိုရုပ်သိမ်းကာ သာဝတ္ထိသို့ပြန်ကြွလာခဲ့တယ်။

ဤသည်မှာ ပစ္စုပ္ပန်ဘဝ ဘုရားရှင်၏ဆွေမျိုးများကိုစောင့်ရှောက်မှုဖြစ်ပါတယ်။

ဆွေမျိုးများကို သင်္ဂဟတရားဖြင့်ထောက်ပံ့ရုံမျှဖြင့် မပြည့်စုံသေးပါဘူး။

ဆွေမျိုးများစည်းလုံးညီညွတ်မှုရှိစေရန် စည်းလုံးသိမ်းသွင်းမှုကိုလည်း ပြုလုပ်ရန် လိုအပ်လှပါတယ်။

စည်းလုံးညီညွတ်ခြင်းဟူသောစကား၌-

- အသိဉာဏ်ရှိခြင်း
- လုံ့လရှိခြင်း
- မျှတခြင်း
- ဦးဆောင်မှုမှန်ကန်ခြင်း

စသော အဓိပ္ပာယ်များပါဝင်ပါတယ်။

ညီညွတ်မှုမရှိက မည်မျှအင်အားကြီးမားသူပင်ဖြစ်စေ၊ ပျက်စီးဆုံးရှုံးမှုနှင့်ရင်ဆိုင်ရတတ်ပါတယ်။

ဘုရားလောင်းငုံးမင်းဘဝကအဖြစ်အပျက်ဇာတ်က မှတ်သားလိုက်နာအတုယူစရာ ရှောင်ကြဉ်စရာကောင်းလှပါတယ်။

ဘုရားလောင်းငုံးမင်းဟာ ငုံးအပေါင်းခြံရံလျက် တောမှာနေတယ်။

မုဆိုးတစ်ယောက်ဟာ လာရောက်ပြီး ငုံးများကိုဖမ်းယူတယ်၊ ဘုရားလောင်းငုံးမင်းက ငုံများစုဝေးစေပြီး-

"သင်တို့သည် မုဆိုးက ပိုက်ကွန်ဖြင့် ပစ်သောအခါ တညီတညွတ်တည်း ပိုက်ကွန်ကိုချီမ၍ ပျံကြပါလေ၊ သင့်လျော်ရာချုံ၌ သက်ဆင်း၍ ဘေးလွတ်ရာသို့ ပြေးကြပါလေ"

ဟု လမ်းညွှန်ပြောကြားတယ်။

ငုံးအပေါင်းဟာ ဘုရားလောင်းငုံးမင်းပြောသည့်အတိုင်း ညီညီညွတ်ညွတ် လိုက်နာကျင့်သုံးဆောင်ရွက်ကြတော့ မုဆိုးပိုက်ကွန်ကလွတ်ပြီး အသက်ချမ်းသာရာရကြတယ်။

တစ်နေ့မှာ ငုံးတွေဟာ စားကျက်ဆင်းရန် ငုံးတစ်ကောင်က အခြားငုံးတစ်ကောင်ရဲ့ဦးခေါင်းကို မတော်တဆနင်းမိတယ်၊ အဲဒီကိစ္စကလေးမှစကားများကြပြီး စိတ်ဝမ်းကွဲကြတယ်၊ ခိုက်ရန်ဖြစ်ကြပြီး ညီညွတ်မှုပြိုကွဲသွားကြတယ်။

ရက်အနည်းငယ်ကြာတော့ မုဆိုးကပိုက်ကွန်ဖြင့် ယခင်ကလိုပစ်ဖမ်းပြန်တယ်။

ငုံးများဟာ ယခင်ကလိုညီညွတ်စွာ ထမပျံကြတော့ဘဲ အချင်းချင်းခိုက်ရန်သာဖြစ်နေကြတယ်။

အဲဒီအခါမှာ မုဆိုးက ငုံးငှက်များကို အလွယ်တကူဖမ်းယူသွားနိုင်ခဲ့တယ်။

- ညီညွတ်ခြင်းသည် ချမ်းသာ၏
- ဆွေမျိုးများပြားခြင်းသည် ကောင်း၏
- တောဌ်ပေါက်ရောက်သောသစ်ပင်တို့သော်မှ များပြားမှုကောင်း၏
- ကွင်းပြင်၌ တစ်ပင်တည်းအထီးတည်း တည်နေလျှင် ကြီးမားသောတောစိုးသစ်ပင်သော်လည်း လေသည် တိုက်လှဲချ၏
- ညီညွတ်ခြင်းသည်အင်အား
- စည်းလုံးညီညာအောင်ကြောင်းဖြာ
- တစ်ယောက်အားဖြင့်ယူသော်မရ၊ တစ်သောင်းအား နှင့်ယူသော်ရ၏

ဟူသောစကားများသည် ညီညွတ်ခြင်း၏အကျိုးကျေးဇူးကို ညွှန်ပြနေပါတယ်။

ဒါကြောင့် သမီးတို့အိမ်ထောင်သည်များဟာ ဆွေမျိုးတွေကို ထောက်ပံ့ကူညီ၍ စည်းလုံးညီညွတ်မှုကိုတည်ဆောက်ထားမယ်ဆိုရင် ဘယ်သူကမှလာရောက်၍ နိုင်ထက်စီးနင်းမလုပ်နိုင်ပါဘူး။

အလားတူပဲ တိုင်းရင်းသားဆွေမျိုးလူမျိုးစုတွေဟာ ညီညွတ်ကြတယ်၊ စည်းရုံးကြမယ်ဆိုရင် ဘယ်နိုင်ငံ ဘယ်လူမျိုးကမှ လာရောက်မစော်ကားဝံ့ဘူး၊ မကျူးဝံ့ဘူးဆိုတာ သမီးတို့ ထာဝရသိထားရပါမယ်။

## အပြစ်ကင်းတဲ့ကြီးပွားရေး၊ စီးပွားရေးအလုပ်ကိုလုပ်ပါ

သမီးတို့အိမ်ထောင်သည်ဘဝမှာ-

- ကြွေးဟောင်းဆိုတဲ့မိဘတွေကိုပြုစုလုပ်ကျွေးထောက်ပံ့ဖို့
- သားသမီး၊ သားမယားတို့ကို ထောက်ပံ့ချီးမြှင့်ခြင်းဆိုတဲ့ ကြွေးသစ်ချဖို့

အတွက် သမီးတို့လင်မယားဟာ အလုပ်လုပ်ကြရမယ်။

အဲဒီလိုလုပ်တဲ့နေရာမှာ အန္တရာယ်ကင်းရှင်းလျက် ဖွံ့ဖြိုးတိုးတက်မှုကိုအာမခံပေးနိုင်သောလူမှာ လူအလျောက် ဖောက်ကားရောင်းဝယ်ကုန်သွယ်လယ်လုပ်စသည်ဖြင့် ဥစ္စာစီးပွားကြီးပွားတိုးတက်အောင် ဆောင်ရွက်ကြရပါမယ်။

အဲဒီလို လုပ်ရာမှာ-

- ထကြွလုံ့လရှိရပါမယ်
- သတိတရားနှင့်ပြည့်စုံရပါမယ်

- စင်ကြယ်သောကိုယ်မှုနှုတ်မှုနှင့်ပြုလုပ်ရပါမယ်
- စူးစမ်းဆင်ခြင်ပြီး ပြုလုပ်တတ်ရပါမယ်
- ကိုယ်၊ နှုတ်၊ စိတ်ကိုထိန်းသိမ်းစောင့်ရှောက်ပြီး လုပ်ရပါမယ်
- တရားနှင့်လျော်ညီစွာ လုပ်ကိုင်ဆောင်ရွက်ရပါမယ်

လို့ စူဠကဇာတ်မှာ ဟောထားတာကိုတွေ့ရမယ်။

လောကမှာ ထကြွလုံ့လဝီရိယရှိသူဟာ၊ စည်းစိမ်ဥစ္စာရတနာဟူသမျှ တစ်နေ့တခြား များပြားတိုးတက်တယ်လို့ ဘုရားရှင်ကဟောကြားထားခဲ့တယ်။

ဝီရိယရှိတဲ့သူမှာအကျိုးငါးပါးရတယ်-

- အချမ်း၊ အပူစသောဆင်းရဲဒုက္ခကိုသည်းခံနိုင်တယ်။
- မိမိ၏ရန်သူကိုပူပန်စေတယ်
- ပျင်းရိဆုတ်နစ်သောစိတ်မရှိသူဖြစ်စေတယ်
- စိတ်နှလုံးရွှင်ပြုံးကွန့်မြူး၍ အထူးငြိမ်းချမ်းတယ်
- ရပြီးသောစည်းစိမ်ရွှေငွေဂုဏ်ကြက်သရေတို့ကို ကောင်းစွာစောင့်ရှောက်တယ်

လောကမှာ လုံ့လ၊ ဝီရိယရှိသူအတွက် အလုပ်ဆိုတာဟာအမြဲတမ်းစောင့်မျှော်ငံ့လင့်နေတတ်ပါတယ်၊ လုံ့လရှိသူထိုင်ရင်အလုပ်တည်းဟူသောပလ္လင်ဟာ အစဉ်လွတ်လပ်ပြီး နေပါတယ်။

ပျင်းရိသူများဟာ အလုပ်မရှိဟု ညစ်ညူးတမ်းတပြီး မျိုချ ငိုယိုနေတတ်ပါတယ်၊ အမှန်ကအလုပ်မရှိ၍မဟုတ်ပါဘူး၊ အလုပ်တွေကအသင်္ချေအနန္တ၊ ဒါပေမဲ့ အလုပ်များဟာ ပျင်းရိသူများကို ရွံရှာစက်ဆုပ်ကာ မိစ္ဆာသရဲကိုရှောင်သလို ရှောင်ကွင်း၍သွားကြသဖြင့် ငပျင်းတွေမှာအလုပ်နှင့်လွဲချော်ခြင်းဖြစ်ပါတယ်။

အလုပ်လိုချင်ရင် အလုပ်ကိုလိုက်၍မရှာဘဲ အလုပ်က ကိုယ့်ကိုရှာအောင်ကြိုးစားရပါမယ်၊ အလုပ်ကိုချစ်မြတ်နိုးတတ်လျှင် အလုပ်ကိုလုပ်ရတတ်ပါတယ်၊ အလုပ်လုပ်သူကို အလုပ်က လိုက်ရှာတတ်ပါတယ်။

ပျင်းရိခြင်းဟာ အညွန့်တုံးခြင်း၏လမ်းကြောင်းဖြစ်တယ်၊ ဟိတောပဒေသမှာ-

- အလုပ်မလုပ် အားမထုတ်ဘဲ ပျင်းတုံ့နေသောသူအား အိုးအိမ်တို့သည် မတည်မနားနိုင်ကုန်
- မမှန်သောစကားကို မကြောက်မရွံ့ပြောဆိုဝံ့သူအား အိုးအိမ်တို့သည်မတည်ကုန်
- မင်းဒဏ် စိုးဒဏ် သူခိုးဒဏ်ကိုမခံနိုင်သူအား အိုးအိမ်တို့သည် မတည်နိုင်ကုန်
- တစ်ပါးသူတို့ကိုရက်စက်စိမ်းကား မတရားပြုဝံ့သောသူအား အိုးအိမ်တို့သည် မတည်ကုန်

ပြီးတော့ အောက်ပါအမှုတွေကိုပြုလုပ်နေကြတဲ့သူတွေဟာ အိမ်ထောင်မတည်မြဲနိုင်ကြဘူး-

- နေ့၌အိပ်လေ့ရှိသူ
- ညဉ့်၌ ထကြွခြင်းကိုမုန်းတတ်သောအလေ့ရှိသူ
- အမြဲအရက်မူးနေသူ
- မိန်းမစသည်တို့၌ကျူးလွန်သူ
- အလွန်ချမ်းအေးသည်၊ အလွန်ပူသေးသည်၊ အလွန်စောသေးသည်၊ အလွန်မိုးချုပ်ပြီး၊ ဗိုက်ဝနေသည်၊ ဗိုက်ဆာနေသည် စသည်ဖြင့် အလုပ်ကိုမလုပ်လိုသူတို့အတွက် ဥစ္စာပစ္စည်းမည်သည် မတည်ကုန်ဘူး။

မန်လည်ဆရာတော်က-

*"ယောက်ျားတကာ၊ အားထုတ်ရာတည့်၊ ကြီးစွာလုံ့လ၊ ဝါယမမူ၊ မချကောင်းခြေ၊ မသေမချင်း၊ ပြုအပ်လျှင်း၏၊ မယွင်းမှန်လှ၊ ဤလောက၌၊ လုံ့လမမူ၊ နတ်မကူဘူး၊ လူလည်းလုံ့လ၊ နတ်လည်းမ၏"*

ကိုးခန်းပျို့ဆရာတော်က-

*"တိစ္ဆများမူ၊ အမှုမှုကို၊ ပြုလုပ်ကြိုးစား၊ လုံ့လထားမှ၊ ကြီးမားခန့်ခိုင်၊ ပြီးဆုံးတိုင်၏၊ ကြံနိုင်ကာမျှ၊ မပြီးကြတည့်၊ သီဟမည်ခေါ်၊ ခြင်္သေ့သော်လည်း၊ အိပ်ပျော်*

*လျက်သာနေတုံပါမူ၊ ဘယ်မှာစားဖွယ်၊ ခံတွင်းလယ်သို့၊ သွားငယ်သမင်၊ လာ၍ဝင်အံ့၊ ပုံပြင်နီတိ၊ ကျမ်းညွှန်ရှိသည်၊ ကဝိမူဉာဏ်စကားတည်း”*

လောကမှာ ကြီးပွားချမ်းသာကြတဲ့သူတွေဆိုတာ-

- အခါကာလကိုသိတဲ့ အကြံဉာဏ်ကောင်းရှိကြတယ်
- လျှောက်ပတ်စွာ ပြုလုပ်တတ်ကြတယ်
- မပျင်းမရိကြဘူး၊ နိုးကြားတက်ကြွရတယ်
- ထကြွလုံ့လနှင့်ကြိုးစားသူ ဖြစ်ရတယ်
- ချွေတာစုဆောင်းသူ ဖြစ်ရတယ်
- အလုပ်မှာတည်ကြည်မှုနှင့်ဇွဲရှိသူ ဖြစ်ရတယ်

အဲဒီလို အဓိဋ္ဌာန်ချက်တွေအညီ ကျင့်ကြံအားထုတ်လုပ်ကိုင်တဲ့သူဟာ လူ့လောကလူ့ဘဝမှာ အမြဲတိုးတက်နေမယ်လို့ ဆိုတယ်။

အလုပ်လုပ်တဲ့နေရာမှာလည်း နည်းစနစ်မှန်ကန်စွာ တိုးတက်ရေးအတွက်-

- နှောက်ယှက်မှုကင်းသောလုပ်ငန်းကိုရွေးချယ်တတ်ရမယ်
- လုပ်ငန်းခွင်အတွင်းမှာ ရှုပ်ထွေးမှုမရှိစေရပါဘူး
- သူတစ်ပါးအား ညင်းဆဲနှိပ်စက်မှုမရှိသောစိုက်ပျိုးရေး မွေးမြူရေး၊ ရောင်းရေးဝယ်ရေး၊ ကုန်သွယ်ရေး၊ လက်မှုလုပ်ငန်း၊

စက်မှုလုပ်ငန်းစတဲ့ လုပ်ငန်းတွေဟာ နှောင့်ယှက်မှုကင်းသော လုပ်ငန်းများဖြစ်ကြပါတယ်။

- လူသတ်လက်နက်များထုတ်လုပ်ရောင်းဝယ်ခြင်း
- လူအရောင်းအဝယ်ပြုလုပ်ခြင်း
- သား၊ ငါးမွေးမြူရောင်းဝယ်ခြင်း
- အရက်သေစာမူးယစ်ဆေးဝါးရောင်းဝယ်ခြင်း
- အဆိပ်အမျိုးမျိုးပြုလုပ်ရောင်းဝယ်ခြင်း

ဤလုပ်ငန်းငါးမျိုးကတော့ ပင်ကိုသဘာဝအားဖြင့် နှောက်ယှက်မှု၊ အန္တရာယ်ပြုမှုရှိနေသောလုပ်ငန်းများဖြစ်၍ ရှောင်ရှားသင့်သော အသက်မွေးဝမ်းကြောင်းလုပ်ငန်းများ ဖြစ်ကြပါတယ်။

အလုပ်လုပ်ရာမှာလည်း လုပ်ငန်းခွင်အောင်မြင်မှုရနိုင်ရန်-

- အချိန်ကိုလေးစားလိုက်နာတတ်ရပါမယ်
- သင့်လျော်အောင်ဆောင်ရွက်တတ်ရပါမယ်
- အလုပ်ခွင်မှာစိတ်ဝင်စားမှုရှိရပါမယ်
- နိုးကြားထကြွဝီရိယရှိရပါမယ်
- ပျက်စီးယိုယွင်းမှုကင်းအောင်သတိရှိရပါမယ်

အဲဒီလိုအရည်အချင်းများ အစဉ်ထာဝရရှိနေအောင်

ကြိုးစားပြီးဆောင်ရွက်လျှင် လုပ်ငန်းဆောင်တာကိစ္စတွေအောင် မြင်ပြီး စီးပွားရေးတွေတိုးတက်လာမှာဖြစ်ပါတယ်။

စီးပွားရှာတဲ့နေရာမှာ တရားနှင့်အညီပြုလုပ်နိုင်ရန် အတွက် ဘုရားရှင်လမ်းညွှန်ခဲ့တဲ့ သမ္ပဒါတရားလေးပါးကို လေး စားလိုက်နာရန်လည်း လိုအပ်ပါတယ်။

ဘုရားရှင်ဟာ ကက္ကရပတ္တမည်သောနိဂုံးမှာ သီတင်းသုံး နေစဉ် အချိန်ဖြစ်တယ်၊ အဲဒီအခါမှာ ကောဠိယမင်းသားဟာ ဘုရားရှင်ထံချဉ်းကပ်ပြီး-

"အရှင်ဘုရား. . . အိမ်ရာတည်ထောင်လူ့ဘောင်၌ နေကြကုန်သောတပည့်တော်တို့သည် သားမယားနှင့်အတူတကွ နေကြရသောကြောင့် ကျဉ်းမြောင်းလှပါ၏၊ ကာသိတိုင်းဖြင့် အဝတ်ပုဆိုးအမျိုးမျိုးတို့ကိုလည်း ဝတ်ရုံဆင်မြန်းရပါ၏၊ နံ့သာ၊ စန္ဒကူးစသောအမွှေးအထုံတို့ကိုလည်း လိမ်းကျံရပါကုန်၏၊ ရွှေ ငွေတို့ကိုလည်း စုံမက်နှစ်သက်ကြပါကုန်၏၊

အရှင်ဘုရား. . . တပည့်တော်တို့အား မျက်မှောက်၌ လည်းချမ်းသာ၊ တမလွန်၌လည်း အကျိုးစီးပွားဖြစ်စေနိုင်သော တရားကိုဟောကြားပေးတော်မူပါ "

လို့ လျှောက်ထားတယ်၊ အဲဒီအခါမှာ ဘုရားရှင်က သမ္ပဒါတရား လေးပါးကို ဟောကြားပြသတော်မူပါတယ်။

၁။ ထက်ကြွလုံ့လဝီရိယအားအစွမ်းကောင်းရမယ်

ပြုဖွယ်ကိစ္စမှန်သမျှကို ထက်သန်တက်ကြွသောလုံ့လဖြင့် ပြီးစီးအောင် ဆောင်ရွက်တတ်ရပါမယ်၊ လုပ်ငန်းပမာဏကြီးလျှင် ကြီးသလို လုံ့လစွမ်းအားမြှင့်တင်ထားရန်လိုအပ်ပါတယ်။

ဒါပေမဲ့ လုပ်ငန်းဆောင်ရွက်ရာမှာ "ဆင်ကန်းတောတိုး"မဖြစ်စေရန် လုံ့လဝီရိယကိုဉာဏ်ပညာဖြင့် ထိန်းချုပ်လုပ်ကိုင်တတ်ဖို့လည်း လိုအပ်လှပါတယ်။

လုံ့လဝီရိယအားနည်းသူဟာ-

- တာဝန်ကိုမကျေပွန်တော့ဘူး
- လုပ်ငန်းခွင်ကိုစိတ်မဝင်စားတော့ဘူး
- အခက်အခဲကိုရင်ဆိုင်ဖြေရှင်းမှုမတက်တော့ဘူး
- သူတစ်ပါးထံမှအကူအညီကိုသာ မျှော်လင့်တောင့်တနေတတ်တယ်

ထိုသူဟာ တဖြည်းဖြည်းကိုယ်ရည်ကိုယ်သွေးတွေ ညှိုးဖျင်းလာတယ်၊ ကိုယ့်ကိုယ်ကိုယုံကြည်မှုလည်းအားနည်းညှိုးဖျင်းလာပြီး ကြီးပွားတိုးတက်ရေးဖြူစင်မွန်မြတ်ရေးဆိုတဲ့ စွမ်းရည်သတ္တိများ ကင်းမဲ့လာပါတော့သည်။

ဉာဏ်ပညာကြီးမားသောသူပင်ဖြစ်သော်လည်း ကာလဒေသနှင့်လျော်ညီသော လုံ့လဝီရိယမရှိပါက ဆောင်ရွက်သော

အမှုကိစ္စတို့သည် တစ်ဝက်တစ်ပျက်နှင့်ပင်ဆုံးရှုံးနစ်နာပျက်စီး တတ်ရလေသည်။

**ဝီရိယဝတော ကိံ နာမ ကမ္မံ နသိဇ္ဈတိ**

"ထကြွလုံ့လရှိသောသူအတွက် မဖြစ်နိုင်သောလုပ်ငန်း ဟူ၍မရှိ "

ဆိုသည့်အတိုင်း နှလုံးသွင်းပြီးဆောင်ရွက်ကြရပါမယ်။

အသူရာတို့သည် တာဝတိံနတ်ပြည်သို့ စစ်ထိုးရန်ချီတက်လာသောအခါ သိကြားမင်းက သားတော်"သုဝီရ"ကိုခေါ်၍ အသူရာတို့ကိုခုခံတော်လှန်ရန် ပြောဆိုစေလွှတ်တယ်။

သုဝီရသည် ကောင်းပါပြီဟုဝန်ခံသော်လည်း နတ်သမီးများနှင့်လှည့်လည်သွားလာကာ မေ့လျော့နေတယ်။

သိကြားမင်းသည် သုံးကြိမ်တိုင်တိုင်စေခိုင်းသော်လည်း သုဝီရက မေ့လျော့မြဲမေ့လျော့နေ၍သိကြားမင်းက-

"သုဝီရ. . . ထကြွလုံ့လဝီရိယမရှိဘဲ ကြီးပွားချမ်းသာနိုင်သောအရပ်ဒေသရှိခဲ့လျှင် ထိုအရပ်ဒေသသို့သင်လည်းသွားပါ၊ ငါ့ကိုလည်း ပို့ဆောင်ပေးပါ"

လို့ ပြောလိုက်တယ်။

အဲဒါကြောင့် ထကြွလုံ့လရှိမှုဟာ ယောကျ်ားတို့ရဲ့မြတ်သောလက္ခဏာတစ်ရပ်ဖြစ်တယ်။

ဘဝရေဆန်ကို ကျော်ဖြတ်ရာ၌ လော့်တက်မဟာ အရေး ပါလှပါတယ်။

ယောက်ျားမြတ်တို့သည် တွေ့ရှိသမျှသောအခက်အခဲ ဟူသမျှတို့ကို လုံ့လစွမ်းအားဖြင့်သာဖြေရှင်းခဲ့ကြပါသည်။

"အရေသာကြွင်းစေ၊ အကြော၊ အရိုး၊ အသားအသွေးမျှ ကြွင်းကျန်စေ၊ မည်သည့်နည်းနှင့်မျှနောက်မဆုတ်"

ဆိုတဲ့ မရွံ့မထိတ်၊ ခြသေ့်စိတ်ဖြင့် ရဲဝံ့စွာအားထုတ်ခြင်းသည် လုံ့လဝီရိယရှိခြင်း၊ (ဥဋ္ဌာနသမ္ပဒါနနှင့်ပြည့်စုံခြင်း)မည်ပါတယ်။

ပြုလုပ်အားထုတ်သောအမှုကိစ္စတို့၌ရည်ရွယ်ချက်ထ မြောက်အောင်မြင်အောင်ပြည့်စုံခြင်း(သမ္ပတ္တိ)ငါးပါးနှင့်လည်း ပြည့်စုံရန်လိုအပ်လှပါတယ်။

၁။ သိရှိသင့်သည်ကိုသိသောအသိပညာရှိခြင်း (ဉာဏသမ္ပတ္တိ)

၂။ သင့်လျော်သောနေရာဌာနကိုရွေးချယ်တတ်ခြင်း(ဂတိသမ္ပတ္တိ)

၃။ အထောက်အကူပစ္စည်းပြည့်စုံခြင်း (ဥပဓိသမ္ပတ္တိ)

၄။ အချိန်အခါနားလည်ခြင်း (ကာလသမ္ပတ္တိ)

၅။ သင့်လျော်အောင်ပြုခြင်း (ပယောဂသမ္ပတ္တိ)

လုံ့လဝီရိယနှင့်ပြည့်စုံပြီးပြည့်စုံခြင်း (သမ္ပတ္တိ)ငါးပါးနှင့် ပြည့်စုံညီညွတ်ပါက ပြုဖွယ်ကိစ္စမှန်သမျှသည် ရည်ရွယ်ချက်ထား သည့်အတိုင်း အောင်မြင်ရပါလိမ့်မယ်။

"ထကြွလုံ့လဝီရိယမရှိသောအိမ်နေလူတို့သည် ပျက်စီးဆုတ်ယုတ်ရ၏။

"ကိစ္စများထု၊ အမှုမှုကို၊ ပြုလုပ်ကြိုးစား၊ လုံ့လထားမှ၊
ကြီးမားခဲ့ခိုင်၊ ပြီးဆုံးတိုင်၏၊ ကြံနိုင်ကာမျှ၊ မပြီးကြတည့်။
သီဟာမည်ခေါ်၊ ခြသေ့်သော်လည်း၊ အိပ်ပျော်လျက်သား
နေတုံပါမူ၊ ဘယ်မှာစားဖွယ်၊ ခံတွင်းလယ်သို့၊ သားငယ်
သမင်၊ လာ၍ဝင်အံ့၊ ပုံပြင်နီတိ၊ ကျမ်းညွှန်းရှိသည်၊
ကဝိမူညာဏ် စကားတည်း။"

လို့ဆုံးမစာပေါင်းချုပ်ကျမ်းမှာ လမ်းညွှန်သုံးပြထားတာဟာ မှတ်သားဖွယ်ကောင်းလှပါတယ်။

၂။ ရလာပစ္စည်းကို ထိန်းသိမ်းစောင့်ရှောက်တတ်ရပါမယ်

ထကြွလုံ့လ ဝီရိယဖြင့် ရှာဖွေထားသောပစ္စည်းများကို မပျက်စီးအောင် စောင့်ရှောက်ရန်လိုပြန်ပါတယ်။

စီးပွားဥစ္စာကို ရှာဖွေရခြင်းထက် ရရှိပြီးဥစ္စာများ မပျက်စီးအောင်စောင့်ရှောက်ရခြင်းဟာ ပို၍ခက်ခဲလှပါတယ်။

မင်းဘေး၊ ခိုးသူဘေး၊ ရေဘေး၊ မီးဘေး၊ အမွေခံသားဆိုးသမီးဆိုးဘေးဟူသော ရန်သူမျိုးငါးပါးမှလွတ်အောင် မိမိရဲ့ ပစ္စည်းများထိန်းသိမ်းစောင့်ရှောက်တတ်ရန်လိုအပ်ပါတယ်။

မင်းဘေးမှလွတ်မြောက်စေခြင့်ရှောက်ခြင်းဆိုတာက တော့ ရာဇဝတ်ဘေးမှလွတ်ကင်းအောင်နေထိုင်ခြင်း (ဝါ) ဥပဒေ ဘောင်တွင်နေထိုင်ခြင်း၊ ဘေးကင်းရန်ကွာလွန်ချမ်းသာ ဆိုသည် အတိုင်း နေထိုင်သွားလာလုပ်ကိုင်တတ်ရန်ဖြစ်ပါတယ်။

မကောင်းမှုပြုလုပ်သော (ဝါ) ဥပဒေကိုကျူးလွန်ဖောက် ဖျက်သူသည် ရာဇဝတ်ပြစ်ဒဏ်ကျခံရသည့်အပြင် စီးပွားဉစ္စာ ဆုတ်ယုတ်ပျက်စီးလျက် ဆင်းရဲအမျိုးမျိုးနှင့်ကြုံတွေ့ရမှာ ဖြစ်ပါ တယ်။

အကယ်၍ မင်းဥပဒေနှင့်ကြုံတွေ့လာရသော် ကျေနပ် အောင်တောင်းပန်ခြင်း၊ ကူညီထောက်ပံ့ခြင်းစသည်ဖြင့် ပြေလည် အောင်ဆောင်ရွက်ဖြေရှင်းရပါမယ်။

မိမိအားတောင်းပန်လာလျှင်လည်း ဒေါသအမျက် မထွက်ဘဲပြေလည်ရာပြေလည်ကြောင်းပြောဆိုလက်ခံရမည် ဖြစ် ပါသည်။

ထိုသို့မဟုတ်ဘဲ အပြိုင်အဆိုင်တရားရုံးတွင်ရင်ဆိုင်ကြ လျှင် ဥစ္စာပစ္စည်းများဆုံးရှုံးရမည့်အပြင် လူဆင်းရဲ၊ စိတ်ဆင်းရဲ လည်းအတောမသတ်အောင်ခံစားရမည်သာဖြစ်ကြပါသည်။

ပုံပြင်တစ်ခုမှာ ရှေးကဖျံနှစ်ကောင်ဟာ မိတ်ဆွေတွေ ဖြစ်ကြတယ်၊ တစ်နေ့မှာ ငါးကြင်းတစ်ကောင်ကိုရလာတော့ ဝမ်း မြောက်ဝမ်းသာ ကိုသူရထိုက်-ငါရထိုက်အငြင်းအခုံဖြစ်ကြတယ်။

အဲဒီအခါမှာ အနားရောက်လာတဲ့မြေခွေးထံသွားရောက် အဆုံးအဖြတ်ခံကြတယ်။

မြေခွေးက ငါးကြင်းကိုသုံးပိုင်းပိုင်းပြီး ဝမ်းပျဉ်းသားအလယ်ပိုင်းကို တရားဆုံးဖြတ်ခဆိုပြီးယူသွားတယ်။

ဖျံနှစ်ကောင်ဟာ နောင်တကြီးစွာရပြီး-

"ငါတို့သည် နှစ်ယောက်အတူညီမျှစွာခွဲဝေပါမူ များစွာအကျိုးရှိနိုင်တယ်၊ ယခုတော့ ဆုံးရှုံးရလေစွတကား"

လို့ ငြီးတွားဝမ်းနည်းခံစားရသတဲ့။

ဤဖျံနှစ်ကောင်ပုံပြင်လေးလိုပဲ အမှုကိစ္စ တရားရုံးသို့ မရောက်ကြဘဲ အမှုကိစ္စကိုဆောင်ရွက်ကြခြင်းဟာ မင်းဘေးကကင်းဝေးခြင်းဖြစ်ပါတယ်။

- မိန်းမလိုက်စားခြင်း
- သေသောက်ကြူးခြင်း
- လောင်းကစားခြင်း
- မိတ်ဆွေယုတ်နှင့်ပေါင်းသင်းခြင်း

တို့ဟာလည်း စီးပွားဉစ္စာကိုပျက်စီးစေတတ်သောရန်သူများဖြစ်၍ ထိုအမှုများမပြုလုပ်မိအောင် ထိန်းသိမ်းစောင့်ရှောက်ရန် လိုအပ်လှပါတယ်။

ဤပျက်စီးကြောင်းတရားများအားလုံးကို မဆိုထားနှင့်၊ တစ်ခုလုပ်မိသော်မှ ကြီးပွားရေးအတွက် မျှော်လင့်ချက်နည်းပါးသွားတတ်ပါတယ်။

ရေဝင်ပေါက်ကိုပိတ်ဆို့၍ ရေထွက်ပေါက်ကိုဖွင့်လှစ်ထားသော တစ်ဖက်ဆည်ကန်ကြီးကဲ့သို့ ဥစ္စာစီးပွားတို့ဟာ ဆုတ်ယုတ်သထက် ဆုတ်ယုတ်သွားမှာသေချာလှပါတယ်။

သို့အတွက် ဥစ္စာစီးပွားထိန်းသိမ်းတတ်သောအသိပညာများစွာ ကုံလုံပြည့်စုံကြရန်လိုအပ်၍ လေ့လာဆည်းပူးပြီး ထိန်းသိမ်းစောင့်ရှောက်တတ်ရပါမယ်။

## ၃။ မိတ်ကောင်းဆွေကောင်းရှိဖို့လိုအပ်တယ်

ကြီးပွားချမ်းသာရေးအတွက် တတိယလိုအပ်ချက်ကတော့- မိတ်ကောင်းဆွေကောင်းရှိဖို့ လိုအပ်တယ်။

မိတ်ဆွေကောင်းဆိုတာ

- အကျိုးစီးပွားကို ဆောင်ရွက်တတ်တယ်
- ကူညီစောင့်ရှောက်တတ်တယ်

မိတ်ကောင်းဆွေကောင်းရှိသူဟာ ကြီးပွားတိုးတက်ရေးအတွက် အာမခံချက်ရှိသူလို့ ဆိုပါတယ်။

လောကတွင် စျေးရောင်းဝယ်ရာမှာဖြစ်စေ၊ ရာထူးဌာနန္တရအတွက်လုပ်ဆောင်ရာမှာဖြစ်စေ မိတ်ကောင်းဆွေကောင်းရှိသူဟာ ရောင်းဝယ်ရေးမှာဖွံ့ဖြိုးတိုးတက်ပြီး ရာထူးဌာနန္တရဆိုကလည်း တိုးတက်မှုမြန်ပါတယ်။

ဒါကြောင့် ရှေးလူကြီးသူမများက "တစ်ရွာတစ်ကျိုးဆောက်" ရယ်လို့ဥပမာပြုပြီး ရပ်ရွာတိုင်းမှာ မိတ်ကောင်းဆွေကောင်းထားရှိဖို့ လမ်းညွှန်ဆုံးမထားတာကိုတွေ့ရပါတယ်။

အခါတစ်ပါးမှာ ရှင်အာနန္ဒာမထေရ်က ဘုရားရှင်ကို-

"အရှင်ဘုရား မိတ်ဆွေကောင်းရှိသူသည် မြတ်သော အကျင့်ကိုထက်ဝက်မျှပြီးစေပါသည်ဘုရား"
လို့လျှောက်တယ်၊ ထိုအခါ ဘုရားရှင်က-

"အာနန္ဒာ ဤသို့မဆိုသင့်၊ မိတ်ဆွေကောင်းရှိသောသူ သည် မြတ်သောအကျင့်ကို အလုံးစုံပြီးနိုင်၏"

လို့မိန့်ကြားအဖြေပေးခဲ့ပါတယ်။

သာဝတ္ထိပြည်မှာ ဥစ္စာပစ္စည်းချို့တဲ့ရှာတဲ့အမျိုးသား တစ်ယောက်က အမျိုးသမီးတစ်ယောက်ကို လက်ထပ်လိုတဲ့ အတွက်ကြောင့် မိတ်ဆွေတစ်ဦးမှတစ်ဆင့် နားဖောက်ပြောကြား စေတယ်။

အဲဒီအခါမှာ အမျိုးသမီးက-

"သင့်သူငယ်ချင်းမှာ မိတ်ဆွေကောင်း ရှိပါသလော"
လို့မေးမြန်းတယ်။

အောင်သွယ်လုပ်သူက မရှိသေးကြောင်းပြောတော့-

"မိတ်ဆွေကောင်းရှိမှသာ သင့်သူငယ်ချင်းကို လက်ထပ် ပါမယ်"
လို့ပြောကြားလိုက်တယ်။

အဲဒီအခါကျမှ အမျိုးသားလုလင်ဟာ မြို့ရဲ့တံခါးစောင့် လေးဦးနှင့် မိတ်ဆွေဖွဲ့တယ်။

အဲဒီနောက် မြို့စောင့်၊ မြို့သူကြီး၊ အမတ်ကြီး၊ စစ်သူကြီး အိမ်ရှေ့မင်းသား၊ ပြည့်ရှင်မင်းတိုင်အောင် မိတ်ဆွေဖွဲ့တယ်။

ပြီးတော့ ရဟန်းငယ်မှစ၍ မဟာသာဝက၊ ရှင်အာနန္ဒာ၊ ဘုရားရှင်တိုင်အောင် အကျွမ်းဝင်ပြီး သရဏဂုံသီလဆောက်တည်တယ်။

မင်းကြီးက လုလင်ကို ရာထူးပေးပြီး ချစ်သူနှင့်လက်ထပ်ပေးတယ်၊ လက်ထပ်ပွဲမှာ မင်းကြီးကအစ များစွာသောသူတို့ဟာ လက်ဆောင်ပဏ္ဏာများပေးကြတယ်။

သတို့သမီးက မင်းကြီးကပေးသောလက်ဆောင်ပစ္စည်းများကိုအိမ်ရှေ့မင်းအား ပြန်လည်ကန်တော့တယ်။

အိမ်ရှေ့မင်းထံမှရသောပစ္စည်းကို အမတ်ကြီးကိုပေးကမ်းတယ်။

ဤနည်းဖြင့် ရောက်လာသမျှ လူအပေါင်းတို့ကို လက်ဆောင်ပြန်လည်ပေးအပ်တယ်။

ခုနစ်ရက်မြောက်သောနေ့၌ ဘုရားအမှူးရှိသောသံဃာတော်ငါးရာတို့အား ကြီးစွာသောပူဇော်မှုကိုပြုပြီး ဆွမ်းဆက်ကပ်တယ်။

ဤဇနီးမောင်နှံနှစ်ဦးဟာ မိတ်ဆွေကောင်းနှင့်ပေါင်းသင်းဆက်ဆံခဲ့ကြသည့်အတွက် လောကုတ်၊ လောကီနှစ်လီသောအကျိုး ပွားတိုးစည်ပင်သာယာခဲ့ပါတယ်။

လူမှုဆက်ဆံရေးနယ်ပယ်မှာ မိတ်ဆွေ၏ကျေးဇူးကိုသိရှိနားလည်တတ်ရန်အရေးကြီးသလို ပြန်လည်စောင့်ရှောက်ရန်လည်းတာဝန်ရှိပါတယ်။

မိတ်ဆွေကျင့်ဝတ်ကိုလိုက်နာမှလည်း မေတ္တာခိုင်မြဲပြီးအချင်းချင်းအပြန်အလှန်အကျိုးစီးပွားဆောင်ရွက်နိုင်ကြမှာဖြစ်ပါတယ်။

မိတ်ဆွေအတွက်ကျင့်ဆောင်ရမယ့် ကျင့်ဝတ်ငါးပါးကိုဘုရားရှင်က လမ်းညွှန်ဟောကြားခဲ့ပါတယ်။

- ပေးကမ်းစွန့်ကြဲရမယ်
- ချစ်ဖွယ်သောစကားကိုပြောဆိုတတ်ရမယ်
- မိတ်ဆွေရဲ့အကျိုးစီးပွားကို ဆောင်ရွက်တတ်ရမယ်
- တန်းတူရည်တူထားပြီး ဆက်ဆံတတ်ရမယ်
- မှန်မှန်ကန်ကန်ပြောဆိုဆက်ဆံရပါမယ်

မိတ်ဆွေမှာလည်း-

- မိတ်ဆွေစစ် (ပေါင်းသင်းအပ်သောမိတ်ဆွေ)
- မိတ်ဆွေတု (မပေါင်းသင်းအပ်သောမိတ်ဆွေ)

ရယ်လို့နှစ်မျိုးရှိပါတယ်။

ပေါင်းသင်းထိုက်သောမိတ်ဆွေတွေကတော့-

၁။ ကျေးဇူးပြုတတ်သောမိတ်ဆွေ

ဤမိတ်ဆွေမျိုးဆိုတာက-

- မေ့လျော့နေသောအဆွေခင်ပွန်းကိုစောင့်ရှောက် တတ်တယ်
- ဥစ္စာပစ္စည်းကိုလည်း စောင့်ရှောက်တတ်တယ်
- ကြောက်ရွံ့သောအခါ အားထားရာဖြစ်တယ်
- ပြုဖွယ်ကိစ္စပေါ်လာသောအခါ လိုသောအကူအညီ ပေးတတ်တယ်။

၂။ အေးအတူပူအမျှဖြစ်သောမိတ်ဆွေ

- ဤမိတ်ဆွေသည် မိမိ၏လျှို့ဝှက်အပ်သောအမှုကို ပြောကြားတယ်
- မိတ်ဆွေ၏လျှို့ဝှက်အပ်သောအမှုကို လျှို့ဝှက်တယ်
- ဘေးရန်ကြုံလာလျှင် တစ်ကိုယ်ကောင်းဆန်၍ မိတ်ဆွေကိုပစ်မသွားတတ်ပါ
- အဆွေခင်ပွန်းအတွက် အသက်ကိုပင်စွန့်လွှတ်ရဲသူ ဖြစ်တယ်။

၃။ အကျိုးစီးပွားကိုသာပြောကြားတတ်သောမိတ်ဆွေ

- မကောင်းမှုမှတားမြစ်ပြောဆိုတတ်တယ်
- ကောင်းမှုပြုရန်တိုက်တွန်းတယ်
- မကြားဖူးသောတရားစကားကို ပြောကြားတတ်တယ်
- နတ်ရွာနိဗ္ဗာန်ရောက်ကြောင်းအကျင့်ကို ပြောတတ် တယ်။

၄။ အစဉ်သနားတတ်သောမိတ်ဆွေ

- မိတ်ဆွေ၏ဆုတ်ယုတ်ပျက်စီးခြင်းကိုမနှစ်သက်တတ်
- ကြီးပွားတိုးတက်ခြင်းကိုနှစ်သက်တယ်
- မိတ်ဆွေအားကဲ့ရဲ့စကားပြောသူကို တားမြစ်တတ်တယ်
- ချီးမွမ်းစကားပြောဆိုသူကို ထောက်ခံတယ်

ဤမိတ်ဆွေလေးမျိုးက ဘဝခရီးလမ်းသာယာရေး၊ စီးပွားရေး၊ ကြီးပွားရေးအတွက် ပေါင်းသင်းထိုက်သောမိတ်ဆွေစစ်များဖြစ်ကြတယ်။

ချစ်ကျွမ်းဝင်သောမိတ်ဆွေများနှင့် ဆက်ဆံရေးကောင်းမွန်စေရန် မိတ်ဆွေပျက်ကြောင်းတရားများကိုလည်း လိုက်နာမှတ်သားတတ်ရမယ်။

မိတ်ဆွေပျက်ပြားခြင်းဟာ မိမိ၏အကျိုးစီးပွားပျက်စီးခြင်း၊ ဆုတ်ယုတ်ခြင်းဖြစ်ကြောင်း သတိပြုတတ်ရပါမယ်။

မိတ်ဆွေပျက်ကြောင်းတရားတွေကတော့-

- အမြဲမပြတ်ဝင်ထွက်သွားလာတတ်ခြင်း
- မသွားမလာဘဲ အဆက်အသွယ်ဖြတ်ထားခြင်း
- မဆင်မခြင်တောင်းရမ်းခြင်း၊ ချေးငှားခြင်းတို့ ဖြစ်ကြတယ်။

မိတ်ဆွေကောင်းရှိသူဟာ ကြီးပွားတိုးတက်ရေးအတွက် အဘက်ဘက်ကပြည့်စုံနေသူဖြစ်ပါတယ်။

မိတ်ကောင်းလည်းရှာ၊ စိတ်ကောင်းလည်းထားပြီး မိတ်ဆွေတို့၏ လမ်းညွှန်ချက်များကို မှန်ကန်စွာအသုံးပြုတတ်ဖို့ လိုအပ်ပါတယ်။

၄။ ဝင်ငွေနှင့်ထွက်ငွေမျှတအောင် အသက်မွေးတတ်ရမယ်

စားဝတ်နေရေး ကျန်းမာရေးအတွက် ပစ္စည်းအင်အားနှင့်မျှတအောင်သုံးစွဲရမည်ဖြစ်၍ ဝင်ငွေထွက်ငွေပမာဏကို သေချာစွာတွက်ချက်ထားပြီး သုံးစွဲတတ်ရပါမယ်။

ချိန်ကိုကိုင်စွဲသောဆရာကြီးသည် ချိန်ဖြင့်တိုင်းတာသည် ရှိသော် ဤမျှအောက်သို့လွတ်၏၊ ဤမျှအထက်သို့တက်၏ ဟု သိရှိသကဲ့သို့ မိမိ၏စည်းစိမ်ဥစ္စာတိုးတက်မှုဆုတ်ယုတ်မှုတို့ကို သိရှိအောင်ပြုလုပ်ရပါမယ်။

ပစ္စည်းဥစ္စာချို့တဲ့ပါလျက် ဝင်ငွေထွက်ငွေမျှတအောင် သုံးစွဲသောသူသည် ရေသဖန်းသီးကိုစားသုံးသူနှင့်တူတယ်လို့ ဆိုကြပါတယ်။

ရေသဖန်းသီးကိုစားသုံးလိုသောသူသည် သစ်ကိုင်းကို ကိုင်၍လှုပ်သောအခါ ရေသဖန်းသီးများသည် တစ်ပြိုင်နက် များစွာကြွေကျကုန်၏။

စားသုံးလိုသူသည် နှစ်သက်ရာတစ်လုံးနှစ်လုံးကိုသာ စားသုံး၍ ကျန်အသီးများ အလဟဿဖြစ်ရသည်။

ဥစ္စာပစ္စည်းကိုသုံးစွဲကြရာ၌-

- လိုအပ်သည်ထက် ပို၍သုံးစွဲခြင်း
- သုံးစွဲရာ၌ထိရောက်မှုမရှိခြင်း
- ဂုဏ်ပြုဂုဏ်ပြိုင်ပြုခြင်း

ဤသည်တို့ကား စီးပွားဥစ္စာပျက်စီးခြင်း၏အကြောင်းရင်းများဖြစ်ကြပါသည်။

မြတ်စွာဘုရားရှင်က ဥစ္စာပစ္စည်းကိုသုံးစွဲရာ၌ သုံးစွဲပုံသုံးစွဲနည်းကို ဤသို့လမ်းညွှန်ဟောထားခဲ့ပါသည်-

-မိမိရရှိသောပစ္စည်းကို လေးစုခွဲထားရမယ်

-တစ်စုကိုစားဝတ်နေရေးကုသိုလ်ရေးအတွက်သုံးရမယ်

-နှစ်စုကိုရင်းနှီးမြှုပ်နှံ၍ စီးပွားဥစ္စာတိုးတက်အောင်ပြုလုပ်ရမယ်

-ကျန်တစ်စုကို ဘေးအန္တရာယ်ကြုံလာရင် သုံးစွဲရန်ထိန်းသိမ်းထားရမယ်

လို့ ဟောကြားခဲ့တယ်။

အဲဒီသမ္မာဒါတရားလေးပါးကို တိကျမှန်ကန်စွာလိုက်နာကျင့်သုံးမယ်ဆိုရင်-

-ခြသတ္တဝါများသည် အနည်းငယ်မျှစီစုဆောင်းသော်လည်း ကာလကြာရှည်သော် တောင်ပို့ကြီးဖြစ်လာသကဲ့သို့

-ပျားတို့သည် အနည်းငယ်မျှဝတ်ရည်ကိုယူဆောင်သော်လည်း အချိန်ကာလကြာမြင့်သော် ပျားအုံကြီးဖြစ်လာသကဲ့သို့

-မိုးရေစက်တို့သည် ကျဖန်များလတ်သော် အိုးစရည်းကြီးဖြစ်လာသကဲ့သို့

အမျိုးကောင်းသားများသည်လည်း ငွေများအစုဝါသနာပါ၍ အနည်းငယ်စုပါက ကာလကြာမြင့်သောအခါ ပစ္စည်းဥစ္စာကုံလုံကြွယ်ဝသူများအဖြစ် မုချမသွေရောက်ရှိလာမှာဖြစ်ပါတယ်။

လောကသာရဆုံးမစာမှာ-

"စေ့မြေသိပ်သည်း၊ ရွှေ့ရွှေ့ဆည်းသော်၊ စရည်းအိုးခွက်၊ ကြီးစွာလျက်တည့်၊ တံစက်ကျများ၊ ပြည့်သော်လားသို့၊ ပျားဧ၏နည်းထုံး၊ မှတ်ကျင့်သုံး၍၊ ခြပုန်းတောင်ပို့၊ ဖို့သည်ခြင်းရာ၊ လူလိမ္မာတို့၊ ဥစ္စာဆည်းတွေ၊ တတ်လှစေလော့"

လို့ ဆိုဆုံးမထားတာကိုတွေ့ရတယ်။

ပစ္စည်းဥစ္စာတိုးပွားရေးအတွက် အထောက်အကူပေးနိုင်တဲ့အကြောင်းလေးမျိုးလည်း ရှိသေးတယ်-

- ပစ္စည်းပျောက်လျှင် ချက်ချင်းရှာဖွေရမယ်
- ပျက်စီးသောအရာကိုချက်ချင်းပြင်ဆင်ရမယ်
- မျှတအောင်သုံးစွဲတတ်ရမယ်
- လူတော်လူကောင်းတွေကိုပေါင်းသင်းဆက်ဆံတတ်ရမယ်

အဲဒါကြောင့် သမ္ဗဒါအဖွင့်မှာ-

- ပျက်သည်ကိုပြင်၊ ပျောက်လျှင်ရှာဖွေ၊ သုံးလေမျှရုံ၊ ညဏ်ထုံသူအား၊ မျူးမထား၊ လေးပါးကြီးပွားကြောင်း
- ပျက်လျှင်မပြင်၊ ပျောက်လျှင်မရှာ၊ လွဲရာမှာသုံး ညဏ်တုံးသူသာ၊ အမှုထား၊ လေးပါးပျက်စီးကြောင်း

လို့ရေးသားဆုံးမထားတာကိုတွေ့ရပါတယ်။

ပစ္စည်းသုံးစွဲမှုနှင့်ပတ်သက်၍ ရှင်အာနန္ဒာ၏ပစ္စည်းသုံးစွဲနည်းကလည်း အတုယူလောက်စရာကောင်းလှပါတယ်။

ရှင်အာနန္ဒာဟာ ဘုရားရှင်၏အလုပ်အကျွေးဖြစ်ပြီး ဘုန်းတန်ခိုးလည်းကြီးသော မထေရ်တစ်ပါးဖြစ်ပါတယ်၊ ဒါပေမဲ့ မထေရ်မြတ်ဟာ ပစ္စည်းသုံးစွဲတဲ့နေရာမှာ အလွန်ပင်ကျစ်လစ်သိပ်သည်းလှပါတယ်၊ အလှူရှင်တို့ရဲ့သဒ္ဓါတရားကိုစောင့်ရှောက်တတ်ပြီး ရည်ရွယ်ချက်ကြီးမားတော်မူလှပါတယ်။

တစ်နေ့မှာ မထေရ်ဟာ ဥတေနမင်းရဲ့နန်းတွင်းသူတွေကို တရားဟောတော်မူရာ အပေါ်ရုံတဘက်ငါးရာအလှူခံရရှိခဲ့တယ်။

ထိုအကြောင်းကို ဥတေနမင်းကသိတော့ မကျေမနပ် ဖြစ်ပြီး မထေရ်ထံချဉ်းကပ်ပြီး-

"အရှင်ဘုရား. . . နန်းတွင်းသူတို့လှူသော တဘက် ငါးရာကို ဘယ်လိုအသုံးပြုရပါသလဲ"

လို့လျှောက်ထားတယ်။

အဲဒီအခါမှာ ရှင်အာနန္ဒာမထေရ်က-

"မင်းကြီး. . . သင်္ကန်းဟောင်းနွမ်းသောရဟန်းတို့ကို ဝေငှလှူဒါန်းပါတယ်"

လို့ဖြေတယ်။

"ဟောင်းနွမ်းသောသင်္ကန်းဟွေကို ဘာလုပ်ပါသလဲ"

လို့ဆက်မေးတော့-

"ဒါယကာမင်းကြီး. . . သင်္ကန်းဟောင်းများကို ခုတင် ညောင်စောင်း၌ အခင်းပြုလုပ်ပါတယ်"

လို့ဆက်ဖြေတယ်။

မင်းကြီးကဆက်လက်မေးတော့ ရှင်အာနန္ဒာမထေရ်က-

- ခုတင်ညောင်စောင်းအခန်းဟောင်းများကို ဘုံလျှိုး အပေါ်ခင်းအဖြစ် အသုံးပြုတယ်
- ဘုံလျှိုခင်းအဟောင်းများကို ကြမ်းခင်းပြုလုပ်တယ်
- ကြမ်းခင်းအဟောင်းများကို ဖုံသုတ်ပြုလုပ်တယ်

-ခြေသုတ်ပုဆိုးအဟောင်းများကို ဖုံသုတ်ပြုလုပ်တယ်
-ဖုံသုတ်အဟောင်းကို ဓားဖြင့်ညက်စွာစဉ်း၍ မြေညက်
တို့ဖြင့် ရောနှောကာ နံရံကိုလိမ်းကျံခြင်းပြုတယ်။

အဲဒီလိုအဆင့်ဆင့်မေး-အဆင့်ဆင့်ဖြေတော့ ဥတေန
မင်းကြီးဟာ-

"ရဟန်းတော်များသည် ပစ္စည်းသုံးစွဲရာ၌ အလွန်စနစ်
ကောင်းလှပါသည်"

လို့လျှောက်ထားပြီး နောက်ထပ်ပုဆိုးငါးရာ ထပ်မံလှူဒါန်းတယ်။

ကံ၊ ဉာဏ်၊ ဝီရိယ၊သုံးမျိုးသည် ကြီးပွားချမ်းသာရေး
အတွက် အဓိကအကြောင်းရင်းများဖြစ်ကြပါတယ်။

လောကမှာ ကြီးပွားချမ်းသာလိုသောသူတိုင်းဟာ ကံကို
ယုံ၍ ဆူးပုံမနင်းရာဆိုသကဲ့သို့ ကံကိုချည်းအားမကိုးရဘဲ ဉာဏ်
ဝီရိယကို မျှတညီညွတ်အောင် ဆောင်ရွက်လုပ်ကိုင်ရပါတယ်။

မန်လည်ဆရာတော်ဘုရားကြီးက မဃဒေဝလင်္ကာမှာ-

"လောကနိုက်တွင်၊ ပျားနှင့်ယင်ကို၊ မျက်မြင်ပုံထား
မောင်ရှုစားလော့၊ ပျားကားအုံပြု၊ အရည်စု၍၊ ထားမှု
လိမ္မာ၊ နောင်ချမ်းသာ၏၊ ယင်မှာသော်တုံ၊ ဝမ်းဝရုံမျှ၊
အုံကာသောက်စား၊ စုမထား၍၊ ရှုငြားမပြတ်၊

မရငတ်ဓါ၊ ဆက်ဆက်မုချ၊ အလသဖြင့်၊ ငယ်က
ပျင်းမှု၊ ကြီးမူဆင်းရဲ၊ ရစမြဲတည်း”

လို့ စပ်ဆိုလမ်းညွှန်ဟောထားတာကိုတွေ့ရပါတယ်။

အဲဒါကြောင့် ကြီးပွားချမ်းသာလိုတဲ့လူတိုင်းဟာ အထူးသဖြင့် အိမ်ထောင်သာယာချမ်းမြေ့လိုသူတိုင်းဟာ-

- အသုံးနှင့်အဖြုန်းကိုသိပါစေ
- ဝင်ငွေ၊ ထွက်ငွေမျှတစွာရှိပါစေ
- ငွေစုမှုကိုတန်ဖိုးထားတတ်ပါစေ
- ကာ၊ ဉာဏ်၊ ဝီရိယ ညီညွတ်စွာ လုပ်တတ်ပါစေ
- လုပ်သမျှ အပြစ်ကင်းသောအလုပ်ဖြစ်ပါစေ

## ဥစ္စာပျက်ကြောင်းတွေရှောင်ပါ

သားတို့သမီးတို့ တစ်ဖက်ကတော့ အလုပ်တွေကြိုးစားလုပ်ပါရဲ့၊ ဒါပေမဲ့ လုပ်သမျှအဖက်မတင်ဘဲ သဲထဲရေသွန်တဲ့သဘောမျိုးမဖြစ်အောင် အိမ်ရှင်မဇနီးကလည်း စီးတဲ့ရေဆည်ဖို့ကန်သင်းဖြစ်အောင် ထိန်းသိမ်းစောင့်ရှောက်ရန်လိုအပ်သလို အိမ်ထောင်ရှင်ယောကျ်ားကလည်း ဥစ္စာပျက်ကြောင်းတရားတွေကိုရှောင်ကြဉ်ရန်လိုအပ်ပါတယ်။

အဲဒါတွေက ဘာလဲဆိုတော့-

- သေရည်သောက်စားခြင်း
- အချိန်မဲ့အခါမဲ့ လှည့်လည်သွားလာခြင်း
- ပွဲလမ်းသဘင်ကြည့်ရှုခြင်း
- လောင်းကစားခြင်း
- မကောင်းသောမိတ်ဆွေများနှင့်ပေါင်းသင်းခြင်း
- ပျင်းရိခြင်း

တို့ဖြစ်တယ်။

အရက်သောက်စားတဲ့သူဟာ-

- ဥစ္စာပစ္စည်းဆုတ်ယုတ်တယ်
- ခိုက်ရန်ဖြစ်တယ်
- အနာရောဂါဖြစ်တယ်
- အရှိန်အစော်မဲ့တယ်
- အရှက်အကြောက်ကိုပေါ်လွင်စေတယ်
- ဉာဏ်ပညာကိုအားနည်းစေတယ်

ဆိုတဲ့ ဆိုးကျိုးအပြစ်တွေကို ခံစားကြရတယ်။

အချိန်မဲ့အခါမဲ့သွားလာခြင်းပြုတဲ့သူရဲ့အပြစ်ဟာ-

- မိမိကိုယ်ကို အကာအကွယ်အစောင့်အရှောက်ကင်းတယ်
- သားမယားတွေမှာလည်း အကာအကွယ်အစောင့်အရှောက်ကင်းမဲ့တယ်

- ဥစ္စာပစ္စည်းမှာလည်း အစောင့်အရှောက်ကင်းတယ်
- သူတစ်ပါး၏ဒုစရိုက်မှု မိမိအပေါ်မှာယုံမှားခြင်းခံရတယ်
- မဟုတ်မမှန်စွပ်စွဲခံရတယ်
- ဆင်းရဲခြင်းများစွာ၏ရှေ့သွားဖြစ်ခြင်း

ကပွဲ၊ သီချင်းဆိုပွဲ၊ တီးဝိုင်းပွဲ စသည် ဝါသနာပါပြီး သွားကဲ့သူများဟာ-

- သွားရန်ကြိုတင်ပြင်ဆင်ရ၍ အချိန်ကုန်တယ်
- သွားရောက်ပါကလည်း အချိန်ကုန်တယ်
- အလုပ်အကိုင်ပျက်တယ်
- ဥစ္စာပစ္စည်းအစောင့်အရှောက်ကင်းတယ်

လောင်းကစားမှုဝါသနာပါပြီး ပြုလုပ်ကြတဲ့သူတွေဟာ-

- နိုင်သူမှာရန်များတယ်
- ရှုံးရင်လည်း စိုးရိမ်ပူပန်ရတယ်
- လက်ငင်းဥစ္စာပစ္စည်းဆုံးရှုံးရတယ်
- တရားရုံးမှာသက်သေအဖြစ်မယုံမကြည်ဖြစ်ရတယ်
- အဆွေခင်ပွန်းက မထေမဲ့မြင်ပြုတတ်တယ်
- သားပေး သမီးပေး ထိမ်းမြားမှုမရှိဖြစ်နေတတ်တယ်

ပြီးတော့ အလုပ်,လုပ်တဲ့နေရာမှာ လုပ်ငန်းအောင်မြင်ဖို့ ကျော်စောထင်ရှားပြီး မိမိရဲ့သိက္ခာသမာဓိကိုယုံကြည်ပြီး စီးပွားဘက်ဖြစ်လာဖို့အတွက် ကိုယ်တိုင်က-

- ကိုယ်ကျင့်သီလစသည်ပြည့်စုံရပါမယ်
- မိဘဝတ်၊ သားသမီးဝတ်၊ အရှင်ဝတ်၊ အစေခံဝတ်၊ ဆရာဝတ်၊ မိတ်ဆွေဝတ်ဆိုတဲ့အရပ်ရှစ်မျက်နှာရှိခိုးမှုနှင့်ပြည့်စုံရမယ်
- စဉ်းစားဆင်ခြင်တတ်သောဉာဏ်အမြော်အမြင်ရှိရပါမယ်
- မိမိကိုယ်ကို နှိမ့်ချတတ်ရပါမယ်
- မာန်မာနကင်းရပါမယ်
- ပျင်းရိခြင်းကင်းရပါမယ်
- ဘေးတွေလျှင် မတုန်မလှုပ်ရင်ဆိုင်ရဲရမယ်
- မှန်ကန်သောအသက်မွေးမှုကိုကြိုးစားအားထုတ်နိုင်အောင်ကြိုးစားရမယ်
- အရာ ဌာန၊ ဌာန ကောသလ္လတို့၌လိမ္မာကျွမ်းကျင်ရပါမယ်
- အဆွေခင်ပွန်းကောင်းကိုရှာ၍ ပေါင်းသင်းတတ်ရပါမယ်
- သူတစ်ပါးကိုချီးမြှောက်ပေးကမ်းတတ်ရပါမယ်
- သူတစ်ပါးကျေးဇူးကိုလည်း သိရပါမယ်
- ဝန်တိုမှုကင်းရမယ်

- အများအကျိုးကိုကြည့်တတ်ရပါမယ်
- အကျိုးအကြောင်းပြဆုံးမတတ်ရပါမယ်
- ခေါင်းဆောင်မှုအတတ်ကိုတတ်ရပါမယ်

အဲဒီလိုအင်္ဂါနှင့်ပြည့်စုံတဲ့သူဟာ ထင်ပေါ်ကျော်ကြားပြီး စီးပွားရေး၊ လူမှုရေးမှာ အောင်မြင်မှုရတတ်တယ်။

ဘုရားဟောင်းဟောတဲ့ သင်္ဂဟတရားလေးပါးမှာလည်း-

- ပေးကမ်းစွန့်ကြဲရမယ်
- ချစ်ဖွယ်စကားပြောဆိုတတ်ရမယ်
- အများအကျိုးဆောင်ရွက်ရမယ်
- ကိုယ့်အားလျော်စွာ မိမိနှင့်ထပ်တူဆက်ဆံရမယ်

အဲဒါဟာလည်း အလုပ်ရဲ့အောင်မြင်မှုတစ်ရပ်ဖြစ်တယ်။

## အပြစ်ကင်းသောလူမှုဝန်ထမ်းအလုပ်များကိုလုပ်ပါ

လူ့လောက လူ့ပတ်ဝန်းကျင်မှာနေကြသောသမီးတို့ အိမ်ထောင်သည်မိသားစုတွေဟာ တစ်ဖက်ကကိုယ့်မိသားစုအတွက် စား၊ဝတ်၊နေရေးနေထိုင်ရေးတွေကို ကြိုးစားလုပ်ကြရသလို လူ့ပတ်ဝန်းကျင်နှင့်ကင်း၍မရ ရပ်ဆွေရပ်မျိုးများတော်စပ်ကြ၍ အများအကျိုးသယ်ပိုးလုပ်ဆောင်သောလူမှုဝန်ထမ်းလုပ်ငန်းများကိုလည်း လုပ်ဆောင်ကြရပါမယ်။

- ပေးကမ်းလှူဒါန်းခြင်း
- သူစရိုက်တရားကိုကျင့်သုံးခြင်း
- ဆွေမျိုးတို့ကိုချီးမြှောက်ထောက်ပံ့ခြင်း
- အပြစ်မရှိသောအလုပ်တို့ကိုပြုလုပ်ခြင်း

ဤတရားလေးပါးဟာ မွန်မြတ်လှသောမင်္ဂလာတရားများဖြစ်ကြပါတယ်။

အပြစ်ကင်းသောအလုပ်ဆိုရာမှာ-

- နိုင်ငံတော်ကသတ်မှတ်ထားသောဥပဒေစည်းကမ်း
- ဘာသာရေးဆိုင်ရာပညတ်ချက်
- လူမျိုး၏ရိုးရာယဉ်ကျေးမှုဓလေ့ထုံးစံ

ဤလေးမျိုးအနက် တစ်မျိုးမျိုးနှင့်ဆန့်ကျင်မှုပြုနေပါက အပြစ်ကင်းသောအလုပ်ဟူ၍ မဆိုနိုင်ပါဘူး။

အပြစ်ကင်းသောအလုပ်မဟုတ်ပါက ရည်ရွယ်ချက်မည်မျှပင်ကောင်းမွန်စေကာမူ မြတ်သောအလုပ်မဟုတ်တော့ပါ။

အပြစ်ကင်းသောအလုပ်ဆိုတာကတော့-

- ဥပုသ်သီတင်းသီလစောင့်ထိန်းခြင်း
- အများအတွက်ဝေယျာဝစ္စဆောင်ရွက်ပေးခြင်း
- သစ်ပင်၊ ပန်းမာန်၊ ဥယျာဉ်စိုက်ပျိုးခြင်း
- ဘုရား၊ တန်ဆောင်း၊ ဂူ၊ ကျောင်း၊ ဇရပ်ဆောက်လုပ်ခြင်း

စသည်များဖြင့် များစွာရှိပါတယ်။

အချုပ်ကတော့ ပစ္စုပ္ပန်-သံသရာ-အပြစ်မှလွတ်ကင်းသောလူမှုဝန်ထမ်းလုပ်ငန်းမှန်သမျှကိုဆောင်ရွက်လုပ်ကိုင်ခြင်းများဟာ အပြစ်ကင်းသောအလုပ်များဖြစ်ကြပါတယ်။

ဘုရားရှင်ကတော့-

"လူမှုဝန်ထမ်းလုပ်ငန်းသည် သတ္တဝါများ ကြီးပွားချမ်းသာကြောင်းကျင့်ဝတ်ဖြစ်၏"

လို့လမ်းညွှန်ပြထားပါတယ်။

ယနေ့ကမ္ဘာ့နိုင်ငံအသီးသီးမှာရှိနေကြသော ကျန်းမာရေးအဖွဲ့ ကယ်ဆယ်ရေးအဖွဲ့ ကြက်ခြေနီအဖွဲ့ ကလေးသူငယ်ရန်ပုံငွေအဖွဲ့ လူအိုများစောင့်ရှောက်ရေးအဖွဲ့ အမျိုးသမီးများစောင့်ရှောက်ရေးအဖွဲ့စသော အဖွဲ့အစည်းများရဲ့ဆောင်ရွက်ချက်များဟာ အပြစ်ကင်းသောလူမှုဝန်ထမ်းလုပ်ငန်းများဖြစ်ကြပါတယ်။

ဘုရားရှင်ကိုယ်တော်တိုင်သော်မှ သူနာပြုလူမှုဝန်ထမ်းလုပ်ခဲ့တာကိုတွေ့ရပါတယ်။

ရဟန်းတစ်ပါးဝမ်းရောဂါဖြစ်ပြီး ကျင်ကြီးကျင်ငယ်များနှင့်လုံးထွေးပြီး ပေရေညစ်ပတ်နေတာကို ဘယ်ရဟန်းကမှ မပြုစုမစောင့်ရှောက်ကြဘူး။

ဘုရားရှင်သိတော်မူ၍ ရှင်အာနန္ဒာကိုခေါ်ကာ လူနာရဟန်းကိုကိုယ်တိုင်ပြုစုပေးတော်မူတယ်-

အဲဒီနောက် ရဟန်းများကိုစုဝေးခေါ်ယူပြီး-

"ရဟန်းတို့. . . သင်တို့အားပြုစုလုပ်ကျွေးမည့်သူ မိဘမရှိပါ၊ အချင်းချင်းမပြုစုမလုပ်ကျွေးလျှင် အဘယ်သူပြုစုလုပ်ကျွေးမည်လဲ၊ ရဟန်းတို့ ငါဘုရားကိုပြုစုလုပ်ကျွေးလိုသူသည် နာမကျန်းသောရဟန်းကို ပြုစုလုပ်ကျွေးပါလေ"

လို့ မိန့်ကြားတော်မူပြီး ဆရာတော်သည် အချင်းချင်းဆောင်ရွက်ရမည့် လူမှုဝန်ထမ်းတာဝန်များကို သတ်မှတ်ပေးခဲ့ပါတယ်။

အခါတစ်ပါးမှာလည်း ရှေးဘဝကငှက်တွေကို ခြေချိုးတောင်ပံချိုးပြုလုပ်ခဲ့သောအကုသိုလ်ကံကြောင့် ယခုဘဝတွင် အနာတွေပေါက်ပြီး ခန္ဓာကိုယ်တစ်ခုလုံးပြည်တွေနှင့်ပုပ်စော်နံဟောင်နေတဲ့ တိဿဆိုသောရဟန်းကို ဘုရားရှင်ကိုယ်တော်တိုင် ရေနွေးတည် ရေချိုးပေးတော်မူတယ်၊ သန့်စင်သောသင်္ကန်းကို ဝတ်ဆင်ပေးတယ်။

တိဿရဟန်းဟာ သန့်စင်တော့စိတ်နှလုံးကြည်လင်ပြီးနေတယ်၊ ဘုရားရှင်က တရားဆက်လက်ဟောပြတော့ တရားချက်ချင်းရပြီး ရဟန္တာဖြစ်ကာ ပရိနိဗ္ဗာန်စံဝင်သွားတယ်။

အရှင်တိဿဟာ ဘုရားရှင်ရဲ့စောင့်ရှောက်မှုကိုရသဖြင့် ပစ္စက္ခဆင်းရဲကိုသာမက သံသရာဆင်းရဲကိုပါ အပြီးအပိုင်လွတ်မြောက်သွားခဲ့ရတယ်။

လူနှင့်လူ့ပတ်ဝန်းကျင်မှာနေထိုင်သူမှန်သမျှ လူမှုဝန်ထမ်းလုပ်ငန်းနှင့်ကင်းလို့မရပါဘူး။

လူမှုဝန်ထမ်းလုပ်ငန်းဆိုတာဟာ အရင်းနှီးနည်းပြီး အကျိုးအမြတ်များပြားသောလုပ်ငန်းဖြစ်ပါတယ်။

အများအသုံးပြုသောလမ်းဖောက်၊ ဘုရားကျောင်း၊ စေတီစသည်တို့၌ တံမြက်စီးလှည်းသူပင် အကျိုးငါးပါးရတယ်လို့ ဘုရားရှင်က ဟောထားပါတယ်။

- မိမိစိတ်ကြည်လင်တယ်
- သူတစ်ပါးစိတ်ကိုကြည်လင်စေတယ်
- နတ်တို့ချစ်မြတ်နိုးတယ်
- အဆင်းလှပတယ်
- သေလျှင်နတ်ပြည်ရောက်တယ်

မြန်မာ့သာသနာ့ဝင်သမိုင်းမှာ ပထမလယ်တီဆရာတော်ဘုရားကြီး၏လူမှုဝန်ထမ်းဝေယျာဝစ္စပြုလုပ်မှုဟာ စံပြုထိုက်လှပါတယ်။

ဆရာပေါ်ဟာ စာသင်သားသံဃာတော်များကို စာသင်စာချပေးရုံမက ကျောင်းဝင်း၌တံမြက်လှည်းသည်၊ သောက်ရေသုံးရေခပ်သည်၊ သံဃာတော်များအား ဆွမ်းခံကျွေးသည်၊ ပန်းကန်များကိုဆေးကြောပေးသည်၊ နံနက်လေးနာရီထိုးလျှင် ကုဋ္ဌိ

ပါမကျန် အိုးမှန်သမျှ ရေပြည့်အောင်ခပ်ထည့်သည်၊ ဤဝတ်ကို နေ့စဉ်ပြုလုပ်သည်၊ သံဃာတော်များက မပြုလုပ်ပေးရန် တောင်းပန်သော်လည်း ဆရာတော်က သံဃာတော်များကို ခွင့်ပန်၍ဆက်လက်ဆောင်ရွက်သည်။

ထိုဝေယျာဝစ္စပြုလုပ်သော ကုသိုလ်ဇောအဟုန်ကြောင့်ပင် ၁၂၈၆-ခုနှစ်တွင် ဟင်္သာတဉ္စမိုးခေါင်၍ ဆရာတော်ကိုပင့်ဖိတ်သည်၊ ဆရာတော်သည် ဟင်္သတသို့ကြွရန်သဘောတူပြီး မိမိပြုခဲ့သောနိဗ္ဗာနရေအလှူတော်ဝတ်ကို ဆင်ခြင်လှူကာသစ္စာပြုသည်။

ဆရာတော်ပါသောသင်္ဘော ဟင်္သတဆိပ်ကမ်းကပ်ခါမျှနှင့်ပင် မိုးသည်းထန်စွာရွာသွန်းလေသည်။

ဆရာတော်၏ လူမှုဝန်ထမ်းဝေယျာဝစ္စဆောင်ရွက်ချက်၏စွမ်းရည်ဟာ အလွန်ပင်ကြည်ညိုဖွယ်၊ အံ့ဩချီးမွမ်းဖွယ်ကောင်းတာကိုတွေ့ရပါတယ်။

လူမှုဝန်ထမ်းလုပ်ငန်းလုပ်ရာမှာ အခက်အခဲအမျိုးမျိုးကြုံတွေ့ရပါတယ်၊ ဆန့်ကျင်ဘက်နှင့်တွေ့ကြုံလာလျှင် ရည်ရွယ်ချက်ပန်းတိုင်မပျောက်အောင် ဆက်လက်လုပ်နိုင်သောစိတ်ဓာတ်စွမ်းရည်ရှိရပါမယ်။

ရှေးဆရာတော်များက-

အများအကျိုး၊ ရွက်သယ်ပိုးကာ၊ ခနိုးခနဲ့ ကျိုးမတဲ့သည်

ကဲ့ရဲ့စကား၊ ဆိုတုံငြားလည်း၊ အသွားမပျက်၊ စိတ်မကွက်

ဘဲ၊ ဆက်လက်လမ်းမှန်၊ အမြင်ဉာဏ်နှင့်၊ ထက်သန်

ပေါက်မြောက်၊ အကျိုးရောက်အောင်၊ မကြောက်မရွံ့၊

မတွံ့မကန်၊ အားကုန်ဆန်လော့။ ။

လို့ ပဒေသာဆုံးမစာမှာ ဆိုထားတာကို မှတ်သားသင့်ပါတယ်။

ရွှေဟသ်ာဆရာတော်ဘုရားကြီးကလည်း-

အများအကျိုး၊ ရွက်သယ်ပိုးကာ၊ ခနိုးခနဲ့၊ ဆိုကဲ့ရဲ့လည်း

မရွံ့မစောင်း၊ ကိုယ့်လမ်းကြောင်းကို၊ စိတ်ကောင်းနှင့်

ယှဉ်၊ ရှေ့ရှုနှင်လော့။ ။

လို့ ဆိုဆုံးမထားပါတယ်။

လူမှုဝန်ထမ်းလုပ်ငန်း လုပ်ကိုင်ဆောင်ရွက်နေသူတို့ဟာ အခါခပ်သိမ်းကုသိုလ်တရားပွားများနေသူများဖြစ်တယ်လို့ ဘုရားရှင်က ဟောကြားထားပါတယ်။

ဘုရားရှင်ဇေတဝန်ကျောင်းမှာ သီတင်းသုံးနေသော တစ်နေ့ ညမှာ နတ်သားတစ်ပါးက လျှောက်ထားလာပါတယ်-

"အရှင်ဘုရား. . . အဘယ်ပုဂ္ဂိုလ်တို့မှာ နေ့ရောညပါ အခါခပ်သိမ်းကုသိုလ်တရားတိုးပွားပါကုန်သနည်း၊ အဘယ်

ပုဂ္ဂိုလ်တို့သည် ကုသိုလ်ခမ္မဒ္ဓအမြဲတည်ကြ၍ သီလနှင့်ပြည့်စုံကြပါသနည်း၊ လူ့ရွာနတ်ထံရောက်ရန် သေချာသူတို့က အဘယ်ပုဂ္ဂိုလ်တို့ပါနည်း”

“အို-နတ်သား. . . သစ်သီးဥယျာဉ်၊ ပန်းဥယျာဉ်ကို စီစဉ်လှူဒါန်းသူ၊ ခရီးသွားတို့နားခိုရန် သစ်ပင်စိုက်ပျိုးလှူဒါန်းသူ၊ တံတားခင်းသူ၊ ရေအိုးစင်တည်သူ၊ ရေတွင်းရေကန်တူးသူ၊ နေရာကျောင်းကိုလှူဒါန်းသူတို့သည် နေ့ရောညဉ့်ပါ အခါမလပ်ကုသိုလ်ရရှိသူတို့မည်ပါသည်”

“ကုသိုလ်မမ္မဒ္ဓ အမြဲတည်ကြ၍ သီလနှင့်ပြည့်စုံသူတို့ဖြစ်၏၊ လူ ရွာနတ်ထံ နိဗ္ဗာန်အထိရရှိရန် သေချာသူတို့ဖြစ်၏”

လူမှုဝန်ထမ်းလုပ်ငန်းလုပ်သူဟာ အမြဲတမ်းကုသိုလ်ရရှိနေစေရန် ကောင်းမှုပြုနေစဉ်အချိန်မှာ သတ္တဝါများချမ်းသာစေလိုခြင်း ဟူသောမှန်ကန်သောရည်ရွယ်ချက်ထားရှိဖို့လိုပါတယ်။

ရည်ရွယ်ချက်မှန်ကန်သူအတွက် မိမိ၏ကုသိုလ်ကိုတွေ့မြင်ရတိုင်း အောက်မေ့သတိရတိုင်း ကုသိုလ်ရနေမည်သာ ဖြစ်ပါသည်။

သာသနာ့သမိုင်းမှာ ဥယျာဉ်စိုက်ပျိုးခဲ့သော်လည်း ရည်ရွယ်ချက်မမှန်သဖြင့် ကုသိုလ်မရ၊ မကောင်းသောဘဝသို့ရောက်ရှေသာသူတစ်ဦးရှိတယ်၊ အဲဒီသူကတော့ အဇာတသတ်မင်းရဲ့ အမတ်ချုပ်ကြီး “ဝဿကာရပုဏ္ဏား”ဖြစ်တယ်။

သူဟာ တစ်နေ့မှာ ဂိဇ္ဈကုတ်တောင်ပေါ်ကဆင်းလာတဲ့ ရှင်မဟာကစ္စည်းမထေရ်ကိုတွေ့မြင်ပြီး-

"ဤရဟန်းသည် မျောက်နှင့်တူလှချေသည်"

လို့ပြောပြီး ကဲ့ရဲ့စကားဆိုမိတယ်။

ထိုအကြောင်းကို ဘုရားရှင်ကသိတော့-

"ဝဿကာရသည် မထေရ်အားတောင်းပန်ခဲ့မူ အပြစ်မှ လွတ်ကင်းပေမည်၊ အကယ်၍ မတောင်းပန်ခဲ့သော် ဤဝေဠုဝန် ဥယျာဉ်၌မျောက်ဖြစ်လတ္တံ့"

လို့ မိန့်ကြားတော်မူတယ်။

ဝဿကာရသည် အမျိုး၏ဇာတိမာန်ကြောင့် မတောင်း ပန်ခဲ့ချေ။ သို့သော်-

"ရဟန်းဂေါတမ၏စကားသည် မလွဲမသွေမှန်ကန်၏၊ နှစ်မျိုးနှစ်ခွ ဖြစ်ရိုးထုံးစံမရှိချေ၊ ငါသည် မျောက်ဖြစ်သောအခါ ကျက်စားရာနေရာကို ရရှိအောင်ဖန်တီးအံ့"

လို့ကြံစည်စိတ်ကူးပြီး ဝေဠုဝန်ဥယျာဉ်၌ သစ်ပင်ပန်းမန်မျိုးစုံကို စိုက်ပျိုးလျက် ထိန်းသိမ်းစောင့်ရှောက်ထားလေသည်။

လူဘဝမှသေလွန်သောအခါ ဝေဠုဝန်ဥယျာဉ်၌မျောက် ဖြစ်၍ လူတို့က"ဝဿကာရလာခဲ့"ဟုခေါ်က အနီးသို့လာ၍ ရပ် နေတတ်သည်။

ဝဿကာရသည် အပြစ်ကင်းသောဥယျာဉ်စိုက်ပျိုးခြင်းကိုလုပ်ခဲ့သော်လည်း ရည်ရွယ်ချက်နှင့်စေတနာနှလုံးသွင်းမှုများခဲ့သောကြောင့် ကုသိုလ်မရဘဲ တိရစ္ဆာန်ဘဝသို့ရောက်ရလေသည်။

သစ်ပင်ဥယျာဉ်စိုက်ပျိုးခြင်းသည် ဇရပ်တစ်ထောင်ဆောက်သည်နှင့်တူသောအကျိုးကို ရရှိခံစားရသည် ဟုဆိုပါသည်။

ဇရပ်၊ ကျောင်းဆောက်လုပ်ခြင်းက ငွေကြေးပြည့်စုံမှဆောက်လုပ်နိုင်မည်၊ သစ်ပင်တစ်ပင်စိုက်ခြင်းက အရင်းအနှီးဘာမျှစိုက်ထုတ်စရာမလိုပေ၊ ရှေးခေတ်ရှေးအခါက ဘိုးဘွားများသည် သားစဉ်မြေးဆက် စားသောက်ရေးပြည့်စုံစေရန်အတွက်သစ်ပင်စိုက်ပျိုးခြင်းကို အထူးဆောင်ရွက်ခဲ့ကြသည်။

သစ်ပင်ဟူသမျှ လူသားတို့အတွက် စားဝတ်နေရေးကိုများစွာအကူအညီပေးသောအရာဖြစ်၍ သစ်ပင်ဥယျာဉ်စိုက်ပျိုးသောလူမှုအကျိုးပြုလုပ်ငန်းဖော အပြစ်လည်းကင်းပြီး ကုသိုလ်ရသောလုပ်ငန်းဆိုတာကို အားလုံးသိထားသင့်ပါတယ်။

## ရှောင်လေဝေးဝေးမူးယစ်ဆေး

အိမ်ထောင်စုတစ်ခုကြီးပွားလိုတယ်၊ ချမ်းသာလိုတယ်၊ သာယာချမ်းမြေ့လိုတယ်၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေး၊

ပညာရေးတွေကိုတိုးတက်စေလိုတယ်ဆိုရင် အိမ်ထောင်ဦးစီးဖြစ်တဲ့လင်ယောကျ်ားဟာ အရက်သေစာနှင့်မူးယစ်ဆေးဝါးသုံးစွဲမှုတွေကို ရှောင်ရှားထိန်းသိမ်းတတ်ရမယ်။

အိမ်ထောင်မိသားစုတစ်စုရဲ့ ကြီးပွားတိုးတက်ရေးအတွက် အဓိကလိုအပ်ချက်မှာ အသိပညာနှင့်စာရိတ္တ (ကိုယ်ကျင့်တရားကောင်းမွန်ရေး)ဖြစ်တယ်။

လောကမှာ ဆွေဂုဏ်၊ မျိုးဂုဏ်၊ ရာထူးဂုဏ်၊ ပစ္စည်းဂုဏ်၊ ပညာဂုဏ်စသည်ဖြင့် ဂုဏ်အမျိုးမျိုးရှိတယ်။

ဂုဏ်ရှိမှလူရာဝင်တယ်၊ အထင်ကြီးခံရတယ်၊ အရေးတယူဆက်ဆံတတ်ကြတယ်။

ထို့အတွက် လူသားတိုင်းဂုဏ်ရှိရန်ကြိုးစားကြတယ်။

ရရှိသောဂုဏ်ကိုထိန်းသိမ်းစောင့်ရှောက်ကြတယ်။

ယင်းဂုဏ်များကိုဖျက်ဆီးတတ်သောရန်သူတစ်မျိုးကအရက်သေစာနှင့်မူးယစ်ဆေးဝါးသောက်မှုသုံးစွဲခြင်းပင် ဖြစ်ပါတယ်။

မည်သို့သောဂုဏ်ကြီးရှင်ပင်ဖြစ်ပါစေ၊ အရက်သေစာနှင့်မူးယစ်ဆေးဝါးရဲ့ကျေးကျွန်ဖြစ်သွားပြီးဆိုလျှင်တော့ ရှိပြီးသောဂုဏ်သိက္ခာနှင့်အရည်အချင်းတွေဟာ အလိုအလျောက်ပျောက်ကွယ်ပျက်စီးသွားရတာပါပဲ။

- အသူရာနတ်တွေဟာ အရက်ကြောင့် တာဝတိံသာ နတ်ဘုံနေရာဆုံးရှုံးခဲ့ရတယ်
- တပင်ရွှေထီးဟာ အရက်ကြောင့် ငယ်ငယ်ရွယ်ရွယ် နှင့်ဘဝပျက်ခဲ့ရတယ်

အရက်မူးယစ်ဆေးဝါးဆိုတာဟာ အလုံးစုံသောအကုသိုလ်ဒုစရိုက်တို့ရဲ့အညာနှင့်တူပါတယ်။

သစ်ပင်တွေမှာ အညာမှအသီး,သီးသလို အကုသိုလ်ဒုစရိုက်မှုတွေဟာ သေရည်သေရက်သောက်ခြင်းမှ မဆင်မခြင်ဖြစ်ပြီး ပြုလုပ်ရာမှဖြစ်ပေါ်လာခြင်းဖြစ်တယ်လို့ ဆိုပါတယ်။

အရက်ဟာ လူများကိုဒုစရိုက်နယ်သို့ရောက်အောင်သွေးဆောင်နိုင်စွမ်းရှိတယ်လို့ ဆိုပါတယ်။

အရက်သောက်ခြင်း၊ မူးယစ်ဆေးဝါးသုံးစွဲခြင်းဟာ ဒုစရိုက်လုပ်ငန်းရှင်သည် ကြီးပွားအောင်ရေသောက်မြစ်ကို ရေလောင်းပေးခြင်းနှင့်တူတယ်လို့ ဆိုပါတယ်။

လူဟာ အရက်နှင့်မူးယစ်ဆေးဝါးဝင်လာရင် မပြုဝံ့သောအရာဟူ၍မရှိတော့ပါ၊ ကျေးဇူးကြီးမားလှသောမိဘဆရာသမားတို့ကိုပင် ကိုယ်ထိလက်ရောက်စော်ကားတတ်လာတယ်။

- ဇနီးသားမယားကိုအဆင်ခြင်ကင်းမဲ့စွာ နှိပ်စက်ဖျက်ဆီးတတ်တယ်

- စည်းစိမ်ဥစ္စာကိုဖျက်ဆီးတတ်တယ်
- ဥပဒေကိုအလွယ်တကူချိုးဖောက်တတ်တယ်
- ဘာသာရေးကျင့်ဝတ်၊ လူမှုရေးကျင့်ဝတ်တွေကို အလွယ်တကူချိုးဖောက်တတ်တယ်
- အကျိုးအကြောင်းအဆိုးအကောင်းဆင်ခြင်မှုကင်းမဲ့တယ်

ဒါကြောင့် အရက်သမား၊ မူးယစ်ဆေးသမားကို အရူးတစ်မျိုးလို့ သတ်မှတ်ကြပါတယ်။

ဘုရားရှင်က စီးပွားဥစ္စာပျက်ကြောင်းတရားဟောရာမှာ-

- အရက်သေစာသောက်စားခြင်း
- အချိန်မဲ့သွားလာခြင်း
- ပွဲလမ်းသဘင်ကြည့်ရှုခြင်း
- လောင်းကစားခြင်း
- မိတ်ဆွေယုတ်နှင့်ပေါင်းသင်းခြင်း
- ပျင်းရိခြင်း

လို့ ဟောကြားထားရာမှာ အရက်က ဦးစွာထိပ်ကထားဟောထားတာကိုတွေ့ရပါတယ်။

သေအရက်ကို လောကရဲ့အဆိပ်လို့ခေါ်ပါတယ်၊ အရက်အဆိပ်သင့်သူဟာ ကြီးပွားတန်လျက်မကြီးပွားတော့ဘဲ အညွန့်

တုံးသူဖြစ်သွားပါတယ်၊ ကျန်းမာပြီး အသက်ရှည်စွာနေသင့်ပါလျက် မကျန်းမမာအသက်တိုရတတ်ပါတယ်။

ဥစ္စာစီးပွားရှာရမယ့်အချိန်မှာ ဥစ္စာစီးပွားမရှာဘဲ အရက်ရှာနေတဲ့သူဟာ ကျောက်ခဲရေထဲမြုပ်သကဲ့သို့ ကြွေးမြီများသူအဖြစ် သက်ဝင်ရောက်ရပါသတဲ့။

လူတို့အကျင့်စာရိတ္တပျက်ပြားစေရာတွင်လည်း အရက်သေစာသောက်စားခြင်းသည် အဓိကကျပေသည်၊ မည်မျှကောင်းမွန်သူဖြစ်စေကာမူ အရက်သောက်မိလျှင်မူးလျှင် မူးရာကရူးပြီးလျှင် လူယုတ်မာတို့၏အပြုအမူကိုပြုကျင့်ရန် လက်မနှေးဘဲရှိတတ်သည်၊ ထိုအခါ လူကောင်းဘဝမှ လူရူးလူပျက်ဘဝသို့ ရောက်ရလေသည်။

သို့အတွက် သူ‌ဌေးပညာရှိတို့က"လူကိုဖျက် အရက်၊ ဝါးကိုဖျက် ဝါးမျက်" ဟူ၍ တင်စားဆိုခဲ့ကြပါသည်။

ဘုရားရှင်က ဒီဃနိကာယ်ပါထေယျဝဂ်သိင်္ဂါလသုတ်မှာ

-လူမှန်းမသိ၊ ယစ်မူးဘိလျှင်၊ ရောက်မိရောက်ရာ၊ သွားလာကိစ္စ၊ လမ်းများလှ၍၊ ဒိဋ္ဌမျက်မှောက်၊ ဥစ္စာပျောက်တတ်ခြင်းအပြစ်

-သတိချွတ်လွဲ၊ မြင်တိုင်းဆဲလျက်၊ ရန်ပွဲတွေ့ဆုံ၊ ငြင်းခုံသတ်ပုတ်နေတတ်ခြင်း

-ဖောသွပ်ယောင်ယမ်း၊ ကိုယ်လုံးအမ်းလျက်၊ ပန်းနာ ကုပ်ဟီး၊ ချောင်းကြီးဆိုကား၊ အနာစွဲရောက်၊ အမြဲမ ပျောက်ဘဲနေခြင်း

-ယစ်မျိုးငါးပါး၊ သောက်စားမြူးပျော်၊ မသူတော်သဘော၊ လူ့ဗာလောဟု၊ ကျော်စောနံထွက်၊ သတင်းပျက် တတ် ခြင်း

-ရှုမြင်မတော်၊ မလျော်မောင်းကြမ်း၊ မလွှမ်းအဝတ်၊ ဟင်းလင်းကျွတ်လျက်၊ ပေါက်လွတ်ထွက်ကျ၊ အရှက် ကွဲတတ်ခြင်း

-ကုန်ခမ်းပညာ၊ မိုက်မဲစွာသောအပြစ်သို့ရောက်ခြင်း

လို့ အရက်သောက်ခြင်းအပြစ်ခြောက်ပါးကို ဟောကြားထားပါ တယ်။

ပြီးတော့ သုတ္တနိပါတ်အဋ္ဌကထာဆရာကလည်း အရက် သောက်သူဟာ-

- ဟုတ်မှန်သောအကြောင်းအရာကိုမသိခြင်း
- အကျိုးအပြစ်ကိုစိစစ်ဝေဖန်၍မသိခြင်း
- မိဘတို့ကိုအန္တရာယ်ပြုခြင်း
- ဘုရားပစ္စေကဗုဒ္ဓါရဟန္တာသာဝကတို့ကိုအန္တရာယ် ပြုခြင်း
- ယခုမျက်မှောက်ကဲ့ရဲ့ခံရခြင်း

- နောင်တမလွန်ဘဝ၌ အပါယ်လေးပါးကျရောက်ရခြင်း
- သံသရာအဆက်ဆက်ရှုံးသွပ်ရခြင်း

ဆိုတဲ့ ဆိုးကျိုးတွေဖြစ်ပေါ်ကြောင်း လမ်းညွှန်ပြထားပါတယ်။

ပြီးတော့ အရက်သောက်သူရဲ့သဘာဝကိုလည်း ဒီလို ဖော်ပြထားပါတယ်-

- စိတ်မည်းညစ်တယ်
- နေမကောင်းဖြစ်တယ်
- အကျိုးအကြောင်းမမြင်ဘူး
- မဆင်ခြင်နိုင်ဘူး
- တွေဝေတယ်
- ယိမ်းယိုင်တယ်
- မေ့လျော့တယ်
- ကိုယ်ကျင့်တရားကင်းတယ်
- သတိလက်လွတ်ပြီး ပြုမိပြုရာပြုတတ်တယ်

"လူကိုဖျက် အရက်
သေရည်ကိုမသောက်နဲ့
ရေကြည်ကိုမနှောက်နဲ့
သေရည်သောက်က အပါယ်ကျတတ်တယ်
ရေကြည်နှောက်က အနယ်မှုန်ထတတ်တယ်"

လို့ ပညာရှိတွေက စကားပုံပြုထားတယ်။

သာဝတ္ထိပြည်မှာ သဗ္ဗမိတ္တမင်းက အိုးစရည်းငါးရာဖြင့် သေသောက်ပွဲပြုလုပ်ရန်စီမံတာကိုသိကြားမင်းက အရက်ရဲ့ အပြစ်တို့ကိုပြောပြတယ်-

- အရက်သောက်သူရဲ့အပြစ်ကားများပြားလှတယ်
- အရှက်အကြောက်ကင်းမဲ့ပြီး ကလည်းက၊ ဆိုလည်းဆို တယ်
- ငြင်းခုန်ခြင်း၊ ခိုက်ရန်ဖြစ်ခြင်းကိုလည်းပြုတယ်
- ကိုယ်မှာအဝတ်ကင်းပြီး အရှက်အကြောက်မရှိဖြစ် တတ်တယ်
- အနိဖတ်နှင့်ရောနှောနေရတယ်
- အနှောင်အဖွဲ့ခံရတတ်တယ်
- အမွေအဖြုတ်ခံရတတ်တယ်
- စည်းစိမ်ဥစ္စာပျက်စီးရတတ်တယ်
- အမိ၊ အဖ၊ ဆရာသမားကိုဆဲရေးတတ်တယ်၊ စွပ်စွဲတတ်တယ်
- ယောက္ခမဖြစ်စေ၊ ချွေးမကိုဖြစ်စေ၊ မသင့်မလျော် ပြုတတ်တယ်
- မြတ်သောရဟန်းပုဏ္ဏားတို့ကိုသတ်ပုတ်ညှင်းဆဲတတ် တယ်

- အရက်သောက်မိက မုသားသက်သေဆိုတတ်တယ်
- သေလွန်လျှင် အပါယ်ငရဲကျခံရတယ်

ဘုရားရှင်ဟောကြားချက် သိကြားမင်းပြောကြားချက်များဟာ ယနေ့ခေတ်ထိမှန်ကန်နေပါတယ်။

လူငယ်လမ်းညွှန်ထဲမှာ ဒေါက်တာကျော်စိန်က မူးယစ်ဆေးဝါးသုံးစွဲသူတွေရဲ့ဘဝသရုပ်မှန်ကို ဖော်ထုတ်ရေးပြထားတာကိုတွေ့ရပါတယ်။

"ဘိန်းဖြူစွဲသောလူငယ်တစ်ဦးအဖို့ လိုအပ်သောဘိန်းဖြူပမာဏကိုရရှိအောင် နည်းမျိုးစုံနှင့်ငွေရှာရတယ်၊ အိမ်မှာတောင်း၍မရလျှင် ခိုးသည့်အဆင့်၊ မိဘကိုရန်ပြု၍လုယက်သည့်အဆင့်အထိရောက်တတ်ပါတယ်၊ ကျန်းမာရေးကျဆင်းသွားသည်မှာလည်း လူရုပ်ပင်မပီပြင်တော့သည်အထိဖြစ်သွားတတ်တယ်၊ လိုအပ်သည့်ငွေပမာဏများလည်း ဘိန်းဖြူစွဲသည့်ကာလနှင့်အမျှတရိပ်ရိပ်တက်လာလေရာ ငွေရှာရမှုကြောင့် ယောကျ်ားလေးများစာရိတ္တပျက်ပြား၍ မိန်းကလေးများမှ ဘဝပျက်သည်အထိ ဖြစ်ကြရရှာ၏"

လို့ ရေးသားဖော်ပြထားပါတယ်။

"မည်သို့ပင်ဖြစ်စေ အရက်သေစာမူးယစ်ဆေးဝါးသုံးစွဲခြင်းသည် အသည်းအမာရွတ်ရောဂါ၊ အသည်းကင်ဆာရောဂါ၊

အစာအိမ်ရောဂါ၊ အာရုံကြောထိခိုက်ရောဂါ၊ အရက်စွဲဆိုက်ကိုး တင်း စိတ်ရောဂါစွဲကပ်၍ အသက်တိုတတ်သည်၊ လူငယ်များ သတိထားရှောင်ရှားသင့်သည်”
လို့ ဆေးပညာရှူထောင့်ကလည်း လမ်းညွှန်ပြထားတာကိုတွေ့ရ ပါတယ်။

အရက်နှင့်ပတ်သက်၍ အငြိမ်းစားတိုင်းကျန်းမာရေး ဆရာဝန်ကြီးဒေါက်တာအောင်သိန်းက အရက်အနည်းငယ်မျှ သောက်သုံးပါက-

- ပေ့ါပါး
- ပျော်ရွှင်
- ပေ့ါပျက်သောအဆင့်တွင်ရှိသော်လည်း ရေချိန်လွန် သောအခါတွင်မူ
- ပေါကြောင်
- ပေတေ
- ပျက်စီးအဆင့်သို့ရောက်သွားတတ်ကြောင်း (ပ) ၆- လုံးဖြင့် ရှင်းလင်းပြောကြားခဲ့တာကိုတွေ့ရပါတယ်။

ငါးပါးသီလမှာ သေရည်အရက်၊ မူးယစ်ဆေးဝါးနှင့်စိတ် ကိုပြောင်းလဲစေတတ်သောပစ္စည်းမှန်သမျှကိုရှုခြင်း၊ သောက်ခြင်း၊ စားခြင်း၊ မျိုခြင်း၊ လိမ်းကျံခြင်း၊ ထိုးသွင်းခြင်း၊ မှန်သမျှဟာ

သုရာမေရယမဇ္ဇပမာဒသိက္ခာပုဒ်အရ အကျုံးဝင်တယ် အပြစ်ရှိတယ်လို့ဆိုပါတယ်။

ဒီနေရာမှာ ကမ္ဘာဦးက အရက်သေရည်စတင်ဖြစ်ပေါ်လာပုံကိုလည်း ဗဟုသုတအဖြစ်သိစေချင်ပါတယ်-

ဘုရားရှင်က ကုမ္ဘဇာတ်မှာ သေရည်အရက်စတင်ဖြစ်ပေါ်လာပုံဇာတ်ကြောင်းစုံကို အတိတ်ဆောင်ပြီးဟောပြထားပါတယ်-

ဗာရဏသီပြည်၌ ဗြဟ္မဒတ်မင်းနန်းစံချိန်ကဖြစ်ပါတယ်၊ ဟိမဝန္တာ၌ ကြီးမားသောသစ်ပင်ကြီးမှာ အိုးစရည်းခန့်ရှိသော အခေါင်းကြီးတစ်ခုရှိတယ်။

မိုးရာသီမှာမိုးရေတွေဟာ အဲဒီအခေါင်းထဲမှာကျပြီး ရေပြည့်နေတယ်၊ ငှက်အမျိုးမျိုးကချီလာပြီးစားကြတဲ့ သဖန်းခါး၊ သျှိသျှား၊ သရက်သီးများနှင့်သလေးစပါးများဟာ သစ်ခေါင်းထဲသို့ကျရောက်ကြတယ်။

အချိန်ကာလကြာမြင့်တော့ သစ်ခေါင်းတွင်းမှရေတွေဟာ နေပူရှိန်ကြောင့်ကျက်လာပြီး ထက်မြက်သောသေရည်ဖြစ်လာတယ်။

ထိုသေရည်များကို ငှက်များသောက်မိရာမှ ယစ်မူးပြီး သစ်ပင်ပေါ်မှပြုတ်ကျကုန်ကြတယ်၊ မကြာမီ အမူးပြေပြီး ထပ်ျံသွားကြတယ်။

ငှက်များ၏ထိုအခြင်းအရာကိုတွေ့မြင်ရသော မုဆိုးတစ်ဦးသည် ငှက်များသောက်သောရေကိုအနည်းငယ်သောက်ကြည့်ရာ မူးယစ်မေ့လျော့သွားတယ်၊ မုဆိုးဟာ သစ်ပင်ရင်း၌ကျနေသောငှက်များကိုဖမ်းယူပြီး မီးကင်းကာသေရည်နှင့်တွဲဖက်စားသောက်နေတယ်။

ထို့နောက် မုဆိုးဟာ ထိုသေရည်ကို ဝရုဏရသေ့ထံယူသွားပြီး ရသေ့နှင့်အတူစားသောက်ကြတယ်။

သုရာမည်သောမုဆိုးက စတင်တွေ့ရှိခဲ့သောသေရည်ဖြစ်၍ သေရည်ကို သုရာလို့အမည်ပေးခဲ့ကြတယ်။

သုရာမုဆိုးနှင့်ဝရုဏရသေ့တို့ဟာ ထိုသေရည်ကို ဝါးကျည်တောက်ဖြင့်ဆောင်ယူပြီး နယ်စားမင်းကိုဆက်သတယ်၊ နယ်စားမင်းကလည်း ယင်းသေရည်ကိုနှစ်သက်သွားပြီး ချက်လုပ်သောက်စားတယ်၊ ပြည်သူများကလည်း မင်းကိုအတုယူပြီး သေရည်ကိုသောက်ရာမှတစ်မြို့လုံးသေရည်သောက်ပြီး ပျက်စီးကြတယ်၊ တပြည်းဖြည်းနှင့်ဗာရာဏသီ၊ သာကေတမြို့များထိပျံ့နှံ့သွားပြီး ထိုမြို့များလည်း သေရည်ဖြင့်ပျက်စီးသွားကြတယ်။

ဤအချိန်မှစ၍ ကမ္ဘာဦးမှာသေရည်ဆိုတဲ့ သုရာအရက်စတင်ဖြစ်ပေါ်လာတယ်လို့ ဘုရားရှင်က ကုမ္ဘဇာတ်မှာဟောထားခဲ့ပါတယ်။

ကမ္ဘာဦးမှစ၍ဖြစ်ပေါ်လာသောသေရည်ဟာ ယနေ့ခေတ်အထိ အမည်အမျိုးမျိုးဖြင့်ထင်ရှားနေဆဲဖြစ်ပါတယ်။

ဘုရားရှင်လက်ထက်ကတော့ သုရာ(သေရည်)ငါးမျိုး မေရယ(အရက်)ငါးမျိုးရှိတယ်လို့ ဆိုပါတယ်။

သုရာလို့ခေါ်တဲ့သေရည်(၅)မျိုးကတော့-

၁။ မုန့်ညက်ဖြင့်ပြုလုပ်သောသေရည်

၂။ မုန့်ဖြင့်ပြုလုပ်သောသေရည်

၃။ ထမင်းဖြင့်ပြုလုပ်သောသေရည်

၄။ သေရည်မျိုးစေ့ထည့်လုပ်သောသေရည်

၅။ ပစ္စည်းမျိုးစုံထည့်လုပ်သောသေရည်

မေရယ(အရက်) ၅-မျိုးကတော့-

၁။ သစ်ပွင့်ဖြင့်ပြုလုပ်သောအရက်

၂။ သစ်သီးဖြင့်ပြုလုပ်သောအရက်

၃။ မုဒရက်သီးရည်ဖြင့်ပြုလုပ်သောအရက်

၄။ တင်လဲဖြင့်ပြုလုပ်သောအရက်

၅။ ပစ္စည်းမျိုးစုံပြုလုပ်သောအရက်

ဒီသေရည်နှင့်အရက်(၁၀)မျိုးကို မသောက်စားရဘူးလို့ ဘုရားရှင်က ရဟန်းတွေကို ပညတ်ခဲ့ပါတယ်။

လူတွေအနေနှင့်ကလည်း ဒီသေရည်အရက်တွေကို လုံးဝမသောက်ရပါဘူး၊ သောက်ခဲ့ရင် အထက်ဆိုခဲ့တဲ့အတိုင်း

စီးပွားရေး၊ ကျန်းမာရေး၊ လူမှုရေးတွေပျက်သည့်အပြင် မိသားစု ဘ၀လည်းအသက်ရှင်လျက် ငရဲလက်တွင်းကျရသကဲ့သို့ ခံစားရပါတယ်။

အဲဒါကြောင့် သမီးတို့မိသားစုအတွင်းမှာ အိမ်ထောင်ဦးစီးဖြစ်တဲ့ လင်သားဟာ ဒီလိုအရက်မူးယစ်ဆေးဝါးတွေ သောက်သုံးမှုကင်းအောင်ထိန်းသိမ်းရမယ်၊ သတိရှိရမယ်။

## သတိတရားလက်ကိုင်ထားလုပ်ပါ

သတိဟုဆို၊ တရားကိုယ်မူ၊ ပိုသည်မရှိ၊ လိုသည်ဘိရှင့်၊
သတိမမူ၊ ဂူကိုမမြင်၊ အကြွင်းရှေးက၊ ပေါရာဏတို့၊
ဆိုကြစကား၊ လားမှန်လှစွာ၏

(မဃဒေဝလင်္ကာ)

"သတိဟူသည် အလုံးစုံသောအကျိုးကိုပြီးစေနိုင်၏"

လူ့လောက လူ့အသိုင်းအဝိုင်း၌နေကြသော သားတို့ သမီးတို့ဟာ ကြီးပွားရေး၊ စီးပွားရေး၊ လူမှုရေးကုသိုလ်ရေးတို့ကို မလွဲမသွေပြုလုပ်ဆောင်ရွက်ကြရပါတယ်။

ဒီလိုဆောင်ရွက်တဲ့နေရာမှာ လူ့ကျင့်ဝတ်အရ-

- ရှောင်ကြဉ်သင့်သည်တို့ကိုရှောင်ကြဉ်ရတယ်
- ပြုလုပ်သင့်သည်တို့ကိုပြုလုပ်ကြရတယ်

ရှောင်ကြဉ်သင့်တဲ့တရားတွေကတော့ အချုပ်ပြောရရင် ဒုစရိုက်ဆယ်ပါးအယုတ်တရားတွေပဲဖြစ်ပါတယ်။

ပြုလုပ်သင့်တဲ့တရားတွေကတော့ သုစရိုက်တရားဆယ်ပါး၊ ပုညကြိယာဝတ္ထုဆယ်ပါးတွေပဲပေါ့။

ဘုရားရှင်က မည်သည့်လောကီအလုပ်ဖြစ်တဲ့ စီးပွားရေးမှာဖြစ်စေ၊ စစ်ရေးမှာဖြစ်စေ၊ လူမှုရေး၊ ပညာရေးမှာဖြစ်စေ လောကုတ္တရာအလုပ်ကိုဖြစ်စေ လုပ်ကိုင်ဆောင်ရွက်ရာမှာ သတိတရားလက်ကိုင်ထားဖို့အမြဲလမ်းညွှန်ခဲ့တယ်။

နောက်ဆုံး ပရိနိဗ္ဗာန်စံကာနီးမှာပင် အပ္ပမာဒေနသမ္ပာဒေထ- မမေ့မလျော့သောသတိတရားလက်ကိုင်ထားဖို့ အမြဲလမ်းညွှန်ခဲ့တယ်။

ရဟန်းတို့ မမေ့မလျော့ခြင်းသည်-

- မဖြစ်သေးသောကုသိုလ်တရားကိုဖြစ်ပေါ်စေ၏
- ဖြစ်ပေါ်ပြီးသောအကုသိုလ်တရားများကိုဆုတ်ယုတ်စေ၏

ဟူ၍ ပရိနိဗ္ဗာန်စံဝင်ကာနီး နောက်ဆုံးအနေဖြင့် ရဟန်းများကို မမေ့လျော့မှု သတိတရားရဲ့အကျိုးကို ဟောပြောပြခဲ့ပါတယ်။

ဒါကြောင့်လည်း ဘုရားရှင်က သဂါထာဝဂ်သံယုတ်မှာ-

"မေ့လျော့ခြင်းမရှိ၊ သတိနှင့်ပြည့်စုံသောသူအား အခါခပ်သိမ်းကောင်းမြတ်သည်ဖြစ်၏၊ မေ့လျော့ခြင်းမရှိ သတိနှင့်ပြည့်စုံသောသူသည် ချမ်းချမ်းသာသာကြီးပွားနိုင်၏၊ မေ့လျော့ခြင်းမရှိ သတိနှင့်ပြည့်စုံသောသူအား နေ့စဉ်ရက်ဆက် နံနက်မိုးလင်းတိုင်းမြတ်သည်ထက်မြတ်သည်သာတည်း၊ ရန်သူမျိုးငါးပါးလည်း လွတ်မြောက်ရပေသည်"

လို့ ဟောတော်မူထားတာကို တွေ့ရတယ်။

- မမေ့မလျော့မပျင်းမရိလုံ့လရှိခြင်းကြောင့် သိကြားမင်းက နတ်တကာတို့ထက်မြတ်သည့်အဖြစ်ရောက်ရပါသတဲ့။
- မမေ့မလျော့ မပျင်းမရိ လုံ့လရှိသောသူကိုပညာရှိတွေကချီးမွမ်းကြသတဲ့။
- အလုပ်အမှုကိစ္စတို့၌ မေ့လျော့ပျင်းရိလုံ့လမရှိသောသူဟာ အခါခပ်သိမ်းကျဆုံးပျက်စီးရပြီး ပညာရှိတို့ကကဲ့ရဲ့ပါသတဲ့။

ပြီးတော့ လောကမှာမမေ့မလျော့သောလုံ့လရှိသူ၊ ကိုယ့်အသက်ကိုမငဲ့ကွက်ဘဲဆောင်ရွက်သူတို့ဟာ လောကမှာကိုယ်လိုလားတောင့်တတဲ့အကျိုးကိုပြီးစေပါတယ်။

ပစ္စုပ္ပန်ဘဝကောင်းစားဖို့ အောင်မြင်ဖို့ ကြီးပွားချမ်းသာ လူအများလေးစားချစ်ခင်မြတ်နိုးဖို့အတွက် သတိတရားထားပြီး ဆောင်ရွက်ရသလို နောင်ဘဝနောင်သံသရာ ဂုဏ်စည်းစိမ်၊ နတ်စည်းစိမ်စသည်ခံစားဖို့အတွက်လည်း သတိတရားမမေ့ဘဲ ကုသိုလ်တရားများကိုပြုကြဖို့လိုအပ်ပါတယ်။

- ကာယဒုစရိုက်တွေကိုပယ်ပြီး ကာယသုစရိုက်တွေကို ပွားနေသူ
- ဝစီဒုစရိုက်တွေကိုပယ်ပြီး ဝစီသုစရိုက်တွေကို ပွားနေသူ
- မနောဒုစရိုက်တွေကိုပယ်ပြီး မနောသုစရိုက်တွေကို ပွားနေသူ
- မိစ္ဆာဒိဋ္ဌိကိုပယ်ပြီး သမ္မာဒိဋ္ဌိကိုပွားနေသူ

အဲဒီလိုပြုကျင့်တဲ့ပုဂ္ဂိုလ်ဟာ တမလွန်၌ ဖြစ်ရမယ့် သေခြင်းတရားကိုလုံးဝမကြောက်ဘူးလို့ ဘုရားရှင်က စတုက္က အင်္ဂုတ္တိုရ် တတိယပဏ္ဏာသမှာ ဟောထားတာကို တွေ့ရပါတယ်-

"အပြစ်မရှိသောတရားတို့၌မမေ့မလျော့ခြင်းဟူသော တရားသည် သတ္တဝါခပ်သိမ်းတို့အားကျေးဇူးများသည်သာတည်း" လို့ ပါထိကဝဂ် ဒသုတ္တရသုတ်မှာ ဟောထားတာကိုတွေ့ရပါတယ်။

"ကုသိုလ်ကောင်းမှု၌မေ့လျော့ခြင်းကို ပျက်စီးရာပျက်စီး ကြောင်း မကောင်းသောဘေးကြီးဟူ၍ ဉာဏ်ဖြင့်ဆင်ခြင်သိမြင်

ပြီး ကုသိုလ်ကောင်းမှု၌မမေ့မလျော့ခြင်းကိုသာယာငြိမ်းချမ်း ဘေးဘရမ်းမနှောက် အကျိုးပြီးမြောက်အောင်မြင်နိုင်၏ဟူ၍ ညာဏ်ဖြင့်ရှုမြင်လျက် သစ္စာလေးပါး မဂ္ဂင်ရှစ်ပါးတရားတို့ကို ပွားများရာ၏”

လို့ ဟောတော်မူထားသည့်အတိုင်း လူတိုင်းဟာလောကီချမ်းသာ လောကုတ္တရာချမ်းသာအတွက် ဒုတိယအရွယ် ဒုတိယပိုင်း အသက်မှာ သတိတရားထားပြီး ကုသိုလ်တရားကိုကြိုးစားရှာဖွေ ရပါမယ်။

လောကမှာ မည်သူမဆိုကုသိုလ်ဖြစ်ကြောင်း ကုသိုလ်ရ ကြောင်းတရားတွေကို မမေ့မလျော့ကျင့်ကြံအားထုတ်ကြမယ်ဆို ရင် ပစ္စုပ္ပန်-သံသရာနှစ်ဖြာကောင်းကျိုးရပါတယ်၊ အဲဒါကို ယုံယုံ ကြည်ကြည်နှင့်လုပ်ပါလို့ တိုက်တွန်းချင်ပါတယ်။

အဲဒါတွေက ဘာလဲဆိုတော့-

- အလှူပေးခြင်း
- သီလဆောက်တည်ခြင်း
- အချိန်ရသရွေ့ ဘာဝနာပွားများခြင်း
- ရတနာသုံးပါး၊ ဆရာ၊ မိဘတို့အားအရိုအသေပေးခြင်း
- ရတနာသုံးပါး၊ ဆရာ၊ မိဘတို့ရဲ့ဝေယျာဝစ္စတို့ကို ပြုလုပ်ခြင်း

- မိမိပြုလုပ်သောကုသိုလ်ကောင်းမှုကို သူတစ်ပါး အတွက် အမျှအတမ်းပေးဝေခြင်း
- သူတစ်ပါးပြုသောကုသိုလ်ကို ဝမ်းမြောက်စွာသာဓု ခေါ်ခြင်း
- တရားစကားကိုနာကြားခြင်း
- မိမိတတ်သိသောတရားစကားကို သူတစ်ပါးအား ပြောကြားခြင်း
- အယူမှန်ကိုဖြောင့်မတ်စွာယူခြင်း

လို့ (၁၀)ပါးကုသိုလ်ရကြောင်းတရားတို့ကို မမေ့မလျော့ပြုနေရင် သမီးဘဝလောကီချမ်းသာများ တဖွားဖွားတိုးတက်နေသလို လောကုတ္တရာချမ်းသာများလည်း မုချဆက်ဆက်ခံစားရမှာ သေချာလှပါတယ်။

သုစရိုက်တရားများကိုကျေပွန်သူဖြစ်အောင် သတိတရားဆောင်၍ပြုလုပ်သူတို့ဟာ ပစ္စုပ္ပန်ဘဝမှာလည်း ကြီးပွားချမ်းသာပြီး ဂုဏ်သတင်းကျော်စောခြင်း၊ ပူဇော်ခြင်းခံရသလို တမလွန်ဘဝအတွက် အပါယ်ဘေးကလွတ်နိုင်တယ်၊ သံသရာဝဋ်ဆင်းရဲကလည်း လွတ်မြောက်နိုင်ပါတယ်။

မိမိဘဝကိုလည်း ဖြူစင်ခြင်း၊ မြင့်မြတ်ခြင်း၊ ကြီးပွားတိုးတက်ခြင်းတို့ အစဉ်ဖြစ်နိုင်ပါတယ်။

အဲဒါကြောင့် ဘုရားရှင်က လူတွေကိုရော ရဟန်းတွေပါ မမေ့မလျော့သောသတိတရားရှိဖို့ သတိတရားဖြင့်ဆောင်ရွက်ဖို့ အမြဲသတိပေးနေတာပါ။

လူ့လောက လူသားများသည် အဆင်းလှလိုခြင်း၊ အသက်ရှည်စေလိုခြင်း၊ ချမ်းသာလိုခြင်း၊ ဘုန်းတန်ခိုးအာနုဘော် ကြီးစေလိုခြင်းစသော သံသရာ၌ကျင်လည်သမျှ ချမ်းသာမှုကြီး ပွားမှုကိုဖြစ်စေသောကုသိုလ်ပြုမှုနှင့် သံသရာကလွတ်မြောက် သောနိဗ္ဗာန်ကိုရရှိရေးကုသိုလ်မျိုးတို့ကို ထာဝရတောင့်တပြီး ပြုလုပ်နေကြလေ့ရှိပါတယ်။

ကုသိုလ်ပြုတဲ့နေရာမှာလည်း အချို့က ဘုရားသွား၊ ကျောင်းတက်ကိုပြုလုပ်ရသော ဒါန၊ သီလ၊ ဘာဝနာလုပ်ငန်းများ ကိုသာ ကုသိုလ်ကောင်းမှုပြုတယ်လို့ ထင်တတ်ကြပါတယ်။

ဆရာနှင့်တပည့်၊ မိဘနှင့်သားသမီး၊ လင်နှင့်မယား စသည်တို့ရဲ့ကျင့်ဝတ်အသီးသီးကိုလိုက်နာပြုလုပ်ခြင်းဟာလည်း ကုသိုလ်မည်ပါတယ်။

အခြားပုဂ္ဂိုလ်၏အကျိုးစီးပွားကို ပေးလှူရာရောက်သဖြင့် ဒါနမည်ပါတယ်၊ မိမိကိုယ်ကိုမကောင်းမှုဒုစရိုက်မှစောင့်ထိန်းပြီး ဖြစ်သောကြောင့် သီလသဘောလည်းသက်ရောက်ပါတယ်။

မေတ္တာကိုအခြေခံ၍ပြုလုပ်ပေးသောကြောင့် ဘာဝနာ လို့လည်းဆိုနိုင်ပါတယ်။

မမေ့မလျော့သောသတိ၏ဆန့်ကျင်ဘက်က မေ့လျော့မှုသတိမရှိခြင်းဖြစ်ပါတယ်။

- ဒုစရိုက်တရားတို့၌ကျင်လည်ကျက်စားသူ
- ငါးပါးအာရုံကာမဂုဏ်၌မွေ့လျော်သူ
- ကုသိုလ်၌စိတ်ဝင်စားမှုမရှိသူ
- တာဝန်ကိုကျေပွန်အောင်မဆောင်ရွက်သူ

ဤသူတို့ဟာ မေ့လျော့သူများဖြစ်ကြပါတယ်။

မေ့လျော့သူဟာ အကုသိုလ်တရားများကျက်စားရာ အရပ်ဒေသဖြစ်လာတတ်တယ်၊ မေ့လျော့မှု၏လှည့်စားမှုကိုခံနေရသောကြောင့် လူမှုရေး၊ စီးပွားရေး၊ နိုင်ငံရေးစတဲ့ကိစ္စရပ်များမှာ ချွတ်ယွင်းနေမည်သာဖြစ်တယ်။

သံသရာခရီးအတွက်ပြင်ဆင်ရန်လည်း သတိရတော့မည်မဟုတ်ပါချေ၊ အဖက်ဖက်မှဆုတ်ယုတ်ပျက်စီးလျက် သံသရာမှာအဖန်ဖန်သေခြင်းဖြင့်သာ အမြဲမပြတ်လည်ပတ်နေမည်သာဖြစ်ပါတယ်။

မမေ့မလျော့သူဟာ ပစ္စုပ္ပန်လည်းဘဝအတွက်လိုအပ်ချက်ဖြစ်သောကုသိုလ်၊ ပညာ၊ ဉစ္စာတို့ကိုရှာဖွေစုဆောင်းနိုင်သဖြင့် တိုးတက်နေမှာဖြစ်တယ်။

သီလ၊ သမာဓိ၊ ပညာ၊ သိက္ခာသုံးရပ်အကျင့်မြတ်ကိုရရှိအောင်စွမ်းဆောင်နိုင်မည်ဖြစ်သောကြောင့် မကြာမီအချိန်

အတွင်းမှာပင် သံသရာလွတ်မြောက်လမ်းကိုလည်း ကျင့်ကြံအား ထုတ်နိုင်မှာဖြစ်ပါတယ်။

ထိုသူအတွက်နေရာဒေသ၊ အချိန်ကာလတို့ဟာ အမြဲ ကောင်းမွန်နေမှာပါ။

- မမေ့မလျော့သူဟာ သေလွန်သော်လည်း အသက်ရှင် နေသူလို့ဆိုထိုက်ပါတယ်
- မေ့လျော့သူဟာ အနှစ်တစ်ရာအသက်ရှည်ပါသော် လည်း သူသေနှင့်ထူးခြားမှုမရှိလို့ဆိုလိုပါတယ်။

ဘုရားရှင်ကလည်း-

- သတိမပေ့ါ မမေ့မလျော့ခြင်းသည် သေခြင်းကင်းမှန် မြတ်နိဗ္ဗာန်ကိုရခြင်း၏အကြောင်းဖြစ်သည်
- သတိလွတ်ကင်းမေ့လျော့ခြင်းသည် မရှိဆုံးဆ၊ ဒုက္ခ ပူပန်၊ အဖန်ဖန်သေရခြင်း၏အကြောင်းဖြစ်သည်
- မမေ့မလျော့သောသူသည် အသက်ရှင်နေသူနှင့်တူ၏
- မေ့လျော့သူကား သေသူနှင့်ခြားနားမှုမရှိပေ။

ဟူ၍ ခုဒ္ဒကနိကာယ်မှာဟောထားတာကိုတွေ့ရပါတယ်။

အရပ်တစ်ပါးသို့ခရီးသွားသူသည် လုပ်ငန်းကိစ္စပြီးဆုံး သောအခါ မိမိအိမ်သို့ပြန်လာရသကဲ့သို့ မေ့လျော့သောသူသည် ကုသိုလ်အခွင့်သာခိုက် သုဂတိဘုံဘဝသို့ရောက်ရသော်လည်း ကုသိုလ်ကံအရှိန်ကုန်က အပါယ်သို့သာပြန်ရတတ်တယ်။

ပညာရှိများကလည်း-

“မေ့လျော့သောသူအတွက် အပါယ်လေးဘုံသည် မိမိအမြဲနေထိုင်ရာ အိမ်ဂေဟာနှင့်တူလှတယ်”
လို့ မိန့်ဆိုထားကြပါတယ်။

အဇာတသတ်မင်းက လိစ္ဆဝီတို့ကိုစစ်တိုက်လိုတဲ့အခါမှာ ဘုရားရှင်က ရဟန်းများကို ဤသို့မိန့်ကြားခဲ့ပါတယ်-

“ရဟန်းတို့. . . ယခုအခါ လိစ္ဆဝီမင်းတို့သည် အတတ်ပညာသင်ကြားခြင်း၌ မမေ့မလျော့ကြဘဲ ဆရာထံချဉ်းကပ်၍ ပြင်းစွာအားထုတ်လျက် သစ်သားတုံးကိုခေါင်းအုံးပြုကာနေကြကုန်၏၊ ထို့ကြောင့် မာဂဓတိုင်း၌ အရှင်ဘုရင်အဇာတသတ်မင်းသည် လိစ္ဆဝီမင်းတို့အား အောင်မြင်ရန်အကြောင်းမရှိ၊ အခွင့်မရနိုင်ချေ။

ရဟန်းတို့. . . အနာဂါတ်ကာလ၌ လိစ္ဆဝီမင်းတို့သည် သိမ်မွေ့ကုန်သည်၊ သိမ်မွေ့သောလက်ခြေရှိကုန်သည်ဖြစ်လတ္တံ့၊ လဲမှို့ခေါင်းအုံးရှိသောနူးညံ့သောအိပ်ရာတို့၌နေထွက်သည်တိုင်အောင်အိပ်ကုန်လတ္တံ့၊ ထိုအချိန်၌ အဇာတသတ်သည် လိစ္ဆဝီတို့အား အောင်နိုင်လတ္တံ့.”

ထိုစကားရပ်သည် လောကုတ္တရာစကားမဟုတ်ပါ၊ လောကီရေးရာစကားဖြစ်ပါတယ်၊ လောကီမှာဖြစ်စေ၊ လောကုတ်

မှာဖြစ်စေ မမေ့မလျော့သောသတိရားဟာ အမြဲလိုတယ်ဆိုတာ ဖော်ပြနေသောဆုံးမစကားဖြစ်ပါတယ်။

မေ့လျော့သူဟာ အချိန်ကောင်းအခါကောင်းများကို လက်လွှတ်ဆုံးရှုံးရပြီး လောကီကြီးပွားရေး၊ ချမ်းသာရေး၊ သံသရာ ွတ်မြောက်ရေးနောက်ကျကျန်ရစ်မှာသေချာလှပါတယ်။

အပြေးမြန်၍အားသန်သောမြင်းကောင်းဟာ အားအင် မရှိ၊ ချိနဲ့သောမြင်းကိုလျင်မြန်စွာဖြတ်ကျော်သွားနိုင်သလို မေ့ လျော့အိပ်ပျော်နေသူကို မမေ့မလျော့နိုးကြားနေသောသူက ကျော်တက်သွားမှာဖြစ်ပါတယ်။

မမေ့မလျော့သောသတိတရားနှင့် တွဲ၍ကျင့်သုံးရသော တရားရှိပါတယ်၊ အဲဒါတွေကတော့-

- မိမိစွမ်းအားနှင့်ပညာကိုယုံကြည်ခြင်း (သဒ္ဓါ)
- လုံ့လစွမ်းအားထက်သန်ခြင်း (ဝီရိယ)
- မိမိကိစ္စ၌စွဲမြဲစွာတည်ငြိမ်ခြင်း၊ စိတ်ဝင်စားခြင်း (သမာဓိ)
- စူးစမ်းဆင်ခြင်တတ်ခြင်း (ပညာ)

ဤတရားများရှိသော်လည်း မမေ့လျော့ခြင်းသတိမရှိက "ပညာရှိသတိဖြစ်ခဲ့" ဆိုသည့်အတိုင်း ပျက်စီးရတတ်ပါတယ်။

သဒ္ဓါ၊ ဝီရိယ၊ သမာဓိ၊ ပညာတို့ဟာ လုပ်ငန်းကိစ္စအဝဝ ဟို့၌ အရေးပါသည်မှန်သော်လည်း အချိုးအစားညီမျှရန် လိုအပ်

လှပါတယ်၊ ထိုတရားများအချင်းချင်းညီညွတ်နေပါလျှင် ချွတ်ယွင်းမှုကင်းလျက် အကျိုးတရားများတိုးပွားနိုင်ပါတယ်။

အဲဒါကြောင့် မာဃဒေဝလင်္ကာမှာ မန်လည်ဆရာတော်ဘုရားက-

သတိပညာ၊ သမာဓိရို စောင်းနှယ်ညီလော့၊ လောကီမမှတာ၊ လူတို့မှာလျှင်၊ သဒ္ဓါမတွန့်၊ ကွန့်၍ဖြိုးဝှန်၊ ဉာဏ်မလွန်နှင့်၊ သားမှန်လိမ္မာ၊ ဤအရာ၌၊ ပညာမဖက်၊ သဒ္ဓါထက်က၊ နက်ဇန်ဆင်းရဲ အမြဲမှန်စွာ၊ သဒ္ဓါနှံ့ဆွန့်၊ တွန့်၍ဉာဏ်ကွန့်၊ ပညာလွန်သော်၊ ဝင်္ကောက်ကျစ်၊ ကျိုးမဖြစ်ဘူး၊ စစ်စစ်ထိုးပြီး၊ သမာဓိများ၊ ပျင်းရိပွား၏၊ အားထုတ်လွန်က၊ ပြန့်တတ်စွရှင့်၊ ဝီရိယဆိုး၊ ညဥ့်ကိုနှိုးလူ၊ သူခိုးဖြစ်တတ်၊ သူဆိုလတ်၏၊ မပြတ်စိတ်က၊ သတိ,မလော့၊ ညီမျှသော်သာ၊ .ကျိုးထင်ရာခဲ့။
သတိဟုဆို၊ တရားကိုယ်မူ၊ ပိုသည်မရှိ၊ လိုသည်ဘိရှင့်၊ သတိမမူ၊ ဂူကိုမမြင်၊ အကြင်ရှေ့က၊ ပေါရာဏတို့၊ ဆိုကြစကားလာ၊ မှန်လှစွာ၏။ ။

လို့ သဒ္ဓါနှင့်ပညာ၊ ဝီရိယနှင့်သမာဓိအချင်းချင်းညီမျှရန် လမ်းညွှန်ဖွဲ့ဆိုပြထားတာကိုတွေ့ရပါတယ်။

ဘုရားရှင်ဟာ ရဟန်းရှင်လူတို့ကို ကုသိုလ်တရားတို့၌ မမေ့မလျော့ရန် အကြိမ်ကြိမ်သတိပေးတော်မူတယ်၊ နေ့စဉ်နေ့တိုင်းလည်း ခြေဆေးခုံ၌ရပ်လျက်-

"ရဟန်းတို့. . . လောက၌ ဘုရားပွင့်တော်မူရာအခါကို ရခဲပါ၏၊ ထို့အတူ လူအဖြစ်ရခဲ၏၊ သဒ္ဓါတရားနှင့်ပြည့်စုံသူကို ရခဲ၏၊ ရဟန်းဘဝကိုရခဲ၏၊ သူတော်ကောင်းတရားကြားနာရခွင့်ကိုလည်းရခဲ၏၊ ထို့ကြောင့် သင်တို့သည် မမေ့မလျော့သော သတိတရားနှင့်ပြည့်စုံအောင် အားထုတ်ကြလော့"

လို့ ဩဝါဒပေးခဲ့ပါတယ်။

အမြစ်နံ့သာတို့တွင် အကျော်၊ အနှစ်နံ့သာတို့တွင် စန္ဒကူးနီ၊ အပွင့်နံ့သာတို့တွင်မြတ်လေးသည် အသာဆုံးဖြစ်သကဲ့သို့ ဤအတူပင် ကုသိုလ်အားလုံးတို့သည် မမေ့မလျော့မှုသာလျှင် အခြေခံရှိကုန်၏၊ မမေ့မလျော့မှု၌သာဆုံးကုန်၏၊ ကုသိုလ်တရားတို့တွင် မမေ့မလျော့မှုကို အမြတ်ဆုံးဟုဆိုအပ်၏။

လို့ အင်္ဂုတ္တိုရ်၌ ဘုရားရှင်ကဟောကြားခဲ့ပါတယ်။

"ပစ္စုပ္ပန်အကျိုး-တမလွန်အကျိုးနှစ်မျိုးလုံးကို အကျိုးပေးသောတရားသည် မမေ့မလျော့ခြင်းသတိတရား" လို့ ဘုရားရှင်က ဟောကြားခဲ့ပါတယ်။

သီရိဓမ္မာသောကမင်းကို နိဗြောဓသာမဏေက မမေ့မလျော့သောတရားကိုပင် ဟောခဲ့သည်၊ ရှင်အရဟံအနော်ရထာ

မင်းကို ထိုမမေ့မလျော့သောသတိတရားကိုပင် ဟောခဲ့ပါသည်။

ထိုတရားများကြောင့်ပင် ထိုမင်းများဟာရတနာသုံးပါးကို ကြည်ညိုကြပြီး သာသနာပြုမင်းကောင်းမင်းမြတ်များဘ၀သို့ ရောက်ကြရတယ်။

ဘုရားရှင်လက်ထက်က ရှင်သာရိပုတ္တရာ၏မိတ်ဆွေ ဓနဉ္စာနိမည်သောပုဏ္ဏားတစ်ယောက်ရှိတယ်၊ သူဟာ မေ့လျော့ကာမကောင်းမှုများကိုပြုလုပ်နေတယ်။

တစ်နေ့ ရှင်သာရိပုတ္တရာသည် ပုဏ္ဏားထံသို့ကြွရောက်၍

"ပုဏ္ဏား. . . သင်သည် မမေ့မလျော့ရှိပါ၏လော"

လို့မေးတယ်။

"အရှင်ဘုရား. . . တပည့်တော်အား အဘယ်မှာ မမေ့မလျော့ဘဲရှိပါအံ့နည်း၊ ကျွန်ုပ်သည် မိဘနှင့်သားမယားကျေးကျွန်တို့ကိုလုပ်ကျွေးရပါ၏၊ ဆွေမျိုးတို့ကိုချီးမြှောက်ရပါ၏၊ ဧည့်သည်ကား ဧည့်ဝတ်ပြုရပါ၏၊ သေဆုံးသူနှင့်နတ်များမင်းစိုးရာဇာများအားလည်း ပြုသင့်သောဝတ်တို့ကိုမချွတ်ရအောင်ပြုရပါ၏၊ မိမိကိုယ်ကိုလည်း ပြည့်ဖြိုးအောင် စီမံရပါ၏"

"ပုဏ္ဏား. . . သင်မည်သို့ထင်ပါသလဲ၊ မိဘကိုအကြောင်းပြု၍ မတရားပြုလုပ်သူကို ငရဲထိန်းတို့က ငရဲသို့ဆွဲချကြမည်၊ ထိုအခါကျမှ ကျွန်ုပ်သည် မိဘတို့အတွက်မတရားပြုလုပ်ခဲ့ရခြင်းဖြစ်ပါသည်၊ ကျွန်ုပ်ကိုငရဲမချပါလင့် လို့တောင်းပန်၍ရမည်လော၊

ဒါမှမဟုတ် မိဘတို့က ငရဲမင်းကို ဤသူသည် ကျွန်ုပ်တို့ကိုအကြောင်းပြု၍ မတရားမှုပြုခဲ့ရခြင်းဖြစ်ပါသည်၊ သူ့ကို ငရဲမချပါလင့်လို့ လာရောက်တောင်းပန်ပေး၍ရပါမည်လော"

"အရှင်ဘုရား. . . မရနိုင်ပါ "

(သားမယားကျေးကျွန်တို့နှင့်ပတ်သက်၍လည်း ဤနည်းအတိုင်းမေးမြန်းဖြေဆိုသည်)

"ပုဏ္ဏား. . . မိဘကိုအကြောင်းပြု၍ မတရားမှုပြုလုပ်သူနှင့်တရားနှင့်အညီပြုလုပ်သူတို့တွင် မည်သူကမြတ်ပါသလဲ၊ ပုဏ္ဏား. . . သူတစ်ပါးအတွက်ပြုလုပ်ရန် တရားနှင့်ညီညွတ်သောအမှုတို့သည်ရှိကုန်သည်သာတည်း၊ ယင်းအမှုဖြင့် မိဘတို့ကိုပြုစုလုပ်ကျွေးခြင်းငှာ လည်းကောင်း၊ မကောင်းမှုကိုဖယ်ရှား၍ကောင်းမှုကိုပြုလုပ်ခြင်းငှာလည်းကောင်း စွမ်းနိုင်ပေသည်သာ" လို့ ရှင်သာရိပုတ္တရာက ပုဏ္ဏားကြီးကိုဟောကြားဆုံးမတယ်။

သတ္တဝါတို့ဟူသမျှတို့သည် တစ်ဘဝ၊ တစ်ခဏအတွင်းသာကြည့်ဟတ်ကြသည်၊ သံသရာအရေးကို စဉ်းစားမှုမပြုကြဘူး။

ချမ်းသာကြီးပွားမှုကိုနှစ်သက်ကြသော်လည်း ကုသိုလ်ကောင်းမှုကိုပြုလုပ်ရန်မှာမူ တွန့်ဆုတ်မေ့လျော့နေတတ်ကြပါတယ်။

ကုသိုလ်မည်သည် သတိကိုမှီ၍ဖြစ်ပေါ်လာရပါတယ်၊

သတိနှင့်ကင်းကွာ၍ စိတ်ကိုချိုးမြှောက်ခြင်း၊ နှိပ်ကွပ်ခြင်းမပြုနိုင်ပါဘူး။

ဘုရားရှင်တို့ အရဟတ္တမဂ်ဉာဏ်နှင့်သဗ္ဗညုတဉာဏ်တော်ကိုရရှိခြင်းသည် သတိပဋ္ဌာန်တရားတော်ကို ကောင်းစွာတည်ဆောက်ခဲ့သောကြောင့်ရခဲ့ခြင်းဖြစ်ပါတယ်။

သတိသည် လောကုတ္တရာနယ်ပယ်၌ ပို၍ပင်အရေးကြီးလှပါတယ်၊ ကိလေသာအကြားမခိုနိုင်စေရန်တွေကြုံသမျှ အာရုံ၊ ပြုလုပ်သမျှအမှုကိစ္စတို့၌ အမြဲမပြတ်သတိရှိနေကြရန် ကြိုးစားရမည်ဖြစ်ပါတယ်။

မိသားစုတာဝန်မကျေသူ၊ ပေးအပ်သောတာဝန်မကျေသူ၊ ကိုယ်ကျိုးရှာသူများ(ဝါ)ရာထူးအာဏာအရှိန်အဝါအသုံးပြု၍ လုပ်ပိုင်ခွင့်ကိုအလွဲသုံးစားပြုသူများ၊ ရပိုင်ခွင့်ကိုပိုမို၍ရယူသူများသည် သတိတရားမေ့လျော့ခြင်းဟူသော အပ္ပမာဒဓမ္မမင်္ဂလာပျက်စီးကြသောသူများဖြစ်ကြတယ်။

နိုင်ငံ့ဝန်ထမ်းနှင့်တာဝန်ရှိသောပုဂ္ဂိုလ်များအတွက် တာဝန်နှင့်ရာထူးသည်ခွဲခြား၍မရပါချေ၊ အချင်းချင်းဆက်စပ်၍ ညီမျှမှုရှိအောင် ဆောင်ရွက်တတ်ရပါမယ်။

ရာထူးဟူသည်မှာ လုပ်ပိုင်ခွင့်နှင့်အကျိုးခံစားခွင့်များကို ဆိုလိုပါတယ်၊ တာဝန်ဆိုတာက ရာထူးနှင့်ညီမျှသောထမ်းဆောင်ရမည့်လုပ်ငန်းများဖြစ်ပါတယ်။

အချို့ကား တာဝန်ပိုင်း၌စိတ်ဝင်စားမှုမရှိ၊ လုပ်ငန်းကို ရှောင်လွှဲခြင်း၊ အချိန်ဆွဲခြင်း၊ ရေသာခိုခြင်းစသည်များ ပြုလုပ်ကြတယ်။

ရာထူးနှင့်ပတ်သက်၍မူကား လုပ်ပိုင်ခွင့်ကိုကျော်၍ လုပ်တတ်ကြတယ်၊ နည်းအမျိုးမျိုးဖြင့် အကျိုးခံစားခွင့်ပိုမိုရရှိအောင် ယူတတ်ကြတယ်၊ ဩဇာအာဏာကိုအသုံးပြု၍ ကိုယ်ကျိုးရှာတတ်တယ်။

ထိုသူများသည် မေ့လျော့မှုမရှိစေရဟူသောမင်္ဂလာကို ဆန့်ကျင်ဘက်ပြု၍ဆောင်ရွက်သူများဖြစ်ကြပါတယ်။

တာဝန်သိသိ သစ္စာရှိရှိဆောင်ရွက်သူများသည် အပ္ပမာဒ ခေါ် -မမေ့မလျော့သောသတိဖြင့် ဆောင်ရွက်သူများဖြစ်ကြပါတယ်။

ဒါကြောင့် သားတို့-သမီးတို့အိမ်ထောင်ရေးမှာဖြစ်စေ၊ နိုင်ငံတာဝန်ထမ်းဆောင်ရေးမှာဖြစ်စေ၊ အပြစ်မရှိအောင် တာဝန်ကျေအောင်၊ ကုသိုလ်ရအောင် သတိတရားလက်ကိုင်ထားပြီး လုပ်ဖို့လိုအပ်တယ်ဆိုတာ အမြဲသတိထားပါ။

## ရိုသေထိုက်သူကိုရိုသေပါ

သူတစ်ပါးကိုရိုသေမှု၊ လေးမြတ်ပြုက၊ ရ၏ကိုယ်၌၊
အကျိုးလိုက်၏
သိုက်မြိုက်ဥစ္စာ၊ ရိုသေစွာဖြင့်၊ ပူဇာသူအား၊ ပြုလေငြားမှ၊
ကိုယ်အားသူတို့၊ ပူဇော်မြို့က၊ ပုဗ္ဗဝယ၊ ဂုဏကြီးမြင့်၊
ချီးပင့်မြတ်နိုး၊ ရှိခိုးသူလည်း၊ ထိုနည်းထပ်မျှ၊ ပူဇာရဟာ၊
ပြုကုန်ရာ၏
များစွာခြွေရံ၊ အစေခံလည်း၊ မညံမဆိတ်၊ ဖိတ်ဖိတ်
တောက်ညီး၊ အလျှံမီးသို့၊ ကြီးသည့်အာဏာ၊ ရှိန်ဝါ
တန်ခိုး၊ ပြည့်ဖြိုးပုံသော၊ နတ်အနေသို့၊ ကြက်သရေမစွန့်၊
အခွန့်မြမြံ၊ ခြံရံကျွဲနွား၊ စပါး၊ ပြောင်း၊ ပဲ၊ ဖွံ့ဖွံ့သွန်သွန်၊
လက်ခွန်လက်နက်၊ တိုးတက်စီးပွား၊ အသီးများ၏၊
များပြားပြည့်လျှိုင်း၊ လိုတိုင်းသုံးရ၊ အမြင့်မှလည်း၊
ကျ၍မသေ၊ သေလျှင်သုဂတိ၊ တည်ရာရှိ၏

လောကမှာ ဥစ္စာစီးပွား၊ ရာထူးဂုဏ်သိမ်ကြီးပွားလိုတဲ့သူတိုင်းဟာ အထက်ပါမင်္ဂလာသုတ်ပျို့လာလင်္ကာအတိုင်း ကျင့်ကြံကြိုးကုတ်အားထုတ်ရတယ်။

ဆရာ၊ မိဘစသောသူတို့ကို ရိုရိုသေသေလေးလေးမြတ်မြတ်အာရုံကပ်ပြီး မပြတ်ခံစားလေ့ရှိတဲ့ပုဂ္ဂိုလ်ဟာ ပစ္စုပ္ပန်-သံသရာ

နှစ်ဖြာသောကောင်းကျိုးနှင့်ကြီးပွားကြောင်းတရားဖြစ်တယ်လို့ ဟောကြားထားတာကိုတွေ့ရတယ်။

လောကမှာ ပစ္စုပ္ပန်-သံသရာနှစ်ဖြာသောကောင်းကျိုး ချမ်းသာအတွက် ရိုသေထိုက်သူတွေကတော့-

- သုံးတန်ရတနာ၊ ဘဂဝါ၊ လွန်စွာပြုမြဲဟူ
- အာစရိယ၊ မိနှင့်ဘ၊ ကုလကြီးမြင့်သူ
- အသက်ဂုဏ်နေ၊ ကြီးသူတွေ၊ ပုံသွေထိုနည်းတူ

ဆိုတဲ့အတိုင်း ရတနာသုံးပါး၊ မိဘဆရာ၊ အသက်ဂုဏ်ကြီးသူတွေ ဖြစ်ကြတယ်၊ အဲဒီလိုပုဂ္ဂိုလ်တွေကို ရိုသေလေးစား ဂါရဝတရား ထားတတ်ရင် သမီးဘဝတစ်သက်မဆင်းရဲတော့ပါဘူး၊ အစိုးရ ဝန်ထမ်းဖြစ်ရင်လည်း ရာထူးဂုဏ်သိမ်နိမ့်သွားစရာအကြောင်း မရှိပါဘူး။

ရိုသေခြင်းဆိုသည်မှာလည်း -

- ရှိခိုးခြင်း၊ လက်အုပ်ချီခြင်း၊ ခရီးဦးကြိုဆိုခြင်း၊ နေရာ ပေးခြင်းစသောကိုယ်အမူအရာ
- လေးစားစွာပြောဆိုဆက်ဆံခြင်းနှုတ်အမူအရာ
- မိမိသန္တာန်၌ရှိသောရိုသေလေးစားသောစိတ်

ဖြစ်စေခြင်းများဖြစ်ကြပါတယ်။

ဤရိုသေမှုတို့တွင် ရှိခိုးခြင်းဟာ ကိုယ်၊ နှုတ်၊ စိတ်သုံးပါး

နှင့်သက်ဆိုင်တဲ့အပြင် မြန်မာ့ယဉ်ကျေးမှုမှာ အဓိကအခန်းက ပါဝင်နေပါတယ်။

ရှိခိုးခြင်းနှင့်ပတ်သက်၍-

- ကိုယ်ဖြင့်ကိုင်းညွတ်၍ရှိခိုးခြင်း
- နှုတ်ဖြင့်ရွတ်ဆို၍ရှိခိုးခြင်း
- စိတ်ဖြင့်အောက်မေ့၍ကြည်ညိုခြင်း

ဆိုပြီး (၃)မျိုးရှိတယ်။

အဲဒီ(၃)မျိုးမှာ ကိုယ်ဖြင့်ရှိခိုးခြင်းမှာလည်း-

- တည်ခြင်းငါးပါးဖြင့် ရှိခိုးခြင်း
- လက်အုပ်ချီမိုး၍ ရှိခိုးခြင်း

ဆိုပြီး (၂)မျိုး ခွဲခြားသတ်မှတ်ထားတယ်။

မြေပြင်၌ဖြစ်စေ၊ ကြမ်းပြင်၌ဖြစ်စေ၊ ဒူးနှစ်ဘက်၊ လက်နှစ်ဘက်၊ နဖူးဆိုတဲ့ကိုယ်အင်္ဂါငါးပါးတို့ကိုညီညွတ်စွာတည်စေလျက် ရှိခိုးထိုက်သူကိုညွတ်လျက် ရှိခိုးခြင်းကို တည်ခြင်းငါးပါးနှင့်အညီရှိခိုးခြင်းလို့ ဆိုလိုပါတယ်။

လက်အုပ်ချီ၍ရှိခိုးခြင်းဆိုတာကတော့ ရှိခိုးထိုက်သောပုဂ္ဂိုလ်ကိုရှေ့ရှု၍ထိပ်၌လက်အုပ်ထားခြင်း၊ လက်အုပ်ချီခြင်း ဖြစ်ပါတယ်။

တည်ခြင်းငါးပါးဖြင့်ရှိခိုးရန် အခြေအနေမပေးခဲ့လျှင်ရပ်တည်၍ရှိခိုးပါတယ်၊ ရှိခိုးတဲ့နေရာမှာ-

- ရှိခိုးခံပုဂ္ဂိုလ်ဘက်ကိုမျက်နှာမူထားရပါမယ်
- ခြေနှစ်ဘက်ကိုစုံရပ်ထားပါ
- နဖူးတွင်လက်အုပ်တင်လျက်
- ကိုယ်ကိုကိုင်းညွတ်၍ရှိခိုးရပါမယ်

ရိုသေလေးစားခြင်းဆိုတာမှာလည်း-

- မိမိကိုယ်ကို ရိုသေလေးစားခြင်း
- ကမ္ဘာသူ ကမ္ဘာသားများကိုရိုသေလေးစားခြင်း
- ယဉ်ကျေးမှု၊ ဘာသာတရား၊ ဥပဒေအရပ်ရပ်ကို ရိုသေလေးစားခြင်း

ဆိုပြီး (၃)မျိုးရှိတယ်။

ရိုသေထိုက်သူကိုရိုသေခြင်းကြောင့် ကောင်းကျိုးချမ်းသာ ခံစားရပုံကို ဘုရားရှင်က ဧကနိပါတ်စတုတ္ထဝဂ်-တိတ္တိရဇာတ်မှာ-

"ကြီးသောသူတို့အား အရိုအသေပြုခြင်းတရား၌လိမ္မာကုန်သောအကြွင်သူတို့သည် ဂုဏ်ကျေးဇူးအရွယ်အားဖြင့် ကြီးသောသူကိုအရိုအသေပြုသောအမှုဖြင့် ပူဇော်ကုန်၏၊ ထိုသူတို့သည် မျက်မှောက်သောကိုယ်၏အဖြစ်၌လည်း ချီးမွမ်းခြင်းငှာထိုက်ကုန်၏၊ တမလွန်ဘဝ၌လည်း သုဂတိဘဝသို့လားရ၏" လို့ ဟောထားတာကိုတွေ့ရတယ်။

ပြီးတော့ ဓမ္မပဒပါဠိတော်မှာလည်း-

"အရိုအသေပြု၍ ရှိခိုးလေ့ရှိထသော အမြဲအသက် သိက္ခာအားဖြင့် ကြီးသောသူတို့ကို အရိုအသေပြုလေ့ရှိထသော ပုဂ္ဂိုလ်အား-

- အသက်ရှည်ခြင်းသည်လည်းကောင်း
- အဆင်းလှခြင်းသည်လည်းကောင်း
- ကိုယ်စိတ်နှစ်ဖြာချမ်းသာခြင်းသည်လည်းကောင်း
- ခွန်အားကြီးကျယ်ရခြင်းသည်လည်းကောင်း

လေးပါးကုန်သောကျေးဇူးတရားတို့သည် တိုးပွားကုန်၏ လို့ ဟောထားပါတယ်။

အဲဒါကြောင့် ပစ္စုပ္ပန်ဘဝမှာလောကစီးပွားရေး၊ ကြီးပွားရေးကိုအလိုရှိတယ်ဆိုရင် နောင်ဘဝ နတ်ရွာသုဂတိရောက်လိုတယ်ဆိုရင် သမီးဟာ ဒီရိုသေထိုက်သူကိုရိုသေရခြင်းဆိုတဲ့ကျင့်ဝတ်ကိုမမေ့မလျော့ကျင့်ကြံကြိုးကုတ်အားထုတ်ဖို့လိုအပ်ပါတယ်။

ရိုသေထိုက်သူကိုရိုသေခြင်း၏ဆန့်ကျင်ဘက်ကတော့ ရိုသေထိုက်သူကို ရိုသေခြင်းပဲဖြစ်တယ်။

မရိုသေမှုခြောက်မျိုးရှိတယ်-

- ဘုရား၌ မရိုသေခြင်း
- တရား၌ မရိုသေခြင်း
- သံဃာ၌ မရိုသေခြင်း

- သိက္ခာ၌ မရိုသေခြင်း
- မမေ့မလျော့မှု၌ မရိုသေခြင်း
- စေ့စပ်မှုပြုခြင်း၌ မရိုသေခြင်း

တို့ဖြစ်တယ်။

-အကြင်သူဟာ ဘုရားရှင်ရဲ့စေတီလေးမျိုး၊ ဖောမိပင် စသည်ကိုရှိမခိုး၊ စေတီရင်ပြင်၌ ထီးဆောင်း၊ ဖိနပ်စီး လျက် သွားလာသူဟာ ဘုရား၌မရိုသေသူဖြစ်တယ်။

-အကြင်သူဟာ တရားမနာ၊ တရားကိုရွတ်ဖတ်ပူဇော်မှု မပြု၊ တရားစကားမပြောဆိုမဆွေးနွေး၊ တရားနာမှုကို ရှောင်၊ တရားကိုစိတ်မဝင်စား၊ လေးစားမှုမရှိဘဲနေတဲ့ သူဟာ တရားမရိုသေသူဖြစ်တယ်။

-အကြင်သူဟာ ရဟန်းသံဃာများကိုရိုသေလေးစားမှု မရှိ၊ မချေမငံဆက်ဆံပြုမူပြောဆိုဆက်ဆံတဲ့သူဟာ သံဃာ၌ မရိုသေသူဖြစ်ပါတယ်။

-အကြင်သူဟာ သီလ၊ သမာဓိ၊ ပညာသိက္ခာသုံးပါးကို ဆောက်တည်၍မကျင့်ဘူးဆိုက သိက္ခာ၌မရိုသေသူ ဖြစ်တယ်။

-အကြင်သူဟာ အမှုကိစ္စဆောင်ရွက်ရမည့်တာဝန်ကို မေ့လျော့နေက မေ့လျော့မှု၌မရိုသေသူဖြစ်တယ်။

-အကြင်သူဟာ အာမိသဖြင့်ဖြစ်စေ၊ ခမ္မဖြင့်ဖြစ်စေ၊
စေ့စပ်မှုမပြုက စေ့စပ်မှုပြုခြင်း၌မရှိသေသူဖြစ်တယ်။

ပညာရှိတို့က ရှိသေထိုက်သူကို မရှိသေသူ(၁၂)ဦးရှိတယ်လို့ဆိုပါတယ်-

၁။ ရာဂထူပြောသူ

၂။ ဒေါသထူပြောသူ

၃။ မောဟထူပြောသူ

၄။ မာန်မာနကြီးမားလွန်းသူ

၅။ ဂုဏ်ကျေးဇူးကိုမသိတတ်သူ

၆။ အလွန်ခက်ထန်ကြမ်းကြုတ်သူ

၇။ အလွန်ရိုင်းစိုင်းသူ

၈။ အစိုးရသူမင်း

၉။ ကောက်ကျစ်စဉ်းလဲသူ

၁၀။ ဆင်းရဲမည့်သူ

၁၁။ အလိုရမ္မက်ကြီးသူ

၁၂။ လုပ်ငန်း၌စိတ်မဝင်စားသူ

ရိုသေမှုဂါရဝတရားရှိသူဟူသည် တရားသိသူ၊ မြင့်မြက်သူတို့သာပြုလုပ်နိုင်သောကျင့်ဝတ်ဖြစ်ပါတယ်။

အရိယာသူတော်ကောင်းများအားရိုသေမှုဂါရဝကို ပြည့်သည့်အခါမျှ လွယ်လွယ်မပြုကြပါ။

ဘုရားရှင်က ရှိသေမှုပျက်ပြားသူနှင့်ပတ်သက်၍ သုဘ လုလင်ကို-

"သုဘလုလင်. . . . ဤလောက၌ တစ်စုံတစ်ယောက် သောသူသည် အလွန်ကြမ်းတမ်းခက်ထန်၏၊ ရှိခိုးထိုက်သူကို ရှိ မခိုး၊ ခရီးဦးကြိုဆိုသင့်သူကိုမကြိုဆို၊ နေရာပေးထိုက်သူကိုမပေး၊ ခရီးလမ်းဖယ်ပေးထိုက်သူကိုမပေး၊ ရိုသေလေးမြတ်ပြုထိုက်သူ ကိုမပြု၊ ပူဇော်ထိုက်သူကိုမပူဇော်။

ထိုသူတို့သည် မိမိပြုလုပ်အပ်သောကံကြောင့် သေလွန် သောအခါ ငရဲသို့ကျရောက်ရ၏၊ အကယ်၍ လူ့ပြည်သို့ရောက်ပါ မူကား ယုတ်ညံ့သောအမျိုး၌ဖြစ်ရ၏"

လို့ မိန့်ကြားဟောတော်မူခဲ့ပါတယ်။

ဘုရားရှင်လက်ထက်က အရိယာသောတာပန်ဖြစ်တဲ့ ခုဇ္ဇုတ္တရာဟာ တစ်ခုသောဘဝကခါးအနည်းငယ်ကုန်းသော ပစ္စေ ကဗုဒ္ဓါကိုမရိုမသေပြက်ရယ်ပြုမိခဲ့၏၊ ကဿပဘုရားရှင်လက် ထက်မှာ သူဌေးသမီးဖြစ်စဉ်မှာလည်း ရဟန္တာထေရီမကို မရိုမ သေခိုင်းစေခဲ့ဖူးကယ်။

ဤအကုသိုလ်ဝဋ်ကြွေးကြောင့် ပညာရှိအရိယာဖြစ်ခဲ့ သော်လည်း ခါးကုန်းသောကျွန်မဘဝအဖြစ် ဖြစ်ခဲ့ရတယ်။

ရိုသေထိုက်သူကိုမရိုသေလျှင် မကောင်းကျိုးခံစားရမှာ သေချာလှသည့်အတွက် သားတို့သမီးတို့တစ်တွေဟာ လူ့လောက

လူ့ဘဝမှာ ကြီးပွားချမ်းသာလိုလျှင်၊ သာယာချမ်းမြေ့သောအိမ်ထောင်ဖြစ်လိုလျှင် ရာထူးတန်ခိုးကြီးမားလိုလျှင် ရိုသေထိုက်သူကိုရိုသေရန်မမေ့ဖို့သတိထားဆောင်ရွက်ဖို့ တိုက်တွန်းပါတယ်။

## မိမိကိုယ်ကိုနှိမ့်ချပါ

လောကမှာကြီးပွားချမ်းသာလိုတဲ့သူဟာ စီးပွားဥစ္စာဖြစ်လိုတဲ့လူဟာ အဓိကမိမိကိုယ်ကိုနှိမ့်ချတတ်ဖို့လိုပါတယ်၊ နိုင်ငံခြားသားတွေဟာ စီးပွားရေးနှင့်ပတ်သက်လာလျှင် ပျူငှာစွာဆက်ဆံတတ်သလို စိတ်ရှည်ပြီးနှိမ့်ချသောစိတ်အမြဲမွေးထားတတ်ကြတယ်၊ ဒါကြောင့် ဖေဖေတို့မြန်မာပြည်မှာ နိုင်ငံခြားသားတွေကြီးပွားချမ်းသာနေတာကို အများဆုံးတွေ့နေရတယ်။

ခြေသုတ်ပုဆိုးမြွေစွယ်ကျိုးနှင့်ချိုကျိုးသောနွား၊ ဒွန်းစဏ္ဍား၊ ပမာဏနှိမ့်ချသောစိတ်ရှိတဲ့သူကို လောကလူများက ချစ်မြတ်နိုးပြီး လေးစားကြည်ညိုအားကိုးတတ်ကြတယ်။

နှိမ့်ချတယ်ဆိုရာမှာလည်း အပြောအဆို၊ အနေအထိုင်တွေမှာ မာနခက်ထန်ခိုင်မာခြင်းကင်းရမယ်လို့ဆိုပါတယ်။

အပြောအဆိုနှိမ့်ချတယ်ဆိုတာက ငါဟယ်၊ နင်ဟယ်စသည်မပါ၊ ပြေပြစ်နူးညံ့စွာပြောဆိုခြင်း၊ သူတစ်ပါးနှလုံးကိုထိခိုက်နစ်နာခြင်းကင်းတဲ့ကောင်းသောစကားကိုဆိုခြင်းဖြစ်တယ်။

အခုနေအထိုင်နှိမ့်ချပုံကတော့ ကိုယ့်ထက်သက်ရွယ်ဂုဏ်ဝါကြီးတဲ့သူတွေကို မြင့်မြတ်သောနေရာကိုပေးပြီး ကိုယ်ကနိမ့်ကျသောနေရာမှာ ကျိုးယို့ကျစ်လစ်စွာနေထိုင်ခြင်းဖြစ်တယ်။

လောကသာရပျို့မှာ-

"ပါဏာတိပါတ်၊ မသတ်သူသတ်၊ ခိုးဝှက်မမူ၊
မယူသေစာ၊ အိမ်ရာမမှား၊ မုသားမဆို၊ ကိုယ်ကိုနှိမ့်ချ၊
စောင့်သီလနှင့်၊ ဒါနလှူဝတ်၊ ရက်မချွတ်လျှင်၊ မပြတ်
ဆောက်တည်၊ ဆုကြီးရည်၍၊ မကြည်ခိုက်ရန်၊
သူကျူးလွန်လည်း၊ မျက်မာန်မပြင်း၊ ကင်းစေမင်း"

လို့ ကန်တော်မင်းကျောင်းဆရာတော်က ဆိုဆုံးမထားတယ်။

သိင်္ဂါလသုတ်တော်မှာလည်း-

"လိမ္မာဖြော်မြင်သောပညာရှိသည်ဖြစ်၍ သီလနှင့်ပြည့်စုံသည်ဖြစ်၍ ထိုးထွင်းသောဉာဏ်နှင့်ပြည့်စုံသည်ဖြစ်၍ နှိမ့်ချသောဖြစ်ခြင်းရှိသော၊ ခိုင်မာခြင်းကင်းသော၊ နူးညံ့သည်လည်းဖြစ်သော၊ ထိုသို့သဘောရှိသောသူသည် အခြံအရံအလျော်အစားကိုရလေ၏"

လို့ ဘုရားရှင်က ဟောကြားထားတယ်။

"ပညာရှိလျက် မာနဖျက်သည်"

"ပညာရှိမှာ၊ မာနထား၊ အမှားပြင်းသည်သာ"

လောကနီတိမှာဆိုထားတာက-

- သင်ပြီးပညာ၊ ရှိတုံပါလည်း၊ လေ့လာထပ်ဆင့်၊ ဉာဏ်မဖွင့်က၊ ပျောက်လွင့်သောဟူ၊ ညစ်ကြေးထူ၏
- ဖေးကူလုံ့လ၊ မထကြွငြား၊ လက်လွတ်ထားက၊ ဖျင်းအားထူပြော၊ အိမ်ထောင်လျော၏
- လှချောရုပ်ရည်၊ မွတ်မွတ်ကြည်လည်း၊ လော်လည်စိတ်ကူး၊ ကွန့်မြူးလောက်လက်၊ လှရေးပျက်၏
- ထက်မြက်ဉာဏ်ရှင်၊ ဖြစ်တုံလျှင်လည်း၊ မြှောင်တင်ကိုယ့်ကိုး၊ နှိမ့်ဆိုတစ်ပါး၊ တံခွန်လွှားက၊ ပျက်ပြားပြန်လှစ်၊ စုန်းစုန်းနစ်၏

ပြီးတော့ နီတိကျမ်းတစ်စောင်မှာဆိုထားတာက-

- ကြောက်ခြင်းနှင့်ဇာတိသွေး၊ ဇာတိမာန်မရှိခြင်းသည် မိမိ၏အမျိုးဇာတ်ကို သတ်ဖြတ်ဖျက်စီးတတ်၏
- ငါတကားဟု ပလွှားချွန်ခြင်းသည် ပညာရှိကို သတ်ဖြတ်ဖျက်စီးတတ်၏
- ဦးစီးရှေ့သွားခေါင်းဆောင်များခြင်းသည် အမှုကိစ္စအမျိုးမျိုးကို ဖျက်ဆီးတတ်၏
- ကျွန်အဖြစ်သည်ကား စည်းစိမ်ချမ်းသာမင်္ဂလာကျက်သရေအမျိုးမျိုးကို အညွန့်တုံး၍ ငုံးငုံးတိုအောင် ဖျက်ဆီးတတ်၏

ရှိသေနိုမ့်ချခြင်းကိုဖျက်ဆီးတတ်တဲ့အရာဟာ အဓိက ကတော့ မာနစိတ်ပါပဲ၊ မာနစိတ်ဆိုတာကလည်း-

- ကိုယ်ကြောင့်ဖြစ်သောဒေါသမာနစိတ်
- စိတ်ကြောင့်ဖြစ်သော ဒေါသမာနစိတ်

ဆိုပြီး (၂)မျိုး ရှိပြန်တယ်။

လောကမှာ မာနကြီးစရာ (၆)မျိုးရှိတယ်လို့ ဘုရားရှင်က ဟောထားတယ်-

၁။ အမျိုးကြောင့်မာန်တက်တယ်

၂။ အနွယ်ကြောင့်မာန်တက်တယ်

၃။ ပညာကြောင့်မာန်တက်တယ်

၄။ ဥစ္စာကြောင့်မာန်တက်တယ်

၅။ ဆွေမျိုးအားကြောင့်မာန်တက်တယ်

၆။ ရုပ်အဆင်းလှပမှုကြောင့်မာန်တက်တယ်

အဲဒီလိုမာန်(၆)မျိုးရှိတဲ့နေရာမှာ ဘယ်လိုမာန်နှင့်ပဲ မာန်တက်တက် မာန်တက်သူအား ပျက်စီးခြင်း၏အကြောင်းရင်း ဖြစ်တယ်။

ငါဟုမာန၊ တက်ကြွမောက်မော်
မာန်စောင်ကြွားကြွား၊ ထောင်လွှားချေသော်
ဘယ်ခါမလွဲ၊ ယိုင်လဲယွင်းချော်
တစ်နေ့ကျ၊ အောက်ကျနောက်ကျဖြစ်ရပါသနော်

လို့ဆိုတဲ့အဆိုင်း မာန်ရှိတဲ့သူဟာ နောက်ဆုံးပျက်စီးရတတ်တယ်။

ဒါကြောင့် လောကမှာကြီးပွားချမ်းသာရေးကိုအလိုရှိတယ်ဆိုရင်-

- တက်ကြွစိတ်ကြွား၊ သူကားရှက်ဆောင်
- ရေးရာခွင်ကြီး၊ မပြီးမအောင်
- မှုကိစ္စ၌၊ မာနကိုရှောင်
- နိမ့်ချဉြား၊ အင်အားလက်ရုံးထောင်

ဆိုတဲ့ဆုံးမထားသည့်အတိုင်း မာနကိုနှိမ်ချထားပြီးဆောင်ရွက်လျှင် မိမိဘဝတစ်လျှောက် ချမ်းသာကြီးပွားရောက်မှာ အမှန်ပဲဆိုတာစွဲစွဲမြဲမြဲမှတ်ပြီး ဆောင်ရွက်သွားသင့်ပါတယ်။

- ပညာရှိထံဆည်းကပ်ခြင်း
- ပူဇော်ထိုက်သူကိုပူဇော်ခြင်း
- သူတစ်ပါးကိုရိုသေလေးစားခြင်း
- ဆုံးမစကားကိုနာယူခြင်း

စသောကျင့်ဝတ်များကိုနှိမ့်ချသောစိတ်ရှိသူတို့သာ လိုက်နာကျင့်သုံးနိုင်ပါတယ်။

နှိမ့်ချသောစိတ်မရှိသောသူဟာ -

- ရိုသေကိုင်းညွတ်မှုမရှိတတ်
- မိမိကိုယ်ကိုအထင်ကြီးတတ်တယ်

- ဂုဏ်သိက္ခာကိုနားမလည်
- နေရာတိုင်းမှာ ရန်စွယ်ငေါငေါထွက်ပြီး တုဖက်ယှဉ်ပြိုင် အနိုင်ယူတတ်ပါတယ်

အမျိုးအနွယ်၊ အဆင်းအရွယ်၊ စည်းစိမ်ဥစ္စာ၊ တန်ခိုးအာဏာစသည်တို့ဖြင့် ပြည့်စုံခြင်းဟာလည်း မာနကိုအတိုင်းအထက်တံခွန်သဖွယ် မောက်မာစေတတ်သောအကြောင်းများ ဖြစ်ကြတယ်။

လောကတွင် ပုဂ္ဂိုလ်(၃)မျိုးနှင့်မာန်(၃)မျိုးဟူ၍ ဆိုရိုးအစဉ်အလာရှိပါတယ်-

၁။ အထက်တန်းစားမြတ်သောပုဂ္ဂိုလ်

၂။ အလတ်တန်းစားပုဂ္ဂိုလ်

၃။ အောက်တန်းနိမ့်ကျသောပုဂ္ဂိုလ် တို့ဖြစ်တယ်။

ပုဂ္ဂိုလ်တစ်မျိုးတစ်မျိုးမှာ-

- ရာထူးဂုဏ်သိန်စသည်အားဖြင့် သူတစ်ပါးထက်သာလွန်သည်ဟု မှတ်ထင်ခြင်း (သေယျမာန်)
- ရာဏူးဂုဏ်သိန်စသည်အားဖြင့် သူတစ်ပါးနှင့်တူညီသည်ဟုမှတ်ထင်ခြင်း (သဒိသမာန်)
- ရာထူးဂုဏ်သိန်စသည်အားဖြင့် သူတစ်ပါးအောက်ကျရောက်သော်လည်း မည်သူ့ကိုမျှအရေးမထားခြင်း (ဟိနမာန်)

ဆိုပြီး သုံးမျိုးစီဖြစ်ပေါ်တတ်တယ်၊ အသွင်အမျိုးမျိုးဖြင့် ကျက်စားရာ မာနနယ်ပယ်ဟာလည်း ကျယ်တယ်လို့ဆိုပါတယ်။

“ကြီးသူကိုရိုသေ၊ ရွယ်တူကိုလေးစား၊ ငယ်သူကိုသနား” ဆိုသောစကားဟာလည်း နှိမ့်ချသောသဘောကိုဖော်ညွှန်းဆုံးမထားတဲ့စကားဖြစ်ပါတယ်။

သားတို့သမီးတို့လို ပုထုဇဉ်အဆင့်မှာရှိနေကြတဲ့သူတွေဟာ နှိမ့်ချသောစိတ်ထားဖြင့် အထက်တန်းသို့တက်လှမ်းကြရပါတယ်၊ နိဗ္ဗာန်နှင့်အမှန်တရားကိုလိုလားသူဟာ နူးညံ့ပျော့ပျောင်းရပါတယ်၊ ယဉ်ကျေးသိမ်မွေ့ရပါတယ်။

သိမ်မွေ့သောမာနသည်ပင် ဘဝတက်လမ်းကိုမျက်ခြည်ပြတ်အောင်လုပ်နိုင်တယ်ဆိုတာ သိထားသင့်ပါတယ်။

မာနကြီးမားသူဟာ သန့်စင်မွန်မြတ်သောနှိမ့်ချမှုဘယ်သောအခါမျှ မပြုလုပ်နိုင်ပါဘူး၊ ကိုယ်နှုတ်အမူအရာတို့မှာ မာနအရိပ်အရောင်များထင်ပေါ်နေတတ်ပါတယ်။

မာနလွှမ်းမိုးမှုကြောင့် မိမိရဲ့အကျိုးစီးပွားကိုပင် သိမြင်ရန် ခဲယဉ်းသွားတတ်ပါတယ်။

ရှင်သာရိပုတ္တရာနှင့်ရှင်မောဂ္ဂလာန်တို့၏ ငယ်ဆရာကြီးသဥ္စယပရိဗိုဇ်ဟာ တပည့်များပြောသောတရားဟာ တရားမှန်ဖြစ်ကြောင်းရိပ်စားမိသော်လည်း ဆရာဟူသောမာနခံနေ၍ တရားစစ်တရားမှန်မရတော့ဘဲ ဘဝမှာနစ်နာဆုံးရှုံးခဲ့ရတယ်။

"ထက်မြက်ဉာဏ်ရှင်၊ ဖြစ်တုံလျှင်လည်း၊ မြှောက်တင်
ကိုယ့်ကို၊ နှိမ့်ဆိုတစ်ပါး၊ တံခွန်လွှားက၊ ပျက်ပြား
ပြန်လမ်း၊ စုံးစုံးနစ်၏"

"လောကလူတွင်၊ ငါသာလျှင်သိ၊ ငါ့ပြင်မရှိ၊ ထင်ဘိမှတ်
ယောင်၊ မောဟဆောင်၍၊ မာန်ထောင်မာန၊ မမူရ
တည့်၊ သုတတရား၊ မြင်ကြားအသိ၊ များစွာရှိလည်း၊
သတိမယှဉ်၊ သမ္ပဇဉ်မမှီး၊ မာနကြီးက၊ ခွေးမြီးပမာ၊
မြီးစပါခဲ့၊ ထောင်ကာမတ္တ၊သုံးမကျရှင့်"

လို့ မဃဒေဝလင်္ကာမှာ မာန်လည်ဆရာတော်က ဆိုဆုံးမထားတာ
ဟာ မှတ်သားဖွယ်ကောင်းလှပါတယ်။

ဘုရားရှင်လက်ထက်က ခေမာမိဖုရား၊ ဇနပဒကလျာဏီ
မင်းသမီးတို့ဟာ အဆင်းအလှကိုအမှီပြုပြီး မာန်တက်ကြွသူများ
ဖြစ်ကြတယ်၊ ဘုရားရှင်က ဆိုဆုံးမသောအခါကျမှ သောတာပန်
ဘဝသို့ရောက်ကြရတယ်။

ပုထုဇဉ်သဘောဟာ မာန်ထောင်လွှားခြင်းကိုနှစ်သက်
တတ်ပါတယ်၊ မွေ့လျော်တတ်ပါတယ်။

ဥစ္စာ၊ အာဏာစသည်များကို အဆီ၊ အနှစ်သာရလို့ ထင်
မှတ်တတ်ပါတယ်၊ လောကီဂုဏ်များကို အားကိုးအားထားပြုပြီး
တုဖက်ယှဉ်ပြိုင်ခြင်းပြုတတ်ပါတယ်။

အမှန်အားဖြင့် မာန၏လှည့်စားခြင်းကိုခံနေရတာပါ၊ မာနဟာမိမိပိုင်နက်အတွင်းမှသတ္တဝါများကို အမျိုးမျိုးသွေးဆောင်ကာ လွတ်မြောက်ရာနယ်မြေနှင့်ဝေးအောင် ပို့ဆောင်မြဲဖြစ်ပါတယ်။

တရားကိုမသိသူများကသာ မာနကိုအားကိုးအားထားပြု၍ ထောင်လွှားတတ်ကြတယ်၊ တရားသိသူများကတော့ ဖြစ်နိုင်ကြသောနည်းဖြင့်မာနကိုလျှော့အောင်ပြုကြပါတယ်။

ဘဒ္ဒိယ၊ အနုရုဒ္ဓါ၊ အာနန္ဒာ၊ ဘဂု၊ ကိမိလ၊ ဒေဝဒတ်ဟုဆိုအပ်သောသာကီဝင်မင်းသားတို့သည် သကျသာကီဝင်ဇာတိမာန်အလွန်ကြီးကြသောသူများဖြစ်ကြပါတယ်၊ သူတို့သည် ခိုင်းစေကျွန်ဆတ္တာသည် ဥပါလိနှင့်အတူ ဘုရားထံရှင်ရဟန်းပြုရန်ရောက်လာကြတယ်။

မင်းသားတို့ဟာ ဘုရားရှင်ကို-

"အရှင်ဘုရား. . . သကျမင်းသားများသည် မာန်မာနကြီးမားကြပါ၏၊ သို့ဖြစ်၍ ဥပါလိကို ရှေးဦးစွာရဟန်းပြုပေးတော်မူပါ၊ သူ့ကို တပည့်တော်တို့ကရှိခိုးခြင်း၊ လက်အုပ်ချီခြင်း၊ ကြိုဆိုခြင်းစသည်ဖြင့် ရိုသေမှုပြုကြပါမည်၊ ဤနည်းဖြင့် တပည့်တော်တို့၏မာန်မာနကိုကျဆင်းအောင် ပြုလုပ်ရာရောက်ပါမည်"
လို့ လျှောက်ထားကြတယ်။

ဘုရားရှင်ကလည်း ဥပါလိကိုပဲ ဦးစွာရဟန်းပြုပေးခဲ့တယ်။

အဲဒါကြောင့် လူ့လောက လူ့ပတ်ဝန်းကျင်မှာ ကြီးပွားချမ်းသာရေးကိုအလိုရှိကြတဲ့ သားတို့သမီးတို့ဟာ အချင်းချင်းယှဉ်ပြိုင်အနိုင်ရမှု၊ မိမိကိုယ်ကိုအထင်ကြီးပြီး သူတစ်ပါးကိုနှိမ့်ချရှုတ်ချသောအလွဲမာနကိုဖယ်ရှားပါ။

ရိုသေထိုက်သူ၊ ပူဇော်ထိုက်သူတို့နှင့်တွေ့တဲ့အခါမှာ မိမိရဲ့နှိမ့်ချရမယ့် ဂါရဝကိုအလေးထားပြီး ဆောင်ရွက်တတ်ဖို့လိုအပ်လှပါတယ်။

## ရသမျှနှင့် ရောင့်ရဲပါ

ယံလဒ္ဓံ၊ တေနတုဋ္ဌဗ္ဗံ
အတိလာဘောဟိပါပကော

"အကြင်ဝတ္ထုကိုရအပ်၏၊ ထိုရသမျှသောဝတ္ထုဖြင့် ရောင့်ရဲအပ်၏၊ အလွန်လောဘကြီးခြင်းသည် ယုတ်မာ၏"
ဟု ဧကနိပါတ် ဟံသာဇာတ်မှာ အဲဒီလိုဟောထားတာကို တွေ့ရပါတယ်။

ဓမ္မပဒမှာတော့-

အာရောဂျံ ပရမံလာဘံ -လွန်ကဲသောလာဘ်ကား အနာရောဂါကင်းခြင်းတည်း။

သန္တုဋ္ဌိပရမံဓနံ -လွန်ကဲသောဥစ္စာကား ရောင့်ရဲခြင်းတည်း။

ဝိဿာသာပရမဉာတိ -လွန်ကဲသောဆွေမျိုးကား အကျွမ်းဝင်သောသူတည်း။

နိဗ္ဗာနံပရမံသုခံ -လွန်ကဲသောချမ်းသာကား နိဗ္ဗာန်တည်း

ရောင့်ရဲခြင်းဆိုတာကတော့-

-ရသောပစ္စည်းနည်းခဲ့သော် အများကိုမရပါလေ ဟုဝမ်းနည်းပူပန်ခြင်းမရှိဘဲ ရသမျှနှင့်နှစ်သိမ့်ခြင်း

-ရသောပစ္စည်းညံ့ခဲ့သော်အကောင်းကိုရပါလေဟူ၍ ဝမ်းနည်းပူပန်ခြင်းမရှိဘဲ ရသည့်အမျိုးအစားနှင့် နှစ်သိမ့်ခြင်း

ဤသို့ရတိုင်းသော ပစ္စည်း၊ လစာ၊ ရာထူးနှင့်နှစ်သိမ့်တင်းတိမ်ခြင်းရှိသည်ကို ရောင့်ရဲသည်ဟုဆိုပါသည်။

ရာဇနီတိကျမ်းမှာ-

“မင်းတိုင်းပင်မှာ၊ လခစားတို့ မှတ်သားလေဘိ၊ ပျင်းရိကြဉ်ဖဲ၊ ရောင့်ရဲတစ်သွယ်၊ အိမ်လွယ်တစ်မျိုး၊ နိုးလွယ်

တစ်နည်း၊ ဆည်းကပ်အမြဲ၊ ရဲရင့်တခြား၊ ဤခြောက်ပါး
ကို၊ ခွေးများအတူ၊ ကျင့်လေဟူ၏

လို့ နှိုင်းယှဉ်ဆုံးမထားတာကိုတွေ့ရတယ်။

ခွေးတွေမှာ ဂုဏ်အင်္ဂါခြောက်ပါးရှိသတဲ့၊ ခွေးများဟာ-

- မပျင်းမရိဘူး
- ကျွေးသမျှ၊ စားရသမျှနှင့်ရောင့်ရဲတယ်
- အိပ်ပျော်လွယ်တယ်
- နိုးလွယ်တယ်
- သခင်အပေါ်လည်းသစ္စာရှိတယ်
- သခင်အတွက် အမြဲရဲရဲရင့်ရင့်ဆောင်ရွက်တတ်တယ်

ဒါကြောင့် လောကမှာကြီးပွားချမ်းသာလိုချင်ရင်တော့-

- စားသောက်မှု၌လျှပ်ပေါ်လော်လီခြင်းကင်းရမယ်
- ဝတ်စားတန်ဆာပြင်ဆင်ဖီးလိမ်းမှု၌ လျှပ်ပေါ်လော်လီခြင်းကင်းရမယ်
- ပစ္စည်းဥစ္စာကိုမတရားလိုချင်မှုကင်းရမယ်
- သွားခြင်း၊ လာခြင်း၊ လမ်းသလားခြင်း၌လျှပ်ပေါ်လော်လီခြင်းကင်းရမယ်
- မိန်းမသည် ယောကျ်ားအပေါ်၌ ယောကျ်ားသည် မိန်းမအပေါ်၌ လျှပ်ပေါ်လော်လီခြင်းကင်းရမယ်

ဒီနေရာမှာ စကားစပ်လို့ပြောပြရင်တော့ မင်္ဂလာတရားတော်မှာ သန္တုဋ္ဌိစ-ရောင့်ရဲကြပါလို့ဆိုပေမယ့် ဖေဖေတို့မြန်မာတွေဟာ မင်္ဂလာသည်စာမှာသာရှိသည်၊ ငါ့မှာကား နတ္ထိဆိုတာလိုဖြစ်နေကြတာကိုတွေ့ရတယ်။

ရောင့်ရဲခြင်းမင်္ဂလာကင်းပြီး လော်လီခြင်းငါးပါးနှင့်သာအချိန်ကုန်နေကြသည့်အတွက် ဒုတိယအရွယ်မှာ ဥစ္စာစီးပွားမတက်ကြဘဲ ဆင်းရဲနေကြရတယ်၊ တရုတ်၊ ကုလား၊ နိုင်ငံခြားသားတွေက စားမှုသောက်မှုနေထိုင်မှုတွေမှာ ဝင်ငွေအလျောက်တင်းတိမ်မှုရောင့်ရဲမှုတွေရှိကြပြီး လော်လီမှုအားနည်းကြသည့်အတွက် စီးပွားဥစ္စာဖွံ့ဖြိုးပြီး နေရာတကာမှာ လောကီချမ်းသာနှင့်ပြည့်စုံပြီးနေထိုင်ကြရတယ်။

အထူးသဖြင့် အမျိုးသမီးများဟာ ရောင့်ရဲမှုအားနည်းကြသည့်အတွက် လော်လီမှုများပြီး ပျက်စီးမှုတွေများကာ ဘဝပျက်ကြရတာအများအပြားတွေ့ရမယ်၊ အမျိုးဂုဏ်သိက္ခာမထိန်းနိုင်တာတွေတွေ့ရမယ်၊ အဲဒါဟာ ရောင့်ရဲမှုကိုမထိန်းသိမ်းနိုင်ကြလို့ဘဲဖြစ်တယ်။

အဲဒါကြောင့် အမျိုးသား၊ အမျိုးသမီးတို့ဟာ မိမိတို့ဘဝကြီးပွားတိုးတက်လိုတယ်၊ ဂုဏ်သိက္ခာမြင့်လိုတယ်၊ ကျော်စောသတင်းကောင်းခြင်းအဖြာဖြာနှင့်ပြည့်စုံကြတယ်ဆိုရင် ရောင့်ရဲမှုကိုအထူးကြိုးစားအားထုတ်ကြရပါမယ်။

ပစ္စည်းဥစ္စာသုံးစွဲရာမှာ အလိုကြီးခြင်း၊ စွဲလမ်းနှစ်သက်ခြင်းမဖြစ်စေဘဲ မိမိရဲ့အခြေအနေနှင့်လိုက်လျောညီထွေနေထိုင်ခြင်း၊ ကျေနပ်နှစ်သိမ့်ခြင်းဟာ မင်္ဂလာတရားနှင့်ညီ၍ ချမ်းသာလှပါတယ်။

ရောင့်ရဲနှစ်သိမ့်မှုနှင့်ပတ်သက်လို့ (၃)မျိုး ရှိပါတယ်-

၁။ ရသမျှပစ္စည်းဖြင့်ရောင့်ရဲခြင်း

၂။ မိမိ၏စွမ်းအားနှင့်(ဝါ)ကျန်းမာရေးနှင့်သင့်လျော်သောဖြင့်ရောင့်ရဲခြင်း

၃။ မိမိအခြေအနေဂုဏ်ဒြပ်နှင့်လိုက်ဖက်သောပစ္စည်းဖြင့်ရောင့်ရဲခြင်း

၎င်းရောင့်ရဲခြင်းနှင့်ပတ်သက်၍ ဥပမာပြုပြောရလျှင်-

ပုဂ္ဂိုလ်တစ်ယောက်သည် ကောင်းသည်ဖြစ်စေ၊ မကောင်းသည်ဖြစ်စေ၊ ရသမျှသောအဝတ်အစားဖြင့် ကျေနပ်နှစ်သက်ပြီးစားတာ၊ ဝတ်တာမျိုးဖြစ်ပါတယ်၊ အဲဒါဟာ ရတာနှင့်ရောင့်ရဲတာဖြစ်ပါတယ်။

မိမိကျန်းမာရေးအရ အနွေးထည်အင်္ကျီဝတ်ဆင်ခြင်း၊ ပူသောအခါ ပါးသောအဝတ်ကိုဝတ်ခြင်း စသည်များဟာ ကျန်းမာရေးနှင့်သင့်လျော်သောပစ္စည်းဖြင့်ရောင့်ရဲခြင်းဖြစ်ပါတယ်။

မိမိကမင်းဖြစ်လျှင် မင်းဂုဏ်ဒြပ်နှင့်ညီသောဝတ်စားဆင်ယင်မှု၊ စစ်ဗိုလ်ဖြစ်က စစ်ဗိုလ်ဂုဏ်ဒြပ်နှင့်ညီသောဝတ်စားဆင်

ယင်မှု၊ ဂုဏ်ရှိသူဖြစ်က ဂုဏ်နှင့်ထိုက်သောဝတ်စားဆင်ယင်မှု စသည်ဖြင့် ရာထူးဂုဏ်အလိုက် ဝတ်စားတာဟာ ဝတ်စားဆင်ယင်မှုဖြင့်ရောင့်ရဲခြင်းဖြစ်ပါတယ်။

စားဝတ်နေရေး၊ ကျန်းမရေးကိစ္စတွေနှင့်မကင်းနိုင်သမျှသောပုဂ္ဂိုလ်မှန်သမျှဟာ ရောင့်ရဲမှုကိုဥပေက္ခာပြုလို့မရပါဘူး။

အချို့က ရောင့်ရဲမှုကို ဆင်းရဲချို့တဲ့စွာ နေခြင်းလို့ အဓိပ္ပာယ်မှား ယူဆတတ်ကြပါတယ်။

အမှန်စင်စစ်ရောင့်ရဲခြင်းဆိုတာဟာ ဆင်းရဲစွာနေထိုင်ခြင်းမဟုတ်ပါဘူး၊ မိမိရဲ့အခြေအနေနှင့်လျော်ညီစွာသုံးစွဲ၍ အပြစ်ကင်းအောင်နေထိုင်တတ်ခြင်းကိုဆိုလိုတာပါ။

ရောင့်ရဲသူဟာဘဝကို တည့်မတ်အောင်ထိန်းသိမ်းနိုင်တယ်၊ ဘဝကိုချမ်းမြေ့အောင် ဖန်တီးတတ်တယ်။

ပစ္စည်းဥစ္စာရှာဖွေရာ၌ စာနာထောက်ထားမှုရှိပြီး လောဘအလိုသို့မလိုက်ပါတတ်ဘူး၊ ကိုယ်ကျိုးမရှာတတ်ဘူး။

ဒါကြောင့် ကိုယ့်ကျင့်တရားမပျက်ပြား၊ အသက်မွေးမှုစင်ကြယ်တယ်၊ ပစ္စည်းဥစ္စာချို့တဲ့စေကာမူ ချမ်းသာကြွယ်ဝသူများမရနိုင်သောငြိမ်းချမ်းမှုကိုရနိုင်ပါတယ်။

အဲဒါကြောင့် ရောင့်ရဲခြင်းသည် အမြတ်ဆုံးရယ်လို့ ဘုရားရှင်ကဟောကြားထားခဲ့ပါတယ်။

ရောင့်ရဲမှုရဲ့ဆန့်ကျင်ဘက်ကတော့ အလိုကြီးမှုလောဘဖြစ်ပါတယ်၊ လောဘဟာ အာရုံဟူသမျှကိုစုံမက်စွဲလမ်းတတ်တယ်၊ မခွဲနိုင်မခွာရက်အောင်ကပ်ငြိတယ်။

ဘယ်လောက်ကပ်ငြိသလဲဆိုရင် မျောက်နဲ့စေးလောက်ကပ်ငြိတယ်လို့ ဆိုပါတယ်။

မျောက်တစ်ကောင်ဟာ သစ်ပင်မှထွက်သောမျောက်နဲ့စေးကိုတွေ့မြင်လျှင် လက်ဖြင့်ကိုင်တွယ်ကြည့်တယ်၊ လက်သည်အစေး၌ကပ်ငြိနေတယ်၊ အခြားလက်တစ်ဖက်ဖြင့် တွန်း၍ခွာတယ်၊ ထိုလက်ပါကပ်ငြိနေပြန်တယ်။

ထို့နောက် ခြေနှစ်ဘက်၊ ပါးစပ်၊ ခန္ဓာကိုယ်တို့ဖြင့် အဆင့်ဆင့်တွန်း၍ခွာလေရာ တစ်ကိုယ်လုံးပင် အစေး၌ကပ်ငြိတွယ်တာနေတော့တယ်။

အလားတူပဲ လောဘဟာ အာရုံခြောက်ပါး၌မခွာနိုင်အောင် ဖမ်းယူတတ်သောသဘောရှိပါတယ်။

ရောင့်ရဲမှုမရှိသူဟာ အလိုရမ္မက်လောဘကို အခြေခံသဖြင့် ပစ္စည်းဥစ္စာရှာဖွေရာ၌ မည်မျှပင်ရစေကာမူ အလိုပြည့်သည်ဟူ၍ မရှိပါ၊ ထပ်ကာထပ်ကာ လိုချင်တယ်၊ ထပ်ကာထပ်ကာ ရှာဖွေပါတယ်။

မျှော်မှန်းသလောက် ခရီးသည်မရောက်သောအခါ ကိုယ်ကျင့်တရား၊ နိုင်ငံဥပဒေ၊ လောကကျင့်ဝတ်တို့ကို ဖောက်

ဖျက်လျက် ပစ္စည်းနောက်သို့ ကောက်ကောက်ပါအောင် လိုက်တော့တယ်။

အဲဒီအခါမှာ အန္တရာယ်တို့ဟာလည်း အသွင်အမျိုးမျိုးဖြင့်ရောက်ရှိလာပြီး ကိုယ်ဆင်းရဲစိတ်ဆင်းရဲခံစားရတော့ပါပဲ။

ပစ္စည်းဥစ္စာသုံးစွဲရာမှာလည်း အကျိုးရှိ-မရှိ မစဉ်းစား၊ ဂုဏ်ပကာသနကိုဦးစားပေးတယ်၊ ပြိုင်ဆိုင်လိုစိတ်လွန်ကဲလာတယ်၊ မဖြစ်နိုင်သောအရာကိုမျှော်မှန်းလာတယ်၊ ဖြစ်မလာသောအခါ စိတ်အားငယ်ပြီး ဘဝကိုလက်မြှောက်အရှုံးပေးလာတတ်တယ်။

အချို့က လောကကိုရန်သူသဖွယ်မြင်လာတတ်တယ်၊ ဝင်ငွေ၊ ထွက်ငွေမျှတမှုမရှိခြင်းကြောင့် ငွေကြေးဥစ္စာချို့တဲ့လာတယ်၊ ရင်းနှီးမြှုပ်နှံရန်မဆိုထားနဲ့၊ ဘဝရပ်တည်ရေးပင် ခက်ခဲလာရတော့တယ်။

ထိုအခါမှာ သူတစ်ပါးထံ ချေးငှားခြင်း၊ တောင်းရမ်းခြင်းများပြုလုပ်ရတော့တယ်။

ဤလုပ်ရပ်က ရောင့်ရဲမှုမရှိသူအတွက် ရိုးသားသောလုပ်ငန်းစဉ်ဖြစ်သော်လည်း မရိုးသားသူကျတော့ လိမ်ယူမယ်၊ ခိုးဝှက်မယ်၊ လုယက်တိုက်ခိုက်ယူမယ်။

အဲဒီအခါမှာ ဥပဒေနှင့်ငြိစွန်းပြီး ကိုယ်တိုင် စိတ်ဆင်းရဲ

ကိုယ်ဆင်းရဲဖြစ်ရုံမက မိသားစုပါ ကိုယ်ဆင်းရဲ စိတ်ဆင်းရဲခံစား ရတော့တာပါပဲ။

လောက၌ တောင်းရမ်းခြင်းကိုဥပဒေဖြင့်မပညတ်ထား သော်လည်း ကြိမ်ဖန်များစွာတောင်းခံလာပါက မည်သူကမျှ မနှစ် သက်သလို မိမိ၏ဂုဏ်သိက္ခာလည်းကျဆင်းရတယ်၊ ပတ်ဝန်းကျင် ရဲ့ကဲ့ရဲ့မှု၊ ရှုတ်ချမှုတွေကိုလည်း ခံရတယ်။

ဇာတ်တော်တွင် ယာစကောအပိယောဟောတိ-တောင်း ရမ်းခြင်းကိုလူတိုင်းဟာမနှစ်သက်လို့ဆိုထားတာကိုတွေ့ရတယ်။

ဘုရားရှင်လက်ထက်က ရဋ္ဌပါလသတို့သားဟာ ဖခင်ထံ ပစ္စည်းတစ်စုံတစ်ရာကိုမျှမတောင်း၍ ဖခင်က-

"ချစ်သား ရဋ္ဌပါလ. . . အချို့သူတို့ဟာ သိက္ခမ်းမှုကို မရှိပါဘဲလျက် ငါ့ထံသို့လာရောက်တောင်းခံနေကြပါ၏၊ သင်က အဘယ်ကြောင့်တောင်းခံခြင်းမပြုပါသလဲ"

လို့မေးတယ်။

အဲဒီအခါမှာ ရဋ္ဌပါလက-

"ဖခင်. . . တောင်းခံသူကိုပေးကမ်းရသူက မုန်းတယ်၊ တောင်းခံပါလျက် မပေးလျှင်လည်း မပေးသူကိုမုန်းတယ်၊ ကျွန်ုပ် က သူတစ်ပါးမုန်းတီးခြင်းကိုလည်း မခံလို၊ သူတစ်ပါးကိုမုန်းတီး ခြင်းကိုလည်း မပြုလိုသောကြောင့် မတောင်းခံပါ "

လို့ပြန်ပြီးအဖြေပေးတယ်။

ဇာတကမှာ ဘုရားလောင်းရသေ့ကြီးဟာ ဥတ္တရပဉ္စာလ မင်းကြီးထံတစ်လွှာဖိနပ်တစ်ရံနှင့်သစ်ရွက်ထီးတစ်လက် အလှူခံရန်စိတ်ကူးမိခဲ့တယ်၊ သို့သော် စဉ်းစားနေသဖြင့် (၁၂)နှစ်ကြာပြီးမှ မင်းကြီးကိုပြောဆိုအလှူခံမိတယ်။

အဲဒီအခါမှာ မင်းကြီးက-

"အရှင်ဘုရား. . . သေးငယ်သောပစ္စည်းကိုအလှူခံရန်အတွက် အဘယ်ကြောင့်ဤမျှအချိန်ကြာနေရပါသလဲ"

လို့မေးလျှောက်တယ်။

အဲဒီအခါမှာ ရသေ့ကြီးက-

"မင်းကြီး. . . ဥစ္စာကိုတောင်းရမ်းသူသည် ငိုပြသည်နှင့်တူတယ်၊ တောင်းပါလျက် မပေးသူကလည်း တုံ့ပြန်ငိုသူနှင့်တူတယ်၊ ငါသည် မငိုလို မင်းကြီးကိုလည်း မငိုစေလို၊ ငါတို့နှစ်ဦးငိုသည်ကို အခြားသူတွေမမြင်စေလို၍ဖြစ်တယ်"

လို့ ဖြေကြားတယ်။

သူတစ်ပါးကိုမှီခိုရမှုများပြားသူဟာ လွတ်လပ်မှုနှင့်ကိုယ်ပိုင်အခွင့်အရေးများ ဆုံးရှုံးရတတ်ပါတယ်။

ရောင့်ရဲမှုမရှိကပြည့်စုံသည်လို့မဆိုနိုင်ပါဘူး၊ လောဘနောက်လိုက်ပါလျက် ပစ္စည်းရရှိရေးကိုသာ ဦးစားပေးလုပ်လာ၍ မသင့်လျော်သောနည်းဖြင့်တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ရှာမှီးလာတော့တယ်။

- မိမိအပြစ်ကိုဖုံးလွှမ်းတတ်တယ်
- မိမိကိုယ်ကိုဂုဏ်ရှိလေဟန်ပြုလာတယ်
- မြှောက်ပင့်ပြောဆိုလာတတ်တယ်

ကျင့်ဝတ်သိက္ခာကိုဖောက်ဖျက်၍ အသက်မွေးခြင်းဟာ မစင်ကြယ်သောအသက်မွေးမှု(မိစ္ဆာဇီဝ)ဖြစ်တယ်။

မစင်ကြယ်သောနည်းဖြင့်ရရှိသောပစ္စည်းများကိုသုံးစွဲသောသူဟာ ငါးမျှားချိတ်ကိုမျိုသူ၊ အဆိပ်ကိုစားသူနှင့်တူတယ်လို့ဆိုပါတယ်။

မန္တာတုစကြာမင်းကြီးဟာ လက်ရှိအခြေအနေနှင့် မရောင့်ရဲနိုင်လို့ စတုမဟာရာဇ်နတ်ပြည်တက်ပြီး နတ်စည်းစိမ်ကို ခံစားတယ်။

တာဝတိံသာသိကြားမင်းက တာဝတိံသာနတ်ပြည်ကို တစ်ဝက်ခွဲဝေပေးပြီး ခံစားစေပြန်တယ်။

ဤမျှနှင့်မကျေနပ်မရောင့်ရဲနိုင်၊ သိကြားမင်းရာထူးကိုပါ လိုချင်လာ၍ သိကြားမင်းကိုလုပ်ကြံဖျက်ဆီးရန် ကြံစည်လာပြန်တယ်၊ ထိုခဏမှာပဲ နတ်ပြည်ကလျှော့ကျခဲ့ရတယ်။

အလားတူပဲ ဂင်္ဂါမာလာဇာတ်မှာ ရေသည်ယောက်ျားဆင်းရဲသားဟာ ဘုရင်ကအိမ်ရှေ့မင်းရာထူးချီးမြှင့်ထားတာကို အားမရမရောင့်ရဲနိုင်သဖြင့် ကျေးဇူးရှင်မင်းကြီးကိုသတ်ရန် ကြိုးစားပြန်တယ်။

ဤဖြစ်ရပ်များဟာ ရောင့်ရဲမှုမင်္ဂလာများပျက်စီးတာဖြစ်တယ်။

“လောကမှာ - မီးပုံကြီး
- မဟာသမုဒ္ဒရာ
- အလိုရမ္မက်ကြီးသူ

ဤသုံးမျိုးသည် မည်သည့်အခါမျှရောင့်ရဲမှုမရှိ” လို့ဆိုဆုံးမထားတာပါတယ်။

- မီးပုံကြီးဟာ လာသမျှလောင်စာကိုလောင်ကျွမ်းစေတယ်
- သမုဒ္ဒရာဟာလည်း လာသမျှရေကိုပြည့်သည်မရှိ လက်ခံတယ်
- အလိုရမ္မက်ကြီးသူဟာလည်း ရလေ လိုလေအိုတစ္ဆေသဘောရှိတယ်

လောကလူသားတွေလောဘကြီးလာလျှင် ကမ္ဘာကြီးဟာ ပြဿနာပေါင်းစုံရှုပ်ထွေးလာပြီး ကပ်ဘေးတွေဆိုက်ရောက်လာတတ်ပါတယ်။

ရောင့်ရဲမှုနည်းပါးသူတို့ဟာ အချိန်အခါနှောင်း၍ ဘဝနေဝင်ရောက်သည့်တိုင်အောင် လောဘအလိုဆိုးကို ရိုက်ချိုးရန်ခဲယဉ်းကြတယ်။

ရေပွက်ပမာခဏတာနေရတဲ့ဘဝကိုမေ့ပြီး လောဘအလို
လိုက်ကာမရောင့်ရဲနိုင်ကြဘူး။

ကုသိုလ်ပြုရန်သတိမရ၊ သံသရာခရီးကိုမေ့လျော့နေ
တတ်ကြတယ်၊ အဲဒါကြောင့် လယ်တီဆရာတော်ဘုရားကြီးက-

ပစ္စည်းရှာအလုပ်နှင့်နေ့ပုပ်လို့ရက်ကုန်
နှုမြောလို့ တသက်ကုန်တယ်
ထွက်ပုံဖြင့်မကောင်း
ခုလိုနှင့်သံသာဗွေမှာ
ခန္ဓာတွေများခဲ့စတောင်း
သက်မွေးမှုစခန်းပိုအောင်
ဝမ်းကိုသာနင်ကျောင်း
လေးဆယ်ကျော်အရွယ်နှောင်းခါမှ
သူကြွယ်လောင်းလုပ်ချင်
မိုးကုန်ပြီးထွန်မချချင်နှင့်
မွှဲစရာများဖို့ဖြစ်အင်
နွားအိုကြီးအမော့သင်သလို
မလျှော့လျှင်ဘဝဆုံးရှာတော့
အစတုံးနင်အဆင်
လွဲဖို့သာပြင်

တရားဖို့မသက်ဝင်လျှင်

အခက်နင်ကြုံတွေ့ဖို့လေး ။ ။

လို့ ကဗ္ဗိရကဗျာစာအုပ်မှာ ဆိုဆုံးမထားတာ မှတ်သားဖွယ်ရာ ကောင်းလှပါတယ်။

- လာဘ်ရလိုခြင်း
- အပူဇော်ခံလိုခြင်း
- ဘွဲ့ထူးဂုဏ်ထူးကိုမျှော်လင့်ခြင်း
- နာမည်ကြီးလိုခြင်း
- အာဏာပိုင်တို့နှင့်ရင်းနှီးအခွင့်ရေးယူလိုခြင်း
- ကြွယ်ဝချမ်းသာသူနှင့်ပေါင်းဖော်ခင်မင်လိုခြင်း

ဤအကြောင်းများဟာ ရောင့်ရဲမှုရဲ့ဆန့်ကျင်ဘက်တို့ဖြစ်ကြတယ်။

ဘုရားရှင်ကတော့ အဲဒီကိစ္စတွေကို ပြင်းထန်စွာရှုတ်ချ ပြစ်တင်ပါတယ်။

- ရဟန်းတို့. . . လာဘ်ရခြင်း၊ ပူဇော်ခံရခြင်း၊ နာမည်ကြီးခြင်းတို့သည် ခက်ထန်ကြမ်းကြုတ်၏၊ အရဟတ္တဖိုလ်ရခြင်း၏အန္တရာယ်ကိုပြုတတ်၏၊ ထို့ကြောင့် သင်တို့သည် ထိုအရာများကိုပယ်စွန့်ရမည်။
- ထိုသူသည် ငါးများချိတ်မိသူ၊ မှိန်းထိုးခံရသူ၊ မိုးကြိုးပစ်ခံရသူနှင့်တူပါ၏။

-ရွှေဖြင့်ပြည့်သောမဟာပထဝီမြေကြီးနှင့်မိဘဟူသော အကြောင်းကြောင့်ပင် မုသားမဆိုသူသည် လာဘ်ရလိုမှု၊ ပူဇော်ခံရလိုမှု၊ နာမည်ကြီးလိုမှုဟူသော လောဘနှိပ်စက်လာလျှင် မုသားစကားကိုပြောဆိုတော့၏။

-ထိုသူသည် ကျင်ကြီးကိုစားသောက်သောမစင်ပိုးဝဲစားနေသောခွေးအိုနှင့်တူ၏၊ ထိုအကြောင်းတို့သည် ရဟန္တာကိုပင် မျက်မှောက်ဘဝ၌ချမ်းသာစွာနေမှု (ဖလသမာပတ်) ကိုအန္တရာယ်ပြုနိုင်၏။

လို့ ဘုရားရှင်က သံယုတ္တနိကာယ်မှာ ဟောထားခဲ့ပါတယ်။

လောကမှာ လာဘ်ရခြင်း၊ ပူဇော်ခံရခြင်းစသော အကြောင်းတို့သည် ဘဝ၏အနှစ်သာရမဟုတ်ပါ။

ရောင့်ရဲမှုဖြင့် မိမိကိုယ်ကိုစင်ကြယ်အောင် ချမ်းမြေ့အောင်နေထိုင်ခြင်းသာ ဘဝရဲ့တန်ဖိုးဖြစ်ပါတယ်။

- စေတနာမှန်ကန်သူ
- ရိုးသားကြိုးစားသူ
- တာဝန်ကျေပွန်သူ

တို့အတွက် ဂုဏ်ရှိရန်အထူးကြိုးစားနေရန်မလိုပါ၊ အလိုလိုပင် ထင်ရှားပေါ်လွင်လာရစမြဲဖြစ်ပါတယ်။

မည်သူမဆို မိမိနှင့်ထိုက်တန်သော(ဝါ)ရိုးသားစွာရရှိသောဂုဏ်သည်သာ မြတ်နိုးဖွယ်ရာဖြစ်ပါတယ်။

မထိုက်တန်ဘဲရရှိသောဂုဏ်သည်သာ လောကကိုလှည့်စားတတ်သော အတတ်ပညာတစ်မျိုး ဖြစ်ပါတယ်။

ထို့ကြောင့် ရှေးပညာရှိတို့က-

- ဂုဏ်နောက်ကိုလူမလိုက်နဲ့
- လူနောက်သို့သာ ဂုဏ်လိုက်ပါစေ

လို့ ဆုံးမစကားမှာကြားခဲ့တာကိုတွေ့ရပါတယ်။

ရောင့်ရဲမှုဆိုတဲ့ မင်္ဂလာတရားဟာ-

- မတရားနည်းဖြင့် စီးပွားဥစ္စာ၊ ဂုဏ်၊ ရာထူးရှာခြင်း
- ဖြတ်လမ်းနည်းဖြင့် ကြီးပွားချမ်းသာတိုးတက်လိုခြင်း
- အသုံးအဖြုန်းကြီးမားခြင်း

ဆိုတဲ့ မတော်လောဘကိုဖယ်ရှားရန်ဖြစ်ပါတယ်။

မတော်လောဘရှိသူဟာ ကြီးပွားတိုးတက်ရေးထက် ဒုက္ခပေးမယ့် အန္တရာယ်က ပိုမိုနီးစပ်နေပါတယ်။

ရှေးမိဘဘိုးဘွားများသည်-

- ရိုးသားကြတယ်
- တရားနှင့်အညီကြိုးစား၍စီးပွားရှာကြတယ်
- မျှတအောင်အသက်မွေးမြူကြတယ်
- ရောင့်ရဲလွယ်သဖြင့် ဆင်းရဲနည်းပါးကြတယ်
- ခြိုးခြံချွေတာပြီး အလှူဒါနပြုကြတယ်

အဲဒါကြောင့် သူတို့ရဲ့ဘဝများဟာ သာယာတယ်၊ အေးချမ်းတယ်။

ယနေ့မြန်မာနိုင်ငံ အနှံ့အပြား၌တွေ့နေရသော ဘုရား၊ စေတီ၊ ကျောင်းကန်ဇရပ်များကိုကြည့်လျှင် ဘိုးဘွားတို့၏ ရိုးသားစင်ကြယ်သောဒါနမှုဖြစ်ပေါ်လာသော အသီးအပွင့်အဆောက်အဦများမဟုတ်ဘူးလို့ ဘယ်သူကမျှမငြင်းနိုင်၊ မပြောနိုင်ပါ။

- စည်းလုံးညီညွတ်ခြင်း
- ခြိုးခြံချွေတာခြင်း
- ရိုးသားကြိုးစားခြင်း
- ရောင့်ရဲလွယ်ခြင်း

ဆိုတဲ့အရည်အချင်းတွေဟာ လူ့ဘဝရဲ့မွန်မြတ်သောဓလေ့စရိုက်ကျင့်စဉ်များဖြစ်ကြပါတယ်။

ဤတရားများကို လေးစားလိုက်နာကျင့်သုံးသောအားဖြင့် သားတို့-သမီးတို့ဟာ ဘဝရဲ့အနှစ်သာရကိုရအောင် ကြိုးစားပါလို့ တိုက်တွန်းလိုပါတယ်။

## ကျေးဇူးတရားကို နားလည်ပါ

လောကမှာ လူရယ်လို့ဖြစ်လာရင် လူ့ပတ်ဝန်းကျင်ဆိုတာဟာရှိလာတယ်၊ ပထမဦးဆုံးတွေ့ရတဲ့ပတ်ဝန်းကျင်ကတော့

မိဘနှစ်ပါးပဲ၊ ပြီးတော့ ညီအစ်ကိုမောင်နှမ၊ ဆွေမျိုးသားချင်းများဖြစ်တယ်၊ အရွယ်ရောက်လာပြီး ပညာ၊ ဥစ္စာရှာလာတော့ ဆရာသမားနှင့်အပေါင်းအဖော်ပတ်ဝန်းကျင်မိတ်ဆွေဆိုတာတွေ ဖြစ်တယ်။

မြန်မာစကားမှာ ကျေးဇူးခံ-ကျေးဇူးစားဆိုတာရှိတယ်၊ ကျေးဇူးခံကို ပုဗ္ဗကာရီ-လက်ဦးစွာလျှင် ကျေးဇူးပြုသောသူဖြစ်တယ်၊ ကျေးဇူးစားကို ကတဝေဒီ-သူတစ်ပါးသည် မိမိပြုဖူးသော ကျေးဇူးကိုထင်စွာပြုသောသူ၊ ကျေးဇူးကိုပြန်လည်ဆပ်သောသူ ဖြစ်တယ်။

"တစ်လုပ်စားဖူးသူ့ကျေးဇူး"

"အကြင်သူသည် ကြည်ဖြူနှစ်သက်၊ သူ့အိမ်ထက်ဝယ်၊ တစ်ရက်တစ်ညားတစ်ကြိမ်မျှလျှင်၊ သုခခံစား၊ အများများမဟုတ်၊ တစ်လုပ်ထမင်း၊ တရှုပ်ဟင်းကို၊ ဝမ်းတွင်းလျှာနှူး၊ သုံးရဖူးမူ၊ ထိုသသူအား၊ ပြစ်မှာဖာရ၊ မနောကံမျှမကြံအပ်"
လို့ ဝိဓူရပျို့မှာ ဆိုထားတယ်။

ဝိဓူရအမတ်ကြီးရဲ့ဆုံးမစကားထဲမှာလည်း-

- ရှေ့သွားသောသူ၏နောက်သို့အစဉ်တစိုက်လိုက်လေလော့
- စိုသောလက်ကိုမခြောက်စေနှင့်

-အဆွေခင်ပွန်းကောင်းတို့၌ တစ်ရံတစ်ဆစ်မျှဖျက်ဆီး
ခြင်းမဖြစ်စေနှင့်
-ရှေးကကျွမ်းဝင်ဖူးသည်ဖြစ်စေ၊ မမြင်ဖူးသည်ဖြစ်စေ
ထိုသူကအိပ်ရာနေရာ၊ ဖိတ်ကြားပေးဖူးအံ့၊ ကျေးဇူး
ခံသောသူသည် ထိုသူအားအကျိုးစီးပွားကိုဖြစ်စေရာ၏
-အကြင်သူသည် အိမ်၌တစ်ညဉ့်မျှအိပ်ရဖူးအံ့၊ တစ်နပ်
သောထမင်းကိုစားရဖူးအံ့၊ ထိုသူ၏အကျိုးမဲ့ပျက်စီးရာ
ပျက်စီးကြောင်းကို မပြုလုပ်သင့်ပါ
-သစ်ပင်၏အရိပ်ကိုခိုရဘိသကဲ့သို့ သူ၏အရိပ်ကိုခိုရဖူး
ကအကိုင်းအခက်နှင့်တူသော သူ၏မယားစည်းစိမ်
တို့ကို မဖျက်ဆီးရပါ။
-ကျေးဇူးမဲ့တတ်သောမိန်းမတို့၏အလိုသို့မလိုက်ရပါ
-မတရားသောအမှုကိစ္စများမှကြဉ်ရှောင်ဖယ်ရာ၏

လောကမှာ ကျေးဇူးခံချင်သူသာများသည်၊ ပြစ်ချင်သူက ရှားသည်၊ ပညာရှိတို့သည် သူ့ကျေးဇူးကိုသိတက်သည်။

ကျေးဇူးကိုသိ၍ဆပ်နိုင်ခြင်းမှာ နှစ်ဦးသောသူတို့၏စိတ် အလိုကို ပြည့်ရာရောက်သည်။

သူပြုဖူးသောကျေးဇူးကိုမမေ့မလျော့ထိုက်ပါ၊ ကျေးဇူးကို ကျေးဇူးမှန်းသိတတ်သောသူသည် ကတညုတမင်္ဂလာဂုဏ်နှင့် ပြည့်စုံ၍ လူအများ၏ကြည်ညိုလေးစားခြင်းကိုခံယူရစမြဲဖြစ်ပါ တယ်။

ဘုရားရှင်က အင်္ဂုတ္တိုရ်ပါဠိတော် ဒုကနိပါတ်မှာ-

"လောကမှာ ကျေးဇူးပြုသောပုဂ္ဂိုလ်နှင့်ထိုပြုသောကျေးဇူးကိုသိ၍ ကျေးဇူးကိုပြန်လည်တုံ့ပြန်သောသူနှစ်ယောက်ကို ရခဲသည်"

လို့ ဟောတော်မူထားတာကိုတွေ့ရပါတယ်။

"ပြုအပ်ခဲ့ဖူး၊ သူ့ကျေးဇူးကို၊ ဆပ်ဦးမည်မှန်၊ ရည်ရွယ်သန်သည်၊ ဂုဏ်တန်မလျှို ပုဂ္ဂိုလ်တစ်ဦး၊ သူ့ကျေးဇူးကို၊ ချီးကျူးသံပေါ်၊ ဖွင့်ထုတ်ဖော်၍၊ စိတ်ပျော်ဝမ်းမြောက်၊ နှုတ်စောင့်ရှောက်သား၊ ချီးမြှောက်ပြောဆို၊ ပုဂ္ဂိုလ်တစ်ဦး၊ လှစ်မိန့်ကြူးသည်၊ လူထူးပုဂ္ဂိုလ်၊ နှစ်ယောက်ကိုလျှင်၊ ထိုထိုအရာ၊ အခါခါပဲ၊ ရနိုင်ခဲ၏၊ ဝမ်းထဲဖြူစွာ၊ သူကလျာတို့၊ ရှေးခါအထူး၊ ပြုကျေးဇူးကို၊ မစူးမစမ်း၊ စိတ်သော့သွမ်းနှင့်၊ ဟော့ရမ်းဖျက်ချေ၊ မဖော်ရွေဘဲ၊ မိတ်ဆွေအပေါင်း၊ ခင်ပွန်းကောင်းကို၊ ထောင်းထောင်းချေဖျက်၊ ပြုလုပ်ရက်သည့်၊ လူပျက်ဂုဏ်ချိုး၊ သူယုတ်တို့ကား၊ မို့မို့မြင်မှုး၊ သူ့ကျေးဇူးကို၊ ထိမ်မြုံကွယ်ဝှက်၊ ကြိတ်ချေဖျက်သည်၊ ငဲ့ကွက်ထောက်ညှာ၊ ကင်းကင်းတည်း"

လို့ ဆိုမိန့်ထားတာကိုတွေ့ရတယ်။

“ပြီးတော့ အကြင်သူသည် အကြင်သစ်ပင်၏အရိပ်၌နေပူလည်းနေဖူးအံ့၊ အိပ်ဖူးလည်းအိပ်ဖူးအံ့၊ ထိုသူသည် ထိုသစ်ပင်၏အကိုင်းအခက်ကိုမချိုးဖွဲ့မဖျက်ဆီးရာ၊ အကယ်၍ ချိုးဖွဲ့ဖျက်စီးအံ့၊ ထိုသူသည် ခင်ပွန်းပြစ်မှားသောသူယုတ်စာရင်းသို့သွတ်သွင်းရာ၏”

လို့ ပညာရှိတို့ဆိုမိန့်ထားတာလည်းရှိတယ်။

မြန်မာစကားပုံမှာတော့-

ရေ၌မျောဆုံး၊ ထင်းတုံးကယ်တင်
များမြတ်အကျိုး၊ ဖွံ့ဖြိုးသည်ပင်
ကျေးဇူးထိန်ဝှက်၊ သူပျက်ဆယ်လျှင်
မမြတ်ကြောင်း၊ အပေါင်းဆိုကြအင်

လို့ဆိုတယ်။

ကျေးဇူးဆိုတာ ကမ္ဘာပေါင်းများစွာကုန်သော်လည်း ပျက်စီး၍သွားနိုင်မည်မဟုတ်ဘူး၊ ဒါကြောင့် ကျေးဇူးတရားတို့ထက်မြတ်သောဥစ္စာမရှိလို့ ဆိုကြတယ်။

ကျေးဇူးဆိုတာဘာလဲဆိုတော့ နည်းသည်ဖြစ်စေ၊ များသည်ဖြစ်စေ၊ တစ်စုံတစ်ယောက်၏ကူညီစောင့်ရှောက်မှု၊ ပေးကမ်းမှုကို အဖန်တလဲလဲအောက်မေ့ခြင်း၊ သိခြင်းကို ကျေးဇူးလို့ဆိုပါတယ်။

မြန်မာသတ်ပုံကတော့ တစ်ဦးကအခြားတစ်ဦးပေါ်မှာ ပြုလုပ်သောအကျိုးဆောင်မှုနှင့်ကောင်းကျိုးကို "ကျေးဇူး"လို့ ဖွင့်ဆိုထားပါတယ်။

မဖြစ်သေး၊ မရရှိသေးသောအခြေအနေကိုဖြစ်အောင် ရရှိအောင်ပြုလုပ်ပေးခြင်း၊ ရရှိပြီးသောအခြေအနေကိုတည်တံ့ တိုးတက်အောင်ပြုလုပ်ပေးခြင်းကို "ကျေးဇူးပြုသည်" လို့ဆိုပါ တယ်။

မိမိဘဝကြီးပွားတိုးတက်စေရန် တည်တံ့ခိုင်မြဲစေရန် လမ်းညွှန်ကူညီပြုလုပ်ပေးသူကို "ကျေးဇူးရှင်"လို့ဆိုပါတယ်။

ကုသိုလ်ကောင်းမှုများသည်လည်း ကောင်းမှုရှင်ကို အပါယ်ဘေးမှကင်းလွတ်စေလျက် ကောင်းကျိုးချမ်းသာအဖြာဖြာ ကိုရရှိအောင်ပြုလုပ်ပေးတတ်၍ ကုသိုလ်ကောင်းမှုများနှင့် ကောင်းမှုကိုရအောင် ပြုလုပ်ပေးသူများကိုလည်း သတ္တဝါတို့၏ ကျေးဇူးရှင် လို့ခေါ်ပါတယ်။

- တုံ့ပြန်ကူညီခြင်း
- ထုတ်ဖော်ချီးကျူးခြင်း
- အောက်မေ့သတိရခြင်း

စသည်ဖြင့် သူတစ်ပါး၏ကျေးဇူးကိုပေးဆပ်ရတယ်။

- အကုသိုလ်မှရှောင်ကြဉ်ခြင်း
- ဆင်ခြင်ပွားများခြင်း

စသည်ဖြင့် ကုသိုလ်၏ကျေးဇူးကို တုံ့ပြန်မှုပြုရတယ်။

ကျေးဇူးကိုသိရုံမျှဖြင့် တာဝန်မကျေသေးပါဘူး၊ စွမ်းနိုင်သမျှတုံ့ပြန်ပေးရပါတယ်၊ ပေးဆပ်နိုင်အောင်လည်း ကြိုးစားရပါတယ်။

ထိုထက်အရေးကြီးတာက သူ့ကျေးဇူးကိုမချေဖျက်မိဖို့ စောင့်ထိန်းရန်ဖြစ်ပါတယ်။

မစိုးရိမ်ပဋ္ဌာန်းဆရာတော်ဘုရားကြီးက-

- သူ၏ကျေးဇူးရှိခဲ့ဖူး၊ အထူးပြန်ဆပ်နိုင်ပါစေသော်

- မဆပ်နိုင်စေ၊ ရှိပစေ၊ မချေမဖျက်မိစေသော်

လို့ဆုတောင်းတာတွေ့ရတယ်။

လောကမှာ မည်သူမဆိုသူတစ်ပါးကျေးဇူးနှင့်ဆက်သွယ်မှုရှိနေတယ်၊ မိမိကိုယ်ကိုသူတစ်ပါးကျေးဇူးနှင့်ကင်းတယ်ဆိုတဲ့လူဟာ မင်္ဂလာတရားပျက်စီးနေသူများဖြစ်တယ်။

သဗ္ဗညုဘုရားရှင်သော်မှ ဘုရားမဖြစ်ခင် အာဠာရနှင့် ဥဒကရသေ့များ၏ကျေးဇူးပြုမှုဖြင့် လောကီစျာန်များကိုရခဲ့တယ်၊ ဘုရားဖြစ်၍ ဦးစွာကျေးဇူးဆပ်ရန်စဉ်းစားတဲ့အခါမှာ ထိုရသေ့နှစ်ပါးကိုပဲ ဦးစားပေး စဉ်းစားခဲ့တယ်၊ ဒါပေမဲ့ ရသေ့နှစ်ပါးစလုံးကွယ်လွန်ပြီး ဗြဟ္မာပြည်ရောက်နေကြလို့ ကျေးဇူးမဆပ်လိုက်ရဘူး။

ဒုတိယကျေးဇူးရှိတဲ့ပဉ္စဝဂ္ဂီငါးဦးကိုသာ ကျေးဇူးဆပ်၊ ဓမ္မစကြာတရားကိုဟောကြားပြီး ကျေးဇူးဆပ်ခဲ့တယ်။

မိမိဘဝကျေးဇူးရှင်ဆိုတာဟာ-

- ဆင်းရဲသူ၊ နိမ့်ကျသူလည်းဖြစ်နိုင်တယ်
- ချမ်းသာသူ၊ မြင့်မြတ်သူလည်းပါနိုင်တယ်
- လူပုဂ္ဂိုလ်၊ တိရစ္ဆာန်လည်းဖြစ်နိုင်တယ်

ဤသို့ဖြင့် ကျေးဇူးရှင်ဟူသည် အလွှာပေါင်းစုံပါဝင်နိုင်ပါတယ်။

ကျေးဇူးပြုရာမှာလည်း အနည်းအများ၊ အကြီးအသေး ကွာခြားမှုရှိနိုင်ပါတယ်။

အချို့က -လောကီအတွက်ကျေးဇူးပြုမယ်

အချို့က -လောကုတ္တရာအကျိုးစီးပွားအတွက် လမ်းညွှန်မှုပြုတယ်

အချို့က -ပစ္စုပ္ပန်အတွက်ဆောင်ရွက်ပေးတယ်

အချို့က -သံသရာအတွက်ကူညီပံ့ပိုးတယ်

အဲဒါကြောင့် ကျေးဇူးရှင်ကိုဖြစ်စေ၊ ကျေးဇူးတရားကိုဖြစ်စေ၊ အရည်အသွေးအဆင့်အတန်းကန့်သတ်လို့မဖြစ်နိုင်ပါဘူး။

ကျေးဇူးပြုဖူးသူမှန်သမျှ ကျေးဇူးရှင်သာ ဖြစ်ပါတယ်၊ လောက၌ ကျေးဇူးကိုသိတတ်သူ၊ တုံ့ပြန်ပေးဆပ်သူတို့သည်ကား နည်းပါးလှပါသည်၊ ကျေးဇူးရှင်ကိုလျစ်လျူရှုသူ၊ ပြစ်မှားသူတို့သာ များပြားလှပါတယ်။

ထို့ကြောင့် ပညာရှိဆရာများက-

- ဟင်ပေဖူးသည့်၊ ကျေးဇူးရှိလျက်၊ အဆပ်ခက်
- ချစ်သည်၊ ခင်သည်၊ ကျင်သည်၊ ကျွမ်းသည်မှန်စေ၊ အမှုရှိက ထောက်ပံ့ကူညီသူရခဲသည်
- အဝတ်အစား၊ အသုံးအဆောင်၊ အဆောက်အအုံ၊ ပြုစုကျွေးမွေး၊ ပေးကမ်းစားသောက်ရသည်မှန်စေ၊ သူ့ကျေးဇူးကိုသိခဲသည်

လို့ မိန့်ဆိုကြသည်ကိုတွေ့ရပါတယ်။

ဘုရားရှင်ကလည်း-

"ရဟန်းတို့လောက၌ ရနိုင်ခဲသောပုဂ္ဂိုလ်နှစ်မျိုးရှိ၏-

- သူတစ်ပါးအား ရှေးဦးစွာကျေးဇူးပြုတတ်သူ
- သူတစ်ပါး၏ကျေးဇူးကိုတုံ့ပြန်ပေးဆပ်တတ်သူ

တို့ဖြစ်ကြတယ်။

ဤပုဂ္ဂိုလ်နှစ်ယောက်သည် အဘယ်ကြောင့်ရခဲပါသလဲ ဆိုရင် သတ္တဝါမှန်သမျှတဏှာနှင့်အဝိဇ္ဇာကလွှမ်းမိုးနှိပ်စက်ခံနေရသောကြောင့် ရခဲတယ်လို့ဆိုပါတယ်။

သူတစ်ပါးအား ရှေးဦးစွာကျေးဇူးပြုရာ၌ မိမိအတွက် ကိုယ်စိတ်ဦးစွာပင်ပန်းဆင်းရဲမှုဖြစ်ရတယ်။

တဏှာလွှမ်းမိုးခံရသူဟာ မိမိကိုယ်ကိုငဲ့ညှာတယ်၊ ဆင်းရဲပင်ပန်းမှုကိုမခံလိုဘူး။

အဲဒါကြောင့် ရှေးဦးစွာလောကဉ္စရှေးဦးစွာကျေးဇူးပြုတတ်သူရှားပါးနေတာဖြစ်တယ်။

ကျေးဇူးကိုသိရှိမှုသည် အသိအလိမ္မာ၊ ဉာဏ်ပညာကိုသာအခြေခံပါတယ်၊ အဝိဇ္ဇာလွှမ်းမိုးခံရသူဟာအသိအလိမ္မာမရှိတော့ပါဘူး။

အဲဒါကြောင့် သူတစ်ပါးကျေးဇူးကိုတုံ့ပြန်ပေးအပ်သူကိုရနိုင်ခဲခြင်းဖြစ်ပါတယ်။

လူ့လောကမှာ မိဘတို့ဟာ ရှေးဦးစွာပြုတတ်သူများဖြစ်ကြပါတယ်၊ မိဘတို့ကိုပြုစုလုပ်ကျွေးသောသားသမီးတို့ဟာကျေးဇူးတုံ့ပြန်သူများဖြစ်ကြပါတယ်။

ကျေးဇူးတရားကိုသိတတ်မှုနှင့်ပတ်သက်၍ မြန်မာရာဇဝင်မှာ အထူးထင်ရှားသူနှစ်ဦးဟာ မှတ်သားအတုယူဖွယ်ကောင်းလှပါတယ်။

တစ်ဦးကတော့ ရာဇကုမာရမင်းသားဖြစ်တယ်၊ မိမိကိုကျွေးမွေးချီးမြှောက်သောဖခင်ကျန်စစ်မင်းကြီးကို သေကာနီးဆဲဆဲမှာ ဘုရားဆင်းတုပြုပြီး ဖခင်အတွက်ရည်စူးလှူပေးတယ်၊ ဖခင်ကို သာဓုခေါ်စေခဲ့ပြီး ကျေးဇူးဆပ်ခဲ့တယ်။

ပင်းယ၊ စစ်ကိုင်းခေတ်မှာပေါ်ထွန်းခဲ့တဲ့သူရဲကောင်းခေါင်ညိုဟာလည်း သူ့ကျေးဇူးသိတတ်မှုမှာအထူးထင်ရှားခဲ့တယ်။

ခေါင်ညိုဟာ ငါးစီးရှင်ကျော်စွာထံခစားသူဖြစ်တယ်၊ တစ်နေ့မှာ ငါးစီးရှင်ကျော်စွာက ခေါင်ညိုကိုစစ်ကိုင်းစားအသိခယာစောယွန်းကိုလုပ်ကြံရန်စေခိုင်းလိုက်တယ်၊ ခေါင်ညိုဟာ အခွင့်မသာလို့တောထဲမှာသုံးရက်ကြာပုန်းအောင်နေပြီးမှ နန်းတော်ထဲသို့ဝင်ခွင့်ရခဲ့တယ်။

နန်းတွင်းမှာ စစ်ကိုင်းမင်းကနတ်တင်ထားသောထမင်းနှင့်အမဲဟင်းများကိုတွေ့ရှိ၍စားသောက်မိတယ်။

ထို့နောက် စစ်ကိုင်းမင်းအိပ်နေသော သလွန်ခေါင်းရင်း၌ရပ်ပြီး ဓားကိုဆွဲထုတ်လိုက်တယ်။

ခေါင်ညိုကစဉ်းစားမိသွားတယ်-

"ဤမင်းကား ငါရဲ့ထမင်းရှင်ဖြစ်နေပြီ ထမင်းရှင်ကိုပြစ်မှားခြင်းသည် အပြစ်ကြီးလှ၏"
လို့တွေးမိပြီး ဓားကိုပြန်သွင်းလိုက်ပြန်တယ်။

"ငါသည် အခွင့်သာလျက် စစ်ကိုင်းမင်းကိုမလုပ်ကြံခဲ့သော် ငါ့သခင်ကငါ့ကိုအမျက်ထွက်ပေလိမ့်မည်"
လို့ တစ်ခါထပ်မံစဉ်းစားမိပြီး ဓားကိုဆွဲထုတ်မိပြန်တယ်။

"ငါ့သခင်ကငါ့ကိုအမျက်ထားသော် တစ်ဘဝသာခံရပေမည်၊ ထမင်းရှင်ကိုပြစ်မှားသော် သံသရာ၌ဝန်လေးအံ့"
လို့စဉ်းစားမိပြီး ဓားကိုအပြီးပြန်သွင်းလိုက်ပြီး စစ်ကိုင်းမင်းရဲ့လက်

သုံးဓားကိုယူပြီးပြန်လာတယ်၊ မိမိရဲ့အရှင်သခင်ကိုအကြောင်းစုံ လျှောက်ထားတယ်။

ငါးစီးရှင်ကျော်စွာက အမျက်မထားသည့်အပြင်-

"သင်သည် အနည်းငယ်သောကျေးဇူးကိုပင်သိမြင်တတ်သေး၏၊ ငါ၏ကျေးဇူးကိုကား အဘယ်ဆိုဖွယ်ရာရှိပါအံ့နည်း" လို့ ချီးမွမ်းစကားပြောကြားပြီး ဆုလာဘ်များစွာချီးမြှင့်တော်မူတယ်။

သူ့ကျေးဇူးကိုသိတတ်ခြင်းဟာ သူတော်ကောင်းလက္ခဏာတစ်မျိုး ဖြစ်ပါတယ်၊ သူ့ကျေးဇူးကိုသိတတ်သူဟာ -

- ချီးမွမ်းခံရခြင်း
- စောင့်ရှောက်ကူညီသူများပြားခြင်း
- ချမ်းသာခြင်း
- သုဂတိဘဝသို့ရောက်ရခြင်း

ဆိုတဲ့ အကျိုးကျေးဇူးတွေကို ခံစားရပါတယ်။

ကျေးဇူးဆပ်နည်းဟာ(၂)မျိုးရှိပါတယ်-

၁။ ပစ္စည်းဖြင့်ကျေးဇူးဆပ်နည်း

၂။ တရားဓမ္မဖြင့်ကျေးဇူးဆပ်နည်း

တို့ဖြစ်ပါတယ်။

သူပြုဖူးသောကျေးဇူးကိုအောက်မေ့ဆင်ခြင်လျက် ပစ္စည်းဥစ္စာတစ်စုံတစ်ရာဖြင့် ပေးကမ်းခြင်းသည် ပစ္စည်းဖြင့်ကျေးဇူးဆပ်သည်မည်ပါတယ်။

တရားစစ်တရားမှန်ကိုသိရှိနားလည်အောင် သင်ကြားပြသပေးခြင်း၊ လက်တွေ့ကျင့်သုံးလိုက်နာစေခြင်းသည် တရားမမှုဖြင့်ကျေးဇူးဆပ်ခြင်းမည်ပါတယ်။

ပစ္စည်းဥစ္စာပေး၍ကျေးဇူးဆပ်ခြင်းထက် အသိအလိမ္မာဉာဏ်ပညာကိုပေး၍ကျေးဇူးဆပ်ခြင်းက သာလွန်၍အကျိုးများလှပါတယ်။

ကျေးဇူးတရားကိုသိတတ်သူဟာ ကျေးဇူးကိုပေးဆပ်နိုင်ပါတယ်၊ မသိတတ်သူကမူ ကျေးဇူးရှင်ကိုပင် ကျေးစွပ်တတ်ပါတယ်။

ကျေးဇူးကိုချေဖျက်သူဟာ ကောက်ကျစ်ယုတ်မာသူဖြစ်၍ ထိုသူဟာကြီးပွားတိုးတက်မှုမရနိုင်သလို ဆင်းရဲဒုက္ခနှင့်သာတွေကြုံရပေ ဘ်ပါတယ်။

ဇာတကတွေထဲမှာ ကျေးဇူးရှင်ကိုပြစ်မှားလို့ လက်တွေ့ဆင်းရဲဒုက္ခရောက်ရတဲ့ဇာတ်လမ်းတွေအများကြီးရှိပါတယ်။

သီရိလင်္ကာနိုင်ငံ၌ဖြစ်ခဲ့သော ကျေးဇူးကန်းဇာတ်လမ်းလေးကို နမူနာယူစရာကောင်းလို့ ပြောပြချင်တယ်-

ဝိလရွာမှာ မုဆိုးလင်မယားရှိတယ်၊ မုဆိုးဟာ တောသွားပြီး သစ်ပင်ထက်မှာကျော့ကွင်းထောင်ပြီး သားကောင်ကိုဖမ်းဖို့လုပ်တယ်၊ မျောက်တစ်ကောင်ဟာ ကျော့ကွင်းမိတယ်။

မုဆိုးဟာမျောက်ကိုဖမ်းယူရန် သစ်ပင်ပေါ်သို့တက်လာတယ်၊ မျောက်နှင့်လက်တစ်ကမ်းကွာခရောက်မှာ သစ်ပင်ပေါ်ကနေချော်ကျတယ်။

မျောက်က မုဆိုးရဲ့ဆံပင်ကိုဆွဲတင်ပြီး ကယ်ပေးသဖြင့် အသက်ချမ်းသာရသွားခဲ့တယ်။

မျောက်ဟာ ကျော့ကွင်းရဲ့ဒဏ်၊ မုဆိုးကိုကယ်ရတဲ့မောပန်းမှုဒဏ်ကြောင့် မေ့မျောသွားတယ်။

မုဆိုးကအခွင့်ကောင်းရပြီဆိုပြီး အသက်ကယ်ခဲ့သောကျေးဇူးတရားကိုမေ့ထားပြီး မျောက်ကိုဓားနှင့်ထိုးသတ်လိုက်တယ်။

မျောက်အသားတွေကိုဖျက်ယူပြီး အိမ်ပြန်လာခဲ့တယ်၊ မယားဖြစ်သူကိုလည်း အကြောင်းစုံပြောပြတယ်။

မယားကအကြောင်းစုံသိသောအခါမှာ-

"လင်သည် မိမိရဲ့အသက်သခင်ကျေးဇူးရှင်ကိုရက်စက်စွာသတ်ခဲ့တယ်၊ လင်သည် ကျေးဇူးရှင်ကိုပြစ်မှားသူ၊ ကျေးဇူးကန်းသူပေတကား၊ ကျေးဇူးကန်းသူဟာ လူချင်းတူတူ၊ သူချင်းမျှ

မျှနေထိုင်စရာမရှိဖြစ်တတ်တယ်၊ ဘေးအမျိုးမျိုးကျရောက်တတ်တယ်၊ ဦးခေါင်းခြေလက်ဖြတ်ခံရတတ်တယ်၊ ကိုယ်စိတ်နှစ်ပါးဆင်းရဲတတ်တယ်၊ အများကအမုန်းပွားခံရတတ်တယ်၊ ဒီလင်နှင့်ငါအတူမနေသင့်တော့"

လို့ဆုံးဖြတ်ပြီး လင်ထံကခွဲခွာထွက်သွားတယ်။

အချို့က ဂုဏ်သိက္ခာကျဆင်းမည်စိုးရိမ်သဖြင့် ကျေးဇူးရှင်ဆရာမိဘစသည်တို့ကိုအမှန်တိုင်းမပြောဝံ့ကြဘဲရှိကြသည်။

ဤအပြုအမူသည်လည်း ကျေးဇူးရှင်ကိုပြစ်မှားခြင်းဖြစ်၍ သူ့ကျေးဇူးကိုချေဖျက်သူဖြစ်သောကြောင့် စေတနာရည်ရွယ်ချက်နှင့်အညီ အပြစ်ကြီးမားစွာ ခံစားရတတ်ပါတယ်။

ဤဂုဏ်သိက္ခာကျေးဇူးကန်းမှုနှင့်ပတ်သက်၍ ဇာတ်လမ်းများကလည်း မှတ်သားစရာကောင်းလှပါတယ်။

ရှေးအခါက န္ဓားကျောင်းသား လုလင်တစ်ဦးဟာကတွတ်ပေါက်၌ ငါးများကိုဖမ်းယူပြီး မြှောက်ကာစားနေသောဖျိုင်းတစ်ကောင်ကိုတွေ့ရှိပြီး ထိုဖျိုင်းနည်းတူ မိမိန္ဓားကျောင်းနှင်တံနှင့် လေ့ကျင့်ကစားကြည့်တယ်။

နှင်တံကိုမိုးပေါ်ပစ်တင်ပြီး ပါးစပ်နှင့်ဖမ်းတယ်၊ နှင်တံကနေတုတ်၊ တုတ်ကနေလှံတံ၊ လှံတံကနေသံလျက်အထိ ပါးစပ်ဖြင့်ကိုက်ယူနိုင်သည်အထိ လေ့ကျင့်ခဲ့တယ်။

ကျွမ်းကျင်မှုရလာတော့ မိမိပညာဖြင့် အမြို့မြို့အရွာရွာ သို့လှည့်လှည့်၍ပြသရာဆုလာဘ်များစွာရရှိခဲ့တယ်။

ထိုလုလင်အကြောင်းကို မင်းကြီးက ကြားသိတော့ မင်းပွဲသဘင်ကိုဝင်ရောက်ပြသစေတယ်၊ ပြပွဲပြီးတော့ မင်းကြီးက သင့်ဆရာမည်သူလဲမေးတော့ မိမိဆရာဘုန်းကြီးဖြစ်ကြောင်းမပြော ဆိုဝံ့သဖြင့် ဆရာမရှိပါဘူးလို့ဖြေကြားလိုက်တယ်။

တစ်ဖန် လှံကိုဆက်လက်ကစားပြတော့ ဆရာကိုကျေးဇူး ကန်းမိတဲ့အပြစ်ကြောင့် အာခေါင်လှံစူးပြီးသေဆုံးရသတဲ့။

မြန်မာစကားပုံမှာ "ဆရာကာပြန် အာခေါင်လှံစူး"လို့ စကားပုံတွင်ခဲ့တယ်။

ဇာတကမှာလည်း ပုရောဟိတ်သားပုဏ္ဏားလုလင်တစ် ယောက်ဟာ ဘုရားလောင်းဒွန်းစဏ္ဍားထံမှာ အခါမဲ့အသီးကို သီး စေနိုင်သောမန္တန်ကို သင်ယူခဲ့တယ်။

ထို့နောက် ဗာရဏသီမင်းထံမှာ ခစားတယ်၊ မင်းကြီးက မန္တန်ကို ဘယ်ဆရာထံမှာသင်ခဲ့သလဲလို့မေးတော့ ဆရာကဒွန်း စဏ္ဍားဖြစ်နေတော့ အမှန်ကိုဝန်ခံရန်ရှက်သဖြင့် တက္ကသိုလ်ဒိ သာပါမောက္ခဆရာထံမှသင်ယူခဲ့တယ်လို့ လိမ်ညာပြောခဲ့တယ်။

ထိုခဏမှာပင် မန္တန်ကွယ်ပျောက်သွားတယ်၊ ထိုအခါမှာ မင်းကြီးက-

“သင်သည် ယုတ်မာသူဖြစ်တယ်၊ မန္တန်၏တန်ဖိုးကိုမသိ၊ မျိုးနွယ်ကိုသာ ကြည့်လေဘိ၏၊ မြတ်သောမန္တန်ကို ရရှိလျှင် မျိုးနွယ်သည် အဘယ်အကျိုးရှိအံ့နည်း”
လို့ ပြောပြီး တိုင်းပြည်မှနှင်ထုတ်လိုက်တယ်။

ကျေးဇူးရှင်ကို ကာယကံမြောက်ကျေးဇူးမဆပ်နိုင်လျှင် ကြီးပွားချမ်းသာစေရန် မေတ္တာပို့သရပါတယ်၊ စွမ်းသည့်အခါ တုံ့ပြန်ပေးဆပ်ရပါမယ်၊ ကျေးဇူးကိုသိတတ်သူဟာ သူတစ်ပါးရဲ့ ယုံကြည်စိတ်ချရမှု၊ ချစ်ခင်လေးစားမှု၊ တိုင်ပင်ကူညီမှု၊ ကိုယ်စိတ်ချမ်းသာမှုအကျိုးများ ရနိုင်ပါတယ်။

ပစ္စုပ္ပန်သံသရာအတွက် အမြဲမပြတ် လေးစားစွာ ကျင့်သုံးအပ်သောကျင့်ဝတ် ဖြစ်ပါတယ်။

မန်လည်ဆရာတော်ဘုရားက ကျေးဇူးကန်းသူနှင့် ပတ်သက်၍-

ဤလူ့ဘဝ၊ လူ့လောက၌၊ ဉာဏသမ္ပဇဉ်၊ ကင်းမယှဉ်ဘဲ၊ ကတညုတ၊ ကတဝေဒိ၊ မသိတတ်သူ၊ ဗာလဟူ၏ ခွေးတူမထူး၊ ကျေးဇူးကျိုးရှိ၊ ဂုဏ်သတ္တိကို၊ မသိတတ်ကြ၊ မိုက်ခေါင်လှသား၊ မိတ္တဒုဗ္ဘာ၊ ဗာလဟူသည်၊ လူမသမာ၊ ထိုများစွာတို့၊ ချမ်းသာစီးပွား၊ မတည်ငြားတည့်၊ လျော့ပါးယိမ်းယိုင်၊ မြဲမခိုင်ဘူး၊ ဓမ္မကာရိုဏ်း စစ်ရေ၊ ကျဖျား

ရေသို့၊ သရေမထိုး၊ ဘုန်းရောင်ညှိုးလျက်၊ တန်ခိုးနေ့ည၊
ဆုတ်လပမာ၊ ယုတ်တတ်စွာ၏

လို့ ဆိုဆုံးမထားခဲ့ပါတယ်။

ဒါကြောင့် လူ့လောကလူ့ဘောင်မှာ လူ့ပတ်ဝန်းကျင်နှင့်မကင်းဘဲ ကြီးပွားရေး၊ စီးပွားရေးတို့ကို ဆောင်ရွက်နေရတဲ့သားတို့သမီးတို့ဟာ သူတစ်ပါးကျေးဇူးကို ကျေးဇူးမကန်းမိဖို့ အထူးသတိထားဆောင်ရွက်ပါလို့ တိုက်တွန်းလိုပါတယ်။

## ရတဲ့အချိန်မှာတရားနာ၊ တရားရှာပါ

သားတို့သမီးတို့ဟာ ဘဝကြီးပွားရေး၊ ချမ်းသာရေးတွေကိုနေထွက်မှနေဝင်သည်အထိ လောဘတရားတွေ၊ ဒေါသတရားတွေ၊ မောဟတရားတွေခြံရံပြီး လုပ်နေကြရတယ်။

မိမိဘဝတစ်လျှောက်လုံးမှာ လောဘ၊ ဒေါသတရားတွေခြံရံပြီးလုပ်နေရတော့ အကုသိုလ်တရားတွေကများလှတယ်၊ ပြီးတော့ လောဘဇော၊ ဒေါသဇော၊ မောဟဇောတွေ များလာတော့ မိမိကိုယ်ကိုထိန်းသိမ်းနိုင်မှုစောင့်ရှောက်နိုင်မှုကလည်း အားနည်းလာတယ်။

လောကမှာ စီးပွားရေး၊ ကြီးပွားရေး၊ ကျန်းမာရေး၊ ပညာရေး၊ စစ်ရေးစသည်လောကီကိစ္စတွေဆောင်ရွက်ကြရတဲ့

နေရာမှာ အသိအလိမ္မာဉာဏ်ပညာဆိုတာဟာ အလွန်လိုအပ်ပါတယ်၊ စိတ်တည်ငြိမ်စွာ တည်တည်ငြိမ်ငြိမ်အေးအေး ဆေးဆေးလုပ်တတ်ဖို့ကလည်း အလွန်လိုအပ်ပါတယ်။

အဲဒီလိုလုပ်နိုင်ဖို့ အသိအလိမ္မာဉာဏ်ပညာတွေရဖို့အတွက်-

- အချိန်ရသရွေ့စာပေတွေဖတ်ရမယ်
- ပညာရှိများထံဆည်းကပ်၍ နာကြားမှတ်သားတတ်ရပါမယ်

ဒုတိယအရွယ်အိမ်ထောင်သည်ဘဝမှာ တစ်ဖက်ကစီးပွားဥစ္စာတွေအဆင်ပြေအောင်ကြိုးစားလုပ်ကိုင်နေရသလိုတစ်ဖက်ကလည်း သေခြင်းတရားဆိုတာက အချိန်ကာလသတ်မှတ်ထားတာမရှိတော့ ဥပုသ်စောင့်ခြင်း၊ သီလဆောက်တည်ခြင်း၊ တရားဓမ္မကိုတတ်သိနားလည်အောင် ရှာဖွေဖို့လေ့လာဖို့လိုပါတယ်။

တရားဓမ္မ၊ အသိအလိမ္မာတွေ ဒုတိယအရွယ်မှာရရှိကြမယ်ဆိုရင် တတိယအရွယ်ဘာဝနာသည်အရွယ်မှာ ဘဝအတွက် အဆင်သင့်ဆောင်ရွက်ထားပြီးသဘော ကြိုတင်ပြင်ဆင်ထားပြီးသဘောသက်ရောက်ပါလိမ့်မယ်။

လူ့ဘဝ လူ့ရဲ့စိတ်ဟာအမြဲအေးချမ်းနေတာမဟုတ်ပါဘူး၊ စိတ်သောကဖြစ်နေတဲ့အခါ၊ စိတ်ညစ်နေတဲ့အခါ စိတ်

ပျံ့လွင့်နေတဲ့အခါတွေမှာ ဒီလိုစိတ်တွေကိုကုစားနိုင်အောင် တည်ငြိမ်အောင်ထိန်းသိမ်းနိုင်စွမ်းရှိအောင် ထိန်းသိမ်းသော တရားစစ်တရားမှန်ကိုသိထားရန်လိုအပ်ပါတယ်။

တရားစစ်တရားမှန်သိထားသူတိုင်းဟာ မိမိဘဝဆင်းရဲဒုက္ခ၊ သောကပရိဒေဝတို့ကို ထိုတရားတို့ဖြင့်ထိန်းသိမ်းနိုင်ပါတယ်။

ဒါကြောင့် အခွင့်သာ၍အချိန်ရသောအခါမှာ ပညာရှိထံ၊ တရားဓမ္မဟောပြောနိုင်သောရဟန်းသံဃာများထံ၊ မိတ်ကောင်းဆွေကောင်းထံချဉ်းကပ်၍ မိမိရဲ့ယုံမှားမှုသံသယတွေပျောက်စေရန် တရားစစ်တရားမှန်တွေသိရှိအောင်မေးမြန်းခြင်း၊ တရားနာခြင်းတို့ကိုဆောင်ရွက်ကြရပါမယ်။

တရားနာခြင်းဟာ အကျိုးငါးပါးရတယ်လို့ ဘုရားရှင်က ဟောကြားထားပါတယ်-

- မကြားဖူးသည်ကိုကြားနာရခြင်း
- ကြားနာဖူးသောတရားကိုရှင်းလင်းစွာသိရခြင်း
- ယုံမှားမှုမှလွန်မြောက်ရခြင်း
- ဖြောင့်မှန်သောအယူရှိလာခြင်း
- စိတ်ကြည်လင်လာစေခြင်း

တရားနာယူသူဟာ တရားကိုလိုလားခြင်း၊ ရိုသေစွာနာယူခြင်းရှိပါက တရားနာ၍ရသောအသိအလိမ္မာအကျိုးတို့ဟာ

မိမိတို့ဘဝအတွက် တန်ဖိုးမဖြတ်နိုင်သောရတနာများရခြင်းကဲ့သို့ရှိပါတယ်။

- တရားကိုမလေးစားခြင်း
- ဟောကြားသူကိုမလေးစားခြင်း
- မိမိကိုယ်ကိုမလေးစားခြင်း
- စိတ်ပျံ့လွင့်ခြင်း
- မသင့်လျော်သောနှလုံးသွင်းရှိခြင်း

ဤအကြောင်းငါးပါးနှင့်ပြည့်စုံသောသူသည် အဖိုးတန်သောမိမိဘဝအတွက် အကျိုးရှိသောတရားကိုဟောပြောပေမယ့် တရားအကျိုးကိုခံစားရမည်မဟုတ်ပါ။

ဒါကြောင့် တရားနာသောပုဂ္ဂိုလ်(၃)မျိုးရှိတယ်လို့ ဆိုပါတယ်-

- မှောက်ထားသောအိုးနှင့်တူသောတရားနာသူ
- ခါးပိုက်နှင့်တူသောတရားနာသူ
- လှန်ထားသောအိုးနှင့်တူသောတရားနာသူ

မှောက်ထားသောအိုးအတွင်းသို့ ရေမည်မျှလောင်းထည့်စေကာမူ ရေသည်အိုး၌မတည်၊ အပြင်သို့သာလျောကျသကဲ့သို့ တရားနာကြားသော်လည်း တရားကို အစ၊ အလယ်၊ အဆုံး ရှိသေစွာမှတ်သားနာယူမှုမရှိသောသူဟာ ရေအိုးမှောက်ထားသောတရားနာသူနှင့်တူပါတယ်။

အမျိုးသား၏ခါးပိုက်ထဲ၌ မုန့်ပဲသရေစာမျိုးစုံထည့်ထားသည်၊ ထိုသူသည် နေရာမှထသော် သတိမေ့လျော့ခြင်းကြောင့် မုန့်ပဲသရေစာအားလုံး ဖရိုဖရဲကျကုန်သကဲ့သို့ တရားနာခိုက်တရားတော်၏စလယ်ဆုံးကိုနှလုံးသွင်း၍ တရားပွဲပြီးသောအခါအားလုံးကိုမေ့ပျောက်သွားသူဟာ ခါးပိုက်နှင့်တူသောတရားနာသူနှင့်တူပါတယ်။

လှန်ထားသောအိုး၌ရေသည်လောင်းထည့်သမျှ ဝင်သကဲ့သို့ ဟောကြားအပ်သောတရား၏စလယ်ဆုံးကိုနှလုံးသွင်းနိုင်သူသည် လှန်ထားသောအိုးနှင့်တူသော် တရားနာသူဖြစ်ပါတယ်။

တရားကိုရိုသေစွာနာယူမှတ်သားသောသူသည် မိမိဘဝအတွက် အသိအလိမ္မာဉာဏ်ပညာစုံလင်စွာရ၍ ပစ္စုပ္ပန်ဘဝ၌မှန်သောအကျင့်ကိုကျင့်နိုင်သလို သံသရာအတွက်လည်းလွတ်မြောက်ရေးတရားမှန်ကိုကျင့်နိုင်ပါတယ်။

တရားမှန်ကိုသိ၍ ကျင့်ကြံအားထုတ်သောသူဟာ ယခုဘဝမှာမဂ်ဖိုလ်မရနိုင်သေးသော်လည်း ပါရမီအထောက်အပံ့ကိုမူရနိုင်ပါသည်၊ သေလျှင်သုဂတိဘုံဘဝသို့ရောက်နိုင်ပါသည်။

တစ်ခါက ဘုရားရှင်သည် အဂ္ဂရာရေကန်၌ စမ္ပါမြို့သူမြို့သားများကိုတရားဟောနေပါသည်၊ ကန်ဘေးရှိဖားတစ်ကောင်သည် တရားသံကိုနားစိုက်ထောင်နေခဲ့သည်၊ ထိုအခိုက်နွားကျောင်းသားတစ်ယောက်သည် ဘုရား တရားကိုလာနာ

ရင်းနွားကျောင်းနှင်တံကိုထောက်၍တရားနာသည်၊ ထိုနှင်တံသည် ဖား၏ဦးခေါင်းပေါ်၌ထောက်မိပြီး ဖားသည် မကြာခင်သေဆုံးပြီး တာဝတိံသာနတ်ပြည်၌(၁၂)ယူဇနာရှိသော ဗိမာန်၌နတ်သားသွားဖြစ်ရတယ်။

အဲဒါဟာ တရားသံကိုရိုသေစွာနာကြားသောကုသိုလ်ကြောင့်ခံစားရခြင်းဖြစ်ပါတယ်။

ဘုရားရှင်လက်ထက်က ခံတွင်းကို ဖွင့်ဟကာမျှဖြင့် ကြာညိုနံ့သင်းသော ရဟန်းတစ်ပါးရှိခဲ့တယ်၊ အဲဒီရဟန်းဟာ ရှေးဘဝကတရားတော်ကို ကောင်းချီးပေးကာ ရိုသေစွာနာကြားခဲ့တယ်၊ အဲဒီကောင်းမှုကြောင့် ယခုဘဝမှာ ခံတွင်းမှ ကြာညိုနံ့သင်းပျံ့နေရခြင်းဖြစ်ပါတယ်။

ပုဋ္ဌပကိဏ္ဏကကျမ်းမှာ လုံးတော်ဆရာတော်က-

- တရားနာသူသည် ကိုးကမ္ဘာ
- တရားဟောရန်တောင်းပန်သူဟာ ရှစ်ကမ္ဘာ
- သာဓုခေါ်သူဟာ တစ်ကမ္ဘာ
- တရားဟောသူဟာ ကမ္ဘာအသင်္ချေ

ကောင်းကျိုးချမ်းသာများ ခံစားရသည်ကို ရေးသားဖော်ပြထားသည်ကိုတွေ့ရပါတယ်။

တရားနာယူခြင်းသည် လောကုတ္တရာသက်သက်မဟုတ်ပါ၊ စီးပွားရေးရာများနှင့်လည်း ဆက်စပ်မှုရှိနေပါတယ်။

လူမှုရေး၊ စီးပွားရေး၊ စစ်ရေး၊ နိုင်ငံရေးစသောလုပ်ငန်းများအတွက် များစွာအထောက်အကူဖြစ်စေပါတယ်။

တရားတော်ကိုဆောင်ယူမှတ်သားခြင်း၊ လက်တွေ့ကျင့်သုံးခြင်းဖြင့်-

- မျက်မှောက်ဘဝမှာပင် ချမ်းသာစွာနေရပါတယ်
- မိမိကိုယ်ကိုပြုပြင်ထိန်းသိမ်းနိုင်တယ်
- အကုသိုလ်အညစ်အကြေးများကိုဖယ်ရှားနိုင်တယ်

အဲဒါကြောင့် ဒုတိယအရွယ်အိမ်ထောင်သည်ဘဝမှာရှိနေကြတဲ့သားတို့သမီးတို့ဟာ မိမိတို့ဘဝသာယာရေး တိုးတက်မြင့်မားရေး၊ အသိဉာဏ်ပညာကြွယ်ဝရေးတို့အတွက် ရတဲ့အချိန်မှာ တရားရှာ-တရားနာပါလို့တိုက်တွန်းလိုပါတယ်။

## လောကဓံကိုရင်ဆိုင်ရဲပါစေ

သမီးတို့အားလုံးသောလူသားတွေဟာ အတိတ်ဘဝကပြုလုပ်ခဲ့ကြတဲ့ကုသိုလ်ကံ၊ အကုသိုလ်ကံနှင့်ယခု ပစ္စုပ္ပန်ဘဝမှာကြိုးစားအားထုတ်လုပ်ကိုင်တဲ့ ကံ၊ ဉာဏ်၊ ဝီရိယ၊ ပယောဂအရကြီးပွားခြင်း၊ ချမ်းသာခြင်းများဖြစ်ခဲ့ကြသလို ဆင်းရဲခြင်းမပြည့်စုံခြင်းဆိုတာတွေကိုလည်း တွေ့ကြုံကြရပါတယ်။

ဖေဖေတို့ဘုရားရှင်က အတိတ်ဘဝကပြုလုပ်ခဲ့သော ကုသိုလ်ကံ၊ အကုသိုလ်ကံအကျိုးတွေရှိခဲ့သလို ပစ္စုပ္ပန်လက်တွေ့ဘဝမှာလည်း ကြီးပွားချမ်းသာနိုင်ရန်အတွက်-

- ဘယ်အလုပ်ဟာ ငါ့ဘဝအတွက်အကျိုးရှိမယ်၊ ဘယ်အလုပ်ဟာ အကျိုးမရှိဘူး။
- ဘယ်နေရာမှာလုပ်က ကြီးပွားမယ်၊ ဘယ်နေရာက တော့မကြီးပွားနိုင်ဘူးဆိုပြီး နှိုင်းယှဉ်ဝေဖန်ဆင်ခြင်တတ်တဲ့ဉာဏ်ရှိရမယ်
- အဲဒီလိုဉာဏ်ရှိပြီး လုံ့လဝီရိယစိုက်ပြီးလုပ်ရမယ်၊ ပျင်းရိမှုမရှိ ကြိုးစားလုပ်ရမယ်
- အဲဒီလိုလုပ်ထားသည့်ပင်လျှင် ကမ္မ-ကံ အလုပ်လို့ ခေါ်တာပါ
- အဲဒီလိုလုပ်တဲ့နေရာမှာလည်း ကိုယ်အမူအရာယဉ်ကျေးခြင်း၊ နှုတ်အမူအရာ ယဉ်ကျေးခြင်းဆိုတဲ့ ပယောဂတွေကလည်း ကောင်းဖို့လိုပါတယ်
- နှုတ်ချို လျှိုတစ်ပါးဆိုတာ ပထမအရွယ်တုန်းက ဖေဖေကြီး ပြောပြထားခဲ့ပြီးပါပြီ။

အလုပ်လုပ်တဲ့နေရာမှာ လုပ်မှားကိုင်မှားတွေ မဖြစ်အောင် မိမိလုပ်ငန်းတွေအောင်မြင်အောင် ဉာဏ်၊ ဝီရိယ က အထူးလိုအပ်သလို ပယောဂကလည်း အထူးလိုအပ်ပါတယ်။

အဲဒီလို ကံ၊ ဉာဏ်၊ ဝီရိယ၊ ပယောဂတွေသာ ညီညွတ်စွာလုပ်နိုင်မယ်ဆိုရင် သမီးတို့အိမ်ထောင်ရေးမှာ လောကဓံတရားအားနည်းချက်တွေ တွေ့ကြုံနိုင်မှာမဟုတ်ဘဲ ကောင်းကျိုးလောကဓံတွေသာခံစားရရှိနိုင်ကြမှာဖြစ်ပါတယ်။

ဤအိမ်ထောင်သည်ဘဝဟာ ဘဝရဲ့အရေးကြီးတဲ့တစ်ဆစ်ချိုးဘဝဖြစ်လေတော့ -

- လာဘ်လာဘဥစ္စာပစ္စည်းတွေပေါ်များအောင်
- အခြံအရံအသိုင်းအဝိုင်းတွေပေါ်များအောင်
- ချီးမွမ်းမှုဂုဏ်ပြုမှုတွေရအောင်
- ချမ်းသာမှုတွေခံစားရလေအောင်

အလုပ်လုပ်ခြင်းဆိုတဲ့-ကံ၊ ပိုင်းခြားဝေဖန်ခြင်းဆိုတဲ့ဉာဏ်၊ ကြိုးစားအားထုတ်ခြင်းဆိုတဲ့ ဝီရိယ၊ ကိုယ်အမူအရာနှုတ်အမူအရာလိမ္မာခြင်းဆိုတဲ့ ပယောဂတွေ တက်ညီလက်ညီဟန်ချက်ညီညီလုပ်ကိုင်ဆောင်ရွက်တတ်ဖို့လိုပါတယ်။

အဲဒီလိုဆောင်ရွယ်မယ်ဆိုရင် သမီးတို့ရဲ့ ဒုတိယအရွယ်အိမ်ထောင်သည်ဘဝမှာ-

- ဥစ္စာပစ္စည်းမရှိ ဆင်းရဲမွဲတေခြင်း
- ခြွေရံသင်းပင်းအသိုင်းအဝိုင်းနည်းခြင်း
- ကဲ့ရဲ့ရှုတ်ချခံရခြင်း

- ဆင်းရဲခြင်း

ဆိုတဲ့လောကဓံဆိုးတရားတွေ တွေ့ကြုံမှာမဟုတ်ပါဘူး။

ဒါကြောင့် သမီးတို့ရဲ့ဒုတိယ အရွယ်အိမ်ထောင်သည်ဘဝမှာ ကောင်းကျိုးလောကဓံတွေ ဟဝေဝေခံစားနိုင်ရအောင် သတိတရားလက်ကိုင်ထားပြီး ဆောင်ရွက်ကြဖို့ အထူးတိုက်တွန်းလိုပါတယ်။

ဓမ္မပဒမှာ ဘုရားရှင်ကအောင်မြင်ရေးသော့ချက်(၄)ခုကိုပောထားတယ်၊ အဲဒါကို သမီးတို့ကိုဖေဖေနောက်ဆုံး ဩဝါဒအနေနှင့်ပြောကြားခဲ့ပါမယ်-

- ခိုင်မာသောရည်မှန်းချက်ရှိရမယ်
- မဆုတ်မနစ်သောကြိုးပမ်းမှုရှိရမယ်
- စိတ်ဓာတ်ခိုင်မာရမယ်
- လုံလောက်သောဉာဏ်ပညာရှိရမယ်

ဤအင်္ဂါလေးရပ်ကို အခြေခံ၍ ဆောင်ရွက်ပါက လောကီဖြစ်စေ၊ လောကုတ္တရာဖြစ်စေ တစ်နေ့တွင် မလွဲမသွေ အောင်မြင်မှာဖြစ်တယ်။

ပဲခူးမြို့ ကြခတ်ဝိုင်းဆရာတော်ဘုရားကြီးက-

- ဥစ္စာကုသိုလ်ပညာကို ထိုထိုရရာလုပ်
- အချိန်ရှိခိုက် လုံ့လစိုက်

- အချိန်တိုင်းမှာ တန်ဖိုးပါ
- အချိန်ကိုဖြုန်း တန်ဖိုးဆုံး

လို့ ဆိုဆုံးမထားခဲ့တယ်။

မြောင်းမြဆရာတော်ကြီး ဦးဉာဏ်ကိ-

လောကစံလေလှိုင်း၊ မုန်တိုင်းဝင်စေ
လျှိုမြောင်ချောက်ကြား၊ ကျသွားပါစေ
မရှုံ့မမဲ့၊ အားနွဲ့မချွေ
ကျားတို့ဖွဲ့၊ အားခဲကျင့်ဆောင်မလေ။

လို့ လောကဓံတရားကိုရင်ဆိုင်ဖို့ သတိပေးဟောကြားခဲ့တယ်။

လောကဓံကိုရင်ဆိုင်ဖို့ဆိုတာကတော့ အဓိကကြံ့ခိုင်သောစိတ်ဓာတ်ရှိရပါမယ်၊ အဲဒီလို စိတ်ဓာတ်ရှိဖို့နှင့်ပတ်သက်၍-

- ကိုယ့်အကြောင်းကိုယ် မချွင်းမချန်လေ့လာပြီး ပျော့ကွက်အားကောင်းချက်တွေအားလုံးကောင်းကောင်းသိအောင်လုပ်ပါ။
- ကိုယ့်ကိုယ်ကိုယုံကြည်အား တိုးတက်အောင်အားထုတ်ပါ။
- ကိုယ်ရဲ့အမှားတွေမအောင်မြင်မှုတွေ ဆုံးရှုံးမှုတွေကို သင်ခန်းစာယူပါ

- မိတ်ဆွေကောင်းရရှိအောင် ပြုမူဆောင်ရွက်ပါ
- ကြီးကျယ်မြင့်မားတဲ့အကြံဉာဏ်များ၊ အတွေးအခေါ် များရှိပါစေ၊ နောက်မတွန့်ပါစေနဲ့။
- ကိုယ့်ပင်ကိုစွမ်းရည်ကို ယုံကြည်ပါ။
- ဖြစ်မြောက်အောင်မြင်မှာကို တွေးတောပါ။
- အမြတ်ဘက်က မစဉ်းစားပါနှင့်။
- နေ့တိုင်းအစကောင်းဖို့ သတိပြုပါ

ဒါဆိုရင် သမီးတို့ဟာစ်တွေ ဒုတိယအရွယ်အိမ်ထောင်သည်ဘဝမှာ တွေ့ကြုံရမယ့်လောကဓံကိုရင်ဆိုင်နိုင်လောက်ပြီလို့ထင်ပါတယ်။

သမီးတို့ **"ဒုတိယအရွယ် အိမ်ထောင်သည်ဘဝ"** မှာ သာယာချမ်းမြေ့ပါစေ၊ လိုရာဆန္ဒပြည့်ပါစေ။ ။

**မဟာသဒ္ဓမ္မဇောတိကဓဇ**
**တက္ကသိုလ်သျှင်သီရိ**
**(ဓမ္မာစရိယ ဘီ–အေ)**